www.burmeseclassic.com

BURMESE CLASSIC

# မိန်းကလေး

ချစ်တံခါးလေးပွင့်ကာ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဇွန်လ၊ ၂၀၁၄ ခုနှစ်။

ထုတ်ဝေသူ
ဦးမြိုးကျော်သူ (၅၀၁၆) (ရွှေပြည်သိမ်းစာပေ)
အမှတ် ၂၂၁ (၄)လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (၂၅၅၉) (ရွှေပဒေသာပုံနှိပ်တိုက်)
အမှတ် (၃၃)၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ယုဝ

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၅.၈၃
မိန်းကလေး
ချစ်တဲ့ခါးလေးမှင့်ကာ / မိန်းကလေး။ – ရန်ကုန်။
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၄
၂၈၀ စာ၊ ၁၂ x ၁၈ စင်တီမီတာ
(၁) ချစ်တဲ့ခါးလေးမှင့်ကာ

# မိန်းကလေး

ချစ်တဲ့ခါးလေးမှင့်ကာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

“ဟယ်။ ကြည့်စမ်း၊ လှလိုက်တဲ့ဂါဝန်လေးရယ်”

စိန်ပွင့်လေးများ ကြဲပက်ထားတာမို့ အရောင်တွေ တလက်လက် ထလို့နေသည်။ ပုလဲနှစ်ရောင် ဇာပွင့်တွေပေါ်မှာ စိန်ပွင့်တွေ ဝင်းနေသည်က။ မြင်လွှာကို၊ ဖြိုးဖြိုးဖျဖျ ဖြစ်နေပါသည်။ ထို့ကြောင့် မီးမီးရင်ထဲက တကယ်ပြောမိခြင်းရယ်လေ။

“အရမ်းလှတာပဲနော်”

“လှရမယ်အေ။ လှရမယ်”

“ဝတ်လိုက်ရရင်တော့ ရှယ်ပဲ မာမီလုရယ်”

“ဟဲ့။ ညည်း ဝတ်ဖို့မဟုတ်ဘူး။ မတန်မရာ မဝတ်ချင်စမ်းနဲ့၊ ဒါ သတို့သမီးဝတ်မယ့်ဂါဝန်”

www.burmeseclassic.com

www.burmeseclassic.com



"ဒီဂါဝန်လေးမြင်တာနဲ့ သတို့သမီးလုပ်ချင်စိတ် ပေါက်လာပြီ။ တကယ်ပါ မာမီလုရယ်"

"အမယ်။ ကောင်မလေး။ ညည်းရုပ်လား သတို့သမီးဖြစ်မှာ"

"မာမီလုနော်၊ မီးကို မနှိမ်ပါနဲ့"

"နှိမ်တာမဟုတ်ပါဘူးအေ။ သတို့သမီးဖြစ်ဖို့က ပါရမီရှိမှအေ့"

"ဟွန်း။ ဘာပါရမီလဲ။ မိန်းကလေးပဲ။ တစ်ချိန်ချိန်မှာ သတို့သမီးဖြစ်မှာပဲ။ နော့၊ အန်တီ"

မာမီလုရဲ့တပည့်မလေးပြောလျှင်၊ ဒေါ်ခင်နှင်းဖြူ ပြုံးလျက် ဂါဝန်လေးကို ကျေနပ်စွာ စိုက်ကြည့်နေလိုက်သည်။

"အန်တီ ဟုတ်တယ်မဟုတ်လား မီး့ပြောတာ"

ကောင်မလေးက ဒေါ်ခင်နှင်းဖြူဆီက ထောက်ခံမဲ တောင်းလေသည်။ ဒေါ်ခင်နှင်းဖြူ ခေါင်းညိတ်ဖို့ပြင်လျှင် -

"သိပ်မရှုပ်စမ်းနဲ့ ကောင်မလေးရယ်။ မိန်းကလေးတိုင်း သတို့သမီး မဖြစ်ပါဘူးအေ့"

"အဲ ဘာဖြစ်လို့လဲ။ မဖြစ်ရမှာလဲ မာမီလုရဲ့"

"အင်း ညည်းဟာလေ အင်မတန် လျှာရှည်တယ်။ သတို့သမီးဖြစ်ဖို့က ကိုယ့်ကို မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး တခမ်းတနား မင်္ဂလာဆောင်တဲ့သူရှိမှအေ့"



ဟုတ်တာပေါ့လို့ ဒေါ်ခင်နှင်းဖြူ အသံတိတ် ခေါင်းလေး ဆတ်ကာ ထောက်ခံလိုက်သည်။ မာမီလုတပည့်မလေးက မျက်လုံး အဝိုင်းလေးနဲ့ နားမလည်စွာ မော့ကြည့်လျှင် -

"တချို့ဆို လင်သာရသွားတာ၊ သတို့သမီး မလုပ်လိုက်ရ ဘူး။ နှစ်ဦးသဘောတူ လက်မှတ်ထိုးရုံနဲ့ ပြီးသွားတာတွေ အများ ကြီးပါအေ။ အဲဒါကြောင့် မိန်းကလေးဖြစ်တိုင်း သတို့သမီးဖြစ်ခွင့် ပါရမီရှိဦးမှလို့ ပြောတာ ကောင်မလေးရဲ့"

မာမီလု ရှင်းပြသလို ပြောလိုက်မှ တပည့်မလေး မီးမီး သဘောပေါက်သယောင်ရှိကာ၊ ဂါဝန်လှလှလေးနှင့် ဒေါ်ခင်နှင်းဖြူ ကို တစ်လှည့်စီ ကြည့်၏။

"ဟုတ်သားပဲနော် အန်တီ။ မာမီလုပြောသလို သတို့သမီး ဖြစ်ဖို့က ပါရမီပါမှ"

"ဒီလိုပဲပေါ့ မီးမီးရယ်"

"ဘာပဲဖြစ်ဖြစ် မမ,ပန်းကလေးက ပါရမီရှိလို့ပေါ့နော်။ သတို့သမီးဖြစ်ရမှာ"

ဒေါ်ခင်နှင်းဖြူ ကျေနပ်အားရ ခေါင်းလေးညိတ်လိုက်မိ သည်။ သူမ သမီးအတွက်လည်း သူမ ဂုဏ်ယူနေမိသည်။

"ဟုတ်တာပေါ့အေ။ မိန်းကလေးဆိုတာ သတို့သမီးဖြစ်ခွင့် ရတာကလည်း တစ်ဂုဏ်တက်တာပါပဲအေ"

မာမီလုက ဝင်ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို တစ်ဂုဏ်တက်အောင် ဘယ်လိုလုပ်ရမလဲ မာမိလု"

"ဟဲ့။ ပန်းကလေးလို တကယ်တန်ဖိုးထားခံရဖို့ လိုတယ်လေ။ နောက်ဆို ကျုပ်တို့လို အပျိုကြီးဖြစ်နေမှာအေ့"

မာမိလုက သူ့ကိုယ်သူ တကယ့်အပျိုကြီးစတိုင်လ်အပြည့်နဲ့ ပြော၏။ ထိုအခါ ဒေါ်ခင်နှင်းဖြူ သဘောတကျ ရယ်မိသွားသည်။

တပည့်မလေး မီးမီးကလည်း သူ့ဆရာမ ယောက်ျားစစ်စစ်ကနေ မိန်းမပုံပြောင်းလုပ်ထားတာကို သဘောကျစွာ ရယ်မောလိုက်၏။

"ဟဲ့ ရယ်မနေနဲ့။ ဂါဝန်ကို ပါကင်ထဲ သေချာထည့်ပေးလိုက်"

"ဟုတ်ကဲ့ မာမိလု"

မီးမီး ရယ်ရှိန်လေးသပ်ကာ မင်္ဂလာဂါဝန်လေးကို ပါကင်ထဲ တယုတယ ထည့်နေလိုက်သည်။ ဒေါ်ခင်နှင်းဖြူက မင်္ဂလာဂါဝန်လေးကို တကြည့်ကြည့်နှင့် သမီးလေးအတွက် ဂုဏ်ယူမဆုံးနိုင်အောင် ခံစားနေရသည်။

ဟုတ်တယ်လေ။

သူမ,သမီးလေးက သတို့သမီးဖြစ်ရမယ့် ပါရမီရှိသူလေး။

သားရှင်ဘက်က လိုလိုလားလားနဲ့ တင်တောင်းလာသလို မင်္ဂလာပွဲကိုလည်း အကြီးအကျယ်ဆုံး၊ အခမ်းနားဆုံး လုပ်ပေးကြ



မှာ။

ဧည့်ခံပွဲမှာတော်မယ့် ဒီဂါဝန်လေးကိုပဲကြည့်။ တကယ့်စိန်အစစ်တွေနဲ့ တန်ဆာဆင်ထားတာ။

ဒီလိုဂါဝန်မျိုး သူမတစ်သက် မမြင်ဖူးပါ။ ဟော ခုတော့ သူမသမီးလေးက စိန်ပွင့်ခြယ်ထားတဲ့ မင်္ဂလာဂါဝန်လှလှလေးကို ဝတ်ရတော့မှာလေ။

ဘယ်လောက်ကံကောင်းလိုက်သလဲ။

အဲ။ ဘယ်လောက်ကံကောင်းလဲဆိုတာထက်၊ ဘယ်လောက်တောင် ပါရမီရှိလိုက်သလဲ ပြောလို့ရတယ်လေ။

ဟုတ်ပါ့။

သမီးလေးက သတို့သမီးဖြစ်ရမယ့် ပါရမီရှင်စစ်စစ်ကလေး။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟဲ့။ အို"

ဒေါ်ခင်နှင်းဖြူရင်ထဲ တုံ့ခနဲဖြစ်သွားသည်။

"ဘယ်လိုလုပ်လိုက်တာလဲ သမီးရယ်။ ကြည့်စမ်း"

မင်္ဂလာဝတ်စုံထည့်ထားတဲ့ ပါကင်ကို သမီးဖြစ်သူ မနှစ်မြို့စွာ လွှင့်ပစ်လိုက်၏။ ထိုအခါ ပါကင်ပွင့်ထွက်ကာ မင်္ဂလာဂါဝန်လေးက ကြမ်းခင်းပေါ်မှာ လွင့်ခနဲကျသည်က မြင်မကောင်းလှပါ။

"သမီး"

သမီးဖြစ်သူကို ဒေါ်ခင်ထားဖြူ အားမလို အားမရခေါ်ရင်း ဂါဝန်ကို တယုတယ ပြန်ကောက်လေသည်။ ပန်းကလေးက မျက်နှာလေး တွန့်ဆူရင်း အခန်းထဲ တန်းဝင်သွား၏။

"ဟဲ့၊ နေဦးလေ"



ဒေါ်ခင်နှင်းဖြူ ကမန်းကတန်း ခေါ်လေသည်။ သမီးက မအေကို စိတ်ကောက်ကာ အခန်းထဲ ဝှတ်ဝင်သွားလျှင် ဒေါ်ခင်နှင်းဖြူ သက်မရှည်ကြီးချ၏။ ထို့နောက် မင်္ဂလာဂါဝန်ကို ပါကင်ထဲ သေချာထည့်သိမ်း၍ ပိုက်ပွေ့ကာ သမီးအခန်းထဲ တန်းဝင်သွားပြီး

"သမီးရယ်၊ သမီး ဘယ်လိုဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲ။ မေမေ လုပ်နေတာတွေလည်း မေမေကြည့်ဦး"

ဒေါ်ခင်နှင်းဖြူ သမီးကို မျက်စောင်းထိုးလိုက်ချင်တော့သည်။ မိဘက ဆင်စီးပြီး မြင်းရံဖို့ လုပ်ပေးနေတဲ့ကိစ္စ။ အဲဒီကိစ္စကိုပဲ သမီးက အပြစ်မြင်နေသည် မဟုတ်လား။

"သမီးရယ်။ သမီးဘဝ သင့်တယ်ဖို့ပါ"

"အခုလည်း သင့်တယ်နေတာပဲ"

ပန်းကလေးက မှန်တင်ခုံရှေ့က ဖင်ထိုင်ခုံယိုင်ယိုင်လေးမှာ ထိုင်ချရင်း ပြောသည်။ မေမေက ပါကင်ကို မှတ်တင်ခုံရှေ့စားပွဲဟောင်းလေးပေါ်တင်ရင်း -

"သမီးရယ် မေမေတို့ဘယ်အခြေအနေဆိုတာ သမီး သိပါတယ်။ သမီးလေး ကောင်းစားရေးအတွက် မေမေစီမံတာကို သမီးလေး မကျေနပ်ရင်တောင် နားလည်ပေးသင့်တယ်"

"အဟင့်"

ပန်းကလေးရင်ထဲမှာ တကယ်ဝမ်းနည်းလာသည်။ ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



နည်းလာတာနဲ့ မျက်ရည်လေးဝဲ၏။ ထိုအခါ မိခင်ဖြစ်သူရင်မှာ စိတ်မကောင်းဖြစ်ရလေသည်။

သမီးလေးပခုံးကို ဖွဖွဖက်၍ . . .

"ကဲပါ သမီးရယ်။ မေမေ့သမီးလေး ကံကောင်းပါတယ်။ ဟော ကြည့်စမ်း မင်္ဂလာဂါဝန်လေး ဘယ်လောက်လှသလဲ။ လှဆိုးကြည့်ချင်အောင် လှတာ။ လှနေတဲ့အထဲ စိန်ပွင့်တွေက အလုံးရေ ရာချီရှိတာလေ။ စိန်ပွင့်ခြယ်ဂါဝန်မို့ ဘယ်လောက်အဖိုးတန်လိုက်သလဲကွယ်။ ဒီလို စိန်ပွင့်တွေခြယ်ထားတဲ့ မင်္ဂလာဂါဝန် ဝတ်ခွင့်ရဖို့ တော်တန်ရုံ ကံကောင်းမှုမျိုးနဲ့ မဟုတ်ဘူး။ ကြည့်စမ်းပါဦးကွယ်"

ဒေါ်ခင်နှင်းဖြူ ဖျောင်းဖျောင်းဖျဖျပြောရင်း ဂါဝန်လေးကို တယုတယထုတ်ပြပြန်သည်။

ပန်းကလေးက မကြည့်ပေ။ အကြည့်လွှဲထားမိသည်။ အကြည့်လွှဲထားသော်လည်း စိန်ရောင်က မြင်လွှာမှာ လက်လက်ဖြာနေသည် မဟုတ်လား။

"ဒီမင်္ဂလာဝတ်စုံလေးကို မြင်သူတိုင်း ဝတ်ချင်စိတ် ဖြစ်စေတာ သမီးရဲ့"

"အဟင့်"

ပန်းကလေး ဝမ်းနည်းစွာ ရှိုက်မိလျှင် မျက်ရည်တစ်ပွင့် ကြွေသက်ကာ ပါးပြင်ပေါ်သို့ လိမ့်ကြ၏။



"ကဲပါ သမီးရယ်၊ ဝမ်းနည်းမနေပါနဲ့။ ခမ်းခမ်းနားနား မင်္ဂလာဆောင်ခွင့်ရတယ်ဆိုတာ နည်းတဲ့ကံဇာတာ မဟုတ်ဘူး။ နောက်ပြီး သတို့သမီးဖြစ်တိုင်း စိန်စီတဲ့ဂါဝန် ဝတ်ရတာ မဟုတ်ဘူးလေ။ သမီးလေးက သတို့သမီးတိုင်း ဝတ်ခွင့်မသာတဲ့ စိန်စီဂါဝန် ဝတ်ရမှာ၊ ကံကောင်းတာတွေထက် ကံကောင်းလွန်းတယ်ဆိုတာ သမီးရဲ့ကံဇာတာမျိုးကို ပြောတာ။ ကဲ ကြည့်ပါ သမီးရဲ့"

ဒေါ်ခင်နှင်းဖြူ ပြောရင်းဆိုရင်း လွှဲထားတဲ့ သမီးရဲ့မျက်နှာဘက် ဂါဝန်လေးကို ပင့်မ၍ ဖြန့်ပြလေသည်။

ထိုအခါ ပန်းကလေးမျက်နှာ လွှဲထားဖို့ ခက်လှပြီ။ ထို့ကြောင့် မျက်လွှာကို စုံချကာ။ နောက်ထပ် စိမ့်ထွက်လာတဲ့ မျက်ရည်စတို့ကို ပွတ်သုတ်ရင်း -

"မေမေတော့ ကံကောင်းတယ်ပဲ ပြောမှာပေါ့"

"ဟဲ့ ကံကောင်းတာ ကောင်းလို့ပေါ့၊ တကတဲရယ်။ ကဲ ကြည့် ကြည့်ပါဦး။ မနက်ဖြန်ပဲ မင်္ဂလာဆောင်မှာ ဝတ်ရတော့မယ့်ဥစ္စာ။ သူများတွေဆို အကြိမ်ကြိမ် ဝတ်ကြည့်လို့ မဆုံးဘူး။ သမီးပဲ မျက်ရည်တစမ်းစမ်းနဲ့။ အစမ်းဝတ်မကြည့်ဖြစ်တောင်၊ ကြည့်တော့ ကြည့်ပါဦး"

မေမေက ဇွတ်ဖြစ်နေသည်။ ပန်းကလေး မကြည့်ချင်ပါဘူးဆိုမှ ငြင်းလို့မရဖြစ်ကာ။ မြင်လွှာချထားလျက်နဲ့ ကြည့်မိလေသည်။

"လှတယ်မဟုတ်လား သမီး"

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေး အင်မလုပ်၊ အဲမလုပ်နဲ့ ငြိမ်နေလိုက်သည်။ ပုလဲနှစ်ရောင် ပြောင်လင်းနေတဲ့ ဂါဝန်ပေါ်မှာ စိန်ပွင့်တွေက၊ စိတ်လှုပ်ရှားစရာ ကောင်းလောက်အောင် တွယ်တွယ်ငြိငြိ လက်ဖြာနေသည်မှာ အကြည့်လွှဲဖို့ ခက်ခဲသည်။

"တကယ်လှတာ သမီးရဲ့နော်"

မေမေပြောရင်း သဘောကျစွာ ရယ်မောလေသည်။ မေမေ ဂုဏ်ယူဝမ်းမြောက်စွာ ရယ်မောနိုင်ပေမယ့် ပန်းကလေး မရယ်မောနိုင်။ အထူးသဖြင့် ပန်းကလေး ဂုဏ်မယူနိုင်။ ဝမ်းမမြောက်နိုင်ပါ။

ဘာကြောင့်လဲဆိုတော့။

♥ ♥ ♥

## အခန်း (၃)

"ပန်းကလေးရယ်။ တွေးတွေးပြီး စိတ်ထဲတစ်မျိုးခံစားမနေပါနဲ့။ မင်္ဂလာဦးညဆိုတာ အများပြောသလို ရင်ခုန်စရာကောင်းတဲ့ ပျားရည်ဆမ်းမယ့် ညလေးတစ်ညလို့ အလွယ်မှတ်ထားပေါ့ဟယ်"

"အမယ် ရှင်က အဲလို ခံစားမိတယ်ပေါ့လေ၊ ဟုတ်လား မိဆင့်။"

စိုးချယ်ရီ ဖျတ်ခနဲမေး၏။ မိဆင့်ခေါ် အစိမ်းဆင့်က အသံရှင်ရှင်လေးနဲ့ ချက်ချင်းပြန်ပြောသည်။

"ဟုတ်တယ်လေ။ ဆင့်က အဲလိုခံစားရတယ်။ ပြောရင်းနဲ့တောင် အဲဒီဖီလင်ကို ပြန်ခံစားချင်လာတယ်။"

"အမယ် မိဆင့်။ ရှင်ကတော့လေ။"

"တကယ်ပြောတာဟ။ ချယ်တော့ ဘယ်လိုခံစားမိလဲမသိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဆင့်က တကယ်ကို ပျားရည်ဆမ်းအရသာလေး ခံစားရတာ အေ။ အစကတော့ တအားစိတ်လှုပ်ရှားတာပေါ့နော်။ ပြီးတော့ ဆန်းသစ်တဲ့ ခံစားချက်တွေပါတဲ့ စီးကြောင်းလေးထဲ မျောမျောလွင့်လွင့်လေး ပါသွားတာဟယ်။ စိတ်နှလုံးသားကို တကယ်ချိုမြိန်သွားတယ်။ အဲဒီချိုမြိန်မှုတွေနောက်မှာ ညို့တွယ်ခံရတဲ့ ဖီလင်လေးနဲ့ ဆင့်နှလုံးသားမှာ တသသစွဲသွားတာ။ အဲဒီအရသာလေး ခံစားမိတိုင်း ဆင့်စိတ်နှလုံးသား အလိုလို နုသစ်လာတယ်။ ခွန်အားတွေလည်း ရှိသလို ဖြစ်လာတယ်။ အဲဒါကြောင့် မင်္ဂလာဦးညဆိုတာ ပျားရည်ဆမ်းတဲ့ အချစ်ညလေးတစ်ညလို့ သတ်မှတ်တာပေါ့ချယ်ရဲ့ ဟင့်ဟင့်ဟင့်"

မက်မက်မောမောလေး ပြောနေရှာတဲ့ မိဆင့်ကို ပန်းကလေး မျက်လုံးဝိုင်းနဲ့ ငေးငေးစိုက်စိုက် ကြည့်ဖြစ်၏။ ပြောပြနေတဲ့ မိဆင့်မျက်နှာလေးက သရိုးသရီချိုရှုကာ။ မျက်ဝန်းလေးမှာလည်း စွဲလန်းစိတ်နဲ့ ရွှန်းရွှန်းလေးရွှဲတောက်နေပေသည်။

"ပန်းကလေး ရှင်သိပ်စိုးရိမ်မနေနဲ့၊ ဆင့် တကယ်ပြောတာပါ။ ဟင့်ဟင့်ဟင့်။"

ချယ့်ဘက်လှည့်ပြောပြီးတာနဲ့ စိုက်ကြည့်နေတဲ့ ပန်းကလေးကို မိဆင့်ပခုံးလေးဖက်၍ အားပေးသလို ပြောရှာသည်။ ချယ်က မိဆင့်ကို မျက်စောင်းထိုးကြည့်ရင်း

"ရှင်နဲ့ကိုသိုက်က သမီးရည်းစားတွေလေ။ နှစ်ကိုယ်တူ



ချစ်ရည်မျှနေမှတော့ မင်္ဂလာဦးညကို ပျားရည်ဆမ်းညလို့ ပြောလို့ရတာပေါ့ဟ"

"ဟင်"

ချယ့်စကားမဆုံးခင်ကတည်းက ပန်းကလေးရင်မှာ ထိတ်ခနဲဖြစ်သွားသည်။ စစ်သခင်နဲ့ ပန်းကလေးက မိဆင့်နဲ့ကိုသိုက်လို သမီးရည်းစားမဟုတ်ပါ။ သမီးရည်းစားမဟုတ်တော့ နှစ်ကိုယ်တူ ချစ်ရည်မျှဖို့မလွယ်။ ချစ်ရည်မျှမနေမှတော့ မင်္ဂလာဦးညဆိုတာ မိဆင့်ကြုံဖူးတဲ့ ပျားရည်ဆမ်းညကလေး မဖြစ်နိုင်ဘူးလို့ ချယ်ဆိုလိုတာလား။

သိချင်စိတ်ကလေးနဲ့ ချယ့်ကို ပန်းကလေး လှမ်းကြည့်သည်။ ချယ်က မှန်တင်ခုံရှေ့က ဆိုဖာထိုင်ခုံမြင့်မှာ ထိုင်နေရာမှ ပန်းကလေးဆီ ထလာပြီး။

"အလကား၊ မိဆင့်ပြောသလို စိတ်ကူးယဉ်စရာကောင်းတဲ့ ဖီလင်မျိုးမဟုတ်ဘူး ပန်းကလေးရဲ့။"

"အလိုလေ။ ဒါဆို ဘယ်လိုခံစားချက်မျိုးလဲ"

ထိုမေးခွန်းပါတဲ့ မျက်ဝန်းနဲ့ အနားရောက်လာတဲ့ချယ့်ကို ပန်းကလေး မော့ကြည့်မိသည်။

"အမယ် ရှင့်အတွက် ပျားရည်ဆမ်းဖီလင် မဟုတ်ဘူးပေါ့လေ။"

ပန်းကလေးရဲ့ညာဘက်မှာထိုင်နေတဲ့ မိဆင့်က မျှစ်မြို့

www.burmeseclassic.com

www.burmeseclassic.com



ချင်ချင်ပုံစံ ပက်ခနဲမေး၏။ ချယ်က ပန်းကလေးရဲ့ ဘယ်ဘက်ဘေးမှာ ကပ်လျက်ထိုင်ချသည်။ ထိုအခါ စပရိန်မွေ့ယာလေး အိခနဲညွတ်၏။

"ဟုတ်စရာလား မိဆင့်ရဲ့။"

"ဟွန်း။ စကားကို လျှော့ပြောပါနော်။ ပန်းကလေးက နဂိုကတည်းက စိုးရွံ့နေရတဲ့အထဲ။ ချယ် မဟုတ်တာတွေမပြောနဲ့"

"ဟဲ့ မဟုတ်တာ ဘယ်သူပြောမလဲ။ ချယ်ကြုံဖူးတာက ရှင့်လို ပျားရည်ဆမ်း မဟုတ်ဘူးအေ့။ ဘယ်လိုချည်းမှန်းမသိဘူး။ အဟင့် ပြန်တွေးမိရင် ကြက်သီးထတယ် တကယ်။"

ချယ့်စကားအဆုံးမှာ မိဆင့်က မျက်စောင်းထိုးသည်။ ချယ်က မျက်နှာလေးကို ရှုံ့တွတ္တွနဲ့မို့၊ မိဆင့် ဘဝင်ကျဟန်မတူ။ မေးဖျားလေးထိုးလျက်

"ဟွန်း ဘယ်လိုချည်းလဲ မသိဘူး ပြောပြီး၊ ရှင်ပဲ ယောကျ်ားနဲ့ တစ်နေ့ကလေး တစ်ညကလေး မခွဲနိုင်အောင် စွဲနေတယ် မဟုတ်လား စိုးချယ်ရီရဲ့။"

"ဟယ် မိဆင့်နော်"

စိုးချယ်ရီ မျက်နှာလေး ရှက်သွေးနဲ့ ရဲစိုသွား၏။ မိဆင့်က ရယ်ရယ်မောမောလေးနဲ့ ပြောပြန်သည်။

"မိဆင့်နော်လုပ်မနေနဲ့။ စွဲရင်စွဲတယ်ပေါ့။"

"ဟဲ့။ ယူပြီးမှဟယ်။"



"အဲဒါပြောတာပေါ့။"

"တော်ပါတော့မိဆင့်ရယ်။ ချယ်နဲ့မင်းဝဏ်က၊ ရှင်နဲ့ကိုသိုက်လို သမီးရည်းစား မဟုတ်ဘူးလေ။ မိဘရွေးချယ်ပေးလို့ ညားရတဲ့အဖြစ်။ အစအဦးက ချယ့်အတွက် ရှင့်လို ပျားရည်ဆမ်းမဟုတ်ဘူးလို့ အသေအချာပြောလို့ရတယ်။ စိတ်ပိန်စရာချည်း။ ပြီးတော့ချယ့်ကိုယ်နဲ့ချယ် မဟုတ်တော့သလိုပဲ။ ကိုယ့်ရဲ့အဖိုးတန်အရာတစ်ခုကို ထိုးပေးလိုက်ရသလိုပဲ နှမြောတာတွေ ဝမ်းနည်းတာတွေနဲ့။ စိတ်နှလုံးသားလေး အရှုံးနဲ့ရင်ဆိုင်ရသလို ခံစားရတာ။ ပြီးတော့တွေးမိတိုင်း အလိုမကျဖြစ်ရတာလေ။ မိဆင့်လို ပျားရည်တော့မဆမ်းဘူး။ အက်စစ်များ ဆမ်းထားသလိုပဲ။"

ခံစားချက်အရင်းအတိုင်း ပြောရှာတဲ့ ချယ့်စကားအဆုံးသတ်မှာ ပန်းကလေးရင်မှာ လှိုက်မောသွားကာ၊ ကြောက်ရွံ့စိတ်ကလေးပိုလာလျှင်၊ မျက်ရည်လေး ပိုဝဲလေသည်။

မိဘသဘောတူလို့ ယူရတဲ့ ချယ့်ခံစားချက်က အက်စစ်များဆမ်းထားသလို။ ပူလောင်ကြမ်းရှစေတယ်ဆိုရင် ပန်းကလေးအဖြစ်က ပိုဆိုးနေမှာလေ။

ဘာဖြစ်လို့လဲဆိုတော့ စစ်သခင်နဲ့ပန်းကလေးက သမီးရည်းစားဘဝနဲ့ ညားကြတာမဟုတ်သလို မိဘသဘောတူလို့ စိုးချယ်ရီနဲ့ မင်းဝဏ်လို ကျေနပ်စွာ ညားကြတာလည်း မဟုတ်ပါ။

ပန်းကလေးက စစ်သခင်ကို သဘောမကျ။ စစ်သခင်က

www.burmeseclassic.com

www.burmeseclassic.com



လည်း ပန်းကလေးကို နှစ်သက်မြတ်နိုးမှုနဲ့ လက်ခံခဲ့တာမဟုတ်

အထူးသဖြင့် ပန်းကလေးက အစားထိုးခံရတဲ့ သတို့သမီး တစ်နည်းပြောရရင် သူ့မိဘနဲ့ပန်းကလေးမိဘ အတင်းအကျပ် စီစ မှုကြောင့်ဖြစ်လာတဲ့ မင်္ဂလာပွဲ။

အဲဒီတော့ ပန်းကလေးတို့ရဲ့ မင်္ဂလာဦးညဆိုတာ မိဆ ကြုံဖူးတဲ့ မင်္ဂလာဦးညလို ဖီလင်ရှိမှာမဟုတ်ပါ။

ချယ်ကြုံဖူးသမျှ အကဲစစ်ဆမ်းညမျိုးလေးလား။ ဒါမှ ဟုတ် ထိုထက်ဆိုးမယ့် ဝေဒနာညမျိုး ဖြစ်နေမလား။

ပန်းကလေး တွေးရင်းတွေးရင်းနဲ့ ပို့ရွံ့ကြောက်လို့လာလ မျက်ရည်လေးများ တစိမ့်စိမ့်ကျသည်။

ခုနေခါ ပန်းကလေးတစ်ယောက်တည်း နေလိုပေမယ့် ပ ကလေးရောက်နေတာက စစ်သခင်ပိုင်ဆိုင်တဲ့ ကြီးကျယ်ခမ်းန စွာ ပြင်ဆင်ထားတဲ့ စစ်သခင်ရဲ့ မင်္ဂလာအိပ်ခန်းထဲမှာ။

မကြာခင် စစ်သခင်ရောက်လာလျှင်။

ပန်းကလေး ဘယ်လိုရင်ဆိုင်ရမလဲကွယ်။

ဟင့်ဟင့်ဟင့်။

♥ ♥ ♥

## အခန်း (၄)

"ကျွိ"

ကျွန်းတံခါး တုန်ခါပွင့်ထွက်လာလျှင် ပန်းကလေး လန့် ဖြန့်ဖြန့် ဖြစ်လေသည်။ သူငယ်ချင်းနှစ်ယောက် ပြန်သွားပြီး တည်းက မွေ့ယာပေါ် ခြေတွဲလောင်းချပြီး ကျောက်ချသလို ိုင်နေမိတဲ့ ပန်းကလေးကိုယ်လုံးလေးတုန်ကာ။

ထိုင်နေရာမှ ဖျတ်ခနဲ ထရပ်ပြီးသားဖြစ်၏။

"အစော"

တမ်းတမ်းတတခေါ်သံနဲ့အတူ ဒယိမ်းဒယိုင် ခြေလှမ်းနဲ့ ိပ်ခန်းထဲ ရောက်လာတဲ့ စစ်သခင်။ ပန်းကလေး တကယ်လန့် ရပ်နေရာမှ ခုတင်ခြေရင်းရှိ အမှောင်ရိပ်ကျနေတဲ့ ဗီရိုကြီး ပြေးကပ်ရှောင်ပုန်းလျက်သား ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ပန်းကလေးရင်မှာ သိသိသာသာခုန်ကာ ကြောက်ရွံ့စိတ်ကလေး ပိုတိုးလို့လာသည်။

"အစောရေ၊ အစော"

ဗလုံးဗထွေးနဲ့ ခေါ်ပြန်သည်။ ထိုခေါ်သံနောက်မှာ အရက်နံ့က ထောင်းခနဲ လွင့်လာ၏။ ပန်းကလေး နှာခေါင်းရှုံ့၍၊ ကိုယ်လုံးလေး နံရံထဲ နစ်ဝင်သွားမတတ် ကပ်နေမိသည်။

အစောတဲ့။

အစောဆိုတာက ခရေစောရယ်လေ။ ခရေစောက စစ်သခင်ချစ်သူ။

စစ်သခင်ရဲ့ ခရီးသွားအေးဂျင့်မှာ တွဲဖက်အလုပ်လုပ်ကြရာမှ ချစ်သူတွေဖြစ်ကြသည်။ ချစ်သူဖြစ်ပြီး သုံးနှစ်သုံးမိုးနေတော့ ကြီးကြီးကျယ်ကျယ် မင်္ဂလာပွဲနွှဲ၏။

အဖြစ်က မင်္ဂလာဧည့်ခံပွဲပြီးရုံရှိသေး။ စစ်သခင် လက်တွဲထားတဲ့သတို့သမီးကို နှစ်ဖက်သူငယ်ချင်းတွေ ဆွဲခေါ်သွားသတဲ့။

အဲဒီအချိန်မှာ စစ်သခင်က ဧည့်သည်တချို့နဲ့ စကားပြောကောင်းနေဆဲ။ သူငယ်ချင်းတွေခေါ်တာနဲ့ ခရေစော လက်တွဲဖြုတ်ပြီး ပါသွားတာပေါ့။ ဧည့်သည်တွေနဲ့ စကားပြောပြီးတော့ သခင်က သတို့သမီးကို ရှာလေသည်။

မတွေ့။ အရိပ်အယောင်လေးပင် မမြင်။

သူငယ်ချင်းတွေလည်း မတွေ့။ သတို့သမီးလည်း မမြင်။



သတို့သားဆိုတော့ စိတ်လှုပ်ရှားတာပေါ့။ ထုံးစံအတိုင်း သူ့သူငယ်ချင်းတွေ သူ့သတို့သမီးကို ဝှက်လိုက်ပြီပေါ့။

တကယ်လည်း သတို့သမီးကို သူငယ်ချင်းတွေ ဝှက်ဖို့ပါပဲ။ သတို့သမီးဝှက်တာကလည်း တကယ်တော့ ပျော်စရာရွှင်စရာ ဖြစ်အောင်ပါ။ တကယ်ဖြစ်လာတာက ဆန့်ကျင်ဘက်တဲ့။

မင်္ဂလာပွဲပြီးတာနဲ့ သတို့သားသတို့သမီးက ပဲခူးဆင်းကြမယ်။ ပဲခူးမှာ တစ်ညအိပ်နေပြီး၊ မြန်မာပြည်အနှံ့ ဘုရားဖူးဟန်းနီးမွန်းထွက်မယ့် အစီအစဉ်။ ထိုအစီအစဉ်ကို သူငယ်ချင်းတွေက ကြိုသိနေတယ်လေ။

ညတစ်ချက်တီးမှ သတို့သားကို အကြောင်းကြားမယ်ပေါ့။ သောလောဆယ် သတို့သမီး ဝှက်လေရဲ့။

သတို့သားကတော့ သူ့သတို့သမီးပျောက်လို့ နှလုံးသားမီးတောက်ကာ။ ဟိုဟိုဒီဒီ ရှာတာပေါ့။ ဧည့်ခံပွဲပြီးခါနီး ညရှစ်နာရီအတည်းက ပျောက်သွားတာ။ ညဆယ့်နှစ်နာရီထိုးတဲ့အထိ ရှာတွေ့တဲ့အဖြစ်။ ဒီအချိန်ထိ ရှာမတွေ့တော့ စိုးရိမ်တာလည်း ပါသည်။ နှစ်ဖက်မိဘတွေလည်း စိတ်ပူကြ၏။

သူငယ်ချင်းတွေ ဒီအချိန်ထိ သတို့သမီးဝှက်ထားတာကို လူကြီးမိဘတွေ သဘောမတွေ့နိုင်။ သူငယ်ချင်းရဲ့ဖုန်းအသီးသီးက ပိတ်ထားကြတာမို့ ဖုန်းနဲ့လည်း အဆက်အသွယ်လုပ်လို့မရ။

ပိုဆိုးတာက သူငယ်ချင်းအသီးသီးအိမ် လိုက်ရှာတော့

www.burmeseclassic.com

www.burmeseclassic.com



လည်း ဘယ်အိမ်မှာမှ ဘယ်သူငယ်ချင်းမှ ရှိမနေ။ သူငယ်ချင်းတွေရဲ့ မိဘတွေကလည်း သတို့သားကို အားနာသလို သူတို့သားသမီးတွေကိုလည်း ဒီလောက်ထိ စနောက်ဖို့ မသင့်ဘူးလို့ ဗျစ်တောက်ဗျစ်တောက် အပြစ်စကားဆိုရင်း သူတို့ကိုယ်တိုင်လည်း နီးစပ်ရာနဲ့ ဟိုဟိုဒီဒီ လိုက်လံကူရှာပေးကြသည်။

ဒီလိုနဲ့ ညနှစ်ချက်တီးခါနီးပြီ။

အားလုံးသောမျက်နှာတွေ သွေးမရှိတော့။ ဆူသူဆူ ပွက်သူပွက်နဲ့။ ဘယ်သူ့သားသမီးကို ဘယ်သူအပြစ်ဖို့ရင်း ယောက်ယက်ခတ်ဖြစ်နေချိန်မှာ

"တီတီတီ"

သူ့လက်ကိုင်ဖုန်းလေး မြည်လာသည်။ ဖုန်းမြည်လာတော့ အားလုံးရဲ့အသံတွေ တိတ်ကျသွားသလို စိတ်ဝင်စားကာ စစ်သခင်နားရောက်လာသည်။ စစ်သခင်လည်း စိုးရိမ်စိတ်လှုပ်ရှားနေရာမှ မျှော်လင့်ချက်နဲ့ အားတက်သရောဖြစ်ကာ။

ကမန်းကတန်း ဖုန်းနားထောင်၏။

"စစ် ဆေးရုံကြီးကို လိုက်ခဲ့ကွာ"

ဒါပဲပြောပြီး တစ်ဖက်က ဖုန်းချသွား၏။ အသံက သူ့သူငယ်ချင်း သက်နောင်အသံ။ သက်နောင်အသံပါလို့ပြောရင် မယုံနိုင်လောက်ပါ။ ပြောသံက ကြေမွလို့နေသည်။

ရုတ်တရက်မို့ စစ်သခင် ကြောင်တောင်တောင်ဖြစ်သွား



သလို။

"ဟဲ့ ဘာတဲ့လဲ"

"သား ဘာ ဘာပြောလဲ"

"သူငယ်ချင်းအုပ်စု ဘယ်မှာရှိနေလဲ"

အားလုံးဝိုင်းမေးသံတွေ ပွက်ပွက်ဆူလာမှ။

"စစ် ဆေးရုံကြီးကို လိုက်ခဲ့ကွာ"ဆိုတဲ့

သက်နောင်၏ ကြေမွနေတဲ့အသံ နားထဲဆောင့်ဝင်လာသည်။ ဒီတော့မှ စစ်သခင် အသိဝင်ကာ သုတ်ခနဲ ပြေးထွက်ခဲ့သည်။

"ဟဲ့သား ဘယ်ကိုလဲ"

"နေဦးလေ အန်ကယ်တို့လည်း လိုက်မှာပေါ့"

"ဘာဖြစ်တာလဲ ပြောသွားဦး"လို့

လူကြီးမိဘတွေရဲ့ စိုးရိမ်သံတွေ ညံစီသွား၏။ ထိုညံစီသံတွေကို စစ်သခင် တုန့်ပြန်ဖို့ စိတ်မဝင်စားတော့ပါ။ ကားပေါ်သွားခနဲ ပြေးတက်ရင်း၊ ကားကို ဝူးခနဲမောင်းထွက်၏။ သူ့စိတ်ဦးတည်နေတာ ဆေးရုံဆီမဟုတ်လား။

လူကြီးတွေလည်း ဘာမှန်းညာမှန်း မသိပေမယ့် စိတ်တွေတအားဆူကာ စစ်သခင်ကားနောက်သို့ စိုးရိမ်စိတ်တထိတ်ထိတ်နဲ့။ ကားတန်းကြီး အစီအရီပါလေသည်။

ဆေးရုံဝမှာစောင့်နေတဲ့ သက်နောင်၊ မင်းစိုး၊ သန့်စင်နဲ့ဖြူ

www.burmeseclassic.com

www.burmeseclassic.com



ဖြူဝါ။ သက်နောင်က ခေါင်းမှာပတ်တီးအဖွေးသားနဲ့။ တချို့လက်မှာ။ တချို့ လက်ကောက်ဝတ်မှာ ပခုံးနဲ့ကြိုးသိုင်းပတ်တီးစည်းထားကာ။ စစ်သခင်ကိုမြင်သည်နှင့် ဝင်ဖက်ကာ ထိခိုက်ကြေကွဲစွာ ငိုချသည်။

"စစ် မင်း ကိုယ့်ကို ခွင့်မလွှတ်နဲ့ကွာ။ ကိုယ်တို့ မင်းကိုနောက်ချင်လို့ အစောကိုဝှက်မလို့ ပဲခူးဆင်းကြတာ။ မင်းကို အချိန်လွန်မှ ပဲခူးရောက်နေကြောင်း အကြောင်းကြားမယ်ဆိုတဲ့အတွေးနဲ့ပါကွာ။ ခုတော့ ခုတော့"

"ဟင့်ဟင့်ဟင့်"

သရဖီနဲ့ဖြူဖြူဝါ စိတ်မထိန်းနိုင်ဘဲ ငိုချ၏။

"အခု ဘာ ဘာဖြစ်တာလဲကွာ"

"ကားအက်ဆီးဒင့်ဖြစ်တာ"

"ဟင်။ အစောကော အစော. ."

စစ်သခင် မေးလိုက်ကာမှ အားလုံးငိုချကာ။ မင်းစိုးက စစ်သခင်လက်ကို ဆွဲဆုပ်ကိုင်ရင်း. .။

"မင်းရဲ့အစော"

စကားဆုံးအောင် မင်းစိုး မပြောနိုင်ရှာ။ အစ်စို့စို့နဲ့ ခေါင်းရမ်း၏။ စစ်သခင် ဘာကိုမှ နားမလည်နိုင်ဘဲ။

"ဘာဖြစ်တာလဲ ပြောလေကွာ။ အစော ဘယ်မှာလဲ"

သူငယ်ချင်းတွေကို လှုပ်ခါရင်း စစ်သခင်မေးလျှင်



"အစောဆုံးသွားပြီ"

"ဟင်"

စစ်သခင်မယုံ။ လုံးဝမယုံ။ ဟင့်အင်း။ ခေါင်းတွင်တွင်ရမ်းလိုက်တဲ့နောက်မှာ မယုံနိုင်သော မျက်ရည်တွေ လွင့်ကျကုန်သည်။

"သ သမီးဆုံးသွားပြီ။ ဘုရားရေ"

အစောမာမီ ဒေါ်သရဖီစော မေးရင်း ဘုရားတကာ ပျော့ခွေကျသွားသည်။ လူကြီးသူမတွေအားလုံးလည်း မယုံမရဲ ထိတ်လန့်ကာ။ ဆေးရုံထဲ ပြေးဝင်သွားကြသည်။

ဟုတ်ပါသည်။

သူငယ်ချင်းတွေ ပြောတဲ့အတိုင်း အစော တကယ်ဆုံးရှာလေပြီ။ နှလုံးရောဂါအခံရှိတဲ့ အစောခမျာ အက်ဆီးဒင့်ဖြစ်စဉ်ကြောင့် ဆေးရုံရောက်ပြီး မကြာခင်နာရီပိုင်းက ဆုံးရှာသတဲ့။

ထင်မှတ်မထားဘဲ ဖြစ်သွားတဲ့အပေါ်မှာ သူငယ်ချင်းတွေအကြောင်းမကြားရဲဖြစ်ကာ ထိတ်လန့်ကုန်သည်။ မင်းစိုးတို့လေးယောက် ဒဏ်ရာကြီးကြီးမားမား မရကြပါ။ ဒါပေမဲ့ အစောခမျာ ကံဆိုးရှာတဲ့အဖြစ်။

ဆရာဝန်ရဲ့မှတ်ချက်က နှလုံးကွဲပြီး သေဆုံးသွားခြင်းတဲ့။ အသက်ဝိညာဉ်ကင်းမဲ့ကာ အအေးတိုက်ထဲ ငြိမ်သက်စွာလဲလျောင်းနေရှာတဲ့ အစောကို စစ်သခင် ပွေ့ဖက်ထားမိတဲ့အထိ နှလုံးသားခံစားချက်တွေ ဆောက်တည်ရာမရ ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစော"

စစ်သခင်ရဲ့ နှလုံးသားနဲ့ဘဝ တကယ်ကို ဆုံးရှုံးသွားသလို ခံစားရလေပြီ။ သူငယ်ချင်းတွေက

"အစောကို ကိုယ်တို့သတ်လိုက်သလိုပဲ စစ်ရယ်။ ကိုယ်တို့ကို ခွင့်မလွှတ်ပါနဲ့"လို့ပြောရင်း သူတို့ကိုယ်သူတို့ ယူကြုံးမရ ဖြစ်နေကြသည်။ အစောမာမီကို ဆေးရုံတင်ရကာ။

စစ်မိဘနှစ်ပါးနဲ့ ဆွေမျိုးတွေလည်း စိတ်အထိခိုက်ကြီးထိခိုက်ရှာသည်။ သူငယ်ချင်းတွေရဲ့ မိဘတွေခမျာ သူတို့သားသမီးတွေကို ဆိုဟဲ့ပြောဟဲ့နဲ့ သတို့သမီးရှင်အတွက် တကယ်ကြေကွဲရတဲ့အဖြစ်။ ဘယ်သူ့ကို အပြစ်ဖို့ရမှာလဲ စောရယ်။

သူ့ရဲ့မင်္ဂလာဦးညဟာ အားလုံးရဲ့ရင်ထဲ ငရဲမီးကျသလို။

♥ ♥ ♥

## အခန်း (၅)

အစောဆုံးပြီးတဲ့နောက်ပိုင်း စစ်သခင် ထင်ရာစိုင်းနေခဲ့သည်။ လုပ်ငန်းကိစ္စတွေလည်း စိတ်မဝင်စားတော့ပါ။

စိတ်ကူးတည့်ရာအတိုင်း ခရီးသွားချင်သွားနေလိုက်သည်။ အရက်သောက်ချင်ရင် ရေကုန်ရေခမ်းသောက်လျက်။

သူငယ်ချင်းအားလုံးက သူတို့အပြစ်မကင်းသလို ခံစားရကာ။ စစ်သခင် အခြေအနေမဆိုးအောင် ဖေးဖေးမမ ထိန်းထိန်းသိမ်းသိမ်းနဲ့ အနောက်က တကောက်ကောက်လိုက်ပါနေကြသည်။

လုပ်ငန်းကိစ္စတွေလည်း သူငယ်ချင်းတွေပဲ ကိုယ်ဖိရင်ဖိ လုပ်ကိုင်ပေးလျက်၊ စစ်သခင် စိတ်ပြေစေဖို့ အချိန်ပြည့် ဂရုစိုက်၏။

သို့သော်လည်း စစ်သခင်စိတ်က မပြေ။ မပြေတာထက် ဖြေသိမ့်နိုင်အောင် မကြိုးစားသလို ကြာလေရှေ့ရုန်မျောနေလေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်သခင်မိဘက စစ်သခင်ရဲ့ဘဝရှေ့ရေးအတွက် စိုးရိမ်တာမို့ အစီအစဉ်ဆွဲကာ။

ခရေစောနဲ့တူတဲ့ မိန်းကလေးတစ်ယောက်ကို အမြန်ဆုံး ရှာဖွေကြသည်။ ကံဆိုးစွာ ပန်းကလေးက ခရေစောနဲ့ အတော်ဆင်သတဲ့။ မျက်နှာဝိုင်းပြီး မေးချိုင့်ကလေးရှိတာက ပိုတူသတဲ့။

ပန်းကလေးက ခရေစောထက် အသားအရည်နဲ့ကိုယ်လုံး ပိုလှ၏။ ခရေစောထက်လည်း ပိုပြီးနုရွယ်ရွယ်ကာ။ ပန်းကလေးက ခုမှ နောက်ဆုံးနှစ်ဖြေပြီးခါစ။ ဘွဲ့ပင်မယူရသေး။ ခရေစောက ပန်းကလေးထက် ခုနစ်နှစ်လောက် ပိုကြီးသည်။ စစ်သခင်နဲ့အစောက အရွယ်တူသည်။

ပန်းကလေးက အစောထက် ငယ်ရွယ်ချောမောသည်။ ခရေစောနဲ့တူတာကို စစ်သခင်မိဘ မြင်မြင်ချင်း သဘောကျသွားစေသတဲ့။

စစ်သခင်မိဘ ပန်းကလေးကို စမြင်သွားတဲ့ ထိုနေ့ကို ပန်းကလေး ဘယ်တော့မှ မမေ့ပါ။

စာမေးပွဲဖြေပြီးစမို့ ပန်းကလေး ခပ်ပျင်းပျင်းရှိလှသည်။ အလုပ်လုပ်မယ့်ကိစ္စ သူငယ်ချင်းတွေနဲ့ တိုင်ပင်မယ်ဆိုပြီး ထွက်ခဲ့ခြင်း။ မိဆင့်နဲ့စိုးချယ်ရီက မိဆင့်ယောက္ခမရဲ့ စိန်တိုက်မှာ ရောက်နေကြသည်။ မိဆင့်က စာမေးပွဲဖြေပြီးတာနဲ့ မနားရပါ။ ယောက္ခမပိုင်တဲ့ စိန်တိုက်မှာ ဝိုင်းကူရသည်။



မိဆင့်နဲ့စိုးချယ်ရီ ယောက်ျားရကံကောင်း၏။ ယောက်ျားဘက်က ဒိတ်ဒိတ်ကြဲ ချမ်းသာသည်။ စိုးချယ်ရီက အငြိမ့်ထိုင်စားရပေမယ့် မိဆင့်က ယောက္ခမကို ဝိုင်းကူရကာ။ စိုးချယ်ရီကလည်း ပျင်းလို့ မိဆင့်နားရောက်နေသည်။ ပန်းကလေးကလည်း ရောက်လာတော့ သူငယ်ချင်းတွေလည်း ပြောဆိုကြနဲ့ ပတ်ဝန်းကျင်ကို သတိမထားမိအောင် ဖြစ်လို့နေသည်။

အဲဒီမှာ မိဆင့်ယောက္ခမ အန်တီသိန်းဆီလာတဲ့ ဒေါ်ပပဝင့် နဲ့ဦးထွန်းရ ပန်းကလေးကို အမှတ်မထင် မြင်သွားသတဲ့။ မြင်သွားပြီး နောက်တစ်နေ့ကိုပဲ မိဆင့်ရော အန်တီသိန်းနဲ့အတူ ဒေါ်ပပဝင့်နဲ့ဦးထွန်းရ ပန်းကလေးတို့နေတဲ့ မော်ဘီအထိ ရောက်လာကာ။

ဒေါ်ပပဝင့်နဲ့ဦးထွန်းရကို ဘွားခနဲမြင်တော့ မေမေနဲ့ ဖေဖေလည်း ဆွံ့အသလို ဖြစ်လျက်။ အားလုံးအံ့သြသွားစေတဲ့ အဖြစ်နဲ့ ကြုံရလေသည်။

မေမေနဲ့ဖေဖေက ဒေါ်ပပဝင့်နဲ့ဦးထွန်းရရဲ့ သိဟောင်းကျွမ်းဟောင်းတဲ့။ သိဟောင်းကျွမ်းဟောင်းဆိုတာထက် ပန်းကလေး မိဘရဲ့ ကျေးဇူးရှင်တွေတဲ့။

အဖြစ်က ဒီလို။

ဖေဖေနဲ့မေမေ မန္တလေးမှာနေစဉ်က စီးပွားနောက်ခံ ဘာမှမရှိပါ။ ဖေဖေက ဦးထွန်းရရဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွဲတစ်ခုမှာ အလုပ်သမားခေါင်းဆောင်။ ဖေဖေက လောင်းကစားကျွမ်းသေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖေဖေ့လစာ မေမေဘယ်တော့မှ ရလေ့မရှိပါ။ မေမေက ကုန်စုံဆိုင်လေးရောင်းပြီး မိသားစုစားဝတ်နေရေးကို ဖန်တီးကာ ချို့ချို့တဲ့တဲ့ နေရရှာသည်။

ဒေါ်ပပဝင့်က မေမေ့ကို အတိုအထွာလေးလုပ်ခိုင်းပြီး ပိုက်ဆံများများပေးပြီး ကြည့်ရှုပါသည်။ ဒါပေမဲ့ ဖေဖေက လောင်းကစားဘက်ပိုကာ အိမ်စပေါ်ငွေထုတ်ယူပြီး ကြက်ပွဲ လောင်းပြန်သည်။ လောင်းတိုင်း ရှုံးလျက်။

နေစရာထိုင်စရာမဲ့သည်အထိ ဖြစ်ရသည်။ အဲဒီအချိန်မှာ ပန်းကလေးကို မမွေးသေး။

ဒီကြားထဲ ဖေဖေက အလုပ်ကထွက်ပြီး ဖေဖေ့သူငယ်ချင်းတွေနဲ့ တောင်ကြီးတက်သွားတာ မေမေ့ခမျာ ပိုပြီးအခြေအနေ မဲ့၏။ ဒေါ်ပပဝင့်နဲ့ဦးထွန်းရ မေမေ့ကိုခေါ်ပြီး စောင့်ရှောက်ထား သေးသည်။ နောက်တော့ မေမေက အားနာတာနဲ့ မေမေ့ကြီးတော် ရှိတဲ့ ရန်ကုန်ဆင်းခဲ့သည်။ ဘာသတင်းမှမပေးဘဲ ပျော်သလိုနေတဲ့ ဖေဖေ့ကို စိတ်နာကာ။ ဖေဖေနဲ့မပေါင်းတော့ဘူးဆိုတဲ့ ပြတ်သားမှု လည်း ပါတာပေါ့။

မေမေ့ကြီးတော်က မှော်ဘီမှာ စိုက်ပျိုးရေးခြံလုပ်တာ ဆိုတော့ မေမေလည်း ဝိုင်းကူပေးရင်း နေခဲ့တာ။ နောက်နှစ်နှစ် လောက်ကြာတော့ ဖေဖေက သတင်းအရနဲ့ မေမေ့ဆီ လိုက်လာ တယ်။ ဖေဖေချော့မော့တော့ မေမေလက်ခံကာ မှော်ဘီမှာပဲ ဆက်



နေကြတော့သည်။ မန္တလေးကို မပြန်ကြတော့ ခုချိန်ထိ။

အဲဒီကတည်းက ဦးထွန်းရတို့နဲ့ မေမေတို့ အဆက်ပြတ် ခဲ့တာလေ။ မှော်ဘီမှာပဲ ပန်းကလေးကို မွေးကာ။ ဒါပေမဲ့ ဖေဖေ့ဇ မပျောက်ပါ။

မေမေ့ကြီးတော်ဆုံးသွားတော့ စိုက်ပျိုးရေးခြံကို မေမေပဲ ဦးဆောင်လုပ်ပေမယ့် ပိုင်ဆိုင်တာမဟုတ်ဘူး။ နေခွင့်နဲ့လုပ်စားခွင့် ပဲရတာ။

ပိုင်ဆိုင်တာက ကြီးဒေါ်သမီး ဒေါ်ထားထားနု။

ဖေဖေက ဟိုလိုလို ဒီလိုလို ယောင်ခြောက်ဆယ်လုပ်ပြီး ရသမျှ လောင်းကစားတာ ခုချိန်ထိ။

လက်ဆုပ်လက်ကိုင်ပြစရာဆိုလို့ ပန်းကလေးကို ကျောင်း ထားနိုင်တာ တစ်ခုကလွဲရင် မေမေ့နားမှာ နားကပ်လေးတစ်ရံ တောင် မပန်နိုင်ရှာပါ။

ပန်းကလေးက မေမေ့ကို သနားလှသည်။ ဒါကြောင့် နောက်ဆုံးနှစ်စာမေးပွဲဖြေပြီးတာနဲ့ အလုပ်လုပ်ဖို့ စိတ်ကူးခြင်း။

မေမေနဲ့ဖေဖေကတော့ သတိရတိုင်း ဦးထွန်းရနဲ့ဒေါ်ပပ ဝင့်တို့ ကူညီစောင့်ရှောက်ခဲ့ပုံတွေ ပြောလေ့ဆိုလေ့ရှိပါသည်။ ပြော တိုင်းဆိုတိုင်းလည်း ပန်းကလေးပါးစပ်လေးဟကာ နားထောင်ရှာ သာ။

ကွဲကွာနေတာ နှစ်နှစ်ဆယ်ကျော်ကျော်လေးမှာ ခုလို

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ မေမေတို့ဆီ ဆိုက်ဆိုက်ရောက်လာတော့ ဖေဖေ
မေမေက ပျာပျာသလဲ ဧည့်ခံရှာသည်။ တစ်ချိန်က ကျေးဇူးရှိဖူးတယ်
မဟုတ်လား။

ဆုံတုန်း ရှေးဟောင်းနောက်ကြောင်းတွေပြောရင်း လာ
တဲ့ကိစ္စ ပွင့်ပွင့်လင်းလင်း ပြောလေသည်။

ဦးထွန်းရနဲ့ ဒေါ်ပပဝင့်ရဲ့ တစ်ဦးတည်းသောသား စ
သခင်အတွက် ပန်းကလေးကို ချွေးမတော်ချင်သတဲ့။

မေမေနဲ့ဖေဖေ မဖုံးနိုင်မဖိနိုင် ဝမ်းသာကာ။

"မမဝင့်ရယ်။ မမဝင့်သဘောပါလို့" ဖေဖေပါ ထိုင်ရာမ
ခေါင်းညိတ်လိုက်တာလေ။

"အို"

ပန်းကလေးရှက်ပြီး ဧည့်သည်တွေရှေ့က ရှောင်ထွက်ခဲ့
သည်အထိ ရင်ထဲ ခံပြင်းသွားသည်။

ဧည့်သည်တွေနဲ့မေမေတို့ အားတက်သရော ပြောဆို
တွေ မကြားရစေဖို့ စိုက်ခင်းဘက် ခပ်ဝေးဝေးရောက်သည်အထ
ပန်းကလေး ရှောင်ထွက်ကာ။

စိမ်းလန်းဝေဆာနေတဲ့ ချဉ်ပေါင်ခင်းနား ပန်းကလေး
ရောက်မှာ

"ပန်းကလေး"

မိဆင့်ခေါ်ကာ အပြေးကလေးလိုက်လာသည်။ ပန်းကလေ



စိတ်ပေါက်ပေါက်နဲ့ ဘူးစင်ဘက် ဘုဆတ်ဆတ်ခြေဦးလှည့်ပြန်
သည်။ မိဆင့်က ပန်းကလေးလက်ကောက်ဝတ်ကို ဖမ်းဆွဲရင်း

"ပန်းကလေးရယ်။ ပန်းကလေး ဘာဖြစ်သွားတာလဲ"

"ဘာဖြစ်ရမှာလဲ။ မေမေနဲ့ဖေဖေ ထိုးထည့်ပေးနေပုံက
ကိုယ့် သမီးကိုယ် တန်ဖိုးမထားသလိုလို၊ အိမ်ခြေမဆယ်နိုင်သလိုလိုနဲ့။
တကယ်ဆို ပန်းကလေးကို မေးမြန်းရဦးမယ်လေ။ ခုတော့ ပန်းကလေး
သဘောထားကို မမေးမမြန်းတဲ့အပြင်၊ ထိုင်ရာမထ လက်ခံလိုက်
တာ ပန်းကလေး လုံးဝမကြိုက်ဘူး။ ပန်းကလေးကို ဒီလိုအတင်း
အဓမ္မမလုပ်နဲ့ ပန်းကလေးမခံဘူး"

"ပန်းကလေးရယ်။"

မိဆင့်က ကရုဏာသက်သလို ရေရွတ်ရင်း ပန်းကလေးကို
စိုက်ကြည့်ရှာသည်။ ထိုအကြည့်ထဲမှာ သနားစရာပါလားလို့ ဆိုချင်
သလိုလိုနဲ့မဟုတ်လား။ မိဆင့်ကိုပါ ပန်းကလေး မျက်စောင်းထိုး၏။

ထိုအခါ မိဆင့် ဟက်ခနဲရယ်ပြီး။

"ပန်းကလေးရယ်။ ရှင်က ဘာကိုသဘောမကျ ဖြစ်နေရ
တာလဲ"

"အို သဘောကျစရာလား။ တစ်ယောက်နဲ့တစ်ယောက်
မသိဖူးမမြင်ဖူးဘဲနဲ့။ ပြီးတော့ လူပျိုလူလွတ်မဟုတ်ဘူး။ မုဆိုးဖို"

ပန်းကလေးစကားအဆုံးမှာ မိဆင့်လက်ခုပ်လေးတီးမ
ဘတ်၊ သဘောကျလျက် ရယ်မောလေသည်။ ပန်းကလေးဒေါသ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာကာ။ ဘူးကင်းနုနုလေးကို ဖျတ်ခနဲခူးပြီး မိဆင့်မျက်နှာ ပစ်ထည့်၏။

မိဆင့်ရှောင်ကာ ဘူးကင်းလေးကို ဆုပ်ကိုင်လျက်

"ပန်းကလေးရယ်။ ရှင်က မဆိုင်တာတွေ ဆွဲပြောနေပြန် ပြီ။ စစ်သခင်က မုဆိုးဖိုပေမယ့် လူပျိုစစ်စစ်ပါဟဲ့"

ပန်းကလေး စိတ်မဝင်စားစွာပြောပြီး ဘူးစင်အောက် လျှောက်သွား၏။

အသီးတွေပြွတ်သိပ်သီးနေတဲ့ ဘူးစင်အောက်က မိဆင့် လည်း လိုက်ဝင်လာပြီး ပန်းကလေးကို တတွတ်တွတ်ပြော၏။

"တကယ်ပြောတာပါဟာ။ ကံတရားအရ ခရေစောနဲ့ မင် လာဦးညမှာ သေခွဲကွဲရလို့ မုဆိုးဖိုဖြစ်ပေမယ့် လူပျိုလူလွတ်ပါဟယ်"

"မပြောနဲ့ဆို"

"ဟဲ့ ပြောရမှာပေါ့။ ကိုယ့်သူငယ်ချင်း ကောင်းစားမယ့် အရေးလေ။ အန်တီပပတို့ ဘယ်လောက်ချမ်းသာတယ်ထင်လဲ"

"စိတ်မဝင်စားဘူး"

"မဝင်စားလည်း သိနေဖို့လိုတယ်။ မိဆင့်ယောက္ခမဆို အန်တီပပတို့ကို ဘုရားလိုကိုးကွယ်နေရတဲ့ အဆင့်အတန်းထဲက ဆင့်ယောက္ခမ ဘယ်လောက်အရှိန်အဝါကြီးသလဲ၊ ဂုဏ်မောက် သလဲဆိုတာ ရှင်အသိပဲ။ ဒါပေမဲ့ အဲဒီဂုဏ်တွေ အရှိန်အဝါတွေဟာ အန်တီပပတို့ ရှေ့ရောက်ရင် ဘာမှအသုံးမဝင်တော့ဘူး။ ပိုးစုန်း



ကြနဲ့လမင်းလိုလေ။ အရောင်အဝါသိပ်ကွာခြားတာ။ ဆင့်ယောက္ခမ နေအောင် ဖြစ်ရတဲ့ အန်တီပပတို့ အဆင့်အတန်းက ခန့်မှန်းလို့ နေအောင် မြင့်တယ်လေ။ စီးပွားရေးလုပ်ငန်းကြီးတွေဆိုတာ ပလူပျံ နေတာဟဲ့။ အဲဒီလုပ်ငန်းတွေအားလုံးကို စစ်သခင် ဦးဆောင်နေတာ။ ပြီးတော့ တစ်ဦးတည်းသော အမွေစားအမွေခံသား။ အဲလို သားမျိုး ချို့ ပါရမီထူးဖို့လိုတယ်။ အခု ပန်းကလေးပါရမီထူးလို့ရတာလေ။ ဆင့်ဟင့်ဟင့်။

"ဘာပါရမီထူးတာလဲ လာမပြောနဲ့။ ပန်းကလေး အဲဒါ တွေ မမက်ဘူး"

"မမက်ရင်တောင် အသာတကြည် လက်ခံလိုက်ပါ သူငယ် ချင်းရယ်။ ချယ်ရီကတောင် ပန်းကလေးအတွက် အရမ်းစိတ်ထက် သန်နေတာ"

"ထက်သန်နေရင် ရှင်တို့ပဲ ယူကြ"

"ယူလိုက်ချင်ရဲ့ ပန်းကလေးရယ် ဟင့်ဟင့်ဟင့်"

နောက်ပြောင်သလို ပြောနေတဲ့ မိဆင့်ကို ပန်းကလေး သမျက်စောင်းထိုးမိပြန်သည်။ မိဆင့်က စောစောက ပန်းကလေး ပေါက်လိုက်တဲ့ ဘူးကင်းလေးကို ဆုပ်ကိုင်ထားရာမှ ပန်းကလေး တို့ထိုးပြရင်း

"စိတ်ကူးမလွဲနဲ့။ စစ်သခင်က ဟောဒီဘူးကင်းလေးလို နုနုထွတ်ထွတ်ကလေးဟဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ သွား ဘာမှန်းလဲမသိဘူး"

ပန်းကလေးရှက်ကာ မိဆင့်လက်ကို ပုတ်ချ၏။ ပန်းကလေး ပုတ်ချလိုက်တော့ ဘူးကင်းလေး မိဆင့်လက်ထဲက လွတ်ကျသွားလျှင်။

"ဟယ် နှမြောစရာဖြစ်အောင် မလုပ်နဲ့နော် ပန်းကလေး"

"လုပ်မှာပဲ။ ဟွန်း"

ပန်းကလေး ရန်လိုစွာပြောရင်း မိဆင့်နဲ့ဝေးရာ ဘူးစင်အောက်က ရှောင်ထွက်ပြီး၊ ဟိုခပ်ဝေးဝေးဆီမှ ခရမ်းပျိုးခင်းဘက် ရှောင်ထွက်ခဲ့လေသည်။

မိဆင့်ကတော့ မတတ်နိုင်တော့ဟန်နဲ့ ပခုံးလေးပင့်ကာ နှုတ်ခမ်းလေးလှုပ်ရုံ ပြုံး၏။

ဘူးကင်းလေးကို ပုတ်ချလို့ရပေမယ့် စိတ်သခင်ကို ပုတ်ချလို့မရအောင် တစ်ခုခုတော့ စီစဉ်ဦးမှလို့ သူငယ်ချင်းကောင်းစားရေးအတွက် တွေးလျက်။

လောလောဆယ်တော့ မိဆင့် ခဏငြိမ်နေလိုက်သည်။

အခြေအနေကြည့်ပြီး မီးစင်ကြည့်ကရမယ် မဟုတ်လား။

သူငယ်ချင်းကောင်းစားရေး မိဆင့်အရေးလေ။

ဟုတ်ဖူးလား။

♥ ♥ ♥

## အခန်း (၆)

"ဟင့်အင်း မေမေ။ ပန်းကလေးကို နားမချပါနဲ့"

ပန်းကလေး အားမနာပါ။ ချက်ချင်းခေါင်းခါငြင်းပစ်၏။ ...ခင်နှင်းဖြူ သမီးချောကို နားမလည်နိုင်သလို စိုက်ကြည့်သည်။

သမီးက ပိန္နဲပင်အောက် ကွပ်ပျစ်မှာထိုင်ပြီး၊ ခူးပြီးသား ...င်း ရွက်တွေကို ဖောက်သည်ပေးဖို့ စည်းနေတာ လက်ပင်မတွန့်။ ...ကိစ္စ မှာ လုံးဝစိတ်မပါတာ မိခင်အနေနှင့် သိနှင့်သည်။

ဒါပေမဲ့ ဒေါ်ခင်နှင်းဖြူ သမီးစိတ်သဘောအတိုင်း ဖြစ်ခွင့် ...ပေးနိုင်ပါ။ ပွေ့ပိုက်လာတဲ့ ချဉ်ပေါင်ခက်တွေကို ကွပ်ပျစ်ပေါ်ပုံချ ... သမီးနဲ့ မျက်နှာချင်းဆိုင်ထိုင်လျက် ဆက်ပြော၏။

"သမီး သေသေချာချာ စဉ်းစားပါဦး"

"မလိုပါဘူး မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘာဖြစ်လို့"

"ဟွန်း ပန်းကလေးက သူတို့ချွေးမလောင်းနေရာမှာ အစားထိုးခံရမယ့် မိန်းကလေးပါမေမေရယ်။ အစားထိုးခံရမယ့် မိန်းမကို ဘယ်သူက တန်ဖိုးထားမှာလဲ။ ပြီးတော့ ပန်းကလေးတို့က လက်လုပ်လက်စား။ သူတို့က ဒီလောက်ချမ်းသာနေတဲ့ အသိုင်းအဝိုင်းထဲက ဘယ်လိုမှတန်းညှိပြီး ပေါင်းဖက်သွားဖို့ဆိုတာ မဖြစ်နိုင်ဘူးမေမေ"

"ဟဲ့ သမီး။ အဲဒါ သမီးပြောရမယ့် စကားမဟုတ်ဘူး။ သူတို့ဘက်က ပြောရမှာ။ သူတို့က ဒါတွေကို အလေးမထားဘူး။ သမီးကို မြင်မြင်ချင်း သဘောကျလို့ လာပြီးတင်တောင်းတာလေ။ သမီး ဘယ်လောက်ကံကောင်းသလဲ။ စဉ်းစားကြည့်ရင် ယုံတောင်မယုံနိုင်ဘူး။ တကယ်ပါသမီးရယ်။ မေမေဆို မယုံချင်ဘူး။ သမီးလင်ကောင်းရမယ့် ပါရမီရှိလို့ ဒီလိုကြုံရတာလေ"

"သမီးတော့ အဲလိုမထင်ဘူး။ လင်ကောင်းမရချင်လည်းနေပါစေ။ ပန်းကလေးဘဝပန်းကလေး ရပ်တည်သွားဖို့ သတ္တိရှိပါတယ် မေမေ"

"ဟဲ့"

ဒေါ်ခင်နှင်းဖြူ ပြောရင်း အားမလိုအားမရဖြစ်လာသည်။ နှစ်ယောက်ကြားမှာရှိနေတဲ့ ဟင်းရွက်ပုံကြီးကို ဒေါ်ခင်နှင်းဖြူ ဖျတ်ခနဲရိုက်၏။

"ဘာလဲ မေမေ"



ပန်းကလေး ကန်စွန်းရွက် လက်ဆုပ်စည်းစည်းရန် ဆုပ်ကိုင်ကာ နှိုးချည်နေရက်နဲ့ မော့ကြည့်သည်။ မေမေက မေမေ့စိတ်ကိုတင်းထားရင်း ပြောချသည်။

"သမီး မိန်းကလေးတစ်ယောက်အတွက်က လင်ကောင်းရဖို့ အရေးအကြီးဆုံးပဲ။ သမီးဖေဖေကိုကြည့်စမ်း။ ဘယ်နေရာမှာကောင်းကွက်ရှိလို့လဲ။ ကုန်ရှုံးရင် တစ်ခါမှောက်တဲ့။ လင်ကုန်ရှုံးရင် တစ်သက်လုံးမှောက်သတဲ့။ မေမေဆို လင်ကံမကောင်းလို့ တစ်သက်လုံးရုန်းကန်လှုပ်ရှားပြီး မိသားစုစားဝတ်နေရေးကအစ ဦးဆောင်နေရတာလေ။ မေမေ့ဘဝ ဘယ်လောက်ပင်ပန်းရသလဲဆိုတာ သမီးအသိဆုံး"

"သိတာပေါ့မေမေရဲ့။ သိလို့ပဲ ပန်းကလေး အလုပ်တစ်ခုလုပ်မယ်ပြောတာပေါ့။ လောလောဆယ် ရပ်ကွက်ရုံးမှာ စာရေးမခင်လုပ်ဖို့ ပြောထားပြီးပြီ"

"မလုပ်ရဘူး သမီးရယ်"

"မေမေ"

ပန်းကလေး မေမေ့စိတ်ကို နားမလည်နိုင်တော့ပါ။ ဖိသံနဲ့မေမေ့ကို သံပြတ်ခေါ်လိုက်တော့ မေမေခေါင်းရမ်းပြီး။

"ဒီမှာသမီး။ သမီးကို မေမေအပင်ပန်းခံပြီး တက္ကသိုလ်ပို့တယ်ဆိုတာ ကြီးမားတဲ့မျှော်လင့်ချက်နဲ့ပါသမီးရယ်။ မေမေ့သမီးကရုပ်ရည်လေးရှိပြီးသား။ ပညာတတ်ဘွဲ့ရလေး ဖြစ်သွားရင်း ထိုအ

www.burmeseclassic.com

www.burmeseclassic.com



တန်တဲ့ ယောက်ျားကောင်းနဲ့ တွေ့ရစေချင်လို့ တက္ကသိုလ်အသိုင်းအဝန်းထဲ ပို့လိုက်တာပါ။ မေမေ့လိုဘဝမျိုးနဲ့ ဟောဒီဟင်းရွက်ပုံတွေကြားမှာ နစ်မနေစေချင်ဘူး။ မိဆင့်နဲ့ချယ်ရီ ယောက်ျားကောင်းကောင်းရတုန်းက မေမေဝမ်းသာလိုက်တာ မပြောပါနဲ့တော့။ မေမေ့သမီးလည်း တစ်ချိန်ကျရင် ဒီလိုဖြစ်လာမှာပဲဆိုတာ မေမေတွေးပြီးသားပါကွယ်။ ဟော သမီးလေးကျောင်းပြီးရုံရှိသေးတယ်။ မမဝင့်က မျက်စိကျပြီး ရောက်လာတဲ့အခြေအအနေဟာ မေမေ့သမီးဘဝနတ်ပြည်ရောက်သလိုပဲ သမီးရယ်။ သမီး နတ်ပြည်တက်ဖို့ပဲ စဉ်းစားစမ်းပါ။ စာရေးမအလုပ် ဘာလုပ်မှာလဲ။ မမဝင့်တို့ချွေးမဆိုတာနည်းတဲ့ဂုဏ်မှ မဟုတ်တာ သမီးရယ်"

တဖွတ်ထိုးပြောနေတဲ့ မေမေ့ကြောင့် ပန်းကလေးတကယ်စိတ် ရှုပ်ရ၏။ မေမေက မေမေ့ဘဝနဲ့ နှိုင်းယှဉ်ပြီးပြောနေတာ အပြစ်မဆိုသာပေမယ့် အစိမ်းသက်သက်ချည်း အဲဒီယောက်ျားနဲ့ပေါင်းဖို့က ဘယ်လောက်ကသိကအောက်နိုင်လှသလဲ။

မေမေ ဒါတွေကို မသိတာလား။ မသိတာတော့ မဟုတ်။ မသိချင်ဟန်ဆောင်တာပဲဖြစ်မယ်။ ပြီးတော့ ဟိုတစ်ယောက်သဘောထားက ဖြူသလား မည်းသလားဆိုတာလဲ မသိဘဲနဲ့။

ချမ်းသာတာပဲကြည့်ပြီး ဇွတ်ဖြစ်နေတဲ့မေမေ။

"ပြီးတော့ သမီးရယ်။ မမဝင့်တို့ကျေးဇူးတွေ မေမေတို့ပေါ်မှာ အများကြီးရှိပါတယ်။ အဲဒီကျေးဇူးတွေကိုလည်း မေမေတို့



ထောက်ထားရမယ်လေ"

"ဘာလဲမေမေ။ သူတို့က အဲဒီကျေးဇူးတွေနဲ့ အကျပ်ကိုင်နေလို့လား"

"ဟာ မဟုတ်တာဘဲ သမီးရယ်။ မဟုတ်ပါဘူး။ သမီးနားသည်အောင် မေမေ ဘယ်လိုရှင်းပြရမှာလဲကွယ်။ ကျွတ်။ ခက်တယ်"

ဒေါ်ခင်နှင်းဖြူပြောရင်း ဘေးကျပ်နံကျပ် ဖြစ်လာသည်။ ပြောရင်အခက် မပြောရင်အခက်နှင့်။ ပြောမထွက်နိုင်တာက ပိုခက်နေသည်။

"မခက်နဲ့ ခင်နှင်း။ ပြောစရာရှိတာ ပြောလိုက်"

ဖေဖေက မန်ယူနဲ့ချဲလ်ဆီး ဘောလုံးပွဲသွားကြည့်ပြီး ပြန်လာရာမှ စိတ်မရှည်သလို ဝင်ပြော၏။ ပန်းကလေး ဘာမှနားမလည်တော့ပါ။ ဖေဖေနဲ့မေမေ့ကိုတစ်လှည့်စီကြည့်ရင်း မျက်လုံးလေးလည်နေသည်။

နောက်ဆုံး ဖေဖေ့ကို ကြည့်ပြီး

"ဘာလဲ ဖေဖေ။ သမီးကိုပြောလေ"

"သမီးမေမေသိတယ်။ ကဲ ခင်နှင်း မြန်မြန်ပြောလိုက်ကွာ"

ဖေဖေစိတ်မရှည်သလိုပြောကာ အိမ်ပေါ်တက်သွားလေသည်။ မေမေက သက်မလေးတချချနဲ့။

"ဘာများလဲ မေမေရယ်။ ဖေဖေ ဘောလုံးပွဲရှုံးထားပြန်ပြီလား"

မေမေ သက်မတချချနဲ့ ခေါင်းတွင်တွင်လျက်။ ဟင်းရွက်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ စိုက်ကြည့်ရင်း အားမပါစွာပြောသည်။

"သမီး အန်တီထားထားနုပေါ့"

"အန်တီထားနု။ အန်တီထားနု ဘာဖြစ်လို့လဲ"

အန်တီထားထားနုဆိုတာ မေမေ့ကြီးတော်ရဲ့ သမီးပါ။ အန်တီထားနုတို့က တောင်ဒဂုံမှာ လက်ဖက်ရည်ဆိုင်ကြီးဖွင့်ထားတာလေ။

လွန်ခဲ့တဲ့လေးငါးလက လာပါတယ်။ လာတုန်းကတော့ သူတို့စီးပွားရေး မကောင်းကြောင်းတွေ ညည်းသွားသေးတယ်။ အခု ဘာဖြစ်ပြန်ပြီလဲမသိ။ ပန်းကလေးက စိတ်ပူလာလောနဲ့ မေးသလို မေမေကလည်း မပြောမဖြစ်မို့ ပြောသည်လေ။

"ထားထားတို့က ဒီခြံကို ရောင်းတော့မလို့တဲ့"

"ဟင်"

ပန်းကလေး မျက်လုံးပြူးသွားလေပြီ။ ဒီခြံကို ရောင်းလိုက်ရင် ပန်းကလေးတို့နေစရာမဲ့ပြီမဟုတ်လား။ ပန်းကလေး ချက်ချင်း သဘောပေါက်တာမို့ မျက်လုံးပြူးသွားခြင်း။

"ဟုတ်တယ်သမီးရဲ့။ ထားထားတို့စီးပွားရေးမကောင်းတာကြာပြီ။ အခြေအနေအရ ဒီခြံကိုရောင်းပြီး သူတို့လက်ဖက်ရည်ဆိုင်ကို လူစည်ကားတဲ့နေရာ ပြောင်းဖွင့်ပြီး အလုပ်ဆက်လုပ်မယ်ဆိုတော့ ငွေလိုတယ်။ ငွေလိုလို့ ရောင်းမှာတဲ့။ မေမေတို့ကိုတော့ ထားလည်း အားနာပါတယ်တဲ့။ ထားထားတို့မှာလည်း လှည့်စရာ



မရှိတော့ ဒီခြံကိုပဲ ရောင်းရတော့မှာလေ"

"အဲဒီတော့ သမီးတို့ ဘယ်လိုလုပ်ကြမလဲ။ မေမေ့မောင်နှမတွေရှိတဲ့ မန္တလေးပြန်ပြောင်းကြမှာလား"

"ခက်တာပဲသမီးရယ်။ မန္တလေးမှာ မောင်နှမတွေရှိပေမယ့် သူတို့လည်း အိုးအိမ်ပိုင်တာ မဟုတ်ဘူး။ ငှားပြုနေကြတာလေ။ မေမေတို့ကို ဘယ်မောင်နှမက ကူညီနိုင်မှာလဲ။ အားလုံးက အဆင်မပြေကြသူချည်းပဲ။ ပြီးတော့ မေမေကိုယ်တိုင်က ဒီနေရာလေးမှာ နေသားတကျ ဖြစ်နေပြီဆိုတော့လေ"

"ဟုတ်တော့ဟုတ်ပါတယ်။ ပန်းကလေးလည်း ဒီခြံလေးကို သွယ်တာပါတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ကြမလဲ။ ဖေဖေက ဘာပြောလဲ"

"ဘာပြောမလဲ။ သမီးဖေဖေက ဘယ်တုန်းက မိသားစုအရေးကို ခေါင်းခံဖူးလဲ"

ဒီစကားကိုတော့ ဖေဖေကြားမှာစိုးလို့ မေမေ့ပြောသံ တိုးသွားလေသည်။ မေမေပြောတာလည်း မှန်လှသည်မဟုတ်လား။

"အဲဒါနဲ့ မေမေပဲ မမဝင့်ကို အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းရတာပေါ့"

"ဟောတော်"

ပန်းကလေးတစ်ကိုယ်လုံး တောင့်မတ်သွားသည်။ မေမေက ပန်းကလေးကိုလည်းမကြည့်။ ပြောစရာရှိတာ ဆက်ပြောပါ သည်။

"ဟုတ်တယ်။ မေမေတို့မှာ အားကိုးစရာ ဘယ်သူရှိလို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



မမဝင့်ကို ပြောလိုက်တာနဲ့ မမဝင့်က ချက်ချင်းပဲ ထားထားနဲ့တွေ့တယ်လေ။ ထားထားခေါ်တဲ့ဈေးအတိုင်း မဆစ်ဘဲ ငွေချေပေးလိုက်တာ။ စာချုပ်ကို မေမေ့နာမည်နဲ့ ထားပေးသေးတယ်"

"ဟူး"

ပန်းကလေး အသက်မရှူချင်တော့ပါ။ ဒီလေဒီမြေဟာ ကိုယ့်လေကိုယ့်မြေမဟုတ်တော့ဘူးဆိုတဲ့အသိနဲ့ မွန်းကြပ်လို့သွားသည်။

"သမီးရယ်။ မမဝင့်တို့နဲ့ ပြန်ဆုံရတာ မေမေ့သမီးလေး ဘဝ ရတနာပုံဆိုက်သလိုပဲလို့ မှတ်လိုက်ပါ သမီးရယ်နော်"

"ဟင့်အင်း ဘာရတနာပုံမှ မဆိုက်ဘူး။ တော်ပြီ ဒီမြေမှာလည်း မနေချင်ဘူး။ ဒီလေလည်း မရှူချင်တော့ဘူး"

ပန်းကလေး ပြောရင်း ကန်စွန်းရွက်စည်းကို ဆောင့်ချပြီး ကွပ်ပျစ်ပေါ်ကဆင်းကာ။ ခြံပြင်ထွက်ခဲ့လေသည်။ မေမေကတော့ စိတ်ထိခိုက်စွာ ငေးကျန်ခဲ့၏။ ခြံပြင်မှာပဲ လမ်းလျှောက်ရင်း ပန်းကလေး ရင်ထဲမှာ ဟစ်ကြွေးမိသည်။

လွတ်လပ်တဲ့လေကိုပဲ ပန်းကလေး ရှူပါရစေလို့။

တကယ်ပါကွယ်။

♥ ♥ ♥

## အခန်း (၇)

"ဘယ်လိုဖြစ်ရတာလဲ ပန်းကလေးရယ်။ မျက်ရည်လေး စမ်းစမ်း၊စမ်းစမ်းနဲ့"

စိုးချယ်ရီ ရောက်လာတယ်ဆိုတာနဲ့ အသံကျယ်ကျယ်မေး၏။ ပန်းကလေးမဖြေ။ လှဲ့ဝေနေတဲ့ မျက်ရည်တွေကို လက်ညှိုးနဲ့ ထိကာဖယ်ရှားလိုက်သည်။

"ချယ်ရယ်။ ချယ့်သူငယ်ချင်း ဝမ်းသာလွန်းလို့ မျက်ရည်စို့နေတာလားမှ မသိတာ ဟင့်ဟင့်ဟင့်"

မိဆင့် စနောက်ချင်ချင် ဝင်ပြောရင်းရယ်လေသည်။ သူငယ်ချင်းနှစ်ယောက်ကို ပန်းကလေး အမြင်မကြည်ချင်တော့ပါ။

"ရှင်တို့နော်။ ပန်းကလေးကို နောက်စရာလို့ အောက်မေ့မနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အဟင့် အထိမခံ ရှေ့ပန်းကန် ဖြစ်နေပါရော့လား ပန်းကလေးရယ်။ ကဲ ဆိုစမ်းပါဦး။ ဘာဖြစ်နေတာလဲ ပြောဦးလေ"

စိုးချယ်ရီ ချောမော့သယောင်ဆိုလာရင်း ပန်းကလေး အနား ကပ်ထိုင်သည်။ ပန်းကလေး အကပ်မခံ။ သူငယ်ချင်း နှစ်ယောက်နဲ့ဝေးရာထွက်ခဲ့သည်။

စိုးချယ်ရီနဲ့မိဆင့် မလွယ်ပါလားလို့ ပြိုင်တူရွတ်ရင်း ပန်းကလေးကို ငေးနေလိုက်သည်။ ပန်းကလေးစိတ်က အရင်က ဒီလိုမှ ဟုတ်ပါ။ နူးနူးညံ့ညံ့ ပျော့ပျော့ပြောင်းပြောင်းရယ်။ ခုတော့ နားချ လေတင်းမာလေ။ စနောက်သလို ပြောမိဆိုမိလေ။ သူငယ်ချင်းတွေ အပေါ် မကြည်လေနှင့်။

သုံးနှစ်အုံးပင်အောက်က ခုံတန်းမှာ သူငယ်ချင်းတွေကို ကျောပေးထိုင်လျက်။ ရင်ထဲမှာ ထိထိခိုက်ခိုက် ခံစားနေရှာသည်။

ဘာကြောင့်ပါလိမ့်။

အကြောင်းရင်းကို သူငယ်ချင်းတွေ ဘာမှမသိဘဲနဲ့။

ကျေးဇူးရှင်ဆိုတာတွေရဲ့နောက်မှာ ပတ်သက်မှုတွေက မရှန်းနိုင်အောင် ပိုကြပ်တည်းလာသည်။ ဒီမြေ၊ ဒီဝိုင်း၊ ဒီခြံဟာ စေတနာအလျောက် ကူညီမှုဆိုပေမယ့် ပန်းကလေးကို ချည်နှောင်တဲ့နှောင်ကြိုးဆိုလည်း မမှား။

ပိုဆိုးသည်က ဟိုတစ်နေ့က ကိစ္စ။

ခြံအတွက်လိုအပ်တဲ့ ပစ္စည်းဝယ်ကြမယ်ဆိုပြီး မိသားစုသုံး



ယောက် မြို့ထဲထွက်သွားကြတာပါ။ တကယ်တမ်းမှာ ပန်းကလေး ထင်သလို ခြံအတွက်ပစ္စည်းဝယ်ဖို့မဟုတ်။

နန်းတော်တမျှ ခမ်းနားသလို ပကာသနတွေလွှမ်းနေတဲ့ 'နီတွာနံဦး'လို့ ဆိုင်းဘုတ်တပ်ထားတဲ့ သူတို့တိုက်ကြီးဆီရောက်ရတာ။

ခြံဝရောက်ကတည်းက ရိပ်မိသွားတာကြောင့် ပန်းကလေး ချက်ချင်းလှည့်ထွက်ခဲ့သည်။ ဒါပေမဲ့ ဖေဖေနဲ့မေမေကြောင့် ပန်းကလေး လှည့်ထွက်ခွင့်မသာ။

ဦးထွန်းရနဲ့ဒေါ်ပပဝင့်ကိုယ်တိုင် မေမေတို့ကို ထွက်ကြိုတဲ့အထဲ ပန်းကလေး တွန့်ဆုတ်တွန့်ဆုတ်နဲ့ ပါခဲ့ရသည့်အဖြစ်။

ရင်ထဲမှာ ဖေဖေနဲ့မေမေ့ကို စိတ်ဆိုးနေသည်။ ကြိုတင်မပြောဘဲ ပန်းကလေးကို ပိုင်စိုးပိုင်နင်းခေါ်လာတာ ဘာသဘောလဲ။

ဧည့်ခန်းကြီးက ငေးကြည့်နေချင်စရာကောင်းသည်။ ဝင်သွားတာနဲ့ အေးမြမြလေး ခံစားရကာ ပန်းရနံ့တစ်မျိုး မွှေးကြိုင်နေသည်။

ကျွန်းကနုတ်ပန်းတွေနဲ့ ဘောင်ကွပ်ထားတဲ့ ဆိုဖာကြီးတွေက အနီရောင်ရဲတောက်ကာ အခင်းကတ္တီပါတွေကအစ ရဲတောင်းခတ်နေ၏။

ကတ္တီပါကော်ဇောပေါ် ခြေချနင်းပြီး ဆိုဖာပေါ်ထိုင်နေရသာ ပန်းကလေး စိတ်မလုံခြုံ။ ပကာသနထဲ အနစ်ခံထားရသလိုပို၊

www.burmeseclassic.com

www.burmeseclassic.com



အရှိန်အဝါတစ်ခုထဲ ထိုးထည့်ခံရသလိုလိုနှင့် မွန်းကြပ်နေပေသည်။

"သမီးပန်းကလေး နေကောင်းရဲ့လား"

ဆိုဖာပေါ် ထိုင်မိသည်နှင့် ဒေါ်ပပဝင့် စိုက်ကြည့်ပြီး မေးသည်။ ပန်းကလေး မျက်နှာမသာတာ ရိပ်မိလို့ထင်ရဲ့။ ပန်းကလေး မျက်နှာ ထားပြင်ပြီး မဖြေရသေးခင် မေမေက ဝင်ပြောသည်။

"ကောင်းပါတယ် မမဝင့်ရဲ့၊ သမီးက အံ့သြနေတာ ဟင့် ဟင့်ဟင့်"

"ကျွတ်"

ပန်းကလေးရင်ထဲတင်းသွား၏။ မေမေ့ကိုလည်း မကြည်လင်စွာကြည့်၏။ ထိုအခါ ဖေဖေက ပန်းကလေးကို စောင်ကြည့်သည်။ ဖေဖေက ပန်းကလေးစိတ်ကို အားမရနိုင်ဖြစ်နေတယ် မဟုတ်လား။

ဦးထွန်းရန့်ဒေါ်ပပဝင့်က မေမေပြောတဲ့အတိုင်း ပန်းကလေး အံ့သြနေတာလို့ ထင်ဟန်တူသည်။ ကျေနပ်အားရပြုံးလျက်။

"မအံ့သြပါနဲ့သမီးရယ်။ အန်တီတို့က အစကတည်းက သမီးအပေါ် မေတ္တာထားနိုင်ပြီးသား။ ခင်နှင်းတို့သမီးလေးဆိုတဲ့အသိနဲ့ ပိုပြီး မြတ်နိုးလာတယ်။ တန်ဖိုးလည်း ထားပါတယ်သမီးရယ်။ အခုလို အန်တီတို့ဆီခေါ်လည်တာက သမီးကို အန်တီတို့တန်းတူ တန်ဖိုးထား တယ်ဆိုတာ သိသာစေချင်လို့။ ပြီးတော့ သားနဲ့လည်း မိတ်ဆက်ပေးချင်လို့လေ"



"ဟင်"

ပန်းကလေး မျက်လုံးပြူးလေးနဲ့ အန်တီဝင့်ကို လှမ်းကြည့်[illegible]ည်။

"ဟုတ်တယ်သမီးရဲ့။ သားနဲ့သမီးကို မိတ်ဆက်ပေးဖို့လေ"

အန်တီဝင့်စကားမဆုံးခင် ပန်းကလေး ချက်ချင်းအကြည့်[illegible]လိုက်သည်။ မေမေက ပန်းကလေးလက်ကို ဆုပ်ကိုင်ရင်း

"ဟုတ်တယ်သမီးရဲ့။ သမီးတို့ လူငယ်ချင်းတွေ့ဖူးမြင်ဖူးဖို့[illegible]တယ်လေ။ ပြီးတော့ ရင်းရင်းနှီးနှီး စကားလေးဘာလေး ပြောကြ[illegible]လို့"

ပန်းကလေး မေမေ့ကို ကြာလာလေ နားမလည်နိုင်လေ[illegible]ရသည်။ မေမေက အလိုတူအလိုပါဆိုတာထက် မြန်မြန်ဖြစ်[illegible]ချင်တဲ့ စိတ်ဆန္ဒတို့စောနေမှန်း သိသာနေသည်။

"ကဲ ဝင့်ရေ သားကိုသွားခေါ်ကွာ။ သမီးလေးရောက်နေပြီ[illegible]"

ဦးထွန်းရက ဒေါ်ပပဝင့်ကိုပြောသည်။ စကားပင်မဆုံး[illegible]ပပဝင့် ချက်ချင်းပဲ ထသွားသည်။ အိမ်နေရင်းဖြစ်ပေမယ့်[illegible]ဒီမိတ်အပျော့သားကို ဒီဇိုင်းထွင်ပြီးချုပ်ဝတ်ထားတဲ့ အန်တီဝင့်[illegible] ကြော့မော့နေသည်။ ဆံပင်တိုတိုလေးနဲ့မို့ ငယ်ရွယ်နေသလို[illegible]ပြန်သည်။

မျက်နှာမှာလည်း မိတ်ကပ်ပါးပါးလေးတင်လျက်၊ နှုတ်ခမ်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကို ဝတ်ထားတဲ့ဖက်ရှင်အတိုင်း ဗေဒါရောင်ရင့်ရင့် ဆေးဆိုးထာ
သည်။

ရတနာကိုးသွယ်ကို တစ်တန်းသွားစီခြယ်ထားတဲ့ မ
မယဉ် ဒီဇိုင်းလေးနှင့် သူ့နေရာနဲ့သူ ပြည့်ပြည့်စုံစုံ ဆင်မြန်းထာ
သေးသည်။ မေမေနဲ့ကွာပ့ါ။ မေမေက ပါတိတ်ဝမ်းဆက် ခပ်လ
လတ်လေးနှင့်သာ အိန္ဒြေရရ။

ပြီးတော့ တစ်ကိုယ်လုံး သင်းထုံမွှေးကြိုင်နေတဲ့ အန်တီ
ကိုယ်သင်းရနံ့က ဧည့်ခန်းတစ်ခုလုံး ဝေ့ကျန်ခဲ့သည်။

ပန်းကလေး အသက်အောင့်ထားပေမယ့် ထိုမွှေးရနံ့
နှာခေါင်းထဲ တိုးဝင်လာတာ ခက်သည်။

ဘယ်အခြေအနေကမှ မတူတာ သိသိချည်းနဲ့။ နောက်
သူနဲ့မိတ်ဆက်ခံရမယ့်အဖြစ်။ တွေးမိရုံနဲ့ ကြက်သီးဖြန်းဖြန်းထ
သည်။

ဟုတ်တယ်လေ။

ပန်းကလေးက ယောကျ်ားလေးတစ်ယောက် စိုက်ကြ
တာ ခံရရင်ပဲ တအားရှက်ကာ နေမထိထိုင်မသာ ဖြစ်တတ်သ
သူကကြည့်မှာ ပိုဆိုးတာပေ့ါ။ ပန်းကလေးကလည်း သူ့ကိုကြည့်
မဟုတ်ဘူးလေ။

ခုတော့ ရှောင်လွှဲလို့မရဖြစ်ကာ၊ အခြေအနေအရ တ
တည့်ချည်း ဆုံရချေပြီ။



"လာ သား"

ဦးထွန်းရ ခေါ်သံနောက်မှာ သူလာနေပြီဖြစ်ကြောင်း ပန်း
လေးသိသွားလျှင် ရင်ထဲ ဒိတ်ခနဲ ဆောင့်ခုန်သွား၏။

ပန်းကလေး ငဲ့စောင်းမကြည့်ပါ။ ခေါင်းကို ငုံ့ထားမိသည်။

"ထိုင်လေ သား"

ပန်းကလေးဘေးက လွတ်နေတဲ့ဆိုဖာမှာ ဝင်ထိုင်ဖို့ အန်
င့်ပြော၏။ အန်တီဝင့်ပြောတဲ့အတိုင်း သူထိုင်ချလျှင်၊ ပန်းကလေး
ထဲ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"သမီး"

အန်တီဝင့်ခေါ်လျှင် ငုံ့ထားမိတဲ့ ပန်းကလေးခေါင်း ထောင်
လာသည်။

"ဒါ အန်တီဝင့်သား စစ်သခင်လေ။ အားလုံးက စစ်လို့ပဲ
ကြတယ်ကွယ့်"

ပန်းကလေး မျက်လုံးကို မှိတ်ထားလိုက်ချင်သည်။ ဒါပေမဲ့
ထားလို့မှမရတာ။ အန်တီဝင့်စကားဆုံးပြီး အတန်ကြာမှ
လေး ငဲ့ကြည့်မိသည်။

"ဟင်"

စိမ်းမှောင်သောမျက်ဝန်းနဲ့ ပန်းကလေးကို စိုက်ကြည့်နေ
စ်သခင်။ ပန်းကလေးမျက်လုံး မှာတ်လိုက်ခံရသလို ဖြစ်သွား
အလား။ သူ့ကို အသက်မရှူဘဲ ကြည့်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာလေးက အလိုမကျခြင်းတွေနဲ့ တင်းလျက်။

မျက်ခုံးနဲ့နှာတံတို့ ထင်ပေါ်သည်။ နှုတ်ခမ်းက ထူသယော

ယောင်။ မရိတ်ဘဲရှိနေတဲ့ ပါးသိုင်းမွေးနဲ့ နှုတ်ခမ်းမွေးတွေလည်း ရှိ နေသည်။ ဒါတင်မက နဖူးပေါ်ဝဲကျနေတဲ့ ဆံပင်ရှည်တွေ လူပုံကို ညှင်းသိုးသိုးဖြစ်နေသည်။ မျက်နှာရိပ်ကလည်း နှစ် မက်မောခြင်းနဲ့ မဟုတ်။

ပန်းကလေးကို စိုက်ကြည့်နတဲ့ပုံက တစ်ရှူးထိုး။

"သားစစ် သားရဲ့ အစောနဲ့တူတယ် မဟုတ်လားဟင်

"ဘုရားရေ"

အန်တီဝင့်က ခရေစောနဲ့တူကြောင်း ပန်းကလေးကို ပြီး သူ့ကို လက်တွေ့ပြတာမျိုးလား။

သူက နှုတ်ခမ်းလေးကို မသိမသာမဲ့ပြီး ပန်းကလေး ဦးစွာအကြည့်လွှဲသည်။

"သားရဲ့အစောထက် ပန်းကလေးလှတယ်လို့ ဒယ်ဒီပြေ တာ ယုံတယ်မဟုတ်လား သားစစ်"

ဦးထွန်းရ ရွှင်ရွှင်လေးပြောလေသည်။ ထိုအခါ သူဘယ် ကိုမှမကြည့်။ ဧည့်ခန်းထောင့်ခုံပေါ်မှာ အလှဆင်ထားတဲ့ ကျား ကြီးကို စိုက်ကြည့်၏။

မာန်ဖီနေတဲ့ ကျားရုပ်ကြီးကို ကြည့်နေရာမှ သူ ခေါင်း ချက်ဆတ်ပြီး ပြောသည်။



"ဒယ်ဒီပြောတာ မှန်ပါတယ်။ ဒါပေမဲ့"

သူ့အသံက မာကျစ်ကာ ပြတ်တောင်းတောင်းနှင့်။ ဒါပေမဲ့ နောက်မှာ စကားဖြတ်ထားလျှင် မေမေတို့ပါ သူ့ကိုမမှိတ်မသုန် ကြည့်ကြသည်။

"ဘာဖြစ်လဲ သားရယ်"

အန်တီဝင့် လေသံပျော့လေးနဲ့မေးတော့

"အစောနေရာမှာ ကျွန်တော် ဘယ်သူ့ကိုမှ အစားမထိုး ရက်ဘူး"

"ဟဲ့ သား"

"စစ်"

သူ့စကားနောက်မှာ လူကြီးတွေမျက်နှာပျက်သွားကာ။ ဘန့်တားကြသည်။ ပန်းကလေးရင်ထဲမှ မာနကလေး ထောင်ကြွ လာသည်။

"ပန်းကလေးကလည်း အစားထိုးခံမိန်းမ အဖြစ်မခံနိုင် ဘူး"

ပန်းကလေး ဒါပဲပြောပြီး ထထွက်ခဲ့၏။ ထထွက်ခဲ့တဲ့ ပန်း ကလေးအပြုအမူ ရိုင်းချင်လည်း ရိုင်းတယ်လို့ပဲ သဘောထားပစေ တော့။

"သမီး ပန်းကလေး"

မေမေ ချက်ချင်းထလိုက်လာသည်။ မေ့မေဆွဲထားတာကို

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေးမမှု။ ခမ်းခမ်းနားနား အစော်ကားခံလိုက်ရတဲ့အဖြစ်။ ပန်း ကလေးရင်ထဲမှာ ခုချိန်ထိ အဆိပ်တက်သလို ခံစားနေရသည်။

"ပန်းကလေး"

မိဆင့်နဲ့စိုးချယ်ရီ အနားရောက်လာကာ။ စာနာသံလေးနဲ့ ခေါ်သည်။

"မခေါ်နဲ့ သွားကြ"

"သူငယ်ချင်းကလဲ ဒေါသနဲ့ခံပြင်းတာတွေလျှော့၊ ပြီး တော့ မာနလေးလည်း လျှော့ပါဦးကွယ်"

"မိဆင့်နော်"

"ဟုတ်တယ်လေ။ ပန်းကလေးကသာ မာနလေးထောင်ကြွ နေချင်တာ။ စစ်သခင်က အနိုဝင့်သဘောအတိုင်း ခေါင်းညိတ် သတဲ့"

"သွားစမ်းပါ။ သူဟာသူညိတ်ချင်လို့ညိတ်တာ။ ပန်းကလေး ကို လိုချင်စိတ်၊ တန်ဖိုးထားချင်စိတ်နဲ့မဟုတ်ဘူး။ ပန်းကလေးသိတယ်။ ပြီးတော့ မေမေနဲ့ဖေဖေက အတင်းကာရော ပေးစားနေတာလေ။ မသိရင်ခက်မယ်။ သမီးလင်ယူမှ အခြေအနေမပျက် နေနိုင်ထိုင်နိုင် မယ်ဆိုတဲ့ အတွေးမျိုးနဲ့။ ပန်းကလေး ဖေဖေ မေမေတို့စိတ်ကို နားမလည်တော့ဘူး။ အိုး ဘယ်သူ့ကိုမှ နားမလည်နိုင်တော့ဘူး။ ရှင်တို့လည်း အတူတူပဲ။ သွားကြတော့"

ပန်းကလေး ဘယ်သူနဲ့မှ မျက်နှာချင်းမဆိုင်ချင်တော့ပါ။



သူငယ်ချင်းတွေကိုလည်း အားမနာ၊ ဒက်ခနဲပြောကာ နှင်မိလေ သည်။

သူငယ်ချင်းနှစ်ယောက်က နားလည်မှု ရှိကြပါသည်။ ခုချိန်မှာ ပန်းကလေးစိတ်အတိုင်း နေပါစေတော့လို့။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟင်"

ခြံထဲမှာရော အိမ်ထဲမှာ သမီးကိုရှာမတွေ့တော့ ဒေါ်ခင်နှင်းဖြူ ခေါင်းကြီးသွားသည်။ သမီး ဘယ်သွားတာလဲ။ ဘယ်သွားသွား ဘယ်လာလာ ပြောဆိုသွားလေ့ရှိတဲ့သမီး။

စစ်သခင်နဲ့ကိစ္စ စိစဉ်ကတည်းက မအေကို အမြင်မကြည်ဖြစ်ကာ။ စကားပြောနည်းသွားသည်သာမက၊ သူငယ်ချင်းတွေ လာတော့လည်း နှင်ထုတ်၏။

အုန်းပင်အောက်မှာ အကြာကြီးထိုင်နေတဲ့ သမီးကို စိုက်ခင်းထဲအလုပ်လုပ်နရင်း ဒေါ်ခင်နှင်းဖြူ သတိထားကြည့်နေခဲ့သည် မဟုတ်လား။

သံပုရာပျိုးပင်လေးတွေကို နေရာချစိုက်နေတဲ့ ခဏလေး



မှာ သမီးကိုအကြည့်ပြတ်သွား၏။ သံပုရာပင် တစ်ပင်ပဲ စိုက်ပြီးသေးတယ်။ လှမ်းကြည့်တော့ သမီးကို မမြင်တော့ပါ။ ဒါနဲ့ ချက်ချင်းပဲ လက်ဆေးပြီး အိမ်ပေါ်တက်ကြည့်သည်။

အိမ်ထဲမှာလည်း မရှိ။ ခြံထဲမှာလည်း မမြင်။ ထိုအခါ ဒေါ်ခင်နှင်းဖြူ စိတ်မပူဘဲ မနေနိုင်တော့ပါ။ ခေါင်းပေါင်းအဝတ်ကိုဖြုတ်၍ မျက်နှာပေါ်က ချွေးစတွေသုတ်ရင်း ခြံပြင်ဘက်ထွက်ကြည့်သည်။

မိဘစီစဉ်တာကို မကျေနပ်စိတ်နဲ့ ဟိုဟိုဒီဒီထွက်သွားသလား။ ခြံပြင်လမ်းတစ်လျှောက်မှာလည်း မမြင်။ ဒါနဲ့ လမ်းထိပ်ဈေးဆိုင်တန်းဘက် တစ်ဆက်တည်း ထွက်ကြည့်၏။

ဟော ပီစီအို ဖုန်းဆိုင်လေးမှာ။

ဘယ်သူ့ကို ဖုန်းဆက်နေတာလဲ။ ဒီအချိန်မှာ ဒေါ်ခင်နှင်းဖြူ အစစအရာရာ ကြိုသိနေဖို့ လိုတယ်မဟုတ်လား။ ဖုန်းဆိုင်လေးဆီ သွက်သွက်ကလေး လျှောက်ခဲ့သည်။

"အရမ်းအရေးကြီးလို့ ကောင်းရယ်"

"ဟင်"

ဒေါ်ခင်နှင်းဖြူ မျက်လုံးပြူးသွား၏။ သမီးဖုန်းပြောနေတဲ့အထဲ ကောင်းနာမည်ပါနေသည်။

ကောင်းဆိုတာ သမီးနဲ့ကျောင်းနေဘက်သူငယ်ချင်း။ ဒစ်ဂျစ်တယ်ပန်းချီဆွဲဆရာလေး ကောင်းမွန်။ မိဆင့်တို့နဲ့ တစ်ဖွဲ့တည်း

www.burmeseclassic.com

www.burmeseclassic.com



ပါ။ ဒီကောင်လေးက မွန်မွန်ရည်ရည်ရှိပေမယ့် သမီးအပေါ်တွယ်တာစိတ်နဲ့ သံယောဇဉ်တွယ်နေမှန်း ဒေါ်ခင်နှင်းဖြူ ရိပ်စားမိသည်။

အစက ဘာမှဝင်မပြောပေမယ့် ခုတော့ ပြောရတော့မယ်။ ဒီလိုအခြေအနေရောက်ကာမှ မိဘတွေစီစဉ်ထားတာ အပျက်ခံဖို့ မဖြစ်နိုင်ပါ။

"သမီး"

ဒေါ်ခင်နှင်းဖြူ ဖုန်းစကားပြောနေတဲ့ သမီးကို လှမ်းခေါ်လိုက်သည်။ ရုတ်တရက် မေမေ့ခေါ်သံကြားတော့ ပန်းကလေး လန့်ဖျပ်သွား၏။

"အေး မြန်မြန်လာနော် ဒါပဲ"

ဆိုပြီး ဖုန်းခွက် ကမန်းကတန်းချလေသည်။ ဖုန်းဆိုင်ရှင် အဒေါ်ကြီးကို ဖုန်းဖိုးပါကမ်းပေးရင်း

"ဘာလဲ မေမေ"လို့

မလုံမလဲ လှမ်းမေးသည်။ ဒေါ်ခင်နှင်းဖြူ မျက်မှောင်ကုပ်ကြည့်ပြီး

"လာခဲ့စမ်း"

သမီးလက်ကို ဒေါ်ခင်နှင်းဖြူဆွဲပြီး အိမ်ဘက်ခြေဦးပြန်လှည့်သည်။ သမီးဖြစ်သူက တွန့်ဆုတ်ဆုတ်နှင့် ပါလာသည်။

အိမ်ဝိုင်းထဲရောက်သည်နှင့် သမီးလက်ကိုလွှတ်ချပြီး ဒေါ်ခင်နှင်းဖြူမေး၏။



"သမီး ကောင်းမွန်ကို ဘာကိစ္စ ဖုန်းဆက်ရတာလဲ"

"သတိရလို့ဆက်တာ"

"ဘာရယ်"

ဒေါ်ခင်နှင်းဖြူ ဆတ်ဆတ်ထိမခံဖြစ်လျက် လက်တစ်ဖက်ခါးထောက်မိသည်။ ပန်းကလေး ဝမ်းနည်းနေပေမယ့် ခံပြင်းစိတ်ကလေး ထိုးထွက်နေတာမို့

"ကောင်းမွန်နဲ့က မိဆင့်တို့လိုပဲ သူငယ်ချင်းဆိုတာ မေမေ သိသားပဲ"

"သိတာသိတယ်။ ဒါပေမဲ့ မေမေမကြိုက်ဘူး။ အခုအချိန်မှာ ကောင်းမွန်နဲ့ပိုပြီးမဆက်သွယ်သင့်ဘူး။ သမီးကို မေမေ ရှင်းရှင်းပဲပြောမယ်။ ထင်ရာစိုင်းဖို့တော့ စိတ်မကူးနဲ့သမီး။ မေမေ့လို လင်ကုန်ရှုံးပြီး တစ်သက်လုံးဒုက္ခတွေ့လိမ့်မယ်။ နားလည်လား"

ပန်းကလေး မေမေ့စကားကို နားထဲအဝင်မခံ။

ဘာမှလဲ ပြန်မပြောတော့ဘဲ အိမ်ပေါ် တစ်ရှုးထိုးတက်၏။ မေမေ့စကားကို ဆန့်ကျင်လိုတဲ့စိတ်ကြောင့် အိပ်ခန်းထဲတန်းဝင်ကာ တံခါးကို အသံမြည်အောင် ဆောင့်ပိတ်လျက်။

ခုတင်ပေါ် ဇောက်ခနဲ ထိုင်ချသည်။

အဟင့်။

ပကာသနနဲ့ ပိတ်လှောင်ပြီး တခမ်းတနားငြင်းပစ်တဲ့ ယောက်ျားတစ်ယောက်နဲ့ ဘဝချင်းပေါင်းတာထက်စာရင်။ ပန်းကလေးကိုတန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ယောကျ်ားတစ်ယောက်နဲ့ ပေါင်းတာကမှ အဓိပ္ပာယ်ရှိဦးမယ်။

ဟုတ်တယ်လေ။

ကောင်းမွန်က ပန်းကလေးကို မြတ်နိုးသည်။

'ချစ်တယ်'လို့လဲ

ရင်ဖွင့်ခဲ့တယ်မဟုတ်လား။ ပန်းကလေးကတောင် တအံ့တဩဖြစ်ပြီး အချစ်အကြောင်း မေးဖြစ်သေးသည်။

"ချစ်တယ် ဟုတ်လား။ ချစ်တယ်ဆိုတာ ဘယ်လိုခံစားချက်မျိုးလဲ ကောင်းရယ်"

ပန်းကလေးကို ကောင်းမွန် ပြုံးပြုံးလေးစိုက်ကြည့်ပြီး

"ချစ်တယ်ဆိုတာ ညွတ်ပျောင်းတဲ့ ခံစားမှုတစ်မျိုးပေါ့ ပန်းရယ်"

"ဟင် ညွတ်ပျောင်းတဲ့ခံစားချက်"

"ဟုတ်တယ်ပန်းရဲ့။ ချစ်တဲ့စိတ်ဝင်လာတော့ နှလုံးသားက ညွတ်ပျောင်းလာတယ်။ နူးညံ့သိမ်မွေ့မှုတွေ ပျော်ဝင်ပြီး ကြင်နာယုယချင်တဲ့ အာရုံသစ်ခံစားမှုတွေ နိုးထလာတာမျိုး။ အဲ ခံစားမှုတွေ နိုးထလာတော့ ကောင်းတစ်ကိုယ်တည်း မြူးပြီး မခံစားချင်တော့ဘူး။ နှစ်ယောက်အတူတူ မျှဝေခံစားချင်တယ်။ အဲဒါကြောင့် ပန်းကို ရင်ဖွင့်လိုက်တာ"

"ပန်းကိုရင်ဖွင့်တော့ ပန်းက ဘာလုပ်ပေးရမှာလဲ"

"ကောင်းကို ပြန်ချစ်လိုက်လေ"

"အို. . သွား"



ပန်းကလေး ရှက်ရှက်နဲ့ ကောင်းလက်မောင်းကို တွန်းပစ်လိုက်သည်။ ကောင်းမွန်က ကြည်နူးစွာ ရယ်မောလေသည်။

"ပန်းက ချစ်တယ်လို့ပြောရင် ပြီးပြီလေ"

"ဟွန်း။ ပန်းက ကောင်းလို ညွတ်ပျောင်းတဲ့ခံစားချက်တွေ ဘာတွေလဲမသိဘူး။ ဘာအာရုံသစ်မှုလည်း နိုးထမလာသေးဘူး။ အဲဒါကြောင့် ချစ်တယ်လို့ မပြောနိုင်သေးဘူး"

"ရပါတယ်။ အခုမပြောလည်း ခံစားရတဲ့အချိန်ပြောလေ။ ကောင်းက ပန်းပြောမယ့်အချိန်အထိ စိတ်ရှည်လက်ရှည်စောင့်မှာပါ"

"စောင့်ပေါ့"

"စောင့်မှာပေါ့။ လောလောဆယ် ပန်းစဉ်းစား။ ကောင်း ပုဂံမှာ ဓာတ်ပုံသွားရိုက်စရာရှိတယ်။ ဟိုမှာ ကြာချင်ကြာမယ်။ ကောင်း ပုဂံကပြန်လာရင် ပန်းအဖြေပေးပေါ့"

"အမယ် ဒီလိုတော့ အချိန်မကန့်သတ်ပါနဲ့။ ပန်းက လောလောဆယ် အလုပ်လုပ်ဖို့ စဉ်းစားရမယ်လေ"

"အလုပ်လုပ်မယ့်ကိစ္စလည်း စဉ်းစား။ ကောင်းကိုချစ်မယ့်ကိစ္စလည်း ခံစားကြည့်ပေါ့။ ခံစားလို့ရရင် ကောင်းကို ဖုန်းဆက်သ"

ကောင်းပြောစဉ်က ပန်းကလေး ခေါင်းမညိတ်သလို ခေါင်းလည်းမခါခဲ့။ သဘောက လက်မခံသေးပေမယ့် ကောင်းရဲ့ အချစ်ကို အသိအမှတ်ပြုထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအချိန်မှာ ကောင်းအချစ်ကို တုန့်ပြန်လိုက်တာ အ ကောင်းဆုံးလို့ ပန်းကလေးယူဆတယ်လေ။

ပန်းကလေးနှလုံးသားထဲမှာ ကောင်းအတွက် အချစ်ခံစား ချက်တွေ မပေါက်ပွားသေးပေမယ့် ကောင်းနဲ့လက်တွဲဖို့ ပန်းကလေး ယတိပြတ်ဆုံးဖြတ်လိုက်သည်။ ပန်းကလေးဆုံးဖြတ်ထားတာကို ဘယ်တော့မှ မပြင်ဘူး။

"မေမေ ဘာချည်းပဲပြောပြော။

အဲဒါကြောင့် ကောင်းအမြန်လာခဲ့ဖို့ ဖုန်းသွားဆက်တာ ပေါ့။

ကောင်းကလည်း စိတ်ချလာခဲ့မယ် ပြောသည်လေ။

အဲဒီကိစ္စ ပန်းကလေးမှားတယ်ဆိုလည်း တစ်ဘဝလုံး အ မှားခံလိုက်တော့မယ်။

ပြာပုံတိုးတဲ့ခွေးမလေးလို့ အပြစ်တင်ချင်ရင် တင်ပါတော့ ကွယ်။

♥ ♥ ♥

## အခန်း (၉)

"ဟင့်ဟင့်ဟင့်"

ပန်းကလေး ရှိုက်ကြီးတငင် ငိုချလိုက်သည်။ ရွှေရောင် အင်းကြွစာလုံးနဲ့ ဖိတ်စာကိုလည်း ဆုပ်ချေပြီးလွှင့်ပစ်၏။

"သမီး"

နံရံမှာထိမှန်ကာ ပြန်ကျလာတဲ့ ဖိတ်စာနဲ့အတူ ဖေဖေ့အသံ န်းခနဲ ပေါ်ထွက်လာသည်။

"ပန်းကလေး လက်မခံဘူးလို့ ပြောထားတယ်လေဖေဖေ။ င့် ဖေဖေတို့လုပ်ချင်ရာကို ဇွတ်လုပ်တာ။ ပန်းကလေး ဘယ်လိုခံ ားရမလဲဆိုတာ စဉ်းစားပေးပါဦး ဖေဖေရယ်"

"စဉ်းစားပေးပါဦးဆိုတာ သမီးဘက်က စဉ်းစားရမှာ သိရဲ့ ား ဘယ့်နှယ် မိဘက ရွှေဘုံပေါ်ထိုးတင်ပေးတာကို သမီးက

www.burmeseclassic.com

www.burmeseclassic.com



အဝီစိထဲ ဇောက်ထိုးဆင်းဖို့ ကြိုးစားနေတာမဟုတ်လား။ အဲ
အတွက် ဖေဖေတို့ လက်ပိုက်ကြည့်မနေနိုင်ဘူး။ သမီး ဘာ
လုပ်နေတယ်။ဘယ်သူနဲ့ ဆက်သွယ်နေတယ်ဆိုတာ ဖေဖေ အား
သိတယ်။ ဒါကြောင့် အားချင်းစီစဉ်တာ။ သမီး ဘာမှစောဒ
မတက်နဲ့"

"ဖေဖေ"

ပန်းကလေး နာနာကျင်ကျင်ခေါ်လိုက်တော့ ဖေဖေလ
ကာဟန့်တား၏။

"ဘာမှမပြောနဲ့ လာ သွားမယ်"

ဖေဖေ ဒါပဲပြောပြီး အိမ်ပေါ်က ဆင်းသွားသည်။ မေ
က ပန်းကလေးအနားရောက်ကာ ဖေဖေ့အမိန့်အတိုင်း လက်
ခေါ်၏။

"လာပါသမီးရယ်"

"ဟင့်ဟင့်ဟင့်"

ပန်းကလေး ယူကြုံးမရ ငိုကြွေးရင်း ခေါင်းတွင်တွင်
၏။

ဟင့်အင်း။ ဘယ်မှမသွားဘူး။

ပန်းကလေး ဘယ်လိုငြင်းငြင်း မေမေနဲ့ဖေဖေကဇွ
သူငယ်ချင်းနှစ်ယောက်ကလည်း မေမေတို့ဘက်တော်သားပီပီ
ခေါ်၏။



ကောင်းမွန်ကလည်း ပြန်မရောက်သေး။

ပန်းကလေး ဆုံးဖြတ်ချက်က မေမေတို့ အလောတကြီး
စီစဉ်တဲ့နောက်မှာ သတို့သမီးဖြစ်ရတော့သည်။

မင်္ဂလာဧည့်ခံပွဲတစ်လျှောက် ပန်းကလေးခမျာ ကြေကွဲ
ရက်ရည်တို့စို့လျက်။

ရင်းနှီးကျွမ်းဝင်ခြင်းမရှိသလို။ ခံစားချက်အကြောင်း
ည်း မဆွေးနွေးဖူးတဲ့ ယောကျ်ားတစ်ယောက်နဲ့ လက်တွဲထားရတဲ့
ဖြစ်ဟာ ပန်းကလေးနှလုံးသားကို ကွဲအက်သလို ခံစားရသည်။

အကယ်၍ ကောင်းနဲ့သာဆိုရင် ပန်းကလေး ဒီလောက်ထိ
ကွဲနေမှာမဟုတ်ဘူး။ ကောင်းမျက်ဝန်းထဲမှာ ပန်းကလေးစိတ်
လုံး ကို ဆွဲဆောင်နေတဲ့ နူးညံ့သော ကြင်နာမှုတွေရှိတယ်လေ။

သူ့မျက်လုံးလို အစိမ်းချည်းမဟုတ်ဘူး။

မေမေတို့မက်တဲ့ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲတစ်ခုဟာ
န်းကလေးအတွက် ဝေဒနာပွဲပါပဲ။

ပန်းကလေးဖြစ်ချင်တာနဲ့ ဆန့်ကျင်နေတဲ့ဖြစ်စဉ်။ ခုတော့
အိပ်ခန်းထဲ ပန်းကလေးရောက်နေရပြီလေ။

ပန်းကလေးနဲ့သူ့ရဲ့ မင်္ဂလာဦးညက၊ ဘယ်ဆီဦးတည်နေ
လဲ။

သေချာတာက မိဆင့်နဲ့ချယ်ပြောတဲ့ မင်္ဂလာဦးအရသာနဲ့
လုံးဝ ဆန့်ကျင်နေမယ်ဆိုတာ ပန်းကလေးသိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေးဟာ ပျားရည်ဆမ်းအရသာ မခံစားခ
အက်ဆစ်ဆမ်းမယ့် ဖီလင်တွေနဲ့လည်း ပန်းကလေးရဲ့အပျိုစင်အ
လေးကို အဆုံးရှုံးမခံချင်။

ပန်းကလေး ခုလိုပဲ တစ်ကိုယ်တည်းနေပါစေကွယ်။

▼ ▼ ▼

## အခန်း (၁၀)

"အစော"

တမ်းတခေါ်သံနောက်မှာ သူ့မျက်လုံးက အစောကို
အားထက်သန်စွာ ရှာဖွေနေသည်။ သူ အစောကိုရှာဖွေနေလေ
လေး ငိုချင်လာလေ။

မွေ့ရာပေါ်မှာလည်းမရှိ။ မှန်တင်ခုံရှေ့မှာလည်းမမြင်။

"အစော မောင့်ကို စိတ်ကောက်နေတာလား။ အော့ မောင့်
တ်နောင်တို့ပေါ့ကွာ။ တအားပဲတိုက်ကြတာ။ အော့။ မောင်က
ဒီကောင်တွေတိုက်သလောက် သောက်တယ်။ ဘာဖြစ်လဲ။
တော့ အစောမှာထားပေမယ့် မောင် များများသောက်မိသွား
ဒီညတော့ မောင့်ကိုခွင့်လွှတ်နော်။ အဟေလေး"

"ဟင့်ဟင့်ဟင့်"

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေး ငိုနေရာမှာ အသံထွက်ကလေး ရှိုက်မိသွာ ၏။ အသံထွက်သွားသည်မို့ ပန်းကလေး ကမန်းကတန်း ပါးစပ် လက်နဲ့ပိတ်လိုက်ပါသည်။

သို့သော် ရှိုက်သံကြားရာဆီ သူ့မျက်လုံးလေးလည်လာ သည်။ ကိုယ်ကလည်း ဒယိမ်းဒယိုင်နဲ့ ခုတင်ခြေရင်းနားရောက်လာ ကာ ဗီရိုကိုအားပြု၍ ကိုယ်နေဟန်ထိန်း၏။

ဗီရိုနဲ့ကွယ်ပြီး နံရံမှာ နစ်ဝင်မတတ်ကျောကပ်လျ တရှုံ့ရှုံ့ငိုနေတဲ့ ပန်းကလေးကို သူငုံ့ကြည့်လာသည်။

စိန်ပွင့်ချယ်သရဖူလေးဆောင်းထားတဲ့ ပန်းကလေးဟာ မျက်ဝန်းထဲမှာ တကယ်ပဲ အစောဖြစ်နေတာလား။ စူးစူးစိုက်စို ကြည့်တဲ့ မျက်လုံးတွေဟာ ရင်ခုန်စိတ်နဲ့ ရွှန်းဝင့်နေ၏။ နှုတ်ခ သားလေးတွေလည်း ချိုမြိန်စွာလှုပ်ခတ်လျက်။

"အစောရယ်"

ဝလုံးဝထွေးခေါ်ရင်း ပန်းကလေးပခုံးစွန်းနှစ်ဖက်ကို ဆု ကိုင်လေသည်။ ပန်းကလေး လန့်ဖျပ်လျက်

"ဖယ်နော် စစ်သခင်"

ပန်းကလေး ငိုသံချည်းနဲ့ ပြော၏။ လက်ကလည်း ပ ထက်က စစ်သခင်လက်တွေကို ဖြုတ်ချလေသည်။ သူ့စိတ်နဲ့ ကိုယ်ဟာ အစောနဲ့မင်္ဂလာဆောင်စဉ်ကအချိန်ဆီ နောက်ပြန်လ နေပြီ ထင်ရလောက်အောင် တတွတ်တွတ်ပြော၏။



"အစော အစော မောင့်ကိုချစ်တယ်ဆို၊ ဘာဖြစ်လို့ စိတ် ဘာက်ချင်ရတာလဲ။ အော့ မောင် မောင် နောက်ဆို မသောက်ပါဘူး ာ။ မောင် ကတိပေးတယ်အစောရယ်"

"မပေးနဲ့ ဘာကတိမှမပေးနဲ့။ ရှင်မနှောင့်ယှက်နဲ့ သွားပါ ော့"

"အစောရယ်။ မောင့်ကို နားလည်ပေးပါကွာ။ ဒီတစ်ကြိမ် ည်းပါ"

"ဟင့်အင်း။ ဖယ်။ လွှတ်"

ပြောရင်းဆိုရင်း ပန်းကလေးကို သိမ်းကြုံးပွေ့ဖက်၏။ ရက်နံ့ရေမွှေးနံ့တွေ ရောထွေးနေတဲ့ သူ့ရင်ခွင်ကို ပန်းကလေး န်းပစ်လိုက်သည်။ အရှိန်ကများတာမို့ သူ့ကိုယ်နောက်ပြန် င်ကျကာ။

စစ်သခင် ဗီရိုကို လှမ်းကိုင်လိုက်ပေမယ့် မူးနေတဲ့အရှိန် းနေတာမို့ မမိ။

အရှိန်လွန်ကာ ဝုန်းခနဲ ပစ်ကျသွား၏။

ပန်းကလေး မျက်လုံးစုံမှိတ်ကာ မျက်နှာကို လက်ဖဝါးနဲ့ ပ်ထားလိုက်သည်။ ရင်ထဲမှာလဲ သောသောရှိုက်ငိုလျက်။

အတန်ကြာသည်အထိ သူ့ဆီက ဘာသံမှထွက်မလာ။ ကျ အရှိန်နဲ့ ဘာဖြစ်သွားပြီလဲ။ ဖြစ်ချင်ရာဖြစ်။ ပန်းကလေး အသည်း ာပဲ ငြိမ်နေလိုက်သည်။

"ကျွတ်"

www.burmeseclassic.com

www.burmeseclassic.com



နာကျင်စုတ်သပ်သံတိုးတိုးနောက်မှာ ပန်းကလေး မျက်နှာပေါ်က လက်ကိုဖယ်၏။ မျက်လုံးပါဖွင့်ကြည့်မိလျှင် ပန်းကလေး ပါးစပ်အဟောင်းသားဖြစ်သွားသည်။

သူ့ဘက်ဘက်ချိုစောင်းမှ သွေးတွေဖြာစီးလျက်။ မှန်တင်ခုံအစွန်းနဲ့ ဆောင့်မိသွားတာထင်တယ်။ သူ့လက်မောင်းနဲ့ သွေးတွေကို ပွတ်သုတ်ရင်း ကိုယ်ကို မနိုင်တနိုင် ထူထဖို့ကြိုးစားနေတာကို ပန်းကလေးမကြည့်ရက်။

မျက်နှာလွှဲလိုက်မိသည်။

"အစော"

ထိခိုက်ကြေကွဲဟန်နဲ့ သူ့ခေါ်နေသံဟာ စိတ်မချမ်းမြေ့ဖွယ် ကောင်းလှသည်။ အကယ်၍ သူသာ အလွန်အကျွံသောက်မထားရင် ပန်းကလေးဟာ အစောမဟုတ်ဘူးဆိုတာ သူခွဲခြားသိနိုင်မယ်။

ခုတော့ နှစ်ယောက်စလုံးအတွက် စိတ်ထိခိုက်စရာ ကောင်းနေသည်။

"အစောရယ်။ မောင့်ကို ဒီတစ်ကြိမ်လေးတောင် ခွင့်မလွှတ်ဘူး။ အဲလိုလား။"

ပန်းကလေး ဘာမှမပြောတော့။ အသံမထွက်အောင်ရှိုက်ရင်း နှုတ်ခမ်းကို တင်းတင်းလေး စေ့ထားမိသည်။

သူ ကုန်းရုန်းထပြီး ပန်းကလေးနဲ့အလှမ်းဝေးရာအိပ်ရာ



ခေါင်းရင်းဘက် သူ့ကိုယ်သူ အားတင်းသယ်ဆောင်သွား၏။

"အစော။ အစောမှာ နှလုံးရောဂါရှိတယ်ဆိုတာ မောင်သိတယ်။ အနံ့ပြင်းပြင်းတွေရှူမိရင် အစောအသက်ရှူမဝဖြစ်ပြီး မွန်းကြပ်တဲ့ ဝေဒနာ ခံစားရတယ်ဆိုတာလည်း မောင်နားလည်တယ်။ ချင်း ခွင့်လွှတ်နော်။ အစော။ အစောကို မငဲ့ညှာတဲ့စိတ်မျိုးနဲ့ မောင်သောက်တာ မဟုတ်ဘူးကွာ။"

စကားလုံးတွေ မသဲကွဲ၊ သဲကွဲပြောရင်း အိပ်ရာပေါ်လှဲချသော်လည်း၊ မထိန်းနိုင်ဘဲ ကျသွားတဲ့သူ့ကိုယ်က စပရင်မွေ့ယာပေါ် အိအိညွတ်ညွတ်ဖြစ်သွားလေသည်။

နောက်ပြီး ဘာတွေပြောလို့ပြောနေမှန်းမသိ။ ပန်းကလေး သိပါ။ လုံးထွေးနေတဲ့ စကားသံတွေဟာ တဖြည်းဖြည်းလေးတွဲတွဲ ပြတ်တောင်းသွားလေသည်။

ဖြူဆွတ်နေတဲ့ သူ့တို့ကိုယ်ပေါ်က မင်္ဂလာဝတ်စုံက သွေးစွန်းကာ အကျည်းတန်လျက်။ ထို့အတူ ပန်းကလေးဝတ်ထားတဲ့ မင်္ဂလာဝတ်စုံဖြူဖြူလေးကရော ဘာထူးလို့လဲ။

မျက်ရည်တွေ စွန်းနေပြီရှင်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"သမီး"

"အမေ့"

ပန်းကလေး လန့်ဖျပ်သွားပါသည်။

"သမီးက အိပ်ရာထတယ်စောပါလား။ ဘာလဲ သမီးဖေ ဖေမေမေနဲ့ သမီးနေခဲ့တဲ့ခြံကို လွမ်းလို့လားကွယ်။ ခြံထဲဆင်းထိုင် နေတာ"

သမီးတစ်ယောက်လိုချစ်ခင်သော အန်တီဝင့် ရှည်လျား စွာ ပြောလျှင် ပန်းကလေး ကိုယ်ရှိန်ထိန်းကာ၊ မလုံမလဲနှင့် ယောင် ချာချာ ခေါင်းညိတ်လိုက်ရသည်။

တကယ်တော့ အန်တီဝင့်ပြောသလို မဟုတ်ပါ။

ပန်းကလေး ညကတည်းက ဗီရိုထောင့်မှာ ငုတ်တုတ်ထိုင်



ရင်း မိုးလင်းခဲ့တာလေ။ လင်းခါနီးမှ ပန်းကလေး အခန်းထဲက လှစ်ခနဲ ပြေးထွက်ခဲ့ကာ။

လှဲပုခက်ပေါ် လာထိုင်နေခြင်း။ ထိုင်နေရာမှ မှေးခနဲ အိပ်ပျော်သလိုလို ဖြစ်နေချိန်။

အန်တီဝင့် ပခုံးလာပုတ်ပြီးခေါ်လျှင် ပန်းကလေး မလန့် ဖျပ်ဘဲ မနေနိုင်။ အဖြစ်မှန်သိနေရင် အန်တီဝင့် ဘယ်လိုဖြစ်သွား မလဲ။ ခုလိုမျိုး ပန်းကလေးအပေါ် ကြည်ဖြူမြတ်နိုးနေမတဲ့လားကွယ်။

သားဆန္ဒကို ငြင်းရကောင်းလားဆိုပြီး ပြူစူနေမလား။ မျက် မှောင်ကြုတ်ပြီး မကြည်မလင်ရှုကြည့်နေမလား။ တစ်ခုခုတော့ တစ် ခုခုဖြစ်မှာပဲ။

အန်တီဝင့်စကားနောက်မှာ ပန်းကလေး ယောင်ချာချာ ခေါင်းညိတ်မိသည်က အခြေအနေကောင်းသွားဟန်တူသည်။ မလုံ မလဲ ထရပ်နေသေးတဲ့ ပန်းကလေးကို လှဲပုခက်မှာ ပြန်ထိုင်စေ သည်။ အန်တီဝင့်လည်း ပန်းကလေးနားမှာ ဝင်ထိုင်သည်။ ပန်းက လေးလက်ဖဝါးကို ကြင်နာစွာဆုပ်ကိုင်လိုက်ပြီး။

"သားကော"

သူ့ကိုမေးတဲ့အခါ ပန်းကလေးမျက်နှာပျက်မတတ် ဖြစ်သွား သည်။

"အဟင့်"

ပန်းကလေး ဘယ်လိုဖြေရမှန်းမသိဖြစ်ကာ အန်တီဝင့်က

www.burmeseclassic.com

www.burmeseclassic.com



နားလည်သလိုလိုနှင့်ပြုံး၍

"အိပ်နေသေးတယ်ထင်တယ်"

"ဟုတ်။ အိပ်နေသေးတယ်"

ပန်းကလေး သံယောင်လိုက်ပြောလိုက်ရသည်။ ပန်းကလေး ထွက်ခဲ့စဉ်က သူမွေ့ယာပေါ်မှာ ခွေခွေလေးငြိမ်လျက်။ အိပ်ပျော်နေလား၊ မပျော်နေလား။ ပန်းကလေး အကဲခတ်ကြည့်ဖို့ စိတ်မဝင်စားပါ။

"သားက အအိပ်မက်တယ်သမီးရဲ့ ဟင့်ဟင့်ဟင့်"

အန်တီဝင့် သူ့အကြောင်း သဘောကျစွာပြော၏။ ပန်းကလေးက အိန္ဒြေမပျက်အောင် ထိန်းနေရတာ စိတ်ပင်ပန်းလှသည်။

အန်တီဝင့် လက်ချောင်းလေးက ပန်းကလေးဆံပင်တွေကို သလိုက်၊ ပန်းကလေးမျက်နှာလေး ဆွဲယူကြည့်လိုက်နှင့် တယုတယ ဖြစ်နေရှာသည်။

"သား အအိပ်မက်တတ်တဲ့အတွက် သမီး စိတ်အနှောင့်အယှက်ဖြစ်နေတာလားကွယ်"

"အို့ မဖြစ်ပါဘူး အန်တီဝင့်ရယ်"

"ကျေးဇူးတင်ပါတယ် သမီးရယ်"

"ဟင်"

ပန်းကလေး မျက်လုံးဝိုင်းလေးနဲ့ မော့ကြည့်၏။ အန်တီဝင့်က ပန်းကလေးကို ကြည်နူးစွာကြည့်၍



"သမီး အံ့ဩနေတာလား"

"အင်း"

"မအံ့ဩပါနဲ့ကွယ်။ အန်တီဝင့်က သမီးကို သားနဲ့ပတ်သက်ပြီး ချွေးမဆိုတာထက် သမီးလေးလို ချစ်တာပါ"

ပန်းကလေး မသိမသာ သက်မချမိလေသည်။ သမီးလို ချစ်သတဲ့။ ဘယ်လိုချစ်ချစ် ပန်းကလေးက၊ ချွေးမဟာချွေးမပါပဲ။ သမီးအဆင့်တော့ ဘယ်နည်းနဲ့မှ မရောက်နိုင်ဘူးလေ။

"အန်တီဝင့်မှာ ဒီသားတစ်ယောက်ရှိတာ သမီးရဲ့။ အန်တီဝင့်တို့က စီးပွားဥစ္စာ၊ စည်းစိမ်တွေနဲ့ ပြည့်စုံပေမယ့် မိသားစုအသိုင်းအဝန်းက ငယ်တယ်။ သမီးနားလည်အောင်ပြောရရင် မိသားစုဦးရေသိပ်နည်းတယ်ပေါ့ကွယ်။ တကယ်တော့ အန်တီတို့သားသမီးမက်တယ်လေ။ အန်တီဆို ခြောက်ယောက်တိတိမွေးတာ။ ဒီသားတစ်ယောက်ပဲ အဖတ်တင်တာ သမီးရယ်။ အန်တီတို့ကိုယ်တိုင်က မိသားစုများများနဲ့ သိုက်သိုက်ဝန်းဝန်းကြီး လိုချင်ပေမယ့် ကံကြမ္မာကမပေးတော့ ဒီသားကိုပဲ ဖူးဖူးမှုတ်ချစ်နေရတာ သမီးရဲ့ ဟင့်ဟင့်ဟင့်။"

အန်တီဝင့် ဘာကိုရည်ရွယ်ပြီး ပြောနေတာလဲ။ ပန်းကလေး နားမလည်။ အန်တီဝင့်ကို ပန်းကလေး ခပ်ငေးငေးကြည့်နေမိသည်။ အန်တီဝင့်က ပန်းကလေးပခုံးစွန်းကို ပုတ်လိုက်၊ ဆံပင်လေးကို သပေးလိုက်နှင့်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေးနားလည်အောင် ရှည်ရှည်ဝေးဝေး ဆက်ပြောနေဆဲ။

"ဘာပဲဖြစ်ဖြစ် သားတစ်ယောက် အဖတ်တင်ကျန်ခဲ့တဲ့အတွက် အန်တီတို့မျိုးဆက်လေး ရှင်သန်နေတာပေါ့ကွယ်။ ရှေ့ဆက်ပြီးလည်း သားရဲ့မျိုးဆက်တွေကို အန်တီဝင့်တို့ မျှော်လင့်လို့ရတာပေါ့ မဟုတ်ဘူးလား သမီးရယ်။"

"ဟင်"

ပန်းကလေး ပိုလို့ပင် အံ့ဩသွားကာ။ အန်တီဝင့်ဆီက အကြည့်ကို မလုံမလဲ လွှဲမိသွားသလို ရင်ထဲမှာလဲ တစ်မျိုးခံစားရသည်။

"အန်တီဝင့် အသနားခံချင်တာက သားရဲ့မျိုးဆက်လေးတွေကို သမီးလေး အဟန့်အတားမပြုပါနဲ့နော်"

ပန်းကလေး မျက်လွှာစင်းကျသွား၏။ ရင်ထဲမှာလည်း တင်းခနဲဖြစ်လေသည်။ ပန်းကလေးကို ချွေးအစားထိုးရုံမက ကလေးတွေ မနေမနား မွေးခိုင်းပြီး သူတို့မိသားစုရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးရမယ့် မိန်းမဖြစ်အောင် သွပ်သွင်းနေကြတာက အံ့ဩဖို့ကောင်းသလို ခံပြင်းဖို့လည်း ကောင်းသည်။

ပန်းကလေးစိတ်နဲ့ ပန်းကလေးခန္ဓာကိုယ်ကို နှိပ်စက်ဖို့ကြိုးစားနေတာတွေလေ။ ပန်းကလေး နာခံရမတဲ့လား။

"နော်။ သမီးလေး။ ယောက္ခမက ဒီလိုတွေပြောတယ်ဆို



ပြီး တစ်မျိုးမထင်ပါနဲ့ကွယ်"

ပန်းကလေး ခေါင်းရမ်းလိုက်သည်။ ရင်ထဲမှာတော့ တစ်မျိုးမက နှစ်မျိုးသုံးမျိုး ထင်လို့ရတယ်ရှင့်လို့ ပြန်ပြောလျက်။

"ကဲ သမီးလေး ဘာတွေလိုသေးလဲ"

"ဘာမှမလိုပါဘူး"

"လိုရင်ပြော။ ဘာမှအားနာစရာမရှိဘူး။ အောက်ထပ်မှာ ဒေါ်စုနဲ့ ဒရိုင်ဘာလင်မယားရှိတယ်။ လိုတာခိုင်း ကြားလား"

ပန်းကလေး ငြိမ်နေလိုက်သည်။ ခေါင်းလည်းမညိတ် ခေါင်းလည်းမခါပါ။

"ကဲ ဒါဆို အန်တီဝင့်ပြန်ဦးမယ်"

"ဟုတ်"

ဒီတစ်ခါတော့ မကောင်းတတ်လို့ ပန်းကလေး ခေါင်းညိတ်လိုက်ရသည်။ ဒေါ်ပပဝင့်က ပန်းကလေးကို ချစ်စနိုးအမူအယာလေးနဲ့ ပခုံးလေးပွေ့ဖက်ကာ ထိုင်ရာမှထသည်။ ပန်းကလေးလည်း အလိုက်သင့်လေး ထရ၏။

"ကျန်းမာရေးဂရုစိုက်နော် သမီး"

"ဟုတ်"

"သားကိုလည်း ဂရုစိုက်ပေးပါ သမီးရယ်နော်"

ကားပေါ်တက်ခါနီး သူ့ကို ဂရုစိုက်ဖို့ အလေးအနက်မှာသွားတဲ့ ယောက္ခမတော်။ ပန်းကလေး ခေါင်းမညိတ်ချင်ညိတ်ချင်

www.burmeseclassic.com

www.burmeseclassic.com



ညိတ်လိုက်ရသည်။

ထမင်းချက်ဒေါ်စုနဲ့ အိမ်ဖော်ကောင်မလေး အကြီး ဒရိုင်

ဘာကိုခိုင်တို့ကိုလည်း ပန်းကလေးနဲ့သူ့ကို အစစအရာရာ ဂရုစိုက်ဖို့ အသေအချာမှာပြီး အန်တီဝင့်ပြန်သွားလေသည်။

အန်တီဝင့်ပြန်သွားမှ ပန်းကလေး အသက်ရှူချောင်ကာ၊

ပန်းကလေး လွှဲပုခက်ဆီ ခြေလှမ်းပြန်လှည့်လျှင်

"ပန်းကလေး။ မနက်စာ ဘာစားမလဲ။ ဒေါ်စုပြင်ထား

ပေးမယ်"

ဒေါ်စု အရေးတယူမေးသည်။ ပန်းကလေး ခေါင်းသာရမ်း

ပြီး

"ပြင်မထားနဲ့"

"အဲဒါဆိုလဲ အပေါ်ထပ်ပို့ပေးမယ်လေ"

"မပို့နဲ့"

ပန်းကလေး ပြတ်တောင်းတောင်းပြောပြီး လှည့်ထွက်၏။

ဒေါ်စု တစ်ခုခုမေးဖို့ပြောဖို့ နှုတ်မရဲသလိုဖြစ်သွားဟန်တူသည်။

ကိုယ်ရှိန်လေးတန့်ကာ ပေါ်တီကိုအောက်မှာ အတန်ကြာရပ်နေမှန်း ပန်းကလေးသိသည်။

ပန်းကလေးကို ဟောဒီတိုက်ပေါ်မှာ သခင်မဘွဲ့အပ်နှင်းတာ အကြောင်းမဲ့မဟုတ်။ သူ့သားဆန္ဒကို ဖြည့်ဆည်းပြီး သူတို့လိုချင်တဲ့ မြေးတွေမွေးဖွားပေးဖို့တဲ့။



ဟွန်း။ အဓိပ္ပာယ်မရှိလိုက်တာ။

ပန်းကလေးဟာ အသွေးနဲ့အသားနဲ့ ခံစားတတ်တဲ့ နှလုံးသားရှိတယ်ဆိုတာ မေ့နေရော့သလား။

တဆိတ်စဉ်းစားကြည့်ပါ။

ဟောဒီနှစ်ထပ်တိုက်ကြီးက သူနဲ့စော မင်္ဂလာဆောင်ပြီးနေဖို့တဲ့။ အစောမထင်မှတ်ဘဲ ဆုံးသွားတော့ အစောနဲ့တူတဲ့ ပန်းကလေးကို အစောနေရာ အစားထိုးကာ။

ဒါကို ပန်းကလေး လက်ခံရမယ်တဲ့လား။

ပြီးတော့ သူ့စိတ်ထဲမှာ တစောတည်းစော ဖြစ်နေတာလေ။

တွေကို ပန်းကလေးက သည်းခံပေါင်းရမယ်တဲ့။

ယောက္ခမက လာပြီး တရားချနေတာ။ ပေါင်းရုံမကဘူး။

လေးပါ မွေးစေတဲ့လေ။

ဘယ်လောက်ခံပြင်းစရာကောင်းလဲကွယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ကျွတ် ကျွတ်"

စစ် နိုးနိုးချင်း ခံစားရတာက ကိုက်ခဲမှု။ တစ်ခုခုနဲ့ အရို
ခံထားရသလို ခေါင်းတစ်ခုလုံးကျင်ကာ။ အထူးသဖြင့် ဘယ်ဘ
ချိုစောင်းက ပိုဆိုးသည်။

ကိုယ်တွေလက်တွေလည်း မလှုပ်ချင်။ လှုပ်လိုက်တာနဲ့ န
၏။ ဟိုဘက်လှည့်နာ၊ ဒီဘက်လှည့်ကျင်နဲ့။ မွေ့ယာပေါ်က ရုန်းထ
အားမရှိသလို ခံစားကာ။ ခေါင်းကိုပဲ လက်နဲ့ဖိရင်း သက်သာ
သက်သာပြား တကျွတ်ကျွတ်နဲ့ ကိုယ့်ကိုကိုယ် ချော့နေရသည့်အပြ

သူ ဘာကြောင့် ဒီလောက်တောင် ဖြစ်ရတာလဲ။

မနေ့က သူ။

ပြန်စဉ်းစားမိရင်း မျက်မှောင်ကုတ်ကျသွားသည်။ မနေ့



သူ၊ ဟင် စဉ်းစားကာမှ စစ်စိတ်လှုပ်ရှားကာ။

မနေ့က သူ့မင်္ဂလာဧည့်ခံပွဲ။

"အစော"

ဟင့်အင်း။ မဟုတ်ဘူး။

နာမည်ခေါ်ရင်း သူ့ဘာသူခေါင်းရမ်းငြင်းဆန်တဲ့နောက်
ခေါင်းက ပိုကိုက်သလိုဖြစ်လာသည်။ ပြီးတော့ စစ်ခေါင်းထဲ ချက်
ချင်းအသိဝင်လာသည်။

"ပန်းကလေး"

စစ် မျက်လုံးကို အားတင်းဖွင့်ကာ စစ်ဘေးတစ်ဘက်တစ်
ချက်ကို ကြည့်သည်။ မရှိ။

"ကျွတ် ကျွတ်"

စစ် နာကျင်တာကို အောက်ခံရင်း မွေ့ယာပေါ်မှ ရုန်းထ
ပြင်လျှင် အိပ်ခန်းတံခါးလေး လှုပ်ခတ်သွားတာကို ရိပ်ခနဲ မြင်ရ
သည်။ စစ် စိုက်ကြည့်တော့ တံခါးကို မသိမသာဖွင့်ကာ ထိုတံခါး
နောက်မှာ အထဲကို မသိမသာ ချောင်းကြည့်နေတဲ့ မျက်နှာ
စ်ဝက်။

"ပန်းကလေး မဟုတ်လား"

အသံက ဒိုင်းခနဲ ဆောင့်ဝင်လာသည်။ ပန်းကလေးခေါင်း
ဘမန်းကတန်းရုပ်ကာ ကိုယ်လေးယို့ပြီး ငြိမ်နေလိုက်သည်။ အသံ
တ်နေပေမယ့် ပန်းကလေးကိုယ်ပန်းကလေး အလိုမကျဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ခြံထဲမှာ ဆက်မထိုင်နေသလဲကွယ်။ ပန်းက
လေးကိုယ်လည်း ပန်းကလေး အပြစ်တင်နေသည်။

ခုတော့ သူတွေ့သွားပြီ။ ရှောင်ထွက်သွားရင်ကော။ ရမယ်
မထင်။ သူရုပ်က အသံပြဲနဲ့ အော်ခေါ်နေမယ့်ရုပ်။ တော်ကြာ ဒေါ်
စုတို့ မအကြီးတို့ ကြားသွားရင်ခက်မည်။ သူခေါ်တာကို ပန်းကလေး
မထူးဘဲ ရှောင်သွားတယ်ဆိုတဲ့သတင်းက ယောက္ခမနား ပေါက်ကြား
မှာမလွဲ။

ဒါကြောင့် ငြိမ်ရပ်လျက်။ သူဘက်က ဘယ်အခြေကို ဖန်
တီးမှာလဲ။ ပန်းကလေး စောင့်ကြည့်နေလိုက်သည်။ ထိုအခါ ချက်
ချင်းဆိုသလို သူ့အသံထွက်လာသည်။

"ပန်းကလေး လာပါဦး"

"ဘာလုပ်ဖို့လဲ"

ပန်းကလေးလည်း ချက်ချင်းပဲ ဘုဆတ်ဆတ်ပြန်မေး၏

"ကျွတ်။ ဒီမှာ ခေါင်းတွေတအားကိုက်နေတယ်။ ဒဏ်ရာ
လည်းစမ်းမိတယ်"

"အဲဒါ ရှင့်ဘာရှင်ဖြစ်တာ။ ပန်းကလေးနဲ့မဆိုင်ဘူး"

"ဆိုင်တာမဆိုင်တာ ကိုယ်မပြောဘူး။ နည်းနည်းဖြစ်ဖြစ်
လာကူစမ်းပါ"

"အောင်မာ"

ပန်းကလေး ခံပြင်းစွာ လက်သီးဆုပ်ကလေး ရွယ်လိုက်



သည်။

"အကူအညီတောင်းနေတာကွ။ ဒီမှာ ခေါင်းတောင်ထောင်
သို့မရဘူး။ ခေါင်းထဲမှာ တစ်စစ်ကိုက်ပြီး ကျင်နေတာ"

"အဲဒါဆိုလဲ ဒေါ်စုကို ခေါ်ပေးမယ်။ ရှင်ခိုင်းချင်ရာခိုင်း"

"ကျွတ် နေစမ်းပါဦး။ ဟိုလူခေါ်ခိုင်း ဒီလူခေါ်ပေးမယ်နဲ့
ခင်းကရော ဘာလဲ။ မင်းမှာ ဘာတာဝန်မှ မရှိဘူးလား"

ပိုင်စိုးပိုင်နင်းစကားတွေပြောပြီး အိပ်ရာပေါ်က ရှန်းထ
ာတဲ့သူ။ ပန်းကလေး အံတင်းတင်းကြိတ်မိသွားသည်။

တာဝန်မရှိဘူးလားတဲ့။

မေးလိုက်တဲ့မေးခွန်းက ပိုင်စိုးမှုအပြည့်နဲ့။ ပြီးတော့ ကမူ
းဆိုးထလာပြီး ပန်းကလေးကို တံခါးနောက်ကဆွဲကာ အခန်းထဲ
သွင်း၏။ ပြီးတော့ တံခါးကို ဂျိမ်းခနဲဆောင့်ပိတ်လျက် ပန်းကလေး
ကြည့်၏။

ပန်းကလေး အကြည့်ချင်း အဆုံမခံ။ အံကြိတ်ထားရက်နဲ့
ဆောင့်တောင့်လေး ရပ်နေလိုက်တော့

"နေပါဦး။ မင်းကို ကိုယ်ဘာလုပ်မိလို့လဲ။ မင်း အံတကြိတ်
ကြိတ်နဲ့ဖြစ်နေတာ"

"လုပ်ကြည့်ပါလား"

"ဘာပြောတယ်"

သူ့ခံပြင်းသံကြီး ဟိန်းသွားသလို သူ့လက်နှစ်ဖက်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေးပခုံးပေါ် ရောက်လာသည်။

"ဖယ်"

"ဟာ မာလှချည်လား ပန်းကလေးရယ်"

ခနဲ့သလိုလိုသူပြောလျှင်

"မာတယ်ရှင့် မာတယ်။ ဖယ်ပါ။ ပန်းကလေးကို ပိုင်တ ဆိုင်တယ်ဆိုပြီး ပိုင်စိုးပိုင်နင်းပြုဖို့တော့ မကြံနဲ့။ ပန်းကလေး သက်နဲ့လဲလိုက်မယ်။ ဒါပဲ"

"ဟာ"

ပန်းကလေးစကားအဆုံးမှာ သူပါးစပ်လေး ဟသွားက နောက်ပြန်ယိုင်ကျမတတ် ဖြစ်သွားသည်။ နာကျင်ကိုက်ခဲတဲ့ ဝေဒ ထက် စကားလုံးတွေက ပြင်းထန်လွန်းသည်မို့ စစ် မယုံနိုင်အော အံ့ဩသွား၏။

ယောင်ရမ်းပြီးလည်း ဘယ်ဘက်ချိုစောင်းက ဒဏ်ရာ လက်နဲ့စမ်းမိ၏။ ဒီဒဏ်ရာက။

မြတ်စွာဘုရား။

ပန်းကလေးလက်ချက် မဖြစ်နိုင်ဘူးလို့ သူမယုံရဲတော့ ညက သူ အမူးလွန်အောင် သောက်ခဲ့မှန်းတော့ သူသိသည်။

အစောဆုံးပြီးကတည်းက စစ် အမူးလွန်အောင် သော နေကျ။ ညကလည်း ထုံးစံအတိုင်း ဘတ်ချလာနိုက်ဆိုပြီး သူငယ် တွေနှိပ်စက်သမျှ သောက်ဖြစ်ကာ။ အစောကိုမေ့ဖို့ ကြိုးစားမိသ



ကြိုးစားကာမှ စစ်အာရုံမှာ အစောက ပီပီပြင်ပြင် စိုးမိုး ကာ။ စည်းလွတ်ဝါးလွတ် ဖြစ်သွားလို့လား။

သူကိုယ်သူ ပြန်ဆန်းစစ်ရင်း ပန်းကလေးကို တစ်ချက် လှည့်ကြည့်မိသည်။

ခံပြင်းစိတ်နဲ့ မျက်ရည်တွေဝဲလျက်။ အံတင်းတင်းကြိတ်ပြီး မတ်မတ်ချည်း ရပ်နေတာက မာနအပြည့်နဲ့။

လက်ချောင်းလေးတွေကိုပါ တင်းအောင်ဆုပ်ထားသည်က ဘာမဆိုလုပ်ဖို့ ဝန်မလေးစွာ။

"ဆောရီး။ ကိုယ်မှားသွားလား။ ကိုယ့်ဘက်က လွန်သွား တာရှိလား ပန်းကလေး"

"မမေးနဲ့။ ရှင်ဘာမှ ပြန်မမေးနဲ့။ မူးတာကိုလည်း အကြောင်း မပြနဲ့။ ရှင်သိထားဖို့ တစ်ခုပဲရှိတယ်။ ကျွန်မက ပန်းကလေး။ ခရေ တာမဟုတ်ဘူး။ ရှင်ဖြေသိမ့်ခံစားလို့ရမယ့် အစားထိုးခံမိန်းမ မဟုတ် ဘူး။ အဲဒါကိုတော့ ရှင့်သွေးသားထဲ အမြဲတမ်းထည့်ထား"

ဒါပဲပြောပြီး ပန်းကလေး သူ့ကို ကျောခိုင်းနေလိုက်သည်။

"ရှင် ဖြေသိမ့်ခံစားလို့ရမယ့် အစားထိုးခံမိန်းမ မဟုတ်ဘူး"

ဘဲ။

စကားလုံးတွေက ရင်ဘတ်နဲ့ဦးနှောက်ကို ထိုးဆောင့်သလို ကားရစေကာ။ ဝေဒနာက ပိုလို့ပင် ပြင်းထန်သွားသည်။

ပန်းကလေး။

www.burmeseclassic.com

www.burmeseclassic.com



မင်းဟာ နူးညံ့သိမ်မွေ့တဲ့ ပန်းကလေးမဖြစ်နိုင်။ မာခြင်း အဆင့်မြင့်တဲ့ သံမဏိပန်းပဲ ဖြစ်ရမယ်။

ဟုတ်တယ်။ မင်းဟာ သံမဏိပန်းကလေးပဲ။

♥ ♥ ♥

## အခန်း (၁၃)

"ဟယ် အဲဒါတော့ မကောင်းပါဘူး"

"ဘာမကောင်းတာလဲ မိဆင့်"

"ရှင့်ဘက်က တင်းတာလေ"

မိဆင့်ထက်ဦးစွာ စိုးချယ်ရီဝင်ပြောသည်။ ပန်းကလေး မျက်နှာလေးမဲ့၍

"တင်းတယ်လို့ထင်ရင် ဝေးဝေးရှောင်နေလိုက်လေ။ ဘာဖို့ ပန်းကလေးကို ပိုင်စိုးပိုင်နင်းစကားတွေ ထုတ်ပြောရတာလဲ"

"အလိုလေ။ ပိုင်စိုးပိုင်နင်းတဲ့။ စစ်က ရှင့်ကို တကယ်ပိုင် ဆိုင်ခွင့်ရှိတဲ့ ယောကျ်ား။ အဲဒါကို မေ့မထားနဲ့ ပန်းကလေးရယ်"

မိဆင့် ဘာကို ရည်ရွယ်ပြောတာလဲ။ ပန်းကလေး ခရမ်း ချဉ်သီးလှီးပြီး လက်ဖက်သုပ်ပန်းကန်ထဲ ထည့်နေရာမှ ဘုဆတ်ဆတ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

မိဆင့်နဲ့စိုးချယ်ရီက အရေးမထားသလိုနဲ့ လက်ဖက်ပန်းကန် ဆွဲယူသည်။ တစ်ယောက်ဇွန်းတစ်ချောင်းနဲ့ မွှေရင်းမြည်းနေလျှ ပန်းကလေးပိုပြီး အမြင်ကတ်၏။

"ပိုင်ဆိုင်ခွင့်ရှိတဲ့ယောက်ျား ဟုတ်လား"

"ဟုတ်တယ်လေ"

"ရှင့်ကို တရားဝင်လက်ထပ်ထားတာ။ ဂုဏ်သိက္ခာရှိရှိ သိရှင်ကြား ကြီးကြီးကျယ်ကျယ် ညှော်ခံပွဲ လုပ်ထားတယ်လေ"

သူငယ်ချင်းနှစ်ယောက် လက်ဆက်သုပ်မြိန့်မြိန့်လေး ရင်း တစ်ခွန်းစီဝင်ပြောသည်။ ထိုအခါ ပန်းကလေးရင်ထဲ တင်း ဖြစ်ကာ လက်ထဲကိုင်ထားဆဲ စတီးခားလေးကို စင်းနီတုံးပေါ် လွှ ချလိုက်ပြီး

"ဘာကြီးဖြစ်ဖြစ်လေ"

"ပန်းကလေးရယ်။ ရှင် အဲလောက်ထိ လက်လွှတ်စပ မပြောသင့်ပါဘူး။ အလိုမတူရင်တောင် သူခိုင်းတာလေးတော့ လု ပေးသင့်တယ်"

"ခိုင်းတာပဲ ပန်းကလေးလုပ်ပေးမှ မဟုတ်ဘူး။ ဘယ် လုပ်ပေးပေး လုပ်ပေးရင်ပြီးရောပေါ့"

"ပန်းကလေးရယ်။ ရှင့်စိတ်က ဘေးထွက်ဘောလို ဖြစ် ပြီ။ သတိလေးဘာလေး ထားပါဦး"



စိုးချယ်ရီ ကြက်သွန်ဖြူဥမှာလေးကို ဝါးရင်း ဖျောင်းဖျသလို ပြောပြန်သည်။ ပန်းကလေး အလေးမထားပါ။

"ကဲ ထားတော့။ အဲဒီကိစ္စ။ အခု ပန်းကလေးပြောစရာရှိ လို့ ရှင်တို့ကို လာခိုင်းတာ"

"အခုလည်း ပြောနေတာပဲလေ"

"မိဆင့်ရယ်။ စစ်သခင်နဲ့ ပန်းကလေးကိစ္စမဟုတ်ဘူးရှင် ရေ။ ပန်းကလေး ပြောမှာက တခြား"

"ကဲ ဆိုစမ်းပါဦး"

ဒီလိုကျတော့ သူငယ်ချင်းနှစ်ယောက်က လိမ္မာသား။ လက် က်ပန်းကန်ကို စားပွဲပေါ်တင်ရင်း အလေးအနက်နားထောင်ရှာ သည်။ ဘာပဲဖြစ်ဖြစ် ပန်းကလေးအတွက် မိဆင့်နဲ့ချယ်က အကောင်း ဆုံးသူငယ်ချင်းပါ။ ဒါကြောင့် ပန်းကလေးစိတ်ထဲရှိတာ ထုတ်ပြော လိုက်သည်။

"ပန်းကလေး အလုပ်လျှောက်ချင်လို့"

"ဘုရားရေ"

ပန်းကလေးစကားမဆုံးခင် သူငယ်ချင်းနှစ်ယောက် ပြိုင် ဘုရားတလေသည်။ အဲဒါကို ပန်းကလေး သဘောမတွေ့လှပါ။

"ဘာဖြစ်ကြတာလဲ"

စိုးချယ်ရီက နှာခေါင်းလေးရှုံ့ပြီး

"ဘာဖြစ်ရမှာလဲဟယ်။ ရှင်က အလုပ်လျှောက်မယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ချည်းက ဘုရားမတချင်စရာလား"

"အို့ အစကတည်းက ဒီအစီအစဉ် ရှိခဲ့တာပဲ"

"အစတုန်းကနဲ့ အခုက မတူဘူးလေ"

"တူတူ။ မတူတူ ပန်းကလေး အလုပ်တစ်ခုခု လုပ်ရမယ်။ ဒါမှ စိတ်လွတ်လပ်မယ်။ နောက်ဆို ဒီတိုက်ထဲမှာ မွန်းကြပ်လို့သေလိမ့်မယ်"

မိဆင့်က ခေါင်းလေးရမ်းလျက်။

"အဲဒါတော့ မိဆင့်တို့လည်း မတတ်နိုင်ဘူး။ ရှင် အလုပ်လျှောက်ချင်တယ်ဆိုလဲ ရှင့်သဘောအတိုင်း လိုက်လျှောက်ပေါ့။ ဒီကိစ္စ မိဆင့်မပါရဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှင်က အပျိုလေး မဟုတ်တော့ဘူး"

"အောင်မာ။ မိဆင့်နော်။ ဘာအပျိုလေးမဟုတ်ဘူးလဲ။ အပျိုစစ်စစ်ရှင့်။ ရှင်တို့လိုမဟုတ်ဘူး။ စကားပြောရင်ကြည့်ပြော"

ပန်းကလေး ဆတ်ဆတ်ထိမခံ ပြန်ပက်တော့ သူငယ်ချင်းနှစ်ယောက် သဘောကျစွာပြုံး၏။

"ဟုတ်ပါတယ်။ ရှင်အပျိုစင်လေးပါ။ ဒါပေမဲ့ ဘယ်သူမှ ရှင့်ကို အပျိုစင်လို့ မသတ်မှတ်တော့ဘူး။ ရှင့်ကို စစ်သခင်ရဲ့ဇနီးလို့ အားလုံးက သတ်မှတ်ပြီးသားဟဲ့။ အပျိုစင်ဆိုပြီး ကြွေးကြော်မနေနဲ့ ဘေးလူတွေကြားရင် မေးငေါ့နေလိမ့်မယ်"

"မေးငေါ့မယ်။ လာငေါ့ကြည့်လေ။ ပန်းကလေးနဲ့တွေ့သွား



မယ်။ ဘာထင်လို့လဲ"

ပန်းကလေး ရန်ထဖြစ်တော့မတတ် လက်ဟန်ကလေးနဲ့ မာန်တကြွကြွဆိုလေသည်။ ခုချိန်ထိ တင်းမာနေသေးတဲ့ သူငယ်ချင်းကို ဒီထက်မက ပြောလိုက်ချင်စိတ်လေး ဖြစ်လာကာ။

ဒါပေမဲ့ မပြောတော့ပါ။ ပြောပြန်ရင်လည်း သူငယ်ချင်းတွေပဲ လွန်တယ်လို့ ထင်ဦးမယ်လေ။ လောလောဆယ် ပန်းကလေးစိတ်က ဆူနေသေးတယ်မဟုတ်လား။

"ကဲ ကဲ။ မပန်းကလေး ရှင်လည်း ရန်မလိုပါနဲ့။ ချယ်တို့လည်း မပြောတော့ပါဘူး။ ကဲ ပြော။ ရှင်က ဘာအလုပ်လျှောက်မှာလဲ"

"ဒီမှာ Voice နဲ့ကြေးမုံသတင်းစာမှာလေ 'ရွှေရောင်မြေ' မှာလက်မှုပညာအရောင်းစင်တာက ဝန်ထမ်းခေါ်တဲ့ကြော်ငြာ တွေ့ရတယ်ဟ။ အဲဒီအလုပ်လျှောက်ကြည့်ချင်လို့"

ပန်းကလေးက Voice ဂျာနယ်နဲ့ ကြေးမုံသတင်းစာထဲက ကြော်ငြာတွေကို သေချာပြရင်း စိတ်အားထက်သန်စွာပြောသည်။

မိဆင့်နဲ့စိုးချယ်ရီလည်း သူငယ်ချင်းစိတ်အားထက်သန်နေတာကို ဖျောင်းဖျလို့မရနိုင်တာမို့ လိုက်လျောရကာ။

"အင်းလေ။ ပန်းကလေးသဘောအတိုင်းပေါ့။ ပန်းကလေး လျှောက်ချင်တယ်ဆိုရင် လျှောက်လေ။ ဒါပေမဲ့ မိဆင့်အားမပေးဘူးဆိုတာ ကြိုတင်ပြောထားမယ်"

www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်။ ရှင်က ရှင့်ယောက္ခမသြဇာခံ။ ရှင့်ယောက္ခမက အန်တီဝင့်ပါဝါအောက်မှာဆိုတော့၊ ရှင်က ပန်းကလေးဘက်က မရပ်တည်ချင်ဘူး။ ရှောင်ဖယ်နေမယ်ဆိုတာ ပန်းကလေးကြိုသိတယ်။ သိနေလို့လည်း ရှင်တို့ကို တိုင်ပင်တာမျိုးမဟုတ်ဘူး။ အသိပေးတာ။ ပန်းကလေးစိတ်နဲ့ ပန်းကလေးသဘော။ ဖြစ်လာသမျှ ပန်းကလေးဘာသာ ရင်ဆိုင်မယ်"

ပန်းကလေး ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်တော့မှ မိဆင့်မျက်နှာလေးမလုံမလဲနှင့်။

"ပန်းကလေးရယ်။ မိဆင့်တို့က ရှင့်လိုလုပ်ချင်ရာ ဇွတ်လုပ်လို့မရဘူး။ ယောကျ်ားမျက်နှာ ကြည့်ရသေးတယ်။ ယောက္ခမကိုအလေးထားရသေးတယ်။ သူငယ်ချင်းရဲ့"

"သိပါတယ်။ ဒါကြောင့် ပန်းကလေးဘာသာ ရင်ဆိုင်မယ်ပြောတာ။ ပြီးတော့ လျှောက်လွှာပိတ်ရက်ကလည်း နီးနေပြီ။ အဲဒီဒီနေ့ပဲ သွားတင်ချင်လို့"

"တင်လေ တင်ပေါ့"

"သွားတင်ဖို့ အဖော်လိုတယ်။ တစ်ယောက်ယောက်လိုက်ပေးလေ။ မိဆင့်ကိုတော့ မခေါ်ချင်ဘူး။ ချယ့်ကိုခေါ်ချင်တယ်"

"ချယ်ရိပ်မိပါတယ်။ မိဆင့်က ယောက္ခမသြဇာခံဆိုတော့ ပန်းကလေး မခေါ်ချင်ဘူး။ ချယ့်ကိုပဲ ခေါ်မယ်ဆိုတာ"

"သိရင်လည်းပြီးရောလေ။ ချယ်လိုက်မယ်မဟုတ်လား"



"မယ်မင်းကြီးမ သဘောပါရှင်"

စိုးချယ်ရီ ခပ်ငေါ့ငေါ့ပြောပြီး လက်ဖက်ပန်းကန်ဆီ လက်ပြန်ရောက်သည်။ ပန်းကလေး ကြည်နူးစွာ မျက်စောင်းထိုးလျက်။

"အဲဒါဆိုခဏစောင့်။ ပန်းကလေး ပြင်ဆင်ပြီးထွက်ခဲ့မယ်။ သိုအပ်တဲ့ စာရွက်စာတမ်းတွေပါ ယူပြီးတော့လေ"

"စိတ်ချ။ စောင့်ပါ့မယ် စစ်သခင်မလေးရယ်"

မိဆင့်က နှာခေါင်းပွပွလေးတွန့်ပြီးပြောတာက ပန်းကလေးမျက်စောင်းကို ရင့်သွားစေသည်။

စစ်သခင်မလေးတဲ့။

အမြင်ကတ်ဖို့ကောင်းတဲ့ မိဆင့်စုတ်။

ပန်းကလေး မျက်စောင်းရင့်ရင့်ထိုးရင်း သူငယ်ချင်းတွေအေးက ခွာကာအပေါ်ထပ်တက်ခဲ့သည်။

ပန်းကလေးခြေလှမ်းတွေ သွက်လို့ရယ်။

ပန်းကလေးဆိုတာ ကိုယ့်စိတ်ကိုယ့်သဘောလေ။ ဘယ်သူ့စိတ်နဲ့မှ အသက်ရှင်နေတဲ့ မိန်းကလေးမဟုတ်ဘူး။

ဒါကို လက်တွေ့ပြရမှာပေါ့။ အထူးသဖြင့် စစ်သခင်သိအောင်လေ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ပန်းကလေး။

ပန်းကလေးဆိုတာ နာမည်နဲ့လိုက်ဖက်စွာလှ၏။ နူးညံ့သိမ်မွေ့ခြင်းတို့ကြွယ်၏။ မြင်တာနဲ့ ချူချင်စိတ်။ အမြတ်တနိုး မွေးချင်စိတ်တို့ ဖြစ်စေရုံမက၊ တယုတယ ထွေးပွေ့ချစ်စရာကောင်းလှတဲ့ အလှသွေး ဂုဏ်ကြွယ်နေသော မိန်းကလေးဖြစ်သည်။

ဆံပင်အလှဆုံး၊ ပြုံးအလှပိုင်ရှင်ဆုနဲ့ အလှဘုရင်မဆုတွေ ရထားတဲ့ မိန်းမလှပီသစွာ ကျောင်းတုန်းက နာမည်ကျော်ဖြစ်ခဲ့၏။

သို့သော် အိန္ဒြေကြီးတဲ့အထဲမှာလည်း နာမည်ကြီးသလို ဘယ်သူလိုက်ကြိုက်ကြိုက် ဘယ်သူ့ကိုမှ ပြန်မကြိုက်ခဲ့သည်အထိ မာနတံခွန်လေး လွှင့်ထူခဲ့သည်။

ချူချင်သူတွေ အနားသီခွင့်မရအောင် မိဆင့်နဲ့ချယ်တို့က



အကာအကွယ်ယူကာ ကျောင်းပြီးတဲ့အထိ ရည်းစားတစ်ယောက်မှ မထား။

ခြောက်ပစ်ကင်းသဲလဲစင် ဆိုပါတော့။

အဲဒါကြောင့်မို့ ကောင်းမွန်က ပိုပြီးမက်မောစွာ ချစ်ခဲ့မိသည်။ သူငယ်ချင်းဆိုတာထက် ပိုချင်တဲ့နှလုံးသားလေးလှုပ်ရှားကာ။

"ချစ်တယ်"လို့

အရဲစွန့်ရင်ဖွင့်လျှက်။

ပန်းကလေးက ကောင်းပေါ် ချစ်စိတ်မပျော်ဝင်သေး။ ဒါပေမဲ့ ကောင်းရင်ဖွင့်တာကို အသိအမှတ်ပြုထားတဲ့အတွက် ကောင်းနှလုံးသားလေး လန်းနေသည်။ တစ်ချိန်ချိန်မှာ ကောင်းကို ချစ်တယ်လို့ ပန်းအဖြေပေးလိမ့်မယ်လို့ ကောင်းကြိုတင်တွက်ချက်ထား၏။

ကောင်းရဲ့အတွက်အချက်ပဲ မှန်လေသလား မသိပါ။ အလုပ်ကိစ္စနဲ့ ကောင်း ပုဂံသွားရ၏။ ပုဂံမြင်ကွင်းတွေကို ရှုထောင့်စုံက ဓာတ်ပုံရိုက်ယူနေခဲ့သည်။

အဲဒီဓာတ်ပုံတွေကို အသုံးပြုပြီး ဒစ်ဂျစ်တယ်ပန်းချီဆွဲရတာလေ။

ဒစ်ဂျစ်တယ်ပန်းချီ (Digital Art )ဆိုတာ ဆေးစုတ်တံနဲ့ ဖန်တီးရေးဆွဲတဲ့ ပန်းချီကားမဟုတ်ဘူး။ ဓာတ်ပုံကတစ်ဆင့် [illegible]မှု ကို ကွန်ပျူတာပေါ်တွင် Software များ အသုံးပြုပြီး ဖန်တီးယူရတဲ့ ပန်းချီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဓာတ်ပုံကောင်းကောင်းတွေရဖို့ စိတ်အာရုံ
ပြီး ပုဂံမြင်ကွင်းတွေ ဓာတ်ပုံရိုက်နေခြင်း။

ဓာတ်ပုံတွေ ရိုက်လို့ကောင်းနေချိန်မှာ ပန်းဖုန်းခေါ်လာ
သည်။ ကောင်း ပုဂံရောက်နေကတည်းက ပန်းဆီက ပထမဦးဆုံး
အကြိမ် ဖုန်းလာခြင်း။ ပန်းဆီကဖုန်းမို့ ကောင်းရင်ခုန်ပါသည်။

"ကောင်းရယ်။ မေမေတို့ကလေ ဘာကြောင့်မှန်းမသိဘူး
ပန်းကလေးကို အတင်းပဲ မင်္ဂလာဆောင်ပေးမလို့တဲ့။ အဲဒီလူ
ပန်းမလိုချင်ဘူး။ အဲဒါ ကောင်းနဲ့တိုင်ပင်ချင်လို့ မြန်မြန်လာ
ကောင်းရယ်နော်"တဲ့။

ပန်း အားကိုးတကြီး ဖုန်းဆက်လာတော့ ကောင်း ပို
ရင်ခုန်လာသည်။

"အမြန်ဆုံးလာခဲ့မယ် ပန်းလေး"

ကောင်း အားတက်သရောပြောလိုက်သည်က ရန်ကုန်ပြန်
ခဲ့မယ်ဆိုတဲ့ ယတိပြတ်ဆုံးဖြတ်ချက်နဲ့ပါ။

ဟိုတယ်ပြန်ပြီး ပစ္စည်းပစ္စယတွေ သိမ်းနေစဉ်မှာ ကောင်း
ရဲ့အလုပ်ရှင် ဦးမင်းဆောင် ရောက်လာသည်။

ကောင်းရိုက်ထားတဲ့ဓာတ်ပုံတွေကိုကြည့်ပြီး သိပ်သဘော
မတွေ့သလိုနှင့် သူ့စိတ်ကူးထဲကပုံတွေပြောပြပြီး ကောင်းကို ဓာတ်
သွားရိုက်ခိုင်းသည်။

ကောင်းမှာ ပန်းကလေးကိစ္စ အရေးကြီးနေတာမို့ ပြော

ယ် ကြံကာရှိသေးတယ်။

"ကောင်းရေ။ အန်ကယ်လိုချင်တဲ့ ဓာတ်ပုံတွေ အမြန်ဆုံး
ရိုက်ပြီး ဒစ်ဂျစ်တယ်ပန်းချီကောင်းကောင်းဆွဲပေးစမ်းပါ။ အမြန်ဆုံး
ကွာ။ အန်ကယ့်ရဲ့ နိုင်ငံခြားကမိတ်ဆွေအပြန်မှာ လက်ဆောင်
ပေးလိုက်ချင်လို့။ အန်ကယ်ကိုင်တိုင် ကောင်းဆီကို လိုက်ခဲ့တာကွ"

ဦးမင်းဆောင် ပိုပြီးအရေးကြီးဟန်နဲ့ လောဆော်သည်။ အဲ
ဒီမှာ ကောင်းနဲ့ပန်းကိစ္စ ဖွင့်ပြောဖို့ ကောင်းအားနာရသည်။ ဦးမင်း
ဆောင်က ကောင်းအတွက် အဖက်ဖက်က ဖြည့်ဆည်းပေးတဲ့ ကျေး
ဇူးရှင်။

ဒါတင်မကပါ။ ကောင်း ဒစ်ဂျစ်တယ်ပန်းချီဆွဲနိုင်ဖို့ ကွန်
ပျူတာကအစ၊ ကင်မရာအဆုံး၊ ခရီးစရိတ်ပါ ထုတ်ပေးကာ၊ တာဝန်
ယူတဲ့ ကျေးဇူးရှင်ဖြစ်နေတော့ ကောင်းရင်ထဲက ကိစ္စကို မြိုချလိုက်
ရသည်။

ဦးမင်းဆောင်ပြောတဲ့အတိုင်း "ဟုတ်ကဲ့"လိုက်ရ၏။ အဲဒါ
ကြောင့် ကောင်း ရန်ကုန်ကို ချက်ချင်းပြန်မလာနိုင်။ ကောင်း ရန်
ကုန်ကို ပြန်ရောက်တဲ့နေ့က ပန်းကလေး မင်္ဂလာဆောင်မယ့်နေ့။

တော့တော့ဆိုင်ဆိုင် လွဲရတဲ့အဖြစ်က ရင်နာစရာကောင်းလှ
သည်။

ပန်းရယ်။ ဒီလိုနဲ့ဝေးကြရမှာလား။ ဟင့်အင်း ကောင်း
အဆုံးမခံချင်ပါဘူး။ ဒီမင်္ဂလာပွဲဟာ ပန်းရဲ့သဘောဆန္ဒနဲ့ ဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူး။ ကောင်းခန့်မှန်းမိသည်။

ပန်းစိတ်ပန်းသဘောနဲ့ မဟုတ်ရင် ပန်းလေး ဘယ်လောက်
ခံစားရမလဲ။ ချစ်တဲ့သူမို့ ကောင်းကိုယ်ချင်းစာရမယ်။

ပန်းနဲ့ကောင်းကြားမှာ မိဆင့်နဲ့ချယ်က အားမကိုးရဆုံ
သူငယ်ချင်းမနှစ်ယောက်။ ထိုနှစ်ယောက်က မိန်းမပီပီ အတွက်အ
ချက်တော်ကာ ပန်းကို မုဆိုးဖိုရင်ခွင်ထဲ တွန်းပို့ခဲ့တယ်ဆိုလည်
မမှား။

"ပန်းကလေးဘဝ ကောင်းစားတာကို မိဆင့်တို့မြင်ချ
တယ်။ ကောင်းရယ်။ ဒါကြောင့် ပန်းဆန္ဒမပါပေမယ့်လည်း ဒေါ်ဒေ
တို့ဆန္ဒအတိုင်း မိဆင့်တို့ဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီပေးလိုက်
တာပါ။ အဲဒီအတွက် သူငယ်ချင်းကောင်းပီသစွာ ကောင်းလည်
ဝမ်းသာပေးစမ်းပါဟယ်။ နော်"

မိဆင့်က မျက်နှာပြောင်ပြောင်နဲ့ ထိုသို့ပြောသည်။ ကောင်
လက်မခံချင်။ ခေါင်းတစ်ချက်ရမ်းလျက်။

"ဘာပဲဖြစ်ဖြစ် ပန်းဆန္ဒကို ထည့်တွက်ရမယ် မိဆင့်ရယ်

"အမယ် နင်တို့ယောကျ်ားလေးတွေက လိုချင်ပြီဆို ဒီလို
ပြောမယ်။ ကာယကံရှင်ဆန္ဒနဲ့ ဘာညာနဲ့။ အဓိကအရေးကြီးတာ
မိန်းကလေးဆိုတာ တင့်တင့်တယ်တယ်ပြည့်စုံတဲ့ ယောကျ်ား
ဘဝလှတာ ကောင်းရဲ့။ ဒါတွေ ကောင်းနားမလည်ပါဘူး။ ကဲ ဆို
ပါဦး။ နောက်ကျမှ ရောက်လာပြီး ဘာကိုအမြင်မကြည်ဖြစ်နေ



သဲ။ ပန်းနဲ့တွေ့ချင်တာ ဘာလုပ်ဖို့လဲ"

မိဆင့် စစ်စစ်ဆေးဆေးပုံစံနဲ့ မေးနေတာက သူငယ်ချင်း
ချင်း ခွဲခြားနေတာနဲ့ တူနေသည်။ ခုနေခါမှာ ဒီလိုခွဲခြားဆက်ဆံခံ
နေတော့ ရင်ထဲတင်းကာ။

"ဘာပဲလုပ်လုပ်ပေါ့ မိဆင့်ရာ"

"ဟဲ့။ ခုချိန်မှာ ပန်းကလေးက အရင်လိုမဟုတ်တော့ဘူး
လေ"

"ဟုတ်တာမဟုတ်တာ ကိုယ်နဲ့မဆိုင်ဘူး။ ကိုယ်တွေ့ချင်
တယ်။ မင်္ဂလာပွဲတောင် မမီလိုက်တော့ ပန်းစိတ်ထဲ ကောင်းမှာမ
ဟုတ်ဘူး။ ဒါကြောင့် တွေ့ချင်တာ"

"အေးလေ။ အခြေအနေပေးတဲ့တစ်ရက် တွေ့ခွင့်ရအောင်
မိဆင့်စီစဉ်ပေးပါ့မယ်။ လောလောဆယ်တော့ မဖြစ်နိုင်သေးဘူး။
ကောင်းလည်း ဒစ်ဂျစ်တယ်ပန်းချီတွေ ဆွဲရဦးမယ်မဟုတ်လား။
ဆွဲစရာရှိတာ စိတ်ဖြောင့်ဖြောင့်ဆွဲပေါ့ဟာ။ နော်။ ကောင်း"

မိဆင့် စကားစဖြတ်ကာ။ သွားပါတော့ဟာလို့ မနှင်ရုံတ
ယ်။ အမူအယာတွေက သိသာနေတာမို့ ကောင်း ချက်ချင်းလှည့်
ခဲ့သည်။

ရင်ထဲမှာတော့ မာနနှင့်။

ရတယ်မိဆင့်။ ကောင်းက ယောကျ်ားပါ။ ကြိုးစားလို့ရပါ
တယ်၊ ပန်းက အားလုံးအသိနဲ့ ကောင်းရဲ့သူငယ်ချင်းပဲ။ ပန်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောင်း နှစ်ကိုယ်ကြားသိတာက နှလုံးသားကိစ္စ။

ဟုတ်တယ်။

နှစ်ကိုယ်ကြားသိတဲ့ကိစ္စက နှစ်ကိုယ်ကြားပဲ တွေ့ကြတာ ကောင်းတယ်။ သူငယ်ချင်းတွေ ကြားခံမလို။

ဒါကြောင့်မို့ ပန်းနဲ့ဆုံခွင့်ရအောင် ကောင်း အခြေအနေ ကျားချောင်းချောင်းနေခဲ့သည်။

ဟော ခုတော့ တွေ့ပြီ။

♥ ♥ ♥

## အခန်း (၁၅)

အလှတရားက နေရောင်ခြည်လို တောက်တောက်လေး ...င်း၏။ ပန်းနုသွေးရောင် စိုအိသောအသားအရည်ဟာ ဆိုအိသော ...မွှမ်းဆိုင်လေးနှယ်။ တို့ချင်ထိချင်စိတ် နိုးကြွလာအောင် ညို့လို့နေ ...သည်။

ဘယ်နေရာကိုကြည့်ကြည့် အကြည့်မလွှဲချင်။

ဖွံ့ဖြိုးသောကိုယ်ဟန်ကြော့ကြော့က အမြင်အာရုံကို စွဲ ...ားနေစေသည်။ ခါးကလေးမတ်ပြီး လမ်းလျှောက်သွားလျှင် တင်နဲ့ ...င်အုံလေး စွင့်ထားတဲ့အတိုင်း ကြွလှနေသည်။

မျက်နှာပေါ်က အစိတ်အပိုင်း အသီးသီးကလည်း ပုံသွင်း ...ားသလို။ ပါးချိုင့်တွေ သွားစွယ်တွေမပါဘဲ ရယ်လိုက်ပြုံးလိုက်ရင် ...ရောင်အလင်း ဝင်းခနဲဖြစ်သလို အပြုံးလေးက လှနေသည်။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း ပြုံးအလှပိုင်ရှင်လေး ဖြစ်ခဲ့တာလေ။

ပြုံးအလှတင်မက ဆံပင်ရှည်ကြီးကိုလည်း ကြည့်ပါဦး တင်ပါးအောက်ရောက်နေသော မှောင်လဲ့လဲ့ ဆံပင်အထွေးကြီးက ပိတု တောင်ပံခတ်သလို တဖျပ်ဖျပ် လက်ပြောင်ကာ၊ မျှော့ကြိုးလေး စည်းပြီး ကျောပေါ် အလျားအတိုင်းချထားတာက နွဲ့နွဲ့ပျောင်းပျော လေးနှင့် ကြည့်လို့ကောင်းနေပြန်သည်။

ခြေချောင်းလက်ချောင်းတွေကအစ ပြောစရာမလို။ သွယ် လျပေမယ့် လက်ဆစ်ခြေဆစ်လေးများ ပြည့်ပြည့်လှလှလေးရယ် တိတိရိရိညှပ်ထားတဲ့ လက်သည်းခြေသည်းတွေဟာ နဂိုသွေးအတိုင် သန္တာရောင်စဉ်လေးနှင့်။

မြူတစ်မှုန်မှ အပြစ်ပြောစရာမလိုတဲ့ ပန်းကလေးအ ဟာ တကယ်ကို သဲလဲစင်အလှ။ ဒီအလှပိုင်ရှင်လေးကို နှလုံးသ နဲ့မြင်နေတော့လည်း နှုတ်ဆိတ်မနေသာ။

"ပန်း"

ကောင်းမွန်ခေါ်ရင်း နောက်က အပြေးကလေးလိုက် သည်။ ပန်းကလေးက ရွှေရောင်မြေစင်တာထဲက ထွက်လာတ လေ။ ချယ်လည်းပါတာပေါ့။ ဒါပေမဲ့ ချယ်ယောက်ျားကိုမင်းဝ ကားနဲ့ပါသွားသည်။

ပန်းကလေးက ချယ်တို့ကားနဲ့ လိုက်မသွား။ တစ်ဖက်လ ကူးကာ။ တက္ကစီလှမ်းတား၏။ ထိုးရပ်လာတဲ့ တက္ကစီကားပေါ် ပ



ကလေး တက်မလို့ပြင်လျှင် ကောင်းမြင်လိုက်သည်နှင့် လှမ်းခေါ် လိုက်၏။

ခေါ်သံကြောင့် ကားပေါ်လှမ်းတက်တဲ့ ပန်းကလေး ခြေ လှမ်း တန့်၏။ လည်ပြန်လေး နောက်ငဲ့ကြည့်လျှင်။

"ဟင် ကောင်း"

ပန်းကလေး အားရဝမ်းသာခေါ်ရင်း ကောင်းဆီပြန်လှည့် ခဲ့သည်။ တက္ကစီသမား လိုက်မလားလှမ်းမေးတော့ ပန်းကလေး လက်ခါပြ၏။

"ပန်းလေးရယ်။ ပန်းကို ကောင်းတွေ့ချင်နေတာ ကြာလှ ပြီ"

"ပန်းကလေးလဲ ကောင်းနဲ့တွေ့ချင်နေတာကွယ်"

"အခုတွေ့ရပြီပဲ။ ပန်းရယ်။ ကြုံတုန်း ကောင်းတို့အေးအေး ဆေးဆေး စကားပြောကြတာပေါ့"

"ကောင်းသားပဲ"

"လာ"

ကောင်း လှိုက်လှိုက်လှဲလှဲခေါ်လျှင် ပန်းကလေး ခေါင်း ညိတ်လိုက်သည်။ ခုမှပဲ ပန်းကလေးရင်ထဲမှာ ထွက်ပေါက်တစ်ခု ရသလို အားရဝမ်းသာဖြစ်လျက်။ ကောင်းနဲ့ယှဉ်တွဲလျှောက်လေ သည်။ ဘတ်စ်ကားမှတ်တိုင်အလွန် လမ်းတစ်ဖက်မှာရှိတဲ့ ပန်းခြံ လေးထဲ နှစ်ယောက်အတူ ဝင်ခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းခြံလေးကတော့ မြို့ပြပန်းဥယျာဉ်ပီပီ စည်ကားလျက်။ ကောင်းက အလိုက်သိသိနဲ့ စတော်ဘယ်ရီမစ်ရှိတ်ကို ခွက်လေးနဲ့ သွားဝယ်ခဲ့သည်။ ကောင်းအတွက်လည်း လိမ္မော်မစ်ရှိတ်။

နှစ်ယောက်သား မစ်ရှိတ်ခွက် ကိုယ်စီကိုင်ရင်း လူရှင်းတဲ့ ပန်းခြံထောင့်ဘက်ရှိ လွတ်နေတဲ့ခုံတန်းဆီ လျှောက်ခဲ့သည်။

"ပန်း ထိုင်ရအောင်နော်"

"ထိုင်မယ်လေ ကောင်းရဲ့"

ပန်းကလေး ပြောရင်း အဝါရောင်ဆေးသုတ်ထားတဲ့ သစ်သားခုံတန်းလေးမှာ ထိုင်ချသည်။ ကောင်းလည်း ခပ်ခွာခွာထိုင်ကာ။

နှစ်ယောက်သား စကားမပြောကြသေးဘဲ မစ်ရှိတ်ကိုယ်စီ စုပ်သောက်ကြသည်။ အေးအေးလေးနဲ့မို့ စတော်ဘယ်ရီမစ်ရှိတ်က ရင်ထဲ အေးမြစွာမျှောဆင်းသွား၏။

"ဒါနဲ့ ပန်းလေးရယ်။ ဘာကြောင့် ဒီလောက်တောင် မြန်မြန်ဆန်ဆန်ဖြစ်ကုန်တာလဲဟင်။"

ကောင်း ဦးစွာစမေးလျှင်၊ ပန်းကလေးမျက်နှာက ကြွေကျလုဆဲ သစ်ရွက်ကလေးလို ညှိုးရော်သွားချေသည်။

"ကောင်းလဲ ချက်ချင်းပြန်လာမလို့ ပြင်ဆင်နေတာ ပန်းရဲ့၊ အန်ကယ်ဆောင် အရေးတကြီးရောက်လာတာနဲ့"

ကောင်းမွန်စကားမဆုံးသေးခင် ပန်းကလေး သက်မချလေသည်။



"ကောင်းလဲ အန်ကယ်လိုချင်တဲ့ ဒစ်ဂျစ်တယ်ပန်းချီအတွက် အမြန်ဓာတ်ပုံလိုက်ရိုက်ပေးပြီးတာနဲ့ ချက်ချင်းပြန်ခဲ့တာ ပန်းရယ်"

ပန်းကလေး နှစ်ခြိုက်တဲ့ စတော်ဘယ်ရီမစ်ရှိတ်အရသာလေးပင် ပျက်ယွင်းသွား၏။ နှစ်ယောက်သားကြားမှ သက်မတွေကြီးစိုးကာ။

ဘယ်အခြေအနေကို ဆုပ်ကိုင်ပြီး အပြစ်ပြောရမှန်းမသိအောင် ဖြစ်ရလေသည်။

"ပန်းလဲ ကောင်းကို မျှော်နေတာပဲ။ ရောက်လာနိုးရောက်လာနိုးနဲ့လေ။ ဒါပေမဲ့. . "

ပြောနေရင်း ပန်းကလေးမျက်ဝန်းအိမ်မှာ ဝမ်းနည်းမျက်ရည်တို့ ဝိုင်းလေသည်။ ကောင်းလည်း သက်မနဲ့အတူ လေငွေ့ငွေ့တွေ ရှူထုတ်ရင်း။

"ကောင်းနောက်ကျလို့ ခုလိုဖြစ်သွားရတာလား ပန်းရယ်ဟင်"

ဖြစ်သွားတဲ့အခြေအနေအပေါ် အားမလိုအားမရစိတ်နဲ့ ကောင်း ထိထိခိုက်ခိုက်ပြောရှာသည်။ ပန်းကလေး ရင်ထဲမွန်းကြပ်သလို ဖြစ်ရလေသည်။

ကိုင်ထားတဲ့ စတော်ဘယ်ရီမစ်ရှိတ်လေးကိုပဲ စိုက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရင်း။

"ဘာကြောင့်ဖြစ်ဖြစ်ပါလေ။ ပန်းကလေးရင်ထဲမှာ ဘယ်လိုမှ လက်သင့်ခံပေးလို့မရဘူး ဖြစ်နေတယ်။ သူနဲ့လည်း မျက်နှာချင်းမဆိုင်ချင်ဘူး။ သူ့အရိပ်အောက်မှာလည်း မနေချင်ဘူး။ မေမေနဲ့ဖေဖေ့ဆီလည်း သွားချင်စိတ်မရှိဘူး။ အားလုံးဟာ သူတို့မိသားစုရဲ့ ပကာသနအရိပ်ချည်းပဲ။ အဲဒီအရိပ်ထဲက ပန်းကလေးလွတ်ချင်တယ် ကောင်းရယ်"

"လွတ်ချင်တယ်"

"အင်း"

ပန်းကလေး စိုစွတ်နေတဲ့ မျက်ဝန်းအိမ်ကို လက်ကိုင်အိတ်ထဲက တစ်ရှူးစလေး ဆွဲယူတို့သုတ်ရင်း ခေါင်းအသာညိတ်မိ၏။

ကောင်းက အားတက်သရောနဲ့ ပန်းကလေးကို စိုက်ကြည့်ရင်းမေးသည်။

"လွတ်ချင်ရင် ပန်း တစ်ခုခုထွက်လုပ်ပါလား"

"အဲဒါပေါ့ ပန်းကလေး အခု အလုပ်လျှောက်လွှာလာတင်တာလေ"

"ကောင်းတယ်ပန်း။ တကယ်လို့ အဲဒီအလုပ်မရရင်ပြော။ ကောင်း တခြားအလုပ်ရအောင် ကူရှာပေးမယ်"

"ကျေးဇူးတင်လိုက်တာ ကောင်းရယ်"

ယောကျ်ားချောချောတဲ့ ကောင်းမျက်နှာလေးကို ပန်းက



လေး အားကိုးတကြီးမော့ကြည့်ရင်း ဆိုသည်။

"မလိုပါဘူးပန်းရယ်။ ပန်းခံစားနေရတာ ဘာလဲဆိုတာ ကောင်းသိတယ်။ ဒါကြောင့် ကောင်းအကြံပေးတာပါ။ ပန်းအလုပ်တစ်ခုလုပ်နေတော့ သူ့ရှေ့မှာ သိမ်ငယ်စရာ မလိုဘူးလေ"

"ဟုတ်တယ်။ ပန်းက ပန်းအရည်အချင်းနဲ့ ပန်းရပ်တည်ချင်တာလေ။ အစကတည်းက အစီအစဉ်ရှိခဲ့တာ။ မေမေတို့ ဇွတ်စီစဉ်တဲ့နောက်မှာ အားလုံးကမောက်ကမ ဖြစ်ကုန်တယ်။ မိဆင့်က အားမပေးဘူး။ ပန်းကတော့ ပန်းစိတ်အတိုင်း ပန်းလုပ်မှာပဲ။ ကောင်းအားပေးဖော်ရှိတော့ ပန်းပိုပြီး သတ္တိရှိပါတယ်။ ယုံပါကောင်းရယ်"

"ပန်းရယ်"

ကောင်းရင်မှာ နက်နက်ရှိုင်းရှိုင်း လှုပ်ခါလို့သွားချေသည်။

"တကယ်ပြောတာ ကောင်းရဲ့"

"ကောင်းယုံပါတယ်။ ဒီနေ့ကစပြီး ပန်းကို ကောင်း ပိုပြီးတန်ဖိုးထားမိတယ်။ ပန်းအတွက် ကောင်း ဘာမဆိုကူညီပေးမယ်။ ပန်းစိတ်အားမငယ်ပါနဲ့။ လိုအပ်ရင် ကောင်းဆီ အချိန်မရွေးဖုန်းဆက်လိုက်နော်။ ပန်း"

"စိတ်ချပါကောင်း"

နှစ်ယောက်သား စိတ်နှလုံးသားက ခုမှ ခိုင်မာလေးနက်တာ ယုံကြည်မှုတွေနဲ့ အပြန်အလှန်ချည်နှောင်မိလေပြီ။

"ကဲ မစ်ရှိုတ်သောက်လိုက်ပါဦး။ ပူကုန်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလည်းသောက်လေ"

"သောက်မှာပေါ့"

ကောင်း ပေါ့ပါးစွာပြောတဲ့နောက်မှာ နှစ်ယောက်သား ကျေနပ်စွာပြုံးလေသည်။

လေပြည်လေးချိုသလို မစ်ရှိတ်အရသာကလည်း ခုတော့ ပြန်လည်ချိုမြိန်သွားသည်။

"ပန်းရယ် ကောင်းတို့ ယုံကြည်စွာ ရှေ့ဆက်ကြပါစို့"လို့

အဓိပ္ပာယ်ပြည့်ဝစွာ ကောင်းစိုက်ကြည့်၏။ ပန်းကလေးက ကောင်းအကြည့်အတိုင်း ခေါင်းလေးဆတ်ကာ။

ထိုနေ့ နေ့လည်ခင်းတစ်ခုလုံးက ပန်းတို့နှစ်ယောက်အတွက် သာယာတဲ့နေ့လည်ခင်းလေးပါကွယ်။

♥ ♥ ♥

## အခန်း (၁၆)

"သမီး။ သမီး ဘယ်တွေသွားနေတာလဲကွယ်"

ပန်းကလေး တိုက်ထဲလှမ်းဝင်ရုံ ရှိသေးတယ်။ အပြစ်တင်သံလေးနဲ့ မေမေထွက်လာရင်းမေးသည်။ ပန်းကလေးမဖြေဘဲ မေမေ့ကို စကားလမ်းလွှဲသွားအောင် ပြန်မေးလိုက်၏။

"မေမေ ဘယ်တုန်းက ရောက်တာလဲ"

"မေမေရောက်နေတာ နေ့လည်ကတည်းက။ သမီး အပြင်ထွက်သွားတယ်ဆိုလို့ စောင့်နေတာ။ ကြည့်စမ်း ဘယ်အချိန်ရှိနေပြီလဲ"

ပန်းကလေး နံရံကပ်နာရီကို မော့မကြည့်ပေမယ့်လည်း ခန့်မှန်းလို့ရနေသည်။ ပန်းနဲ့ကောင်း လမ်းခွဲချိန်က ညနေခြောက်နာရီ ထိုးခါနီးပြီ။ တက္ကစီငှားမစီးတော့ဘဲ လိုင်းကားပဲစီးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တိုက်ရှိတဲ့လမ်းက ဘတ်စ်ကားလမ်းကြောမသင့်ပါ။ ဘတ်စ်ကားမှတ်တိုင်ကနေ နှစ်လမ်းကျော်ဖြတ်လျှောက်လာပြီးမှ ဒီခရေလမ်းကို ရောက်တာလေ။ ညအမှောင်ဝင်နေပြီဖြစ်ပေမယ့် ပန်းကလေး အရေးမထား။ အဲဒါကို မေမေက အားမလိုအားမရ နှင့်။

"ပြောလေ သမီး။ ဘယ်အချိန်ရှိနေပြီလဲ"

"ဘယ်အချိန်ရှိရှိပေ့ါ မေမေရယ်။ သမီးကိစ္စနဲ့သမီးသွား တာ"

"ဟဲ့ သမီးကိစ္စ။ သမီးကိစ္စက ဘာလဲ"

ပန်းကလေးပြန်မပြော။ နှုတ်ခမ်းကို စေ့ပိတ်ထားလိုက် သည်။ မေမေက ကြာလာလေ ပန်းကလေးကို ဘဝင်မကျဖြစ်ဟန် တူကာ။ ပန်းကလေးကို မျက်စောင်းထိုးကြည့်၏။

"ပြောလေ။ သမီးကိစ္စက ဘာလဲ"

"ဒီလိုပဲ"

"ဟဲ့ ဒီလိုပဲ ပြောလို့ရမလား။ ပြောသွားရမယ်လေ။ မပြော မဆိုဘဲ သမီးထွက်သွားတာ နေ့လည်ကတည်းက။ ပြန်လာတော့ လည်း မိုးစုန်းစုန်းချုပ်။ ပြီးတော့ သမီးသွားလာဖို့ ဒရိုင်ဘာနဲ့ကား အဆင်သင့်ထားထားပေးရက်နဲ့ ဒီအတိုင်း ထွက်သွားတာ ဘာသ ဘောလဲကွယ်။ ဘာလဲ စစ်အပေါ် မထေမဲ့မြင် ပြုနေတာလား သမီးရယ်။ ပြောစမ်းပါ"



"မေမေကလည်း ပန်းကလေးကိစ္စရှိလို့ ပန်းကလေးထွက် တာ။ ချယ်လည်းပါတယ်"

"အေး ချယ့်ကိုလည်း ဖုန်းဆက်ပြီးပြီ။ ချယ်က ပန်းကလေး ပြီးတာနဲ့ သူယောက်ျားနဲ့ စက်ရုံလိုက်သွားသတဲ့။ သမီးက တစ် တတ်တည်း ဘယ်တွေလျှောက်သွားနေတာလဲ။ ပြီးတော့ သမီးရဲ့ ဆိုတာဘာလဲ။ စစ်ကိုမေးကြည့်တော့လဲ စစ်ဘာမှမသိဘူးတဲ့"

ပန်းကလေး မျက်နှာလွှဲလိုက်ပြီး

"မေမေ ပြန်တော့မှာလား။ လာ။ ကားဂိတ်လိုက်ပို့ပေးမယ်"

"ဟဲ့"

ဒေါ်ခင်နှင်းဖြူ အသံကုန်အော်ဟစ်လိုက်သည်။ မေးမြန်း ဆိုနေတာကို မဖြေ။ မအေကို ပြန်တော့မလို့လားလို့ နှင်ထုတ် မေးတာလေ။

"အန်တီ"

"ဟင်"

ဘယ်အချိန်ကတည်းက ရပ်ကြည့်နေမှန်းမသိတဲ့ စစ်သခင်။ နဲ့ပန်းကလေးကြား တင်းမာနေချိန်မှာ အသံထွက်လာသည်။ နဲ့ပန်းကလေးရှေ့ တိုးလာပြီး

"အန်တီ ဘာမှမပြောပါနဲ့။ ပန်းကလေး နေချင်သလို နေပါ

"ဟော့တော်"

www.burmeseclassic.com

www.burmeseclassic.com



မေမေက တအံ့တဩဖြစ်ပြီး စစ်သခင်ကိုကြည့်သည်။ ...
သခင်က ပုံမှန်မျက်နှာလေးနှင့်။ စိတ်လှုပ်ရှားဟန်၊ အနှောင့်အယှ...
ဖြစ်ဟန်မတူ။ ပကတိ တည်ငြိမ်နေသည်။

"အန်တီပြန်တော့မယ် မဟုတ်လား။ ကိုခိုင်ရေ အန်တီ့...
လိုက်ပို့လိုက်"

ဒေါ်ခင်နှင်းဖြူ သမီးကိုပြောချင်တဲ့စကားတွေ ပြန်မြ...
ရမလိုဖြစ်သွားသည်။ သားမက်လုပ်သူက ကြည်လင်နေမှ...
မအေလုပ်သူ ဆုံးမခွင့်မသာတော့မှန်း သိသာနေပြီ မဟုတ်လာ...

ဒရိုင်ဘာလုပ်သူကလည်း စစ်စကားမဆုံးခင် ကားနား...
အသင့်ရပ်စောင့်နေသည်။ ဒီလိုအခြေအနေမှာ ဒေါ်ခင်နှင်းဖြူ ...
မှပြောခွင့်မရနိုင်တော့ပါ။

"သမီး"

မေမေ စောင်ကြည့်ရင်းခေါ်လျှင် ပန်းကလေးငုံ့မကြ...
တော့ပါ။ စူးစိုက်ကြည့်နေတဲ့ သူ့ရှေ့မှာလည်း ရပ်နေဖို့ စိတ်မ...
ဒါကြောင့် မေမေ့ခေါ်တာကို တုန့်ပြန်မထူး။ သူ့ရှေ့ကနေလွ...
အောင် ရှောင်ထွက်ကာ၊ အပေါ်ထပ် တန်းတန်းမတ်မတ် တက်...
လေသည်။

"ကျွတ်"

ဒေါ်ခင်နှင်းဖြူ အတော်တင်း၏။

"အန်တီ့စိတ်ထဲ ဘာမှမထားပါနဲ့"



သားမက်လုပ်သူက လေသံဖျော့ဖျော့ပြောပေမယ့် ဒေါ်ခင်
...ဖြူရင်ထဲက တင်းမာတာတွေ ပြယ်ကျမသွားပါ။ သမီးဖြစ်လျက်
...အပြောစကားကို အလေးမထားတာက ပိုပြီးခံခက်လှသည်။

"မဟုတ်သေးဘူးစစ်ရယ်။ စစ်ကိုတော့ အန်တီအားနာ
...ယ်။ ဒါပေမဲ့ သမီးက အရင်ဒီလိုမဟုတ်ပါဘူး။ အခုမှ အချိုး
...ပြောင်းနေတာ အန်တီပြောမှဆိုမှ သမီးလေး ဆင်ဆင်ခြင်ခြင် နေ
...တ်ထိုင်တတ်ဖြစ်မယ်လေ"

"ရပါတယ် အန်တီရယ်။ မိုးချုပ်လို့ အိမ်ပြန်လာတာက
...ဘ်ပါသေးတယ်။ နောက်ဆို ဘယ်မှာလိုက်ရှာရမှန်းမသိ ဖြစ်နေ
...င် ပိုခက်မယ်လေ။ ဒါကြောင့်ပါ"

တကယ်ပါ။ ဒေါ်ခင်နှင်းဖြူ ဘာပြန်ပြောရမှန်းမသိ ဖြစ်
...သွားသည်။ တစ်ခုခုပြန်ပြောဖို့ ဒေါ်ခင်နှင်းဖြူ စကားလုံးရှာနေစဉ်
...ခန်းထဲရှိ တယ်လီဖုန်းမြည်၏။ စစ်ကပဲ သွားကိုင်ပြီးပြောသည်။

"ဩော် အန်ကယ်လား။ အန်တီ ခုပဲ ပြန်လာပါလိမ့်မယ်။
...ချပါ"

ဖုန်းပြောပြီး ဒေါ်ခင်နှင်းဖြူဘက် ပြန်လှည့်ကာ

"အန်ကယ် စိတ်ပူလို့ထင်တယ်။ အန်တီ့ကို ဖုန်းဆက်မေး
...တာ"

"ဩော် အေး"

ဒီတော့မှ ဒေါ်ခင်နှင်းဖြူ ခင်ပွန်းသည်ဆီ စိတ်ပြန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ သမီးဆီလာခဲ့တာ နေ့ခင်းကတည်းက။ ညမိုးချုပ်
ပြန်မရောက်သေးဘူးဆိုတော့ စိတ်ပူရှာမှာပေါ့။

သမီးကြောင့်ဆိုတာသိရင် ခင်ပွန်းသည်လည်း စိတ်ဆိုးမှ
မလွဲ။ ဒါကို စစ်က ကြိုသိနေဟန်တူသည်။

"အန်တီပြန်ရင် အန်ကယ့်ကို ဘာမှမပြောပါနဲ့"လို့

စကားပိတ်ပြော၏။ ဒေါ်ခင်နှင်းဖြူ ခေါင်းပဲညိတ်ကာ
သားမက်က ကားပေါ်ထိ လိုက်ပို့နေတော့လည်း သူမစိတ်လျှော့
လိုက်ရသည်။

နောက်ဆုံးတော့ သမီးကိုလည်း ပြောခွင့်မရ။ သားမက်
လည်း အားနာကာ လှည့်ပြန်ခဲ့ရတဲ့အဖြစ်။

သမီးလေးရယ်။

ညည်းလေးဟာ မိဘစိတ်စေတနာကို နားမလည်သေးဘူး
ဒါတင်မက လင်ယောကျ်ားအပေါ် အလေးထားရကောင်းမှန်းလည်
မသိသေးဘူး။ အဲဒီအတွက် သမီးလေး ဒုက္ခတွေ့လိမ့်မယ်ကွယ်
အိမ်ထောင်ရေးသဘောဆိုတာ ထင်တိုင်းလုပ်နေရုံနဲ့ သာ
ယာချမ်းမြေ့မှုဖြစ်စေမှာ မဟုတ်ဘူး။

လင်ကိုယ်မယား နားလည်သိတတ်မှု ရှိဖို့လိုသလို၊ ပြော
သင့်တဲ့ကိစ္စ ပြောရမယ်။ ဆိုသင့်တဲ့ကိစ္စဆိုရမယ်။ ဒါတင်မက ဘယ်
သွားတယ်၊ ဘယ်လာတယ်ဆိုတာလောက်တော့ လင်ကို အသိပေး
ပြောသွားဖို့ကောင်းပါတယ်။



သမီးရယ်။

သမီးအတွက် ရင်မောရတယ်ကွယ့်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ညဦးက မဟူရာရောင် ဖျော့ဖျော့လေးရယ်။ သူ့ခြံဝင်း...
မှာ မီးရောင်မှိန်လဲ့လဲ့သာ ထွန်းထားပေမယ့် တစ်မျိုးလေး လှလို့...
သည်။

သို့သော်လည်း ပန်းကလေးရင်ထဲမှာ ကြည်နူးချမ်းမြေ့...
တွေ မခံစားနိုင်။ လှတာတွေအပေါ်မှာလည်း ပန်းကလေးစိတ်...
မပျော်ဝင်။

အပေါ်စီးကမြင်ရတဲ့ ညရှုခင်းကို အဓိပ္ပာယ်မဲ့ကြည့်နေခြင်း...
နဲ့ အချိန်တွေဖြုန်းနေလိုက်သည်။

"ပန်းကလေး"

သူ့ခေါ်သံ မတိုးမကျယ် ကြားရသည်။ ပန်းကလေး လှည့်...
မကြည့်သလို၊ ထူးလည်းမထူးပါ။ ဒါပေမဲ့ စစ်ခြေသံက ပန်းကလေး...



...ဘာ လသာဆောင်ဘက် ခြေဦးလှည့်လာမှန်း ပန်းကလေးသိနေ...
...သည်။

"လာလေ။ ညစာစားရအောင်"

"ဟင့်အင်း"

ပန်းကလေးခေါင်းခါရင်း စစ်ကို ကျောပေးရပ်နေလိုက်...
...သည်။ စစ်က ပန်းကလေးမျက်နှာကိုမြင်အောင် အနားလာရပ်ပြီး
...စိုက်ကြည့်လျက်

"ဘာဖြစ်လို့လဲ"

"မဆာဘူး"

"ဟာ အဓိပ္ပာယ်မရှိတာ။ ဘာလို့မဆာရမှာလဲ။ နာရီလည်း
...ကြည့်ဦး။ ညဉ့်ပဲ ကိုးနာရီထိုးနေပြီ ပန်းကလေးရယ်"

"ဘယ်နှနာရီ ထိုးထိုးပေါ့"

"ကိုယ်လဲ ဆာနေပြီ"

"အောင်မာ"

ပန်းကလေး မျက်စောင်းနဲ့ကြည့်၏။ စစ်စိုက်ကြည့်နေတာ
...လျှင် ပန်းကလေးရင်ထဲ ရှိန်းခနဲဖြစ်၍ မျက်နှာပြန်လွှဲမိသည်။

"ရှင့်ဘာရှင်သွားစားပေါ့"

"ပန်းကလေး ကိုယ့်ကို စိတ်ကောက်နေတာလား"

"မဆိုမဆိုင် လာမညာနဲ့"

စစ်မျက်မှောင်ကြုတ်၏။ တင်းမာနေတဲ့ ပန်းကလေးမျက်...

www.burmeseclassic.com

www.burmeseclassic.com



နှာကို အလိုမကျစိတ်နဲ့ ခပ်ငေးငေးကြည့်ပြီး

"ပန်းကလေး"

"မခေါ်ပ ။ ရှင့်ဘာရှင်သွားစား"

"မဟုတ်သေးဘူးကွာ။ အန်တီ့ကို ကိုယ် ဘာတစ်ခွန်း မပြောခဲ့ဘူးနော်။ အန်တီ့ဘာသာ မင်းကိုဆူတာ။ နောက်ထပ် အဆူခံရမှာစိုးလို့ အန်တီ့ကို အမြန်ပြန်စေခဲ့တာ။ အန်တီပြန်သွား တာ ဘယ်လောက်ကြာပြီလဲ။ ထမင်းစားချိန်တော့ အောက် ဆင်းခဲ့ဖို့ကောင်းတယ်"

"ပန်းကလေး မစားချင်သေးဘူး။ ရှင်းပလား"

"မင်း အဲလိုပဲ မစားချင်ဘူးပြောပြီးနေခဲ့တာ ဘယ်နှစ် ရှိပြီလဲ"

"ဘယ်နှစ်ညရှိရှိ"

ပန်းကလေးရင်ထဲမှာ ဘုပြောလိုက်လျှင် နှုတ်ခမ်းလေး လှုပ်သွားသည်။ ထိုနှုတ်ခမ်းလေးကိုကြည့်ရုံနဲ့ ပန်းကလေးဘာ လိုက်မှန်း စစ်သိ၏။ ပန်းကလေးဘက်က ကြာလေတင်းလေဖြစ် တော့ စစ်ဘက်က သည်းမခံချင်အောင် ဖြစ်လာသည်။

ရင်ထဲက သည်းမခံချင်တော့။ မသိမသာအံကြိတ်မိ

"ပန်းကလေးရယ်။ မင်းကို ကိုယ် နေချင်သလို နေခွင့် ထားသားပဲ"

ပန်းကလေးနှုတ်ခမ်းလေး စေ့ပိတ်ကာ ငြိမ်နေလိုက်သည်



နေချင်သလို နေခွင့်ပေးထားသားပဲတဲ့။

ဒါတော့ ပန်းကလေး မငြင်းနိုင်တဲ့အချက်။

"ကဲ ဆင်းလာခဲ့။ ကိုယ်စောင့်နေမယ်"

ဒါပဲပြောပြီး စစ်လှည့်ပြန်သွားသည်။ စစ်လှည့်ပြန်သွား တာမှ ပန်းကလေး ငုံကြည့်ကာ မျက်နှာလေးကို ဆတ်ခနဲခါမိ၏။

စောင့်ချင်သလောက်စောင့်ပစေ။

ပန်းကလေး အပြင်ဘက်ကို ငေးနေလိုက်သည်။

ညဥ့်လေပြည်က ညင်သာဖျောဖျောနှင့်။ ပန်းကလေး တစ် ကိုယ်လုံးကို တယုတယ ကြည်စယ်သွားသည့်နှယ်။

သဘာဝက တာဝန်ကျေစွာ သူ့တာဝန်သူထမ်းဆောင်လျက်။ နွေဦးညကို လေပြည်လေး ဆက်သလျက်ရှိသည်။

ပန်းကလေးဟာ သဘာဝလို တာဝန်ကျေအောင် ထမ်း ဆောင်နေဖို့ လုံးဝစိတ်ကူးမရှိပါ။ စစ်ပြောသလို ပန်းကလေး နေချင် သလိုနေခဲ့သည်။ ပန်းကလေးနေချင်သလို နေခွင့်ရအောင် စစ်က အခွင့်အရေးပေးထားလို့ ပန်းကလေး နေခွင့်ရနေတာလား။

ဘာလား ညာလားဆိုတာ ပန်းကလေး ဆန်းစစ်ပြီး ခွဲခြား နေချင်။ ပန်းကလေးစိတ်ထဲရှိတဲ့အတိုင်း နေခွင့်ရတာကို ပန်းက လေး ကျေနပ်၏။

အလိုက်သိဖို့နဲ့ တာဝန်ကျေဖို့ဆိုတာ ပန်းကလေး ဘယ် တုန်းကမှ မစဉ်းစားခဲ့ဖူးပါ။

www.burmeseclassic.com

www.burmeseclassic.com



စစ်ခေါင်းက ဒဏ်ရာအတွက် အကူအညီတောင်းတာ တောင် ပန်းကလေး လုပ်ကိုင်မပေးပါ။ စစ်က ပန်းကလေးလုပ်ကိုင် မပေးတော့ ဘာမှဆက်မပြော။

သူ့သူငယ်ချင်းကို ချက်ချင်းဖုန်းဆက်ခေါ်သည်။

"မင်းဆေးအိတ်ပါယူခဲ့ကွာ။ ကိုယ့်ခေါင်းမှာ ဒဏ်ရာနဲ့ ဖြီး တော့ နေလို့ထိုင်လို့မကောင်းဘူး မြန်မြန်လာခဲ့ကွာ"

စစ်သူငယ်ချင်းနှစ်ယောက် နာရီဝက်ပင်မကြာ။ ချက်ချင်း ရောက်လာသည်။ သက်နောင်က ဆေးအိတ်ကိုယ်တိုင်ဆွဲလာသည်။ မင်းစိုးက စူးစမ်းလိုတဲ့ စိတ်ရင်းနဲ့ပါ။

သက်နောင်တို့ရောက်လာတဲ့အချိန်မှာ စစ်က ခုတင်ပေါ် စိတ်ပျက်လက်ပျက် ထိုင်နေသည်။ ပန်းကလေးက နံရံထောင့်ကပ် ရပ်ကာ ငြိမ်သက်နေလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ စစ်"

သူငယ်ချင်းတွေမေးတာကို စစ်မဖြေ။ သက်နောင်က လက်တစ်ဆစ်လောက်ပေါက်နေတဲ့ စစ်ခေါင်းကဒဏ်ရာကိုကြည့် ရင်း စိတ်မသက်မသာဖြစ်လျက် သက်မချသည်။ မင်းစိုးက ပန်းက လေးကို တရားခံကြည့် ကြည့်သည်။

သူတို့သူငယ်ချင်း ခံရတဲ့အတွက် ကျေနပ်ကြဟန်မတူ။ ပန်းကလေး သူတို့မျက်လုံးနဲ့အဆုံ မျက်နှာလွှဲနေလိုက်သည်။ သက်နောင်က ဆရာဝန်ပီပီ အားလုံးရိပ်မိ၏။ ဘာမှလည်း မေးမမြန်းတော့။ စစ်ခေါင်းက ဒဏ်ရာကို တစ်ချက်ချုပ်ပေးလိုက် သည်။ ဆေးလည်းထိုးပေးကာ သောက်ဆေးပါ စီစဉ်လျက်။

"ပန်းကလေး။ စစ်ဆေးသောက်ဖို့ ကော်ဖီနဲ့မုန့် သွားယူ ပေးပါလား"

မင်းစိုးက မနေနိုင်ဘဲ လှမ်းခိုင်းသည်။ ပန်းကလေးမျက် နှာလေးခါ၍ လသာဆောင်ဘက် ရှောင်ထွက်နေလိုက်သည်။

ခိုင်းတာတောင် ယူမပေးဘဲ ရှောင်သွားတဲ့ ပန်းကလေး က လင်ယောက်ျားအလိုဆန္ဒကို မလိုက်လျောနိုင်တာထက် တုန့်ပြန် တာ အရှုပ်ဆိုးလှတယ်လို့ သူငယ်ချင်းတွေ ယူဆသည်။

စစ်ကိုလည်း အားမလိုအားမရဖြစ်ကြပြီး

"စစ် မင်းသိပ်အလိုမလိုက်ပါနဲ့။ လင်မယားဖြစ်လာပြီးမှ တော့ ဆေးယူမီးယူလောက်တော့ အလိုက်သိဖို့လိုတယ်လေ။ ခုတော့ ကြည့်ဦး"

"နေပါစေကွာ"

စစ် ဒီလောက်နဲ့ စကားဖြတ်ကာ။

ဒရိုင်ဘာကိုခိုင့်ဇနီး အကြီးကိုခေါ်ပြီး ကော်ဖီနဲ့မုန့် ယူခိုင်း လိုက်သည်။ စားသောက်ပြီး ဆေးသောက်ကာ အိပ်ရာပေါ် ပြန်လှဲ ခဲ့၏။

သူငယ်ချင်းနှစ်ယောက် ဘယ်လိုမှ အားမရနိုင်ပါ။ စစ်က ပြောနဲ့ဆိုလို့ မပြောဘဲ လှည့်ပြန်သွားခြင်း။

www.burmeseclassic.com

www.burmeseclassic.com



စစ်သူငယ်ချင်းနှစ်ယောက် ပြန်သွားပြီး အတန်ကြာမှ ပန်းကလေးအိပ်ခန်းထဲ ပြန်ဝင်လာသည်။ စစ်ကို လှမ်းကြည့်တော့ ဆေးရှိန်နဲ့မို့ အိပ်ပျော်နေသည်။

နဖူးစောင်းက ချပ်ထားတဲ့ဒဏ်ရာပေါ်မှာ ပလာစတာကဖွေးလျက်။ ကိုယ်က ပက်လက်ကလေးနဲ့ မျက်နှာလေး ညာဘက်စောင်းပြီး အိပ်ပျော်နေတဲ့ စစ်က အပြစ်ကင်းနေပေမယ့် ပန်းကလေးရင်ထဲ ပျော်ဝင်မနေ။

စစ်က ကောင်းလို လူချောလှလှမဟုတ်သလို နူးနူးညံ့ညံ့သိမ်သိမ်မွေ့မွေ့မဟုတ်။

ကောင်းလို အသားအရည်ဖြူစင်မနေ။ ညိုရိပ်သန်း၏။

ခန္ဓာကိုယ်တည်ဆောက်ပုံကအစ တခြားစီ။ ကောင်းကအရပ်မြင့်သလို ကိုယ်လုံးသွယ်သည်။ စစ်က တုတ်ခိုင်ပြည့်ဖြိုးသလိုကိုယ်ဟန်က ရှန်းရှန်းကြွကြွနဲ့။

ရှန်းကြွကြွဖြစ်နေတဲ့ စစ်ကိုယ်နေဟန်ကို ပန်းကလေး ပိုပြီးကြည့်မရပါ။ စိတ်ထဲက တစ်မျိုးတစ်မည် ခံစားရသလိုလို ဘာလိုလိုနဲ့။ ကောင်းကိုယ်ဟန်လေးမြင်ရတာ စိတ်ထဲမှာ ထိုသို့မဖြစ်ပါ။

"ပန်းကလေးရယ်။ ယောက်ျားဆိုတာ ရုပ်လှဖို့ထက် ဆွဲအားရှိဖို့လိုတယ်။ စစ်က ဆွဲအားရှိတယ်။ ပန်းကလေးစိတ်ကို လျှော့ပြီး ခံစားကြည့်ပါဟယ်"

"သွားစမ်းပါ။ နှာဘူးမတွေ။ လင်ရပြီးကတည်းက ရှင်တို့



နှစ်ယောက် ဒီအကြောင်းပြောဖို့ပဲ ခံတွင်းတွေ့နေကြတယ်"

"ဟဲ့ လင်ရမှတော့ လင်ရတဲ့အရသာ ကောင်းတာလည်းကောင်းတဲ့အကြောင်း ပြောရမှာပေါ့။ ရှင်က လင်သာရနေတာ။ အိမ်ထောင်ရေးအရသာ ခံစားဖို့ကြောက်နေလို့ ဆွယ်တရားဟောနေရတာအေ။ တော်ကြာ စစ်က တခြားဘက်ခြေဦးလှည့်သွားရင် ပန်းကလေး ရှင်ပဲ မျက်ရည်ကျရမယ်။ လင်ယောက်ျားတွေဆိုတာ ချည်ထားနိုင်မှ တော်ကာကျမယ်။ အချည်ခိုင်မှ ရတက်အေးရမယ်။ ချည်ထားဖို့ ရှင့်စိတ်မကူးရင်၊ အချည်ခံရမယ့်ဆီ ရှင့်ယောက်ျားသမ်းပေါက်ရာပြီး ထွက်သွားမှာလေ။ ဒါကြောင့် ရှင့်ကို ဖျောင်းဖျနေရတာ"

"သွားစမ်းပါ"

ပန်းကလေး မနှစ်မြို့သဖွယ်ပြောလိုက်တာ ပြန်သတိရ၏။ ဆင့်က မျက်စောင်းတထိုးထိုးနဲ့။ ချယ်က ပန်းကလေးစိတ်မဝင်စားတာကို ဖွင့်မပြောနဲ့လို့ ဟန့်တားရှာသည်။

ဒါပေမဲ့ ချယ်က တစ်ခွန်းတော့ပြောသည်။

"စစ်က ဆွဲအားရှိပါတယ်ဟ။ ယောက်ျားဆိုတာ ကျားကျားလျားလျားရှိမှလေ။ ရှင့်ကောင်းကိုရှင် စိတ်ကူးယဉ်မနေနဲ့။ ကောင်းက စစ်လို ဆွဲအားမရှိဘူး။ ယှဉ်ကြည့်စမ်းပါ"

"ဟွန်း"

ထိုစဉ်က သူငယ်ချင်းနှစ်ယောက်ကို ပန်းကလေး မျက်

www.burmeseclassic.com

www.burmeseclassic.com



စောင်းထိုးမိတာ ပြာကျမတတ်။ အိပ်မောကျနေတဲ့စစ်ကိုကြည့်ရင်း တကယ်ပဲ စစ်က ဆွဲအားရှိတဲ့ ယောက်ျားလား။

ဟင့်အင်း။

ပန်းကလေး ခေါင်းတစ်ချက်ရမ်းကာ အိပ်ခန်းထဲက ထွက်ခဲ့သည်က ချက်ချင်း။

စစ်သခင်။

ရှင် ပန်းကလေးကို မမျှော်လင့်ပါနဲ့။

ရှင့်ဘာရှင် ဘယ်ဆီကိုပဲ ခြေဦးလှည့်လှည့်။ လှည့်ချင်တဲ့ဆီလှည့်။ ဒါပဲ။

♥ ♥ ♥

## အခန်း (၁၈)

"လာခဲ့"

"အို"

ပန်းကလေးလက်ကောက်ဝတ်ကို အတင်းဆွဲပြီးခေါ်လာတဲ့ စစ်။ ပန်းကလေး အတွေးစတွေပြတ်ကာ။

မထင်မှတ်ဘဲ ဆွဲခေါ်ခံရတာမို့ ပန်းကလေးတစ်ကိုယ်လုံး ဆိုင်နဲ့ပါသွားသည်။ သတိဝင်လာသည်နှင့်

"အဲ လွှတ်။ လွှတ်လေ။ ဘယ်လိုဖြစ်လို့ ပန်းကလေးလက်ကို လာဆွဲရတာလဲ။ လွှတ်စမ်းပါ"

ပန်းကလေး ရုန်းသော်လည်းမရ။ ငြင်းဆန်နေတာလည်း အမှုမစိုက်။

လသာဆောင်အပြင်ကနေ အိပ်ခန်းထဲ ဆွဲသွင်းကာ။ အိပ်

www.burmeseclassic.com

www.burmeseclassic.com



ခန်းထောင့်ဘက်မှာ စီစဉ်ထားတဲ့ ထမင်းစားပွဲနားရောက်တဲ့အထိ ဖြစ်လေသည်။

"ကဲ ထိုင်"

အမိန့်ပေးတာလား။ စေခိုင်းတာလား။ စစ်အသံက စိတ်မရှည်သလိုနဲ့ တင်းနေသည်။ ပန်းကလေး မကျေမနပ်နဲ့ စစ်ကို စိုက်ကြည့်ပြီး

"ပန်းကလေးကို နိုင်ထက်စီးနင်း မဆက်ဆံပါနဲ့။ နောက်တစ်ခါလဲ ပန်းကလေးလက်ကို မဆွဲနဲ့"

"ဟွန်း"

စစ်မျက်ခုံးချည်း အလိုလိုမြောက်တက်သွားသည်။ ပန်းကလေး စိတ်မလုံခြုံတော့။ စစ်အကြည့်တွေက အရင်ကထက် ရွှန်းလက်လာမှန်း ပန်းကလေးစိတ်က သိနေသည်။

ထိုရွှန်းလက်မှုနောက်မှာ တမ်းမက်စိတ်တွေ ပါနေသလိုလို။ စောင့်စည်းချင်စိတ် မရှိတော့သလိုလိုနဲ့။

ပန်းကလေးတစ်ကိုယ်လုံးကို မောင်ပိုင်စီးချင်နေမှန်း အကဲခတ်မိတာကြောင့် ပန်းကလေး ခပ်ရွံ့ရွံ့လေး ဖြစ်ရ၏။

စစ်ဆုပ်ကိုင်တဲ့ လက်ကောက်ဝတ်ကို ကျန်လက်တစ်ဖက်နဲ့ ဆုပ်ကိုင်ရင်း ခေါင်းငုံ့နေလျှင်

"မင်းလက်ကို ကိုင်လို့တောင် မရဘူးလား ပန်းကလေးရယ်"



စစ် ထမင်းစားပွဲရှေ့မှာ ထိုင်ချရင်းမေး၏။ ပန်းကလေး ခေါင်းမာမာနဲ့

"မရဘူး"

အံကြိတ်ပြောလိုက်လျှင် စစ် ခပ်မဲ့မဲ့လေးပြုံးသည်။ ထိုအပြုံးကို ပန်းကလေးမနှစ်သက်။ ပန်းကလေး ဟောဒီထမင်းဝိုင်းရှေ့က နောက်ပြန်လှည့်ထွက်ဖို့ စိတ်ကူးရုံရှိသေးတယ်။

စစ် တည်တည်ငြိမ်ငြိမ်ပြောသည်။

"ကိုယ်လည်း မင်းအလိုမတူဘဲ မကိုင်ချင်ဘူး။ ဒါပေမဲ့ မင်းငပကတ်နေတာကိုး။ အောက်ထပ်ဆင်းမစားချင်ရင် အကြီးတို့ အိပ်ခန်းထဲအထိ ထမင်းပွဲလာပို့နိုင်းလို့ရတယ်လေ။ မစားဘဲ နေပါနဲ့။ ကိုယ့်ကို မကြည့်ပေမယ့် ကိုယ်စိတ်မဆိုးဘူး။ မစားသောက်ဘဲ နေတာကိုတော့ ကိုယ်စိတ်ဆိုးချင်တယ်။ ဒါကြောင့်ပါ"

စစ်ကပြောရင်း လက်ကလဲ ပန်းကလေးရှေ့က ထမင်းပန်းကန်ထဲ ဝက်သားချိုချဉ်ကြော်တစ်ဇွန်း ဦးချသလို ထည့်ပေးသည်။ ဝက်သားချိုချဉ်ကြော် ပန်းကလေးကြိုက်တတ်မှန်း သူသိနေသား။

ဒါမှမဟုတ် ပန်းကလေးကြိုက်တဲ့အစာနဲ့ မြူဆွယ်နေတာ

"ထိုင်ပါကွာ"

စစ် ထပ်ပြောသည်။ ပန်းကလေး ထမင်းဝိုင်းမှာမထိုင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေးကို ထိုင်စေဖို့ အတင်းဆွဲပြုဦးမယ့် အမူအယာတွေ ပေ
လွှင်နေတာမို့ ပန်းကလေး လှည့်ထွက်သွားဖို့ စိတ်ထဲ တစ်မျိုးဖြစ်လ
သည်။

နောက်ပြီး ဗိုက်ကလည်းဆာလှသည်။ ဝက်သားချိုချဉ်ကြေ
မြင်နေရပြန်တော့ သွားရည်လေး စိမ့်ထွက်၏။

ထမင်းပွဲပြင်ပြီး မလှမ်းမကမ်းမှာ ရပ်နေတဲ့အကြီးက ပ
ကလေးနဲ့စစ်ကိုပဲ ကြည့်နေကာ။ လိုအပ်တာလုပ်ပေးဖို့ အဆင်သ
ရှိနေ၏။ အကြီးရှိနေတာက ပန်းကလေးကိုယ်ပန်းကလေး ဗိုြ
မလုံခြုံလှ။

ယောက်ျားက ဒီလောက်လိုက်လျှောနေရက်နဲ့ ပန်းကလေ
တင်းမာလှတယ်လို့ မြင်သွားမှာ စိုးလှသည်။ ပြီးတော့ ဒီအကြေ
တွေ ယောက္ခမလုပ်သူသိသွားရင်မလွယ်။

ယောက္ခမကတစ်ဆင့် မေမေသိသွားရင် အခြေအနေ
နိုင်သည်။

မေမေကလည်း ပန်းကလေးကိုဆူဖို့ ပါးစပ်ယားနေတ
ပန်းကလေးဘက်ကတင်းလေခြင်းဆိုပြီး ပိုဆူဖွယ် ဖြစ်လာနိုင်သ
ပန်းကလေး မသိမသာနဲ့ အကြီးကိုငဲ့ကြည့်လိုက်တော့ စစ်ရိပ်မိ
တူသည်။

"အကြီး ရပြီ။ ဘာမှမလိုတော့ဘူး"လို့
ပြောလိုက်၏။



အကြီးနားလည်သွားဟန်တူသည်။ စောင့်ကြည့်မနေတော့
ပါ။ ချက်ချင်းပဲ ခေါင်းဆတ်ပြီး လှည့်ထွက်သွားသည်။

"ဟင်းတွေအေးကုန်မယ်"

စစ်နောက်ထပ်ပြောပြန်တော့ ပန်းကလေးမထိုင်ဘဲနေလို့
ရတော့ပါ။ ထိုင်ချလိုက်ပေမယ့် မျက်နှာကြောကိုတော့ တင်းထား
ဆဲဖြစ်သည်။

ပန်းကလေး ထိုင်ချလိုက်မှ စစ်မျက်လုံးလေး ကျေနပ်ဟန်
နဲ့ ထမင်းပန်းကန်ဆီ ရောက်သည်။ သူ့ပန်းကန်ထဲ ပန်းကလေး
ဟင်းခပ်ထည့်ပေးမလားဆိုပြီး စောင့်ကြည့်နေသေးသည်။

ပန်းကလေး မသိချင်ယောင်ဆောင်ကာ။

အသီးအရွက်ကြော်ကိုခပ်ပြီး ပန်းကလေးပန်းကန်ထဲ ပန်း
ကလေးထည့်ကာ။

ထိုအခါ စစ်မျက်ခုံးလေး မသိမသာရှုံ့ကြွသွားသည်။ ဒါ
ပေမဲ့ မထိတရိ ပြုံးမလိုလိုနဲ့ ပန်းကလေးကို စိုက်စိုက်ကြည့်၏။ ပန်း
ကလေး ပြန်မကြည့်ပါ။ အရွက်ကြော်တစ်မျိုးတည်းနဲ့ ထမင်းပြီး
အောင် ခပ်မြန်မြန်စားလေသည်။

စစ် မသိမသာသက်မချရင်း သူ့ပန်းကန်ထဲ သူ့ဘာသူ
ဟင်းခပ်ထည့်ပြီး စားရတဲ့အဖြစ်။

ဒါတင်မက စစ်ကိုယ်တိုင် ဦးချခပ်ထည့်ပေးတဲ့ ဝက်သား
ချိုချဉ်ကြော်ကို ပန်းကလေး လုံးဝမတို့မထိတော့ စစ်ရင်ထဲ တစ်မျိုး

www.burmeseclassic.com

တစ်မည်ခံစားရသည်။

ဒါပေမဲ့ မငြိုငြင်လိုတော့ပါ။ ညစာမစားဘဲ ပေကတ်ပြ
အငတ်ခံနေတာထက်စာရင် ဘာနဲ့ဖြစ်ဖြစ် စားဖြစ်သွားဖို့က အရေ
ကြီးသည်။ စစ် ခပ်ထည့်ပေးတာကို စားချင်စား။ မစားချင်လဲ နေ
ပေါ့။

စစ်ကတော့ ကိုယ်ယူထားတဲ့မိန်းမဖြစ်နေတဲ့အတွက် စ
ဘက်က လင်ယောက်ျားတာဝန်ကျေချင်တာပဲ သိတယ်။

လင့်တာဝန်ကျေခြင်လို့လည်း ဦးစွာလိုက်လျှောခြင်း
ပန်းကလေးရယ်။

ဒါပေမဲ့

မင်းလေးက အစောမဟုတ်ပါဘူး။ ကိုယ်သိပါတယ်။

×

အစောနေရာမှာ အစားထိုးခံစားမယ်ဆိုတဲ့စိတ်မျိုး ကို
မှာ လုံးဝမရှိဘူးဆိုတာ ယုံပါ။

မင်းဟာ ပန်းကလေးပဲ။

ပန်းကလေးအဖြစ်ပဲ ဆက်ဆံပါ့မယ်။ ကိုယ်ကတိပေး
တယ်။

♥ ♥ ♥

BURMESE CLASSIC

အခန်း (၁၅)

"ဟော့တော်"

ပန်းကလေးလန့်ဖျပ်ကာ မွေ့ရာထက်မှ ခုန်ပျံမတတ် ကုန်း
ထမိ၏။ ရင်ထဲမှာလဲ လှိုက်ဖိုကာ။

ဘေးဘီကြည့်တော့ ပန်းကလေးနားမှာ အိပ်မောကျနေတဲ့
သခင်။

ဘုရား ဘုရား။

ပန်းကလေးကိုယ်ပန်းကလေး ပြန်ဆန်းစစ်သလို ငုံ့ကြည့်မိ
ည်။ ခြုံစောင်အောက်ရှိ ပန်းကလေး ကိုယ်ပေါ်မှာ ညကဝတ်
တဲ့ ချည်သားဂါဝန်ရှည်လေးက ကိုယ်မှာကပ်လျက်။

ရင်နဲ့ခါးကို လက်တစ်ဖက်စီနဲ့ ပြိုင်တူစမ်းသည်။ အတွင်း
ဝတ်တွေ သူ့နေရာနဲ့သူမို့ ပန်းကလေး စိတ်သက်သာရာရ

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

ပန်းကလေးက ညတိုင်း ဟောဒီမင်္ဂလာအိပ်ရာထက်မှာ အိပ်ခြင်းမဟုတ်ပါ။ ဘီရိုထောင့်မှာ ဒရင်းဘက်ခင်းပြီး အိပ်နေကျ

ထုံးစံအတိုင်း ညကလည်း ပန်းကလေး ဒရင်းဘက်ခင်းပြီ အိပ်တာလေ။ ဖျတ်ခနဲ ညလည်းတရေးနိုးလာရော မွေ့ရာပေါ် ပန်းကလေးတစ်ကိုယ်လုံး ရောက်နေတဲ့အဖြစ်။

စစ်မွေ့ရာပေါ် ရောက်နေတာမို့ ပန်းကလေး မလန့်ဖျ ဘဲ နေမတဲ့လား။

ကြည့်စမ်း။ ဘယ်ကဘယ်လို စစ်ဘေးနား ရောက်နေ တာလဲ။ သူ ပန်းကလေးအိပ်ပျော်နေတုန်း စစ်က ပန်းကလေးတ ကိုယ်လုံးကို ပွေ့ချီပြီး ခုတင်ပေါ်တင်လိုက်တာလား။

အဲလိုတွေးမိပြန်တော့ ပန်းကလေးတစ်ကိုယ်လုံး ကြက်သ လေးများ ဖြန်းဖြန်းထလျက်။ စစ်ကို ပန်းကလေးဖျတ်ခနဲ ပြန် ကြည့်၏။ စစ်သခင်က ပန်းကလေးဘက် မျက်နှာလှည့်ပြီး ဘေးတ စောင်းလေး အိပ်ပျော်နေသည်။

ကိုယ်ပေါ်မှာ ခြုံစောင်လည်းမရှိ။ ခါးအောက်ပိုင်းမှာ သ ကွာတားဘောင်းဘီပွ ဝတ်ထားသော်လည်း အကျႌချွတ်လျက်ချည် စစ်ကို ဒီပုံစံမြင်ရတော့ အပျိုစင်ဖြစ်တဲ့ ပန်းကလေး ရင်မတုန် နေမတဲ့လား။

ဟောဒီခုတင်ပေါ်ကနေ အတောင်တပ်ပြီး ပျံပြေးသွားလို ချင်ရဲ့။ တောင်ပံတစ်စုံမရှိတာ ခက်တယ်လေ။ ခုတင်ပေါ်က ဆင်း တာ စစ်ကိုကျော်ပြီးမှ ဆင်းလို့ရမယ့်အဖြစ်။ ထိုအဖြစ်က ပန်းက လေးနဖူးမှ ချွေးစလေးများစို့သည်အထိ သွေးပူလာသည်။ ဒီမွေ့ ရာပေါ် ပန်းကလေး ဆက်နေလို့မဖြစ်ဘူး။ တော်ကြာ ပန်းကလေး ကြံစည်ရင် ခက်ရချေရဲ့။

ဒါကြောင့်မို့ ခြုံစောင်ကို ပန်းကလေးကိုယ်ပေါ်က ချ၏။ ခြေရင်းဘက်ကနေ မသိမသာ ထသွားလိုက်မယ်လို့ ပန်းကလေး တ်ကူးရသည်။ စိတ်ကူးထဲကအတိုင်း ပန်းကလေး ထသွား ဖို့ သဟန်လေးကြွလျှင်။

"အလို"

ဘေးစောင်းအိပ်နေတဲ့ စစ်ကိုယ်လေး လှုပ်ရှားကာ ပက် က်ဖြစ်သွားသလို လက်တစ်ဖက်ကလည်း ပန်းကလေးဘက်သို့ န့်ထွက်လာသည်။ ထိုလက်က ပန်းကလေးကို လိုက်စမ်းသည်။ င်းအုံးသာစမ်းမိလျှင်

"ပန်းကလေး"လို့

စိတ်လှုပ်ရှားစွာခေါ်သည်။ ပန်းကလေး မထူးမိပါ။ ပန်း လေးအသံမကြားရသလို လက်နဲ့လည်း မစမ်းမိတာကြောင့် အိပ် မွှားဖြစ်နေတဲ့ စစ်မျက်လုံး ဖျတ်ခနဲ ပွင့်လာသည်။

ဒူးနှစ်ဖက်ပိုက်ပြီး ဝပ်ဝပ်လေးထိုင်နေတဲ့ ပန်းကလေးကို လျှင် စစ် ဟာင်ခနဲဖြစ်၏။

www.burmeseclassic.com



"အိပ်မပျော်ဘူးလား"

စိုးရိမ်စိတ်ကလေးနဲ့မေးရင် စစ် ကုန်းရုန်းထလေသည်။ ပန်းကလေး မဖြေ။ နံရံနဲ့ကိုယ်လေးကပ်မှီလျက်။ စစ်ကို ရှုံ့တွ တွန့် ကြည့်နေသည်။

"ဘာဖြစ်လို့လဲ"

ရှုန်းတောက်နေတဲ့ မျက်လုံးကို ပန်းကလေးရှောင်လွှဲလ

"နေမကောင်းလို့လား"

မေးရင်း စစ်လက်ဖဝါးက ပန်းကလေးနဖူးပေါ် ရော လာသည်။ စစ်လက်ချောင်းနွေးနွေးလေး ထိတွေ့လျှင် ပန်းကလေး တစ်ကိုယ်လုံး ရှိန်းခနဲဖြစ်ကာ မနေတတ်မထိုင်တတ် ဖြစ်လို့သွ သည်။

"အိုး ဖယ်"

"ကျွတ်။ မင်း တော်တော်လေး စေးနဲ့ပါလား။ ပန်းကလေ ဟင်။ ကိုယ် စိတ်ပူခွင့်မရှိဘူးလား"

"မပူနဲ့"

"ပန်းကလေး မင်းလက်လွှတ်စပယ် မပြောပါနဲ့ကွ"

"ပြောမှာပဲ၊ ဖယ်။ ပန်းကလေး ဒရင်းဘက်မှာ အိပ်နေတ ကို ဘာလို့"

ပန်းကလေး ထိုမျှနှင့် စကားရပ်လိုက်သည်။ စစ် သဘေ ပေါက်သွား၏။ မသိမသာ သက်မချရင်း လွှဲထားတဲ့ပန်းကလေ



မျက်နှာကို မေးဖျားကဆွဲယူပြီး ပန်းကလေးနဲ့ မျက်နှာချင်းဆိုင်ခွင့် ရဖို့ ကြိုးစားသည်။

"ပန်းကလေးရယ်။ ဒရင်းဘက်ပေါ်မှာချည်း အိပ်နေတာ ဘယ်နှညရှိပြီလဲ။ ကြာရင် ကျန်းမာရေးထိခိုက်လိမ့်မယ်။ အဲဒါ ကြောင့်"

"အိုး ဘာမှမထိခိုက်ဘူး။ ဖယ်။ ပန်းကလေး အောက်ဆင်း အိပ်မယ်"

"အောက်ဆင်းအိပ်မယ်။ အဟင့်။ ဆင်းကြည့်လေ"

"ဘာ"

"သတ္တိရှိရင် ဆင်းကြည့်"

ခံပြင်းစိတ်နဲ့ စိန်ခေါ်သလိုပြောနေတဲ့ စစ်သခင်။ ပန်းကလေး အံကြိတ်ကာ ဆင်းမယ်လို့ ဗွတ်ပြောဖို့ နှုတ်လေးသွားသည်။

"မင်းကို ကိုယ် ဘာလုပ်နေလို့လဲ။ မင်းမကြိုက်တာကိုယ် ဘာမှမလုပ်ဘူး။ ဒါတောင် မင်းမကျေနပ်သေးရင်၊ ကိုယ် ဘာမှ ရှုမစိုက်ဘူး။ ဂရုစိုက်ဖို့လဲ မလိုဘူး"

ဒါပဲပြောပြီး စစ်သခင် အိပ်ချင်စိတ်နဲ့ ကိုယ်ကိုမွေ့ရာပေါ် ပြန်လှဲချသည်။

တစ်ဆက်တည်းလည်း ဖက်ခွလုံးကို နှစ်ယောက်ကြား ညှိုးတားသလိုထား၏။

ခံပြင်းစိတ်နဲ့ ပန်းကလေး မျက်တောင်တဖျပ်ဖျပ်ခတ်ကာ။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ပန်းကလေးကို အနိုင်မကျင့်နဲ့"

"မင်းသာ ကိုယ့်ကိုအနိုင်ကျင့်နေတာကွ"

ဖက်လုံးပေါ် ခြေတစ်ဖက်ခွတင်ပြီး စစ်ပြော၏။ စစ်အပြုအမူက ပန်းကလေးစိတ်ကို ပိုလို့ပင် ကြက်သီးဖြန်းဖြန်း ထစေခဲ့သည်။

"ပန်းကလေးက ရှင့်ကို အနိုင်ကျင့်တယ်။ ဟုတ်လား"

"ကျွတ်။ မင်း အထူအပါး နားမလည်တာက ဆိုးတယ်ကွ။ အဲလိုနားမလည်တာက ကိုယ့်ကို အနိုင်ကျင့်တာနဲ့တူတယ်။ အေး မင်းအနိုင်ကျင့်သမျှ ကိုယ်ခံနေရက်နဲ့ ထပ်ပြီးအဆင့်တက်မလာနဲ့။ ဒီညကစပြီး မင်းခုတင်ပေါ်မှာပဲ အိပ်ရမယ်။ အဲဒါကိုမှ မင်းထပ်ဆင့်ငြင်းမယ်ဆိုရင် ကိုယ့်ဘက်က ဘာကိုမှ ဆင်ခြင်နေမှာမဟုတ်ဘူး။ ဒါပဲ။ ကဲ အိပ်တော့"

စစ် ခပ်ပြတ်ပြတ်ပြောရင်း ညအိပ်မီးပါ ဖျတ်ခနဲ လှမ်းပိတ်သည်။

ထိုအခါ ပန်းကလေးမျက်ဝန်းမှ ခပ်ပြင်းမျက်ရည်တို့ ဝေါခနဲ ကျလေသည်။

အခန်းကစ်ခုလုံး ပြာမှောင်နေသလို ပန်းကလေးမျက်ဝန်းက ပို၍ပင်မှောင်တူးသွားလေသည်။ မျက်ရည်တွေကို ပန်းကလေး လက်နဲ့ ခပ်ကြမ်းကြမ်းပွတ်သုတ်ရင်း

စစ်သခင်ရယ်။



ရှင့်စိန်ခေါ်တာကို ပန်းကလေး ရှန်းထွက်ပြမယ်ရှင့်။ မယုံရင်စောင့်ကြည့်လေ။ အခြေအနေပေးတဲ့တစ်နေ့ပေါ့။

ဟင့်ဟင့်ဟင့်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဟယ်။ ဟုတ်လား"

"ဟုတ်တယ်။ အလုပ်လျှောက်တုန်းက ပန်းကလေးကို ဆက်သွယ်ဖို့ ချယ့်လိပ်စာနဲ့ ဖုန်းနံပါတ်ထည့်ထားတယ်မဟုတ်လား"

"အေးလေ။ ဘယ်သူမှမရိပ်မိအောင်လို့ပေါ့ဟဲ့"

"အဲဒါပေါ့။ ချယ့်ဆီဖုန်းဆက်လာတယ်။ အင်တာဗျူးဖြေဖို့တဲ့။ ဒီနေ့လည် တစ်နာရီတိတိ။ ပန်းကလေး သွားမယ်မဟုတ်လား"

"သွားမှာပေါ့ဟ"

"ချယ်မလိုက်တော့ဘူးနော်"

"အဲ"

ပန်းကလေး စိတ်ထဲအလိုမကျတော့ပါ။ ချက်ချင်းပဲ ပန်းကလေး နှုတ်ခမ်းစူကာ။



ချယ်သာ အနားမှာရှိနေရင် ဖျတ်ခနဲရိုက်ပြီး။ လိုက်ခဲ့ရမယ် ဒါပဲလို့ အတင်းအကြပ်ပြောဖြစ်မယ်။

ခုတော့ ပြောခွင့်မသာ။

ဖုန်းဆက်ပြောနေတာ မဟုတ်လား။ ပန်းကလေးနားမှာ ကပ်ထားတဲ့ဖုန်းကို တင်းအောင်ဆုပ်ကိုင်လျက်၊ ပြန်ပြောဖို့ပြင်လျှင် ချယ့်ရဲ့ဖြေရှင်းချက်ပေးသံလေး ပေါ်ထွက်လာသည်။

"ချယ့်ယောက္ခမ ဖုန်းဆက်ခေါ်ထားလို့။ ဘာအရေးကြီးလဲ မသိဘူး။ ယောက္ခမအိမ်သွားရမှာမို့ပါ"

"ဟွန်း ရှင်တို့က တစ်ယောက်လည်း ယောက္ခမရှိနိုး၊ ဟိုတစ်ယောက်ကလည်း ယောက္ခမလက်ညှိုးအောက်မှာ"

"ပန်းကလေးရယ်။ ဒါကတော့ ဒီလိုရှိတယ်လေ။ ချယ်တို့က သူတို့သားကို ယူထားတယ်မဟုတ်လား။ ခေါ်ရင်သွားရမယ်။ ပြောရင် နားထောင်ရမယ်လေ"

"သွားကြ။ နားထောင်ကြ။ ဟွန်း၊ ဒါပဲ"

ပန်းကလေး မကျေမနပ်ပြောရင်း ဖုန်းခွက်ကို ဆောင့်ချလိုက်သည်။ ဆောင့်ချပြီး ဖုန်းခွက်ကို မျက်စောင်းတထိုးထိုးနဲ့ ပွစိပွစိရွတ်ကာ။

ရှင်တို့ အဖော်မလိုက်လဲရတယ်။ မလိုက်ကြနဲ့။ ယောက္ခမရှိနိုးတဲ့မိန်းမတွေ။

ပန်းကလေးကတော့ ဘယ်သူ့ကိုမှ ရှိမခိုးနိုင်ပေါင်။

www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ရင် လဲသေလိုက်။

ပန်းကလေးက ယောက်ျားမရော၊ ယောက်ျားပါ လိုချင်လို့ ရထားတာမဟုတ်ဘူး။ မလိုချင်ဘဲ ရထားတာလေ။ မလိုချင်တဲ့ဟာ ချည်းကို အရေးစိုက်စရာလား။

ပန်းကလေး တစ်ယောက်တည်း တတွတ်တွတ်ပြောရင် အင်တာဗျူးသွားဖြေဖို့ ပြင်ဆင်ရသည်။

လျှောက်ထားတဲ့အလုပ်နဲ့ လိုက်ဖက်စွာ၊ ရင်ဖုံးအပေါ်ပိုင် ကို မှန်ပါးပါးလေးအုပ်ပြီး စီးကွင့်တွေနဲ့ ဒီဇိုင်းထွင်ထားတဲ့ ပေါင် သားချည်ချောဝမ်းဆက်ကလေး ဝတ်၏။

အနီရောင်ရဲရဲလေးနဲ့မို့ ပန်းကလေးရဲ့ ပန်းနုသွေးရောင် အသားက ရဲမှည့်လင်းဝင်းလျက်။

ဆံပင်ကို အပေါ်တစ်ထပ် စုချည်ပြီး အလှကလစ်တပ်၏ ဘာရတနာမှ ပန်းကလေး ထုတ်မဆင်ပါ။ ရတနာပစ္စည်းတွေ ယောက်ျားမလုပ်သူက ပန်းကလေးကို သေတ္တာလိုက်ပေးထားပေမယ့် ပန်းကလေး ထုတ်ဆင်ဖို့ စိတ်မဝင်စားပါ။

ပန်းကလေးမှာ ရွှေနားကပ်လေးတစ်ရံတောင် မပိုင်ဆိုင် တာ ပန်းကလေးသိတယ်။ သိသိချည်းနဲ့ ယောက်ျားမစိန်နားကပ် ပါးမပြောင်ချင်။

ပန်းကလေးမှာ ရွှေငွေမရှိပေမယ့် အလှရှိတယ်။ ပန်းက လေးကိုယ်ပေါ်က အော်ရီဂျင်နယ်အလှတရားက ပန်းကလေးပိုင်



ဆိုင်တဲ့ ရတနာလေ။

ပန်းကလေးပိုင်တဲ့အလှရတနာနဲ့ပဲ ပန်းကလေး တင့်တယ် အောင် နေတတ်ပါတယ်။ ပြင်ဆင်ပြီးတဲ့ပန်းကလေးကိုယ်ပေါ်က သဘာဝအလှတွေကို မှန်ထဲမှကြည့်၏။

စိတ်တိုင်းကျဖြစ်ပြီမို့ မှန်တင်ခုံရှေ့က ပြန်လှည့်လျှင်

"ဟင်"

ပန်းကလေး ဖြန်းခနဲ ရှက်သွားရသည်။ ကြည့်စမ်း ပန်းက လေးပြင်ဆင်နေတာကို ဘယ်အချိန်ကတည်းက ရပ်ကြည့်နေမှန်း မသိတဲ့ စစ်သခင်။

"ကျွတ်။ မကြည့်နဲ့"လို့

ရှက်စိတ်အုံပွင့်ကာ မျက်နှာထားနဲ့ပြောမိသည်။ စစ်က အမြင်မကြည်သလို စိုက်ကြည့်ရင်း၊ ပန်းကလေးဆီ တန်းတန်းမတ် မတ်လျှောက်လာ၏။

ဘာကြောင့်မှန်းမသိပါ။ ပန်းကလေး ရင်တွေတုန်ကာ ဒူး တွေညွတ်ချင်လာ၏။ စစ်ပုံစံက ပန်းကလေးမကြည့်နဲ့လို့ ဟန့်တား တာကို ဘဝင်ကျပုံမပေါ်။

"မင်းက ကြာလေဆိုးလေပဲနော် ပန်းကလေး။ အဟင့်။ ရယ်ဖို့ကောင်းတယ်။ ကိုယ်မကြည့်လည်း တခြားယောက်ျားတွေ ကြည့်မှာပဲ။ မင်းကိုကြည့်တဲ့ ယောက်ျားတိုင်းကို မကြည့်နဲ့လို့ ပြောခဲ့ မလား ပန်းကလေးရယ်။ ဟင်။"

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေး မျက်နှာထားနဲ့ လက်သီးကျစ်ကျစ်ဆုပ်ထား လိုက်သည်။

"မကြည့်နဲ့၊ မထိနဲ့လို့ မင်း ကိုယ့်ကိုပြောပိုင်ခွင့်မရှိဘူး။ အဲဒါကိုတော့ မင်းခေါင်းထဲ အမြဲထည့်ထား"

ပန်းကလေးခေါင်းကို လက်ညှိုးတထိုးထိုးနဲ့ ပြောဆိုပြီး ပန်း ကလေးရှေ့က ခွာသွားသည်။ ဒီလိုလေသံမာနဲ့ အပြောခံရလေ ပန်းကလေးခံပြင်းလေ။ စိတ်ချ။ ဒီလိုပြောတာဆိုတာခံဖို့ ပန်းက လေး လူဖြစ်လာတာမဟုတ်ဘူး။

မကြာခင် ရှင့်အရိပ်အောက်က ပန်းကလေးခွာခွင့်ရတော့ မယ်။ ပန်းကလေး အလုပ်ရတာနဲ့ ပန်းကလေးခွာသွားမှာရှင့်။

ရင်ထဲမှာ ပန်းကလေး ကြွေးကြော်ကာ။

စစ်သခင်က ပန်းကလေးရှေ့က ခွာပြီးတာနဲ့ ခေါင်းရင်း ဘက်ရှိ သော့ခတ်ထားတဲ့ မတ်ရပ်ဗီရိုကြီးကိုဖွင့်ပြီး။ ဖိုင်တွဲတချို့ ထုတ်ယူပြီးတာနဲ့ သားရေအိတ်ထဲထည့်ကာ

"ဘယ်သွားဖို့လဲ၊ လိုက်ခဲ့ ပို့ပေးမယ်"

"ဟင့်အင်း"

ပန်းကလေးခေါင်းခါရင်း အကြည့်လွှဲနေလိုက်သည်။ စစ် မျက်မှောင်ကုပ်ကုပ်နဲ့ စူးစိုက်ကြည့်ပြီး

"မင်းဘယ်လိုလဲ ပန်းကလေးရယ်။ မင်းစိတ်ကို ကိုယ်နား မလည်တော့ဘူး။ မင်းဘာဖြစ်ချင်လဲ။ ဘာလုပ်ချင်လဲ။ ဘယ်လိုနေ



ချင်လဲ။ မင်းစဉ်းစား။ စဉ်းစားပြီး ကိုယ့်ကိုပြော။ မင်းဖြစ်ချင်တဲ့ အတိုင်း ကိုယ်လုပ်ပေးမယ်။ ကွာချင်တယ်ဆိုရင်တောင် ကိုယ်ကွာ ပေးမယ်"

ပြောပြီး သုတ်ခနဲ ပြန်ထွက်သွားတဲ့စစ်သခင်။

ပန်းကလေးရင်ထဲမှ မာနလေး ထောင်ထသွားသည်။ အထူး သဖြင့် ကွာပေးမယ်ဆိုတဲ့စကား အဦးဆုံးပြောလာတာက ရင်နာ နာကောင်းသည်။

ကွာပေးမတဲ့။ အဟင့်။ ပန်းကလေး ဝမ်းနည်းမယ်ထင် သား။ မာနနဲ့ဆို့လာတဲ့ မျက်ရည်တစ်စ ပန်းသွေးရောင်ရဲနေသော ပါးပြင်ပေါ် လိမ့်ကျလာသည်။

ထိုမျက်ရည်ကို ပန်းကလေးမသုတ်ပါ။

မာနမျက်ရည်စီးကြောင်းလေးနှင့်ပင် ပန်းကလေး ခြေလှမ်း များ ရှေ့တိုးခဲ့သည်။

အောက်ထပ်ရောက်မှ မအကြီးက ပန်းကလေးနားလာပြီး

"ဘယ်သွားမလို့လဲ ပန်းကလေး။ အကြီးအဖော်လိုက်ခဲ့ ပေးမယ်နော်"

"မလိုက်နဲ့"

ပန်းကလေး ခပ်ပြတ်ပြတ်ပြော၏။ အကြီးကိုယ်လေးတွန့် သွားပုံမရဲဖြစ်သွားသည်။ မလွန်ဆန်ရဲစွာ ခေါင်းတကုတ်ကုတ် ဖြစ် နေသည်။ ဒေါ်စူ မသိမသာအကဲခတ်ကြည့်နေရာမှ ရှေ့တိုးလာပြီး။

www.burmeseclassic.com

www.burmeseclassic.com



"အကြီးကို ခေါ်မသွားလဲ။ ဒေါ်စူကိုခေါ်သွားလေ ကလေး ရဲ့။ ဒေါ်စူအားပါတယ် ဟင့်ဟင့်ဟင့်"

သခင့်အလိုကျ အိမ်တော်သားပီသစွာ မျက်နှာချိုချိုလေး နဲ့ ဒေါ်စူပြောတာကို ပန်းကလေး နားမဆင်။

မျက်နှာလေးခါပြီး ရှေ့ထွက်ခဲ့သည်။ ပေါ်တီကိုအောက် မှာ ဒရိုင်ဘာကိုနိုင်က ကားတံခါးအသင့်ဖွင့်ထားလေသည်။

"မပန်းကလေး။ အစ်ကိုလေးက ကျွန်တော့်ကို လိုက်ပို့ခိုင်း တယ်ဗျ။ ကျွန်တော်လိုက်ပို့ပေးမယ်။ ကားပေါ်တက်ဗျာ"

ဘယ်သူဘယ်လိုပြောပြော ပန်းကလေး အသိအမှတ်မပြု မာနခြေလှမ်းတွေလည်း တွန့်မသွား။ တစ်လှမ်းထက်တစ်လှမ်း မာန တို့ပါကာ။

♥ ♥ ♥

အခန်း (၂၁)

"ဟယ် ကောင်း"

ပန်းကလေး တက္ကစီပေါ်ကဆင်းပြီး ရွှေရောင်မြေစင်တာ ဆီ ခြေလှမ်းရုံရှိသေးတယ်။ ကောင်းကို ဘွားခနဲမြင်သည်။ ထိုအခါ ပန်းကလေး အံ့သြဝမ်းသာခေါ်လိုက်သည်။ ကောင်းကလည်း ပန်း ကလေးဆီ အပြေးတစ်ပိုင်းလာရင်းပြောသည်။

"ပန်းကို ကောင်းစောင့်နေတာဟ"

"ဟယ် အဟုတ်"

"အဟုတ်ပေါ့ဟ"

"နေပါဦး ပန်းလာမယ်လို့ ဘယ်လိုလုပ်သိလဲ"

"စုံစမ်းထားတာပေါ့။ ဒီနေ့လူတွေ့စစ်ဆေးခံရမယ့် စာရင်း မှာ ပန်းနာမည်ပါနေတယ်လေ။ ဒါကြောင့် ကြိုစောင့်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစကားအဆုံးမှာ ပန်းကလေးရင်ထဲ ကျေနပ်အာ ရဖြစ်လေသည်။ ဒါ့ပြင် မဖုံးနိုင်မဖိနိုင် ပျော်ရွှင်လို့သွားသည်။

"ကျေးဇူးပဲကောင်းရယ်။ ပန်းက အဖော်မရှိလို့ အားငယ် နေတာပါ"

"အခုကော အားငယ်သေးလား"

"ဟင့်အင်း"

ပန်းကလေး ခေါင်းရမ်းလျှင် ဖားလျားချထားတဲ့ ဆံပ လေးများ ယိမ်းနွဲ့ကာ အလှကျက်သရေတိုးသွားလေသည်။

ထိုအခါ ကောင်းမျက်ဝန်းရောင်လေး ရွှန်းဝင့်လျက်။

"လာလေ။ အထဲဝင်ကြရအောင်"

ပန်းကလေးနှိုးဆော်မှ ကောင်းအသိဝင်လာသည်။ ခေါ ဆတ်ကာ နှစ်ယောက်သား ယှဉ်တွဲ၍ ရွှေရောင်မြေ မြန်မာ့လက် ပစ္စည်းအရောင်းစင်တာထဲသို့ ဝင်သည်။

အင်တာဗျူးဖြေကြမယ့် ပန်းကလေးတို့ အလုပ်လျှော သူတွေကို စင်တာက တာဝန်ကျဝန်ထမ်းပျိုလေး ဦးဆောင်ပြီး သန့်ဧည့်ခန်းမှာ နေရာချပေးသည်။

အင်တာဗျူးဖြေမယ့်သူတွေ အယောက်နှစ်ဆယ်လော ရှိသည်။ လိုအပ်တာက သုံးယောက်။ ဒီအယောက်နှစ်ဆယ်ထဲ ရွေးရမှာဆိုတော့ ပန်းကလေး စိတ်ပူလှသည်။

အရွေးမခံရရင် သွားပြီပေါ့။ ပန်းကလေး ဒီအလုပ်ရ



ဲ့ စစ်အရိပ်အောက်က ခွာဖို့ ဆုံးဖြတ်ထားတာလေ။ အထူးသဖြင့် တြာခင် နာရီပိုင်းလောက်ကပင် စစ်က အကွာစကားပြောခဲ့သေး ယ်မဟုတ်လား။

အဲဒီစကားနောက်မှာ ပန်းကလေးရဲ့ဆုံးဖြတ်ချက် ပိုလို့ပင် ိုင်မြဲသွားသည်။ စစ်အရိပ်အောက်က အမြန်ဆုံးခွဲဖို့လေ။

"ပန်း စိုးရိမ်မနေနဲ့နော်"

ကောင်းက စိတ်လှုပ်ရှားစွာ တွေးနေမိတဲ့ ပန်းကလေးကို တိပေးသလိုပြောသည်။ ကောင်းရှိနေလို့ တော်သေးတယ်။ ပန်း လေး မသိမသာခေါင်းဆတ်ကာပြုံးပြီး အိန္ဒြေဆယ်ကာ။

လူတွေ့စစ်ဆေးခံမယ့်သူများ တစ်ယောက်ပြီးတစ်ယောက် ခန်းထဲ ဝင်ကြရသည်။ တချို့ဆို ဆယ်မိနစ်မက ကြာသည်။ ချို့ဆို ငါးမိနစ်လောက်သာကြာသည်။ ပြန်ထွက်လာကြရင် ပန်း းတတွန့်တွန့်နဲ့ ပြုံးသူပြုံး၊ စိတ်လှုပ်ရှားသူလှုပ်ရှားနဲ့။

အားလုံးက အလုပ်ကို လိုချင်သူတွေချည်းမဟုတ်လား။

"မပန်းကလေး"

ဟော။

ပန်းကလေးအလှည့်ရောက်ချေပြီ။ ပန်းကလေး စိတ်လှုပ် စွာ ထိုင်ရာမှထသည်။ ကောင်းက အားပေးအပြုံးလေးနဲ့ စိတ် ည်တည်ငြိမ်ငြိမ်ထားဖို့ပြောကာ။ ကောင်းပြောတဲ့အတိုင်းပင်။ ပန်း လေး အရင်ဆုံးစိတ်တည်ငြိမ်အောင် ထိန်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ အရည်အချင်းရှိသော ဝန်ထမ်းတစ်ယောက်ရဲ့အ အယာနဲ့ အိခြေ့ရရခြေလှမ်းကာ ဝန်ထမ်းပျိုလေး အသင့်ဖွင့်ပေ ထားတဲ့ မှန်တံခါးပေါက်မှ ရုံးခန်းထဲဝင်သည်။

ဝင်ဝင်ချင်း ခံစားရသည်က စုပြုံကြည့်နေတဲ့ မျက်လုံးလေ ငါးစုံ။ ပန်းကလေး ထိုမျက်လုံးတွေကို ရင်ဆိုင်မကြည့်ပါ။ မျက်လွှ လေးစင်းချကာ။

"ထိုင်ပါ"

လူကြီးတစ်ဦး ရင်းရင်းနှီးနှီးပြောတဲ့အတိုင်း မတ်မတ်လေ ထိုင်ချသည်။ တန်းစီထိုင်နေတဲ့ ဘောစ်နဲ့တကွ လူကြီးလေးယော က ပန်းကလေးနဲ့ စားပွဲရှည်သာခြားသည်။ ပန်းကလေးရင်ထဲ ရှ တိုးရှုန့်တန့်ဖြစ်နေပေမယ့် အိခြေ့မပျက်အောင် သတိထားထိန်းနေ သည်။

ဒါတင်မက ပန်းကလေးကို စူးစူးစိုက်စိုက် ကြည့်နေသ ခံစားရသည်က ပန်းကလေးစိတ်ကို မလုံခြုံ။

"ပန်းကလေး"

"ဟင်"

ခေါ်သံ။ ဒီအသံ ပန်းကလေးနဲ့ ရင်းနှီးနေသည်။ ထိုအ မဆုံးခင် ပန်းကလေး မျက်လွှာပင့်ကြည့်လျှင်။ ပန်းကလေး မ ဝန်း ဝိုင်းခနဲဖြစ်ကာ။ နှုတ်ခမ်းဖူးဖူးလေးပါ ပွင့်ဟသွားသည်။

မပွင့်ခံနိုင်ရိုးလား။



ပန်းကလေးကို အကွာစကားစပြောတဲ့ ပန်းကလေးယောက်ျား စ်သခင်လေ။ နောက်ပြီး စစ်သခင်က စင်တာမှာ ဘာလို့ရောက် နေတာလဲ။ ဒါကိုလည်း ပန်းကလေး သိလိုလှသည်။

"ပန်းကလေး ဒီအလုပ်ကို စိတ်ဝင်စားတာလား"

စစ်သခင် အိခြေ့ရရလေး မေးနေပေမယ့် ပန်းကလေး ဖြေနိုင်သေး။

ကျန်လူကြီးလေးယောက်က ပန်းကလေးကို သဘောတကျ ကြည့်ပြီး ပြုံးနေကြသည်။

"မောင်စစ်ရာ။ မေးစရာမလိုတာတွေ မေးမနေပါနဲ့။ မောင့် နှီးက စိတ်ဝင်စားလို့ အလုပ်လျှောက်ထားပြီပဲ"

အနောက်တိုင်းဝတ်စုံ ကျကျနနဝတ်ထားတဲ့ လူကြီး ရယ် ယ်မောမောဝင်ပြောလျှင် ပန်းကလေး ရှက်လည်းရှက်သွားသည်။ လူကြီးအားလုံးက ပန်းကလေးကို သိနေကြတာကိုး။

"ခရေစောလိုပဲ စစ်အတွက် အားကိုးလို့ရမှာကွာ။ မေး နေပါနဲ့တော့။ မေးချင်ရင် အိမ်ရောက်မှ နှစ်ကိုယ်ကြားမေး။ ဟုတ် ား မောင်စစ်"

လူကြီးတစ်ယောက်က ခပ်နောက်နောက်ဝင်ပြောလျှင် လုံးဝိုင်းရယ်ကြသည်က၊ ပန်းကလေးရင်ထဲ အောင့်မျက်သွား

ခရေစောတဲ့။ ဒီနာမည် ပါလာပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးဗျ။ ဒါက လုပ်ငန်းသဘောအရ မေးရတာပါ"

စစ်ဘက်က အိန္ဒြေမပျက် ပြော၏။ ဒီလိုအပြောအဆိုပုံ တွေကြည့်ရုံနဲ့ စစ်သခင်ဟာ ဒီစင်တာရဲ့ အရေးပါတဲ့သူ။ ဒါမှ မဟုတ် ပိုင်ရှင်ဖြစ်ဖို့ရှိသည်။

ပန်းကလေး ထိုင်နေရာမှ ဆတ်ခနဲထွက်ခဲ့သည်က သူ့စင်တာမှန်း ရိပ်မိသွားလို့ပါ။

"နေဦး ပန်းကလေး"

စစ် ချက်ချင်းထလာပြီး ပန်းကလေးလက်ကို ဆွဲထား၏။ ဒီလိုလာဆွဲတော့ ပန်းကလေး တကယ်ရှက်သွားသည်။ လူကြီးတွေ ရှေ့မှာမို့ ပိုရှက်သည်။

"ဖယ် လွှတ်လေ။ ရှင်ဘယ်လိုဖြစ်နေတာလဲ"

"မင်းလျှောက်လွှာကြည့်ပြီးကတည်းက ကိုယ်ရွေးပြီးသား ပါ။ မင်းစိတ်ဝင်စားတဲ့အတွက် ကိုယ်ဝမ်းသာတယ်။ အန်ကယ်တို့ အားလုံးကလည်း ပန်းကလေးအရည်အချင်းကို သဘောကျတယ် လေ"

"မကျနဲ့။ ရှင့်စင်တာမှန်းသိရင် အလုပ်လျှောက်မိမှာမဟုတ် ဘူး။ အခုလည်း နောက်မကျသေးဘူး။ ကျွန်မ မလုပ်ဘူး။ ဒါပဲ"

ပန်းကလေး မာနနဲ့ပြောကာ စစ်လက်ကို ခပ်ပြင်းပြင်းပုတ် ချပြီး ရုံးခန်းထဲက ထွက်ခဲ့သည်က ခံပြင်းတဲ့မာနနဲ့။

ပန်းကလေးနဲ့စစ်ကိုကြည့်ပြီး လူကြီးလေးယောက် ရယ်



မောကြသည်က ဒီလင်မယား မတည့်မှုတာကို စချင်နောက်ချင်လို့ ဖြစ်ဟန်တူပေသည်။

ဘာပဲဖြစ်ဖြစ် ပန်းကလေးခံပြင်းလှသည်။

အံတကြိတ်ကြိတ်နဲ့ ရုံးခန်းထဲက၊ ဒွတ်တရွတ်ထွက်လာတဲ့ ပန်းကလေးကိုမြင်တော့ ကောင်းစိတ်လှုပ်ရှားစွာထကြိုသည်။

"ပန်း"

ကောင်းခေါ်သံကြားမှ ပန်းကလေး ခြေလှမ်းတန့်သွား သည်။

"သွားမယ်"လို့

ခပ်ပြတ်ပြတ်ပြောပြီး ရှေ့ကထွက်ခဲ့သည်။ ကောင်းက ဘာမန်းကတန်း နောက်ကလိုက်ထွက်ကာ။

"ဘာဖြစ်တာလဲ ပန်းရယ်"

ပန်းကလေးကို ဒါပဲမေးရင်း။ အနောက်က တကောက် ကောက်ပါလာသည်။ ပန်းကလေး ဘာဖြေရမှန်း မသိတော့ပါ။ ခံ ပြင်းစိတ်နဲ့ သွေးပွက်ပွက်ဆူလျက်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟယ်တော် သမီး"

ဒေါ်ခင်နှင်းဖြူ အံ့ဩဝမ်းသာကာ။

"လာလေ သမီး"လို့

ပန်းကလေးကို လက်ဆွဲခေါ်သည်။ ပန်းကလေး ခြံထဲမဝင်ချင်။ ခြံရှေ့က ခုံတန်းမှာပဲ ထိုင်ချလိုက်သည်။

"မေမေက သမီးကို သတိရနေတာ။ ဖုန်းဆက်မယ်ဆိုပြီး ခြံထဲကထွက်ရုံရှိသေး။ သမီးကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရတော့ ဝမ်းသာသွားတာပေါ့။ လာလေ သမီး။ အထဲဝင်ရအောင်။ သမီးဖေ ဖေလည်း ရှိနေတယ်။ သမီးဖေဖေ အခုလိမ္မာလာပြီ သမီးရဲ့။ ခြံ အလုပ်တွေ ဝိုင်းကူတာလေ"

မေမေ အားတက်သရောပြောသည်ကို ပန်းကလေး ငေး



ကြည့်နေလိုက်သည်။ ဖေဖေ့အကူအညီရလို့ မေမေ ဖုံးမနိုင်ဖိမရ ဝမ်းသာလျက်။

"ကောင်းတာပေါ့ မေမေရယ်။ အဖော်ရသွားတာပေါ့"

"ဒါပေါ့အေ။ လင်ယောကျ်ားဆိုတာ မိန်းမတွေအတွက် အားကိုးအားထားမဟုတ်လား သမီးရဲ့။ ဒါကြောင့် သမီးလေးကို လည်း အားကိုးအားထားပြုနိုင်မယ့် ယောကျ်ားနဲ့ ပေးစားတာပေါ့ ကွယ်"

မေမေ့စကားမဆုံးခင် ပန်းကလေး ခြံထဲဝင်မယ့် ခြေလှမ်း တွေနှေးကျသွားသည်။ မေမေကတော့ ဖေဖေ့ဆီက အကူအညီရနေ တာကိုပဲ အစွမ်းကုန်ပျော်နေကာ။ စစ်အကြောင်းတွေ ဆက်တိုက် ပြောလေသည်။

"သမီးလည်း သိရောပေါ့။ မောင်စစ်က လုပ်ငန်းအများ ကြီးပိုင်တာလေ။ လက်ညှိုးထိုးမလွဲဘူး သမီးရဲ့။ မောင်စစ်က လုပ် ငန်းတိုင်းကို ဖိဖိစီးစီး ထိန်းထားနိုင်တဲ့အထိ ကျွမ်းကျင်တာ။ ဘာပဲ ဖြစ်ဖြစ် မေမေ့သမီးလေး စစ်သခင်နဲ့ညားတာ ကံကောင်းတာထက် ပိုပါတယ်ကွယ်။ ဟင့်ဟင့်ဟင့် လာသမီး"

မေမေပြာရင်း ပန်းကလေးလက်ကိုဆွဲပြီး ခြံထဲသွင်း၏။ ပန်းကလေး ဟောဒီခြံထဲ မဝင်ချင်ပါဘူး။

စစ်အရိပ်နဲ့ပိုင်ဆိုင်မှုတွေ လွှမ်းမိုးနေတဲ့ လောင်းရိပ်အောက် ဘ ပန်းကလေး ရုန်းထွက်ဖို့ ကြိုးစားကာမှ ပြန်ပြန်ငြိနေတဲ့အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး အထဲဝင်၊ သမီးဖေဖေ စိုက်ခင်းထဲမှာ ရှိနေတယ်။ မေမေသွားခေါ်လိုက်မယ်"

မေမေပြောပြီး ဖေဖေရှိရာ ခြံနောက်ဘက်စိုက်ခင်းဆီ ပြေးသွားပြန်သည်။ မေမေကြောင့် ပန်းကလေး ရင်မောရသည်။ ပန်းကလေးက ကံကောင်းတယ်လို့ မေမေ ဘာကြောင့်မြင်နေရတာလဲကွယ်။ ဟောဒီခြံ ဟောဒီဝိုင်းက စစ်မိဘငွေနဲ့ ဝယ်ထားတဲ့အတွက် စစ်ပိုင်ဆိုင်တဲ့ အရိပ်မဟုတ်လား။

ဒါကြောင့် ပန်းကလေး ခြေမချချင်တာ။ ရွှေရောင်မြေစင်တာက စစ်ပိုင်သည်။ ဒါတင်မကသေးပါ။

"ဘာဖြစ်လို့လဲ ပန်းကလေး မပြောချင်နေပါ။ တခြားမှာ လုပ်မလား။ ကောင်းရဲ့ဘော့စ်အန်ကယ်ဆောင်နဲ့သိတဲ့ လုပ်ငန်းရှင်တွေ အများကြီးရှိတယ်။ အန်ကယ်ဆောင်ကို အကူအညီတောင်းရင် ရမှာပါ။ လာ"

ကောင်းဦးဆောင်ခေါ်သွားတဲ့နောက် ပန်းကလေးပါသွားသည်။ အန်ကယ်ဆောင်ကလည်း ကူညီမတဲ့။ ချက်ချင်း အန်ကယ်ဆောင်ဖုန်းဆက်ပြီး လျှပ်စစ်ပစ္စည်းကုမ္ပဏီတစ်ခုနဲ့ ချိတ်ပေးသည်။

ထိုကုမ္ပဏီက တာဝန်ခံပုဂ္ဂိုလ်ကလည်း လိုက်လိုက်လှဲလှဲ ကြိုဆိုပြီး စာရင်းကိုင်နေရာမှာလုပ်ဖို့ နေရာပေးတာ။

အဲဒီအချိန်မှာ တာဝန်ခံပုဂ္ဂိုလ်က သူတို့ဘော့စ်လာနေပြီ ခဏစောင့်ဆိုကာ၊ ထွက်ကြိုလေရဲ့။ ပန်းကလေးနဲ့ကောင်းလည်း



ဘော့စ်ဆိုသူကို မသိမသာငဲ့ကြည့်တော့

"ဟင်"

ဖြစ်ရပြန်သည်။ ဘော့စ်ဆိုတာ တခြားမဟုတ်။ စစ်သခင်ဖြစ်နေပြန်သည်။ ပန်းကလေးမျက်နှာကို ဘယ်နားထိုးဝှက်ရကောင်းမှန်းမသိတော့ပါ။

ရင်မဆိုင်ချင်လို့ရှောင်လေ။ တည့်တည့်တိုးလေ။

ထိုစင်တာထဲက ပြေးထွက်ခဲ့တာ ကောင်းနဲ့အကာအကွယ်ယူပြီးတော့ပေါ့။ ကောင်းက ဘာမှနားမလည်ဖြစ်ကာ။

"ဘာဖြစ်လို့ ပြေးထွက်ခဲ့ရတာလဲ ပန်းရယ်။ အလုပ်ရမှာ သေချာနေရက်နဲ့"

"ကောင်း ဘာမှမသိပါဘူး"

"ဘာကို မသိတာလဲ"

"အဲဒီဘော့စ်လေ"

"ဘော့စ်က ပန်းကို ဘာမှလည်း မပြောရသေးဘူး။ ပန်းရုတ်ထွက်ခဲ့တာလေ။ အဲဒါ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ။ အဲဒါ အဲဒါ"

ပန်းကလေးယောကျ်ားလို့ ပြောမထွက်ဖြစ်ရလေသည်။

"ဘာလဲ ပန်းရဲ့၊ အဲဒီဘော့စ်က ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ။ အဲဒီဘော့စ်မှာ ပန်းမလုပ်ချင်လို့ ရွှေရောင်မြေက ထွက်ခဲ့တာ။ အခုတစ်ခါ လာတိုးပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲ ပန်းရာ"

"ဆိုင်တာပေါ့။ ကောင်း မသိလို့ပါ။ အဲဒီဘော့စ်က ပန်းနဲ့ လက်ထပ်ထားတယ်ဆိုတဲ့ငနဲ"

"ဟင်"

ကောင်းပါးစပ်အပွင့်သား ဖြစ်သွားသည်။ လုပ်ငန်းတွေ လက်ညှိုးထိုးမလွဲ ပိုင်တဲ့ဘော့စ်က ပန်းနဲ့ လက်ထပ်ထားတဲ့သူ၊ ပန်းယောကျ်ားတဲ့။

ဒီလောက်ကျိကျိတက် ချမ်းသာနေတဲ့ယောကျ်ားရထား ရက်နဲ့ ပန်းနှလုံးသားက ယိုင်နဲ့မသွားတာ ကောင်းအံ့ဩလို့နေသည်။

မယုံနိုင်လည်းဖြစ်၏။

ဒါ ဘာကြောင့်လဲ။

ကောင်း မတွေးဘဲ မနေနိုင်တော့ပါ။ သေချာတာက အချစ် ကြောင့်လား။ အချစ်ကြောင့်ဆိုရင် ပန်းက ထိုငနဲကို မချစ်လို့လား။

မချစ်ဘူးဆိုရင် ပန်းချစ်နေတာ ဘယ်သူဖြစ်မလဲ။

ဟုတ်တယ်။ ပန်းချစ်တာ ဘယ်သူ့ကိုလဲ။ အတွေးနဲ့ တစ် ကိုယ်တည်းမေးမိလျှင် ကောင်းရင်ခုန်သံ မြန်လို့သွားသည်။

ပန်းရယ်။

♥ ♥ ♥

အခန်း (၂၃)

"သမီး နေမကောင်းဘူးလား"

"ကောင်းပါတယ် ဖေဖေ"

"ကောင်းတယ်လို့သာဆိုတယ်။ သမီးမျက်နှာ တညှိုးညှိုးနဲ့။ ဘာဖြစ်တာလဲသမီး။ မောင်စစ်နဲ့ စကားများလာတာလား"

ဖေဖေ အရိပ်တကြည့်မေးလာတော့ ပန်းကလေး မလုံ လဲဖြစ်ကာ။

"မများပါဘူး။ ဖေဖေ ထမင်းစားတော့မယ်မဟုတ်လား။ သမီး ထမင်းခူးလိုက်တော့မယ်"

ဒါပဲပြောပြီး ဖေဖေ့ရှေ့က ပန်းကလေး ရှောင်ထွက်ခဲ့သည်။ ဖေဖေက စိတ်မသက်မသာ ခေါင်းရမ်းရင်း သက်မချကာ။ ဇနီးသည် ကို မျက်စနဲ့မေး၏။ ဇနီးသည်က ဘာမှမသိဘူးဆိုတဲ့သဘောနဲ့

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါလျှင် ဦးဝေသာ အားမလိုအားမရဖြစ်သွားသည်။

သမီး ရောက်လာကတည်းက မျက်နှာမကောင်း။ ဒါ အ
ကြောင်းမဲ့မဟုတ်နိုင်။ သမီးကို မောင်စစ်က နှိုင်ထက်စီးနင်းဆက်ဆံ
နေသလား။ ဖခင်ပီပီ တွေးပူမိတာအမှန်။

သမီးကောင်းစားစေချင်လို့ အတင်းအကျပ် စီမံမိတာက
လွဲပြီး ကိုယ့်သမီးကို အနိုင်အထက် ဆက်ဆံမှာတော့ ဦးဝေသာ မ
လိုလားပါ။

ဒါကြောင့် သမီးမျက်နှာကို အရိပ်တကြည့်ကြည့်နဲ့ အက
ခတ်ကာ။ တိတိကျကျသိချင်စိတ်နဲ့လည်း ထုတ်မေးခြင်းရယ်။

သမီးက ရှောင်ထွက်သွားတာ ဘာဖြစ်လို့လဲ။ ဖအေကို
ပြောရမှာ အားနာလို့လား။ ဖအေကိုအားနာရင် မအေကတစ်ဆင့်
မေးခိုင်းရမှာပေါ့။

"ခင်နှင်း"

"ပြော ကိုဝေ"

"မအေလုပ်နေပြီး သမီးဘာဖြစ်လာတာလဲဆိုတာ မေးစမ်း
ဖော်တောင်မရတော့ဘူးလားကွာ"

ဒေါ်ခင်နှင်းဖြူ ခင်ပွန်းသည်ကို မျက်စောင်းထိုးပစ်လိုက်
ချင်သည်။ ဘယ့်နှယ်။ သူမကို အပြစ်တင်သလို ပြောနေလိုက်တာ
မအေဆိုတာ ဖအေထက်ပိုပြီး စိုးရိမ်တတ်တယ်ဆိုတာ နားမလည်
သလိုချည်း။



ခုမှ သမီးအတွက် သည်းနေတဲ့လင်တော်မောင်။

"မေးပါတယ် တော်ရေ။ ကို့သမီးက ဘာမှမပြောတာလေ။
ရောက်ကတည်းက ခြံဝမှာ ငုတ်တုတ်ထိုင်နေတာ။ မအေဆွဲခေါ်တာ
တောင် ခြံထဲမဝင်ဘူး။ မအေနဲ့ဖအေက သမီးရောက်လာလို့ ဝမ်း
သာအားရဖြစ်တာတောင် တော့်သမီးက ဟက်ဟက်ပက်ပက်မရှိ
ဘူးလေ။ ခုလည်းကြည့် ရှောင်ထွက်သွားတာ"

"ကဲ စကားများမနေနဲ့။ ချော့ပြုပြီးမေး။ သမီးမျက်နှာမ
ကောင်းတာမြင်ရတော့ ကို့ရင်ထဲ ထိတယ်ကွ"

ဒေါ်ခင်နှင်းဖြူ ခင်ပွန်းသည်နဲ့ ပြိုင်မပြောချင်တော့ပါ။
သမီးက ဒီတစ်ယောက်တည်းရှိတာမဟုတ်လား။

သမီးထိရင် ဆတ်ဆတ်ထိမခံဖြစ်နေတဲ့သဘော။ နောက်
ခင်ပွန်းသည်ကို သူမပဲ နားလည်ပေးရကာ၊ ထမင်းစားခန်းထဲ
န်းဝင်ခဲ့သည်။

သမီးက ထမင်းစားပွဲ ပြင်လို့တောင်ပြီးနေပြီ။

"အတို့အမြှုပ်အတွက် သခွားသီးအခွံသင်ပြီး အတုံးလေး
တွ လှီးနေသည်။ မအေ့အရိပ်ကိုမြင်တာနဲ့

"အဆင်သင့်ပဲ မေမေ။ ဖေဖေ့ကို ခေါ်လိုက်တော့"

စောစောကစကားလမ်းကြောင်းထဲမဝင်အောင် ပန်းက
းဆိုလိုက်သည်။ မေမေက မသိမသာသက်မချပြီး

"သမီးရယ်။ သမီးတစ်ခုခုဖြစ်လာတယ် မဟုတ်လား။ ပြော

www.burmeseclassic.com

www.burmeseclassic.com



ပါ။ သမီးပြောမှ မေမေတို့သိရမယ်လေ။ ဟုတ်တယ်နော် သမီ
အိမ်ထောင်ဦးအစမှာ လင်ကိုယ်မယား မကြည်မသာဖြစ်ကြ
ရေရှည်မှာပိုပြီး စိတ်သဘောထားတွေ လွဲနိုင်တယ်သမီးရဲ့။ ဒါကြော
မေမေမေးနေတာ။ သမီးဖေဖေလည်း စိုးရိမ်နေတာသမီးရဲ့"

"စိုးရိမ်မနေပါနဲ့ မေမေ။ ပန်းကလေးတို့ ဘာမှမဖြစ်
ဘူး။ ဖေဖေရေ ထမင်းစားတော့မယ်"

ပန်းကလေး စကားလမ်းကြောင်းဖြတ်ပြီး ဖေဖေ့ကို လှမ်
ခေါ်လိုက်သည်။ ထိုအခါ ဒေါ်ခင်နှင်းဖြူ ဘာမှမတတ်နိုင်သ
မျက်ခုံးချည်း ပင့်လေသည်။

ခင်ပွန်းသည်ဝင်လာတော့ ခေါင်းရမ်းပြပြီး သူမလည်
ထမင်းဝိုင်းမှာ ဝင်ထိုင်ကာ။ ပန်းကလေးက ဖေဖေ့ထမင်းပန်းက
ထဲ ငါးဖယ်ဆုပ်ဟင်းလေး ဦးချထည့်ပေးလိုက်။ မေမေ့ပန်းကန်
လည်း ှပေးကာ။

ပန်းကလေးက ငါးပိရည် တို့စရာနဲ့ ထမင်းစစားလို
သည်။ မေမေနဲ့ဖေဖေက မေးလိုပေမယ့် မမေးတော့ပေ။

သားမိသားဖသုံးယောက် လက်စုံစားနေရပေမယ့် ကိုယ်
အတွေးနဲ့ တိတ်ဆိတ်ကာ။ ထိုစဉ်

"ပွမ်ပွမ်ပွမ်"

ကားသံ။ ကားဟွန်းသံကြောင့် တိတ်ဆိတ်စွာ ထမင်းစာ
နေတဲ့ မိသားစုသုံးယောက် ခေါင်းထောင်သွားသည်။



"နေဦး မေမေထွက်ကြည့်လိုက်မယ်"

ဒေါ်ခင်နှင်းဖြူ လက်ဆေးရင်း ထထွက်သွားသည်။ ကား
ဟွန်းသံကြားကတည်းက ပန်းကလေး မျက်နှာပျက်ချင်နေသည်။
ပန်းကလေး ထမင်းစားပြီးသလိုနဲ့ လက်ဆေးကာ ထမင်းစားခန်း
ဆောင်ရှိ ပန်းကလေးအခန်းထဲ ဝင်ပုန်းနေလိုက်သည်။

စစ်သခင်ဖြစ်နေရင် ပန်းကလေး ရင်ဆိုင်နေရဦးမယ်။
ပန်းကလေး ရင်မဆိုင်ချင်။ ရင်မဆိုင်ချင်လို့ မေမေတို့ဆီလာခဲ့တာ
ညနေစောင်းကတည်းက။ အခုပဲ ရှစ်နာရီထိုးနေပြီ။ ပန်းကလေး
ရောက်သေးတာသိလို့ လိုက်လာတာပဲဖြစ်မယ်။

ကျွတ်။ စိတ်ပျက်ဖို့ကောင်းတယ်။

"လာ။ မောင်စစ်။ သမီးရှိတယ်ကွယ်။ ညနေကတည်းက
ရောက်နေတာလေ။ ညစာစားနေတာ။ ပြီးရင် မောင်စစ်ဆီ အန်တီ
ဖုန်းဆက်တော့မလို့ ဟင့်ဟင့်ဟင့်"

မေမေက စကားလှအောင် တတွတ်တွတ်ပြောလျက်၊ စစ်
ကို အိမ်ပေါ်ခေါ်တင်လာသည်။ မေမေနဲ့ခက်တာပဲ။

ဘာလို့ခေါ်တင်လာရတာလဲ မသိ။

"မောင်စစ် ထမင်းစားပါဦးလား"

မေမေက လောကွတ်လုပ်နေသေးသည်။

"မစားတော့ဘူးအန်တီ။ အန်ကယ်ရော"

"ရှိတယ် မောင်စစ်"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကလည်း ထမင်းစားမပြီးဘဲ ထထွက်သွားဟန်တူသည်။ ဧည့်ခန်းဘက်သွားရင်း ဖေဖေ့အသံပါ ပန်းကလေး အတိုင်းသားကြားရ၏။

ပန်းကလေး တံခါးနောက်မှာ ကွယ်နေရင်း စိတ်ထဲမကြည်မသာဖြစ်ကာ။ နှာခေါင်းလေး ရှုံ့တွလုပ်နေလိုက်သည်။

“ပန်းကလေးကို လာခေါ်တာ အန်ကယ်”

“ဩော် ခေါ်သွားပေါ့ကွ။ သမီးရေ။ ဒီမှာ မောင်စစ်လာခေါ်နေပြီ။ လိုက်သွားတော့လေ”

ဟွန်း။ အလိုက်မသိတဲ့ဖေဖေ။ ဒီလောက်ကြာတော့ ပန်းကလေး ဘာဖြစ်နေလဲ တတွတ်တွတ်မေးနေတဲ့ဖေဖေနဲ့မေမေ။

သားမက်လည်းမြင်ရော မျက်နှာလိုမျက်နှာရနဲ့။

“သမီး”

မေမေက ပိုပြီးအလိုက်မသိ။ ပန်းကလေးပုန်းနေတဲ့အခန်းထဲဝင်ပြီး လက်ဆွဲခေါ်သည်။

“လာလေ။ ယောက်ျားလာခေါ်နေရက်နဲ့ ပုန်းနေရတယ်လို့”

“ဟင့်အင်း မေမေ။ ပန်းကလေး မေမေတို့ဆီမှာ နေတော့မလို့”

“အလိုလေ”

ဒေါ်ခင်နှင်းဖြူ ရင်ဘတ်ဖိမတတ်ဖြစ်သည်။ သမီးဖြစ်သူ



ကိုလည်း စေ့စေ့စပ်စပ်လေး ကြည့်မိ၏။

မျက်နှာလေး နွမ်းနေတာကလွဲပြီး သမီးလေးရဲ့ အလှတရားတွေက အပျိုစင်လေးလို စူစူကြွကြွလေး ဖြစ်လို့ရယ်။

“ဟုတ်တယ်။ ပန်းကလေး မေမေတို့ဆီနေချင်လို့ လာခဲ့တာ။

ဒေါ်ခင်နှင်းဖြူ မသိမသာ သက်မလေးချသည်။ သမီးသက်ဖဝါးလေးကို တယုတယဆုပ်ကိုင်မိသလို သမီးပခုံးလေးကိုသည်း ဖွဖွဖက်လေသည်။

မအေက ကြင်နာပြတော့ သမီးဖြစ်သူက မအေပခုံးလေးသက် ခေါင်းလေးမှီကာ အားကိုးတကြီးချွဲ၏။

“နော်မေမေ။ ပန်းကလေး ဒီမှာပဲနေမယ်”

မိခင်ရင်ထဲ သမီးကို စာနာလို့သွားသည်။ မိန်းကလေးသဘာဝဆိုတာ ဒီလိုပါပဲ။

လင်ယောက်ျားနဲ့ အတူတကွ ပေါင်းသင်းရတာကို၊ စိတ်ထဲ သာသာယာယာဖြစ်စေတာမျိုးထက် ဝမ်းနည်းသလိုလို ဆုံးရှုံးသွားသလိုလို ခံစားရတာမျိုးမဟုတ်လား။

နောက်ပြီး သမီးက ချစ်မြတ်နိုးရတဲ့ ယောက်ျားနဲ့ပေါင်းရတာမျိုးဆိုရင် တစ်မျိုးပေါ့။ ခုဟာက မိဘကစီစဉ်လို့ မလွန်ဆန်နိုင်ထဲ အိမ်ထောင်ကျရတာ မဟုတ်လား။

ရုတ်တရက်ဆိုတော့ အိမ်ထောင်ရေးအနှစ်သာရကို သဘာမကျနိုင်တာမျိုးဖြစ်မယ်။ ဒါကြောင့်လဲ သမီးမျက်နှာလေးညှိုး

www.burmeseclassic.com

www.burmeseclassic.com



နေရှာတာကို။ ခုမှပဲ ဒေါ်ခင်နှင်းဖြူ သူမဘာသာသူမနားလည်ကာ။

မျက်ရည်လေးစို့အောင် ဝမ်းနည်းနေတဲ့ သမီးကို သနားလေသည်။

"ကဲပါကွယ်။ သမီးနေချင်တယ်ဆိုလဲ နေပါကွယ်။ မောင်စစ်ကို မေမေကြည့်ကောင်းအောင် ပြောလိုက်ပါ့မယ်။ ဝမ်းနည်းမနေပါနဲ့။ သမီးရယ်။ စောစောကတည်းက မေမေ့ကို ကြိုပြောထားရင် ပိုတောင်ကောင်းသေးတယ်။ ရပါတယ်လေ။ ခုလည်း မေမေထွက်ပြောလိုက်မယ်"

မေမေ စာနာသလိုပြောပြီး ပန်းကလေးနားက ခွာသွားသည်။

သမီးကို စာနာမိတဲ့ ဒေါ်ခင်နှင်းဖြူ။ သားမက်ကိုတော့ ချိုချိုသာသာနှင့် အကြောင်းပြရလေသည်။

"မောင်စစ်ရေ။ သမီးက အန်တီတို့နဲ့ နေချင်လို့တဲ့ကွယ် ဟင့်ဟင့်ဟင့်"

ယောက္ခမက ချိုသာစွာပြောပေမယ့် ယောက္ခထီးက မျက်မှောင်ကြုတ်ကြည့်သည်။

စစ် မျက်နှာမပျက်အောင်ထိန်းရင်း

"နေ နေချင်တယ်ဆိုလဲ နေလေ။ ကျွန်တော်ပြန်မယ်။ အမ်ကယ်ခွင့်ပြုပါဦး"



စစ်သခင် ဒါပဲပြောကာ။ လှည့်ပြန်သွားသည်။ မျက်နှာတော့ အလိုမကျမှုတွေနဲ့။

ဦးဝေသာက ဇနီးကို သိပ်နားမလည်ချင်တော့ပါ။ သားမက်က ကျေနပ်သလိုဟန်လုပ်ပြီး လှည့်ပြန်သွားပေမယ့် အလိုမကျမှုး သိသာနေသည်။

ယောက်ျားဆိုတာ ဇနီးမယားနဲ့ ခွဲနေနိုင်မတဲ့လား။ မင်္ဂလာဆောင်ထားတာ တစ်လပင် မပြည့်တတ်သေးမဟုတ်လား။ ယောက်ျားချင်းမို့ ဦးဝေသာ နားလည်ပေးနိုင်သည်။

ဒါပေမဲ့ သားမက်ရဲ့ ခံစားချက်ထက်၊ သမီးရဲ့ဆန္ဒကို အရေးထားရမယ် မဟုတ်လား။ ကိုယ့်သမီးဆန္ဒကို ကိုယ်ကကြည့်တော့ သားမက်လုပ်သူမကြည့်မသာ ပြန်သွားရတာကိုလည်း စိတ်မကောင်း

အိမ်ထောင်ဦးအစရဲ့ အပေးအယူမမျှတဲ့ သဘောသဘာဝတွေကလည်း သာယာမက်မောစွာ ပေါင်းဆင်းဆက်ဆံဖို့အရေး အခက်တွေ့စရာရယ်။

အင်း. . ခက်တယ်ဆိုတာထက် ပိုခက်တယ်ဆိုတာ ဒါမျိုးထင်ရဲ့။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"စိုးချယ်ရီ၊ ခင်ဗျားတို့သူငယ်ချင်းကို ခင်ဗျား မဖျောင်း… တော့ဘူးလား"

သက်နောင် သည်းမခံချင်စိတ်နဲ့ ဝေါခနဲပြောချသည်။ … အခါ စိုးချယ်ရီ မလှုံမလဲနှင့် မျက်နှာပျက်ချင်သလို ဖြစ်၏။

ချယ့်အမျိုးသား ကိုမင်းဝဏ် ချယ့်ကို စောင်ကြည့်သည်… ချယ် မလှုံမလဲနှင့်။ ဧည့်သည်တွေအတွက် ပင့်ကိုင်လာတဲ့ လ… ဖက်ရည်နဲ့မုန့်ဗန်းကို စားပွဲပေါ်တင်ပြီး

"ပန်း ပန်းကလေးက ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ။ သူ့မိဘအိမ်မှာသွားနေတာ ခုထိပြန်မလာ… သေးဘူးတဲ့"

ဒီတစ်ခါ မင်းစိုးပါ ဝင်ပြောသည်။



"အဲဒါတော့ ချယ်မသိဘူး။ ဒီရက်ပိုင်းအတွင်း ပန်းကလေးနဲ့ အဆက်အသွယ်ပြတ်နေတာလေ။ ချယ် ဖုန်းဆက်ကြည့်မယ်။ လက်ဖက်ရည် သောက်ကြပါဦး"

ချယ့်စကားသံလေး ဖော့ပြောရသည်။ လက်ဖက်ရည်ခွက်တွေ ချပေးရင်း သက်နောင်တို့ အာရုံပြောင်းအောင် ပြုမိ၏။ ဒါပေမဲ့ သူတို့တွေက ဒါဆိုဒါပဲ။ ခေါင်းတရမ်းရမ်းနှင့်။

"ပန်းကလေး တခွတ်ထိုးဖြစ်နေတာ ခင်ဗျားကြောင့်လဲ ဖြစ်နိုင်တယ်"

"ဘာရယ်။ ချယ့်ကြောင့်. . ဟုတ်လား"

စွပ်စွပ်စွဲစွဲပြောနေတဲ့ မင်းစိုးကို ချယ်ရီမျက်စောင်းထိုးပစ်လိုက်သည်။

"ချယ်ရာ။ သူများလင်မယားကြား ဝင်မပါပါနဲ့"

"ချယ်က ပါတာမှမဟုတ်တာ"

"ပါတာမဟုတ်ပေမယ့် အားပေးသလို ဖြစ်နေတာတော့ ဘယ်ကောင်းမလဲ"

မင်းဝဏ်က သူတို့ယောက်ျားချင်းဘက်က။ ချယ် ယောက်ျားကိုပါ မျက်စောင်းထိုးချင်လာသည်။

"ဟုတ်တယ်လေချယ်ရဲ့။ လက်ထပ်ထားမှတော့ တစ်ယောက်နဲ့တစ်ယောက် နားလည်ကြဖို့လိုတယ်။ အစစအရာရာ ပန်းကလေးသဘောအတိုင်း စစ် နေခွင့်ပေးထားရက်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ကိုယ်တို့လဲ ဒါပဲပြောတာ"

"ယောက်ျားတွေ ဒါမျိုးကျတော့ ညှိစရာမလိုဘူးနော်။ မိန်းမသားဘက်က ဘယ်လိုခံစားရမလဲ။ ဒါကိုတော့ စဉ်းစားပေးဖို့ စိတ်မဝင်စားဘူး။ ချယ်လည်း ထိုက်သင့်သလောက်ပြောတာပဲ။ ပန်းကလေးက သူ့စိတ်နဲ့သူ လက်မခံတာလေ"

စိုးချယ်ရီ အားနာမနေတော့။ ဘယ်သူ့မျက်နှာမှ မကြည့်ဘဲ ပြောချကာ။

"ကိုယ်တို့ပြောနေတာက လက်ခံပေးဖို့ဆိုတာထက် ဖြစ်သင့်တာလေးကို စဉ်းစားပေးဖို့ပါ"

"အခုလည်း ဖြစ်သင့်တဲ့အတိုင်း ဖြစ်နေတာပဲမဟုတ်လား။ ပန်းကလေး သူ့မိဘအိမ်သူသွားနေတာ။ ရှင်တို့သူငယ်ချင်းလည်း လိုက်နေလို့ရတာပဲ။ အန်တီတို့က စစ်ကို မောင်းထုတ်နေလို့လား"

"တော်ပြီကွာ။ ခင်ဗျားကလည်း ပန်းကလေးဘက်ကချည်းပဲ။ ရတယ်။ နေပစေ။ ဒီကိစ္စ ကိုယ်တို့ဘာသာ စဉ်းစားတော့မယ်။ ကဲ မင်းဝဏ် ကိုယ်တို့ပြန်မယ်"

သက်နောင်နဲ့မင်းစိုး အလိုမကျစိတ်နဲ့ ချက်ချင်းထပြန်သွားသည်။ ဧည့်ခံထားတဲ့ လက်ဖက်ရည်ပင် သောက်မသွား။ မင်းဝဏ်က အားနာစိတ်နဲ့ ကားပေါ်အထိ လိုက်ပို့သည်။

သက်နောင်ကားလေး မြင်ကွင်းထဲက ပျောက်သွားမှ တိုက်ခန်းထဲ ပြန်ဝင်လာသည်။ ချယ်က မောင့်ကို မျက်စောင်းတထိုးထိုး



ပဲ။

ဒီကိစ္စ ဘာကြောင့် ဒီလိုဖြစ်နေရတာလဲ။ မင်းဝဏ်မစဉ်းအားတတ်ပါ။ သူနဲ့ချယ်လည်း သမီးရည်းစားဖြစ်ပြီး ညားခဲ့ကြတာတုတ်။

လူကြီးမိဘအစီအစဉ်နဲ့ ညားကြခြင်း။ အစပိုင်းတော့ တစ်ယောက်နဲ့တစ်ယောက် ခပ်စိမ်းစိမ်းရယ်။ ဒါပေမဲ့ ယောက်ျားဆိုတာ ချဉ်းကပ်တတ်ဖို့ လိုတာပေါ့။

ဒီကိစ္စမျိုးက တစ်ရှုးထိုးဖြစ်ရင် အလားအလာ မကောင်းသေချာသည်။

စစ်ဘက်က တစ်ရှုးထိုးဖြစ်နေလို့လား။ ဒါလည်း တွေးရသည့် အချက်တစ်ချက်ပဲ။

သူငယ်ချင်းကိုထိတော့ ချယ်ကမကြည်မလင်။ သူတို့က သူတို့ယောက်ျားချင်း သဘောထားညီနေသလို၊ ချယ်ကလည်း သူငယ်ချင်းဘက်က မျှဝေခံစားပေးမှာပေါ့။ မိန်းမသားချင်းကိုး။

မင်းဝဏ် အဖက်ဖက်က တွေးတောကာ၊ နားလည်ပေးသည်။

"ချယ်ရယ်။ သက်နောင်တို့ လာပြောတာက ချယ့်ကို အမြင်ကြည်စိတ်နဲ့ မဟုတ်ဘူး။ အကူအညီတောင်းတဲ့သဘောပါကွာ"

"ဟွန်း သူတို့အကူအညီတောင်းပုံကလည်း ကူညီချင်စရာသည်း"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ မိန်းမရာ။ ယောကျ်ားဆိုတာ မကြင်ရလဲ မြင်ချင်မှာပေါ့ကွာ။ ဟုတ်ဘူးလား"

ဇနီးအပါး ကပ်ပြီးထိုင်ချရင်း ပခုံးလေးနဲ့တို့ထိုက်ကျီစယ်သလိုပြောသည်။ ချယ်က မျက်စောင်းနုနုထိုးပြီး

"မြင်ချင်ရင်လည်း လိုက်နေကြည့်ပေါ့"

"ဟ စစ်အနေနဲ့ ယောကျ်ားမအိမ် လိုက်နေဖို့က"

မင်းဝဏ် စကားရပ်ထားလိုက်တော့ ချယ်က နှာခေါင်းလေးရှုံ့တွတွနှင့်။

"ဟုတ်ပါတယ်။ မယားမျက်နှာတော့ မြင်ချင်တယ်။ ယောကျ်ားအိမ်သွားဖို့က ရှက်တယ်။ ရှင့်လိုလေ"

မင်းဝဏ် သဘောကျစွာ ရယ်မောလိုက်သည်။

မင်းဝဏ် ရယ်မောပြီး ချယ့်ကိုယ်လေးကို သိုင်းဖက်၏။ ချယ်မရုန်းပေမယ့် မျက်စောင်းရင့်ရင့်ထိုးသည်။

"ဒါကတော့ ဒီလိုပေါ့ချယ်ရယ်"

"ဖယ်ပါ"

စိုးချယ်ရီ မင်းဝဏ်လက်တွေကို သူမကိုယ်ပေါ်မှ ဖယ်ချသည်။ မင်းဝဏ်ကလည်း သူမဖယ်ချသည့်အတိုင်း အလိုက်သင့်ဖြေလျှော့ပေးကာ။

"ချယ်"

"ပြော"



မင်းဝဏ်က ချယ့်မျက်နှာလေးကို အလေးအနက်စိုက်ကြည့်၏။

ချယ် လက်ဖါးလေးကို တယုတယ ဆွဲယူဆုပ်ကိုင်ရင်း

"စစ်ခမျာ သနားပါတယ်ကွာ။ အစောနဲ့တုန်းကလည်း စစ်မျာ အဆီတဝင်းဝင်းမြင်ရုံရှိသေးတယ်။ ထိထိရှရှ ခံစားရတယ်။ ...လည်း ပန်းကလေးနဲ့ ဘာထူးလဲ။ လက်ထပ်ပြီးပြီပဲ ချယ်ရယ်။ ချယ်လိုက်လျှောသလို ပန်းကလေးလိုက်လျှောမယ်ဆိုရင် စစ်လည်း ...ယ့်လိုပဲ"

"ကဲ ကိုမင်းဝဏ်။ နောက်ဆုံးတော့လည်း ဘူတာဟောင်း...ဆိုက်တာပဲ မဟုတ်လား"

မင်းဝဏ် မြူးမြူးလေးပြုံးရင်း နှုတ်ခမ်းလေးကို မထိတထိ...၏။ ချစ်ဇနီးကလည်း စိတ်ဆိုးဟန်မပြ။ ကြည်သာတဲ့ မျက်နှာ...နဲ့ သူ့လက်မောင်းမှာ ခေါင်းလေးတင်ကာ။

"မောင်ပြောတာလဲ ဟုတ်တာပဲနော်"

"ဒါပေါ့ ချယ်ရဲ့။ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ညား...ပြီဆိုမှတော့ အိမ်ထောင်ရေးရသကို လက်သင့်ခံဖို့လိုတယ်။ ဒါမှ...ည်း ဘဝက အဓိပ္ပာယ်ရှိမှာပေါ့။ မဟုတ်ဘူးလား"

စိုးချယ်ရီ မျက်လုံးရွှဲကြီးများနှင့် ခေါင်းလေးဆတ်မိချေ...ည်၊ သူမသည်လည်း အိမ်ထောင်ရေးအစမှာတုန်းက စိတ်လက်...ကြည်သာ။ စနိုးစနောင့်နဲ့ တစ်မျိုးချည်း ခံစားရသည်။ နောက်

www.burmeseclassic.com

www.burmeseclassic.com



တော့လည်း မောင့်ရင်ခွင်နွေးမှာ ခိုလှုံဖို့ စိတ်နှလုံးသားယိုင်ညွတ်
ကာ။

မောင်နဲ့ တစ်နေ့ကလေးမှ ခွဲမနေနိုင်တဲ့အထိ ယစ်မူး
တာ ချယ်ကိုယ်တွေ့လေ။

ပန်းကလေးကိုလည်း ထိုသို့ဖြစ်စေချင်သည်။

ဒါမှလည်း သာယာတဲ့အိမ်ထောင်၊ ခိုင်မြဲတဲ့လင်မယားဘ
ကို ပိုင်ဆိုင်ခွင့်ရမှာ။

"ဟုတ်တယ်နော် မောင်"

"အင်း"

မောင်က နှုတ်ခမ်းနွေးနွေးလေးနဲ့ သက်သေထူကာ။

♥ ♥ ♥

အခန်း (၂၅)

"ပန်း"

ဖြစ်နိုင်ရင် ကောင်းရဲ့အကြင်နာလက်ချောင်းလေးတွေနဲ့
န်းဆံပင်လှလှချည်းကို တယုတယ ပွတ်သပ်ရင်း ခေါ်ချင်မိသည်။
တော့ အခွင့်မသာ။ ထိုသို့ပြုမူခေါ်ဆိုခွင့် မရှိသေးတာမို့ ရိုးရိုးလေး
ခေါ်ရကာ။

ပန်းကလေး ကင်မွန်းချဉ်ရွက်တွေ ကတ်ကြေးနဲ့ညှပ်ခူးနေ
မှ ငဲ့ကြည့်ပြီး

"ဘာလဲ ကောင်းရယ်"

"ဟိုလေ"

ရင်ခုန်တာတွေ ဖုံးဖိထားရတာ ကောင်းစိတ်က မလုံခြုံ
လို ဖြစ်ရတာမို့ ပန်းကိုတည်ငြိမ်စွာ မကြည့်ဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံမြန်မြန်ဖြင့်

"ပန်းကို ကောင်းရင်ဖွင့်ချင်လို့"

"အလို ရင်ဖွင့်ချင်လို့ ဟုတ်လား။ ဘာကိစ္စလဲ"

ပန်းကလေး ကင်ပွန်းချဉ်ရွက် ညှပ်နေရာမှ ရပ်တန့်လိုက်သည်။ နှစ်ယောက်သား ကင်မွန်းပင်တန်းနောက်မှာမို့ လုံခြုံလှတယ်လို့မဆိုနိုင်။ ဒါပေမဲ့ မေမေနဲ့ဖေဖေ မြို့ထဲသွားတာမို့ ကောင်းလွတ်လပ်ရေးရနေသည်။

ဒီအခြေအနေကို ကောင်းအသုံးချလို၏။ ပန်းကလေးက လည်း စိတ်ဝင်တစားရှိနေတာမို့ ကောင်းအားတက်ကာ။

"ဒီလိုဟာ။ ခုချိန်မှာမှ ဒီလိုစကားမပြောသင့်ဘူးလို့ မထင်ပါနဲ့ပန်းရယ်။ ကောင်းအချစ်ကို ပန်းအသိအမှတ်ပြုပါလား"

"ဟင်"

ပန်းကလေး မျက်လုံးပြူးကာ။ မလုံမလဲစိတ်နဲ့ ဟိုဟိုဒီဒီ ကြည့်မိသည်။ တစ်ယောက်ယောက်ကြားသွားရင် အခက်သားဆိုတဲ့ အတွေးနဲ့ပါ။

"နော် ပန်း"

ပြောရင်း ကောင်း ရှေ့တိုးလာကာ၊ ကင်ပွန်းချဉ်ခက်လေး ကိုင်ထားတဲ့ ပန်းလက်ဖဝါးလေးကို မရဲတရဲဆုပ်ကိုင်၏။

"အို ကောင်း"

ပန်းကလေး လန့်လန့်ဖျပ်ဖျပ် ဖြစ်သွားတာမို့ ကောင်းက



လည်း လက်ကလေးပြန်ရုပ်သိမ်းသည်။ ပန်းကလေး ခြေတစ်လှမ်း နောက်ဆုတ်လျှင် ကိုင်ထားတဲ့ ကင်ပွန်းချဉ်ခက်လေး ကတုန်ကယင် လွတ်ကျ၏။

"ပန်း"

ကောင်း အရဲစွန့်ခေါ်ကာ ခြေလှမ်းရှေ့တိုးလျှင်၊ ပန်းကလေး ခေါင်းတရမ်းရမ်းနှင့်

"နေပါဦး ကောင်းရယ်။ ပန်းက လွတ်လပ်တဲ့မိန်းကလေးမှ မဟုတ် တာ"

"မလွတ်လပ်တာက လွတ်လပ်အောင် လုပ်လို့ရပါတယ် ပန်းရယ်။ ချစ်တဲ့စိတ်က ထိန်းထားလို့မရဘူး။ ကောင်းပြောချင်တာ ဒီက ပြန်ရောက်ကတည်းက။ ပြောခွင့်မသာတာနဲ့"

"ပန်း ချစ်တာတွေဘာတွေ မပြောတတ်ဘူး။ ကောင်းကို ချစ်ဖို့မချစ်ဖို့ဆိုတာလည်း ခံစားချက်မရှိသေးဘူး။ ခုချိန်မှာ ပန်းသိ တာက လွတ်မြောက်ခွင့်ရဖို့ပဲ ကောင်းရယ်။ ပန်းလွတ်လပ်ချင်တယ်။ ဒါကြောင့် အလုပ်တစ်ခုရဖို့ ကြိုးစားမိတာ။ ကြိုးစားလေ အဲဒီငနဲ သုပ်ငန်းတွေနဲ့ချည်း တိုးနေလို့ မေမေတို့ဆီမှာ ခဏရှောင်နေတာ"

"ရှောင်နေတာကို ကောင်းသဘောကျပါတယ်။ ဒါပေမဲ့ ပန်းမေမေတို့က ဟိုဘက်ကလေ။ ပန်းကို အတင်းအကျပ်နဲ့ နောက် တစ်ခါဖိအားပေးလာရင် ပန်းဘဝပဲ နစ်မွန်းသွားမှာ။ ကောင်း အဲဒါ ကို စိုးရိမ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေး သက်မ,ချရင်း ကောင်းအနားက ခွာခဲ့မိသည်။

"အို။ ပန်းဘဝကို ပန်းအနစ်မွှန်းမခံပါဘူး ကောင်းရယ်။ လွတ်မြောက်နိုင်တဲ့လမ်းစတွေ စစ်သခင် ပေးထားပါတယ်။ ဒါကြောင့် ပန်းဘာသာပန်း ကြိုးစားပြီး ရုန်းထွက်ချင်တယ်။ အဲဒီအတောအ တွင်းမှာ ကောင်းနဲ့ပန်း မတွေ့ကြဖို့လိုမယ် သိလား"

"ဘာဆိုင်လို့လဲ ပန်းရယ်"

"ဆိုင်တာပေါ့။ ကောင်းနဲ့ပန်း ခုလိုစကားပြောတာသိရင် မေမေနဲ့ဖေဖေ ပန်းကိုဆူလို့ဆုံးမှာမဟုတ်ဘူး။ ပြီးတော့ စစ်သခင် ပန်းကို ရှုံ့ရှုံ့ချချနဲ့ လက်ညှိုးထိုးလာမယ်လေ။ ယောက်ျားနဲ့တော့ မျက်နှာချင်းမဆိုင်ဘူး။ သူစိမ်းယောက်ျားနဲ့ လက်သင့်ခံစကားပြော တယ်ဆိုပြီး၊ ရမယ်ရှာရင် ပန်းဂုဏ်သိက္ခာကျမှာပေါ့။ ပန်းက မိန်း ကလေးပါ ကောင်းရယ်။ လွတ်လပ်ခွင့်မရသေးသရွေ့ သိက္ခာမကျ အောင် ဆင်ခြင်နေရမယ့် တာဝန်ရှိတယ်"

ကောင်း စိတ်ပျက်သလိုဖြစ်လာသည်။

ဆွဲညှို့အားပါတဲ့ ပန်းရဲ့မျက်နှာအစိတ်အပိုင်း အသီးသီး ကို ကြည့်သည်။ ပြီးတော့ လည်တိုင်ရှည်လေးအောက် တရွေ့ရွေ့ ဆင်းကြည့်ကာ။

ပင်ကိုယ်အလှသွေး ရှန်းကြွကြွဖြစ်နေတဲ့ပန်းကို ကောင်း ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင်မှန်း ကိုယ်တိုင်သိနေသည်။

လောလောဆယ်အနေအထားအရ ပန်းက စည်းဝိုင်းတစ်



ည်းမှာ ပိတ်မိနေတော့ ကောင်း ကိုယ်ရှိန်သတ်ရမလို။

"ကောင်းကလည်း ပန်းရဲ့သိက္ခာကို ထိပါးချင်လို့ မဟုတ်ပါ ။ ကောင်းမှာလဲ ကောင်းအစီအစဉ်နဲ့ကောင်းပါ။ ကောင်း ကြိုး ထားတဲ့အခြေအနေတစ်ခုက ပန်းဘဝလေး ငြိမ်းချမ်းစေမယ် ကောင်းအာမခံရဲတယ်။ ကောင်းမှာ ခုဆို တင့်တင့်တယ်တယ် နိုင်တဲ့ အခြေအနေရှိပါပြီ ပန်းရယ်။ ကောင်းရဲ့ ဒစ်ဂျစ်တယ် ချိကားတွေ ခုဆို အတော်အောင်မြင်နေပြီ ပန်း"

"ကောင်းအတွက် ဝမ်းသာပါတယ်ဟာ"

"ဟော့ကောင်း။ နင် ပန်းကလေးနားလာပြီး ဘာလာကြို တာလဲ"

ပန်းနဲ့ကောင်း စကားတွေပြောလို့ မဆုံးသေးပါ။ ခြံဝိုင်းထဲ လာတဲ့ မိဆင့်။ အသံကျယ်ကျယ်နဲ့ မနှစ်မြို့သလို လှမ်းပြော ည်။

ထိုအခါ ပန်းနဲ့ကောင်း ခြေလှမ်းတွေနောက်ဆုတ် ကိုယ် သတ်ကာ၊ အိန္ဒြေဆယ်ကြသည်။

"ကောင်း။ နင် ပန်းကလေးဆီလာမယ်ဆိုလဲ ချယ်တို့ကို ပြာလေ။ ဘယ့်နှယ် ဒေါ်ဒေါ်တို့မြို့ထဲထွက်သွားတာကို အခွင့် ကောင်းယူပြီး ပန်းကလေးဆီ လာရတယ်လို့။ ပန်းကလေးကလည်း လို့ နှစ်ယောက်တည်း စကားပြောနေရတာလဲ။ ကိုယ့်အနေအ ားလဲ ကိုယ်သိဦး ပန်းကလေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ချယ် မျက်စောင်းလေးတထိုးထိုးနဲ့ပြောကာ ပန်းကလေ တို့အနား ရောက်လာသည်။ သူငယ်ချင်းတွေ ဒီလိုပြောလာ ပန်းကလေးတို့ မခံချင်။

"ပန်းနဲ့ကောင်းက သူငယ်ချင်းပဲ။ စကားပြောတာ ဖြစ်လဲ"

ကောင်း ပက်ခနဲ ပြန်ပြောသည်။

"ဟုတ်သားပဲ။ ရှင်တို့ကလည်း"

ပန်းကလေးလည်း ပြောရင်း ချယ့်ကိုမျက်စောင်းထိုးသ မိဆင့်နဲ့ချယ်က မျက်မှောင်တွေကုပ်၊ နှာခေါင်းတွေရှုံ့နဲ့။ နှစ်ယော လုံးကို မနှစ်သက်သလိုကြည့်ရင်း

"ဟဲ့ သူငယ်ချင်းဆိုတာဟုတ်တယ်။ ဒါပေမဲ့ ပန်းကလေ က ယောက်ျားနဲ့ကောင်းရဲ့။ တော်ကြာ စိတ်သခင် ပြဿနာရှာ သူငယ်ချင်းအချင်းချင်း စိတ်ထိခိုက်စရာတွေ ဖြစ်ကုန်မယ်။ ကြောင့်ပြောတာ။ နောက်တစ်ခါဆို ကောင်း ပန်းကလေးနဲ့မ နဲ့။ မိဆင့်တို့ကိုခေါ်။ သူငယ်ချင်းအားလုံးရှိနေတော့ ပိုကောင်း ပေါ့ မဟုတ်ဘူးလား မောင်ကောင်းမွန်"

မိဆင့် ထိထိပါးပါးပြောတော့ ကောင်းမျက်နှာချည်း မှောင်သွားသည်။ ရင်ထဲမှာ အကြိတ်အခဲဖြစ်ကာ။ နေနှင့်ဦး လို့ တေးမှတ်ရင်း

"တော်တော့မိဆင့်။ နင်တို့ သူငယ်ချင်းအချင်းချင်း ခွဲ



းနဲ့။ ပန်း ကောင်းပြန်မယ်"

ကောင်း အံကြိတ်ပြောကာ၊ ပန်းကလေးကို နှုတ်ဆက်သွား ည်၊ ပန်းကလေး အားနာရတာမို့

"ဟဲ့ ကောင်း နေဦးလေဟာ"

လိုက်ခေါ်ဟန့်တားပေမယ့် ပန်ကလေး စိတ်ရှိတဲ့အတိုင်း င်မသာ။ ပန်းကလေးကို မိဆင့်က ပခုံးဆွဲသလို ချယ်က လက်ဆွဲ တာမို့။

သူငယ်ချင်းတွေကြား သဘောထားတွေ ချိန်ခွင်လျှာမညီ လေပြီ။

ကောင်းရယ်။

ပန်းကလေး အခြေအနေကို နားလည်ပေးပါကွယ်။

♥ ♥ ♥

## အခန်း (၂၆)

နွေ။

နွေက လှသည်။ သတို့သမီးလေးလို လှပါသည်။ သို့

ပူပြင်းသွေ့ခြောက်မှုတွေနဲ့မို့၊ ရင်မှာ ရှရှလေးလောင်နေကာ

နွေဟာ ပန်းကလေးရင်ခွင်နဲ့မခြားဟု ပန်းကလေး

သည်။

ဟုတ်တယ်လေ။

ပန်းကလေးရင်မှာ စူးစူးရှရှ လောင်နေတဲ့အဖြစ်၊

"ပန်းကလေးရယ်။ မာနတွေနဲ့ မောင်းတင်မထားပါနဲ့

"အောင်မာ။ ရှင်တို့က ပန်းကလေးကို အပြစ်မြင်နေ

ပေါ့လေ"

"ဒီကိစ္စက အပြစ်မြင်တာနဲ့ မဆိုင်ဘူး။ ချယ်ပြော



အခြေအနေကို လက်သင့်ခံဖို့ပါ"

"သေလိုက်ပါလား"

ပန်းကလေး ကွပ်ပျစ်ပေါ် ထိုင်ရာမှထကာ၊ ပိန္နဲပင်စည်နား သွားရပ်နေလိုက်သည်။ သူငယ်ချင်းတွေနဲ့လည်း မျက်နှာချင်းမဆိုင်ချင်သလို ကျောပေးရပ်နေလျှင်

"ပန်းကလေးရယ်။ ရှင် ဘာဖြစ်လို့ ခါးခါးသီးသီးဖြစ်နေရတာလဲ"

မိဆင့် ကွပ်ပျစ်ပေါ်ကဆင်းရင်း မေးသည်။ ပန်းကလေးနှုတ်ခမ်းလေးမဲ့ကာ။

"ခါးသီးတာမဟုတ်ဘူး။ အစားထိုးခံရမယ့် မိန်းမဘဝ မရောက်ချင်တာ။ နေရာတကာမှာ အစော အစောနဲ့။ တစ်စောတည်းစောနေကြတာလေ"

"နေပါဦး။ ပန်းကလေးက အဲဒါကို မကျေနပ်တာလား"

"မကျေနပ်တာ မဟုတ်ဘူး။ ဇာတ်လမ်းစကတည်းက အစောနဲ့စတာချည်းပဲ။ သူ့မိဘက ပန်းကလေးဟာ အစောနဲ့တူလို့တဲ့။ အဲဒီအစောသေလို့ သူတို့သား မူးရူးသောက်စားပြီး အချိန်ကုန်နေလို့ အဲဒီအစောနဲ့တူတဲ့ ပန်းကလေးကို အတင်းပဲ သူတို့သားဘဝထဲရောက်အောင် ချည်နှောင်ပြီး တွန်းပို့တာလေ။ စစ်ကရော ဘာထူးလဲ။ မင်္ဂလာဦးညကတည်းက အစောရေတဲ့။ အလုပ်ထဲဖြစ်ဖြစ် တိုက်ထဲဖြစ်ဖြစ် အားလုံးပါးစပ်ထဲမှာ အစောချည်းပဲ။ ဘယ့်နှယ်။

www.burmeseclassic.com



သူတို့ဖြစ်နေတဲ့ စိတ္တဇတွေအတွက် ပန်းကလေးက ဖြည့်စွက်ခံဖို့ မိန်းမဖြစ်ရမတဲ့လား။ ပြီးတော့ ပန်းကလေးကို အနိုင်ကျင့်ဖို့ ကြိုးစားတာတွေရှိသေးတယ်။ ရှင်တို့ဘာသိလို့လဲ"

ပြောနေရင်း နာကျင်မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာတဲ့ ပန်းကလေး။ မိဆင့်နဲ့ချယ် ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်ကာ အံ့သြလို့နေသည်။

ပန်းကလေးက စိတ်ဆိုးနေတာ၊ ဒါမှမဟုတ် စစ်ကိုလက်သင့်ခံရမှာ စိုးကြောက်နေတာလို့ သူငယ်ချင်းတွေက ထင်ထားတာလေ။

ခုတော့ ထင်သလိုမဟုတ်။

ပန်းကလေး ဒရဟော ပြောချနေသည်က နားထဲ တဒိုင်းဒိုင်းစီးဝင်လို့နေသည်။

ပန်းကလေး ရင်ထဲမှာ နာကျင်နေတာတွေပဲ ရှိသည်။ ပန်းကလေးကို အတင်းအကျပ် သူမွေ့ရာပေါ် အိပ်စေခဲ့တဲ့အထိ ပန်းကလေးသည်းခံခဲ့ပါသည်။

စစ်ဘက်က စိန်ခေါ်ထားတာကို ပန်းကလေး တုပြိုင်မရဲတာက အမိကပါ။ တော်ကြာ စစ်ဘက်က မစောင့်စည်းခဲ့ရင်၊ ပန်းကလေးဘဝ အညွန့်ကျိုးသွားမှာစိုးတာလဲပါသည်။

ဒါပေမဲ့ စစ်က ပြောတဲ့အတိုင်း ကတိမတည်။

ပန်းကလေး အိပ်ပျော်နေတာကို အခွင့်အရေးယူဖို့ ကြိုးစားတာလေ။



အရက်နံ့စူးစူးကြောင့် ပန်းကလေး လန့်ဖျပ်နိုးသွားလို့သာပေါ့။

"ရှင်နော်"လို့

ပန်းကလေး စစ်မျက်နှာကို အားနဲ့တွန်းပစ်ကာ ကုန်းရုန်းထဖို့ ကြိုးစားပါသည်။ ဒါပေမဲ့ စစ်အလျှော့မပေးပါ။

ဆန္ဒဇောတွေနဲ့ ရှေ့တိုးလာတာမို့ ပန်းကလေးခံပြင်းလျက်။

"ဒီမှာ ရှင် ပန်းကလေးဆန္ဒမပါဘဲ၊ တစ်ခုခုကို ကျူးလွန်ကြည့်။ ရှင့်အစောဆီ ရှင်ရောက်သွားစေရမယ်။ နားလည်လား"

"မင်း ကိုယ့်ကို အဲလောက်ထိ ငြင်းစရာမလိုပါဘူးကွာ။ ကိုယ်က မင်းလင်ပါကွ"

"ဟုတ်တယ်။ အများအမြင်မှာ ရှင်က ကျွန်မလင်။ ဒါပေ လင်ကောင်းပီသဖို့တော့ လိုတယ် စစ်သခင်။ တခြားမိန်းမကို လမ်းနေတဲ့စိတ်နဲ့ ကျွန်မကို အဖြည့်ခံမိန်းမဖြစ်အောင် ရှင် စာရင်းသွင်းနေတာလေ။ ရှင့်နှလုံးသားထဲမှာ ပန်းကလေးဆိုတဲ့မိန်းမကို န်ဖိုးထားနေတာမဟုတ်ဘူး။ ရှင့်မိဘဝယ်ပေးတဲ့ပစ္စည်းလို သဘောားပြီး အသုံးပြုချင်တာမျိုး။ အဲဒီအတွက် ရှင့်ကို ပန်းကလေး ယ်တော့မှ မလိုက်လျောနိုင်ဘူး။ ရှင့်ဆန္ဒအတွက် ရှင်ရှေ့တိုးမယ် ရင် ရှင့်ကိုဖြစ်ဖြစ် ပန်းကလေးကိုယ်ကိုဖြစ်ဖြစ် ပန်းကလေး တစ် လုပ်ပစ်ဖို့ ဝန်မလေးဘူးစစ်။ ရှင့်ကို ပန်းကလေးစိန်ခေါ်လိုက် ယ်။ ရှင် ပန်းကလေးကို စော်ကားကြည့်"

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေး မာနကြီးစွာ စိန်ခေါ်လိုက်သည်။ ဖြစ်ချင်ေ
ဖြစ်စေတော့။ ခွေးဖြစ်ပြီးမှ မစင်စားဖို့ မကြောက်သလိုပေါ့။ ဟု
တယ်လေ။

ရင်ထဲမှာ ဝမ်းနည်းတာထက်ပိုတဲ့ နက်နဲမှုက မျက်ရ
တွေကိုဖြစ်တည်စေသည်။

"ပန်းကလေးရယ်"

မိဆင့်နဲ့ချယ် သူငယ်ချင်းဖြစ်သူကို ခုမှသနားသွားသည်
သနားစိတ်က တဖြည်းဖြည်းပိုလာတာမို့ ပခုံးလေးဖက်ကာ နှစ်သ
ပေးမိသည်။

"ပန်းကလေးရယ်။ စစ် အရက်မူးနေလို့ဖြစ်မှာပေါ့"

"မူးချင်ယောင်ဆောင်နေတာ။ သူ့သူငယ်ချင်းတွေက မြှော
ပေးကြတာလေ။ ပန်းကလေးကို အဲဒီနည်းနဲ့ သိမ်းပိုက်ဖို့ အကြံ
ကြံကြတာ။ ပန်းကလေးတဲ့။ မာနအပြည့်ရှိတယ်"

မလွယ်ပါလားလို့ ချယ်ရေရွတ်ရင်း သက်မလေးချရှာသည်

"အဲဒါကို စစ်သခင် အတော်တင်းသွားပုံရတယ်။ နော
တစ်နေ့ ပန်းကလေး အင်တာဗျူးဖြေဖို့ သွားမယ့်နေ့ပေါ့"

ချယ်နဲ့မိဆင့် ပို၍စိတ်ဝင်စားသွားသည်။

"ဘာတဲ့လဲ ပန်းကလေးရယ်"

ပန်းကလေးပါးပေါ်က မျက်ရည်စီးကြောင်းကို ခပ်ကြ
ကြမ်းပွတ်သုတ်၏။



"အဟင့်"

ပန်းကလေး နာကျင်စွာမဲ့၏။ မာနကလေးနဲ့ အံကြိတ်ကာ တစ်လုံးချင်း ပြောလေသည်။

"ကွာချင်ရင် ကွာပေးမယ်တဲ့"

"ဘယ်လို။ ပန်းကလေးကို စစ်ဘက်က စပြီး အကွာစကား ပြောတယ် ဟုတ်လား"

"ဟုတ်တယ်မိဆင့်။ သူ့ဆန္ဒကို မလိုက်လျောလို့ ဒီစကားမျိုး စပြောတာ။ ဒီလိုစကားစတယ်ဆိုကတည်းက ပန်းကလေးအပေါ် သူ တကယ်တန်ဖိုးထားတာ မဟုတ်သလို၊ တကယ်မြတ်နိုးတာလဲ မဟုတ်ဘူး။ သူ့မယားကို တမ်းမက်တဲ့စိတ်ဖြေဖျောက်ဖို့ ပန်းကလေးကို သူပေါင်းချင်တာကလွဲပြီး၊ တခြားဘာရှိဦးမှာလဲ ရှင်တို့ရယ်"

သူငယ်ချင်းနှစ်ယောက် လိုက်မမီနိုင်တော့ပါ။ ယောကျ်ားတွေဘက်က ပြောတာကတစ်မျိုး။ ပန်းကလေးခံစားနေရတာ တကဏ္ဍ။ နှစ်ယောက်ကြားမှာ ညှိနှိုင်းမရဖြစ်ရခြင်းက စစ်မှန်တဲ့လင်မယားဘဝ ရောက်ရေးမဟုတ်။

ဆန္ဒပြည့်ရေးနဲ့ သိမ်းပိုက်ရေး။

"ပန်းကလေး အလုပ်ရရင် သူ့အရိပ်အောက်မှာ မနေတော့ဘူး။ မေမေနဲ့ ဖေဖေ့ကိုခေါ်ပြီး သူလက်လှမ်းမမီတဲ့ တစ်နေရာမှာ အိမ်လေးငှားပြီး နေကြမယ်။ ငါးပိရရ ဆားရရ ရရာစားပြီး ပန်းကလေးဘဝကို ပန်းကလေး ရပ်တည်မယ်ဆိုတဲ့ ခိုင်မာတဲ့မာနနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ပြီးထွက်ခဲ့တာ။ သူ့လုပ်ငန်းတွေနဲ့ချည်း တိုးတိုးနေလို့ ပန်းကလေး မေမေတို့ဆီ ပြန်နေတာ။ မေမေတို့က တစ်မျိုးထင်နေတယ်။ ပန်းကလေး အနာဆုံးက ပန်းကလေးကို သူတန်ဖိုးထားတဲ့စိတ်နဲ့ မဟုတ်မှန်း သိလိုက်ရကတည်းက။ အေးလေ။ သူ့အတွက် ဘာတန်ဖိုးထားစရာလိုလဲ။ ပန်းကလေးကို ကွာပြီးရင် သူ့မိဘက သူ့အတွက် နောက်မိန်းမ ရှာပေးဦးမယ်။ မဟုတ်ဘူးလား”

ပန်းကလေးစကားအဆုံးမှာ မိဆင့်နဲ့ချယ် အသက်ရှူဖို့ မေ့ချေသည်။

“နောက်ပြီး စစ်လာခေါ်တယ်ဆို ပန်းကလေးကို”

“သူ့ဘက်က တာဝန်ကျေချင်လို့ ခေါ်တာ။ ပန်းကလေးက မလိုက်ဘူး။ အဲဒီအတွက် ကွာမယ်ဆို သူ့ဘက်က အပြစ်လွတ်မှာပေါ့။ ဒါကြောင့် လူကြီးမိဘအမြင်ကောင်းအောင် လာခေါ်တာနေမှာ”

ပန်းကလေးပြောနေတာတွေကလည်း ဟုတ်တုတ်တုတ်ရယ်။ ယောက်ျားဘက်က ကွဲမယ်ကွာမယ် စပြောတာဆိုတော့ ပန်းကလေးပြောတာတွေက အားလုံးဖြစ်နိုင်ချေချည်းပင်။

“ဒါဆိုလည်း ပန်းကလေးရဲ့ မေမေနဲ့ဖေဖေ ပန်းကလေးအကြောင်းစုံ ကြိုပြောထား။ တော်ကြာ မိဘကကြိုမသိရင် ပန်းကလေးအလွန်ပဲ ထင်နေဦးမယ်”

“ပန်းကလေးလည်း စိတ်ကူးထားပါတယ်။ အခြေအနေ



ကြည့်ပြီး ထုတ်ပြောမယ်။ မေမေက ပန်းကလေးဘက်ကရပ်တည်ရင် ဟောဒီခြံဝိုင်းလေးထဲက ပန်းကလေးတို့မိသားစု တိတ်တိတ်လေး ပြောင်းသွားလိုက်မယ်။ မေမေ့နာမည်နဲ့ ဝယ်ပေးထားတဲ့ ခြံစာချုပ်တွေကို ရှင်တို့လက်ထဲ အပ်ခဲ့မယ်။ အန်တီဝင့်ကို ရှင်တို့ပဲ ပေးပေးပေါ့”

ပန်းကလေး အဆုံးသို့ စီစဉ်ထားချေပြီ။

မိဆင့်တို့လည်း ဘာမှမတတ်နိုင်။ လာခဲ့တာ သူငယ်ချင်းကို အတင်းအကြပ်နားချဖို့ပါ။

“ဒါနဲ့ ရှင်နဲ့ကောင်းက”

ချယ် အလောတကောမေးသည်။ ပန်းကလေး ခေါင်းတစ်ချက်ခါ၍

“ကောင်းနဲ့ကိစ္စ ခေါင်းထဲထည့်မထားဘူး။ လောလောဆယ် ပန်းကလေး လွတ်မြောက်ခွင့်ရဖို့ပဲ”

“ပန်းကလေးရယ်။ ဆင့်တော့ ဘာအကြံပေးရမှန်း မသိတော့ပါဘူး။ ရှင်တို့အဖြစ်က အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ဆိုတာထက် ပိုနေတယ်။ အရှင်းဆုံးပြောရရင် အိမ်ထောင်ရေးကင်ဆာဖြစ်နေတာလေ။”

“ဟုတ်တယ်။ အိမ်ထောင်ရေးကင်ဆာဆိုတာ ဒါပဲ”

အရေးထဲ ချယ်ကပါ ထောက်ခံပြန်သည်။

ဘာပဲဖြစ်ဖြစ်။ ပန်းကလေးလည်း မိဆင့်တို့သတ်မှတ်သလို

www.burmeseclassic.com

www.burmeseclassic.com



လက်ခံကာ။

အိမ်ထောင်ရေးကင်ဆာလို့လည်း သတ်မှတ်လိုက်သည်။

အိမ်ထောင်ရေးကင်ဆာဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပန်းကလေးတို့ သူငယ်ချင်းသုံးယောက်ကြား ခေတ္တတိတ်ဆိတ်သွားပါသည်။

သို့သော်

ဝူးခနဲမောင်းထွက်သွားတဲ့ ကားသံကြောင့် ပန်းကလေးတို့ သုံးယောက် ပြိုင်တူလှည့်ကြည့်လျှင် မျက်လုံးတွေပြာနှမ်းသွားသည်။

"စစ်သခင်"

လို့လည်း တိုးရွရွရွတ်မိကာ။

ဘယ်အချိန်ကတည်းက ခြံရှေ့ရောက်နေတာလဲ။ ပန်းကလေးတို့ သတိမထားမိချေ။ ကိုယ့်ဇာတ်လမ်းထဲ ကိုယ်မျောနေတယ် မဟုတ်လား။

"ဟဲ့ ပြဿနာက ထင်တာထက် ပိုဆိုးလာမယ်ထင်တယ် ပန်းကလေးရယ်"

"ဆိုးချင်သလောက်ဆိုးပေ့ါ။ ပန်းကလေး ရင်ဆိုင်ရဲတယ်"

ပန်းကလေး မာနကြီးကြီးပြောချသည်။ သူငယ်ချင်းတွေက ပန်းကလေးကိုတစ်လှည့် ကားလေးပင်မမြင်ရတော့တဲ့ စစ်အရိပ်ကိုတစ်လှည့် လိုက်ဖမ်းကြည့်ရင်း ပူပူလောင်လောင်ဖြစ်လို့နေသည်။

"ပန်းကလေးက ရင်ဆိုင်ရဲပေမယ့် မိဆင့်ကတော့ တွေး



ကြောက်နေမိတယ်ကွယ်"

"ဟုတ်သား"

ချယ်ကလည်း ထောက်ခံပြန်သည်။ ပန်းကလေးက သူငယ်ချင်းတွေလို တွေးကြောက်မနေပါ။

ဒါပေမဲ့

ရင်ထဲမှာတော့ နွေဦးလို ပူခြစ်လျက်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"မမဝင့်ရယ်။ ကိစ္စရှိရင် ဖုန်းဆက်ရောပေါ့။ ခင်နှင်းလ
ခဲ့မယ်လေ"

"ရပါတယ်ကွယ်။ မမဝင့်လည်း ကိစ္စရှိတာနဲ့ ခင်နှင်းတို့
သတိရတာနဲ့ပေါင်းပြီး တစ်ခါတည်းလာလိုက်တာ။ ကိုဝေသာကော"

"ခြံထဲမှာရှိတယ် မမဝင့်"

"ဟင် ကိုဝေသာက ခြံထဲရောက်နေတယ်"

"ဟုတ်တယ် မမဝင့်ရေ။ ကိုဝေ အရင်လိုမဟုတ်တော့ဘူး
ဟင့်ဟင့်ဟင့်"

ဒေါ်ခင်နှင်းဖြူ အားရဝမ်းသာဖြစ်ကာ ခင်ပွန်းသည်
အကူအညီရလာလို့ ခွန်အားသစ်တွေတိုးလို့နေသည်။

"ကောင်းတာပေါ့ ခင်နှင်းရယ်။ မမဝင့်တို့မိန်းမသားအ



ဆိုတာ ဒီလိုပဲ။ မိန်းမတစ်ယောက်အနေနဲ့ ဘယ်လောက်ပဲ စွမ်း
ဆောင်နိုင်ပစေ၊ ကိုယ့်ခင်ပွန်းရဲ့ ဦးဆောင်စွမ်းအားကိုတော့ လိုချင်
ကြတာပဲ"

"ဟုတ်တယ် မမဝင့်ရေ။ ကိုဝေ အကူအညီရလာတော့
ခင်နှင်းလည်းလေ အရင်က စိတ်ညစ်ခဲ့ရသမျှတွေ ကြက်ပျောက်
ငှက်ပျောက်ဖြစ်ကုန်တော့တာပဲ။ အဟင့်ဟင့်"

"ဝမ်းသာပါတယ်ကွယ်။ ဒါနဲ့ သမီးကော"

ဒေါ်ပပဝင့် စကားပြောနေရက်တန်းလန်း မျက်လုံးက
သမီးကိုပဲ ရှာဖွေနေသည်။ သမီးလေးအရိပ်ကို မမြင်တော့လည်း
ဆုတ်မေးရ၏။ ဒေါ်ခင်နှင်းဖြူ အားရဝမ်းသာပင်

"ရှိတယ်မမဝင့်ရယ်။ ရှိတယ်။ ခဏလေးနော်။ ခင်နှင်းခေါ်
ပေးမယ်"

အန်တီဝင့်ကားလေး ခြံဝဆိုက်လာတာမြင်ကတည်းက
ပန်းကလေး အခန်းထဲအောင်းနေလိုက်သည်။ မေမေက ပျာပျာသလဲ
ကြီးကာ အိမ်ပေါ်ခေါ်တင်သည်။

အန်တီဝင့်ကို ဧည့်ခန်းထဲမှာထိုင်စေရင်း မေမေက ပန်း
ကလေးကိုခေါ်ပေးမယ်လို့ အားရဝမ်းသာပြောကာ၊ ခြေလှမ်းတွေပါ
ပန်းကလေးရှိနေတဲ့အခန်းဆီ ဦးတည်လို့နေသည်။

ပန်းကလေး ရင်မဆိုင်ချင်ဘူးဆိုနေမှ။ မေမေ အလိုက်
သိတာ၊ ခက်ချေပြီ။ ပန်းကလေး ခုတင်ပေါ်ထိုင်နေရာမှ ချက်

www.burmeseclassic.com

www.burmeseclassic.com



ချင်းထကာ။ ဖေဖေရှိနေတဲ့ စိုက်ခင်းထဲထွက်သွားဖို့ စိတ်ကူးရသ

စိတ်ကူးထဲကအတိုင်း အခန်းထဲက သုတ်ခနဲထွက်၏။ အနောက်ပေါက်ကနေ လှစ်ခနဲပြေးထွက်လျှင်

"ဟဲ့ သမီးလာစမ်း"

မေမေ အသံအုပ်အုပ်နဲ့ လှမ်းခေါ်သည်။ ပန်းက ဘဝင်မကျတော့ပါ။ ခြေဖနောင့်လေး ဖိဆောင့်ရပ်လိုက်ပြီး

"မေမေ ပန်းကလေးအပြင်သွားတယ်လို့ အန်တီဝင် ပြောလိုက်"

"မလိုလေ။ မိပန်းကလေး ညည်းအပြုအမူနဲ့ အပြော တွေ မဟုတ်သေးဘူးနော်။ အခုချက်ချင်းလာခဲ့"

"အဟွန့်"

ပန်းကလေး ငိုချချင်စိတ်နဲ့ မျက်နှာလေးမဲ့လိုက်သည်။ ကလေးပါ ဆောင့်၏။ ဒီသမီး ဒီလိုနွဲ့ဆိုးဆိုးတာကို ဒေါ်ခင်နှ ဒီတစ်ကြိမ် အခွင့်အရေးမပေးချင်တော့ပါ။

သမီးကို မျက်စောင်းတထိုးထိုးနဲ့ ကိုယ်တိုင်လက်ဆွဲခေ ယောက္ခမရှေ့ပို့၏။ ပန်းကလေး တွန့်ဆုတ်တွန့်ဆုတ်နဲ့ အန်တီ ရှေ့ ရောက်ရလေပြီ။

ဒေါ်ပပဝင့်က ချွေးမချောကို ဘဝင်မကျသလိုကြည့် ဒါပေမဲ့ မကြည်လင်တာတွေ ဘာတွေ မပြောတော့ပါ။

"လာ သမီး။ အန်တီဝင့်နဲ့လိုက်ခဲ့"



ဒါပဲပြောပြီး အိမ်ပေါ်က ဦးဆောင်ဆင်းသွားသည်။ ပန်းကလေး မလိုက်ချင်ပါ။ မေမေ့ကိုကြည့်ရင်း အသံမထွက်အောင် ပြောပေမယ့်

"ကဲ လိုက်သွား"

ပန်းကလေးကို အတင်းတွန်းပို့၏။

အဟင့်။

ပန်းကလေး စိတ်နှလုံးမသာယာနိုင်။ မေမေ့ရှေ့မှာ ငိုချ လိုက်သည်။ ယောက္ခမလုပ်သူက သည်းတယ်လို့ ထင်ချင်ထင်မှာ ပေါ့။

သမီးလေးငိုချတော့ ဒေါ်ခင်နှင်းဖြူ ရင်ထဲမကောင်းတော့ ပါ။ မကောင်းပေမယ့်လဲ သမီးကို မမဝင့်ကားပေါ် အရောက်တွန်း ပို့ကာ။

သူ့မသမီးဖြစ်နေပေမယ့် ယောက္ခမနဲ့လဲ ဆိုင်နေတယ် မဟုတ်လား။ မမဝင့်ကားပေါ်ပါသွားတဲ့သမီးကို ငေးကြည့်ရင်း ဒေါ် ခင်နှင်းဖြူ မျက်ဝန်းထဲမှာ မျက်ရည်တို့ ပြည့်အိုင်သွားသည်က ဝမ်း နည်းစွာ။

သမီးရယ်။

အိမ်ထောင်သည်ဘဝ ရောက်လာရင် ဒီလိုပါပဲကွယ်။ အစ အရာရာ ကိုယ့်စိတ်ကိုယ့်သဘောချည်း မောင်းတင်နေလို့မရဘူး။

တစ်ဖက်သားဆန္ဒကိုလည်း အလေးထားရတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



"လာ ပန်းကလေး"

ကားပေါ်ကနေ ဒေါ်ပပဝင့်ကိုယ်တိုင် ပန်းကလေး လက်ဆွဲပြီး ဆင်းစေသည်။ ပန်းကလေး အိမ်ခြေမပျက်ဆင်းကာ

အန်တီဝင့်ဦးဆောင်ခေါ်သွားတဲ့ဆီ ပါသွားခဲ့ရတဲ့အမြ အိမ်ယာအဆောက်အဦး အရောင်းပြခန်းရောက်လျှင်

"ဟာ မမဝင့်။ လာပါဗျာ"

အရောင်းပြခန်းစင်တာမှ တာဝန်ရှိလူကြီး လိုက်လို လဲ့ ကြိုဆိုကာ နေရာပေးသည်။

"ထိုင်ပါ။ ဒီကသမီးရော။ မမဝင့်လာတာ အကြောင်း မဟုတ်ဘူးထင်တယ်"

"ဟုတ်တယ် ကိုဦးဆွေ။ အိမ်ယာကတ်တလောက်လေး ပါဦး။ သမီးစိတ်ကြိုက်ရွေးခိုင်းမလို့"

"ပြပါ့မယ် မမဝင့်"

ထိုလူကြီးက မျက်နှာချိုသွေးကာ ပန်းကလေးကိုပါ ပြ ပြီး အိမ်ယာကတ်တလောက်တွေ ထုတ်ပြ၏။

"သမီး သမီးမျက်စိကျတဲ့ တိုက်လှလှတစ်လုံး အန်တီ့ကို ပေးပါကွယ်"

စေခိုင်းတာလား။ ညွှန်ကြားတာလား။ ပန်းကလေး ခြားခြား မသိပါ။ ယောက္ခမခိုင်းတဲ့အတိုင်း တိုက်လှလှတစ်လုံး ချယ်ဖို့ ကတ်တလောက်တွေကြည့်ရ၏။



တချို့တိုက်ကြီးက ဟီးထနေသည်။ ခြံဝင်းကျယ်တွေနဲ့ ည်း။ တချို့တိုက်တွေက ပုပုဝပ်ဝပ် ဖြစ်ပေမယ့် ခန်းနားကာ။ ချင်းတိုက်ပုလေးတွေနားမှာ ရေကူးကန်တွေ၊ မြက်ခင်းတွေနဲ့ ညားအောင် ဖန်တီးထားတဲ့ခေတ်မီတိုက်တွေကလည်း မျက်စိ စရာ။

အရောင်အသွေးစုံ၊ ဒီဇိုင်းစုံနဲ့။ အားလုံးက ဈေးခေါင်ခိုက် မယ့် အဆင့်မြင့်လုံးချင်းတိုက်တွေ။

ပန်းကလေး ဘယ်တိုက်ကို ရွေးပေးရမှာလဲ။ ယောက္ခမခိုင်း သာ လိုက်ကြည့်နေရတာ။ အမြင်အရ အားလုံးလှနေတော့ ရွေး ယ်ဖို့ခက်လှသည်။

ဒါပေမဲ့ ပြီးပြီးရော မဟုတ်လား။ အမြန်ရွေးပေးလိုက်တာ ကောင်းဆုံးပဲ။

နှစ်ဆင့်ပုံစံ ဒီဇိုင်းထွင်ထားတဲ့ တစ်ထပ်တိုက်ကို ရွေးပေး တ်သည်။ ထိုတိုက်ရဲ့ တစ်ဖက်တစ်ချက်မှာ အပန်းဖြေအနားယူ ာ ဥယျာဉ်လေးလဲ ပါသည်။ ရေကူးကန်လည်း ရှိသည်။ တိုက် တွင်းပိုင်းမှာလည်း ပရိဘောဂတွေ ခေတ်မီစွာ ပြင်ဆင်ပြီးသား။ သင့်တက်နေရုံသာ။ ဒါတင်မက

တိုက်ရှေ့မျက်နှာစာမှာ ဝက်ဘာလို ပန်းပင်တွေကို ခွေ ပြီး လမ်းကြောင်းဖော်ထားတာက ဒီဇိုင်းဆန်း၏။ ဒါကြောင့် ကတ်တလောက်လေးကို ရွေးပေးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ သမီးရယ်"

အန်တီဝင့် အားတက်သရောပြောရင်း တာဝန်ခံလူကြီးနဲ့ စကားဆက်ပြောသည်။ ပြီးတော့ ထိုစင်တာထဲက ပြန်ထွက်ခဲ့ကြသည်။ ထွက်ခါနီးမှ ထိုလူကြီးက အန်တီဝင့်ကို သော့အတွဲလိုက်ထုတ်ပေးသည်။

အန်တီဝင့်ခေါ်တဲ့အတိုင်း ကားပေါ်ပါရကော။ အံ့ဩစရာကောင်းတာက သိပ်မကြာပါ။

ကားလေးကို ဒရိုင်ဘာက ထိုတိုက်ရှိရာ ခြံရှေ့ထိုးရပ်လျှင် ပန်းကလေး အံ့ဩသွားသည်။

ဒရိုင်ဘာက ခြံတံခါးသော့ဖွင့်ပြီး၊ ကားကို ဆင်ဝင်အောက်အထိမောင်း၏။ တိုက်ရှေ့မှာ ကားရပ်သည်။ အန်တီဝင့်ဦးစွာဆင်းသည်။

မှန်တံခါးတွန်းဖွင့်ပြီး တိုက်ထဲဝင်ကာ။

"သမီး လာလေ"

ဟုခေါ်လေသည်။ ထိုအခါ

ပန်းကလေး ကားပေါ်ကဆင်းပြီး တိုက်ထဲ ဝင်ခဲ့ရသည်။ ရင်ထဲမှာ ဘာကိုမှနားမလည်။

"သမီးကြိုက်တာကို အန်တီဝင့် ဝယ်ပေးတာပါ"

"ဟင်"

ဝယ်ပေးတာတဲ့။ ပန်းကလေး အံ့ဩလွန်းလို့ ပွင့်ဟသွားတဲ့



...တ်ခမ်းလေးကို လက်နဲ့ပိတ်မိလျှင်။

"အံ့ဩသွားလား"

ပန်းကလေး ဆတ်ခနဲ ခေါင်းညိတ်မိ၏။ ထိုအခါ အန်တီ...ပြုံးလျက်။

"သမီးရင်ထဲမှာ အစောကြောင့် စိတ်ဖိစီးနေလိမ့်မယ်လို့ ...န်တီတို့ထင်မထားပါဘူး။ ဘာပဲဖြစ်ဖြစ် သမီးစိတ်ကြည်လင်ပါ...ာ့နော်။ ပြီးတော့ သားအပေါ်မှာလည်း နားလည်ပေးပေါ့ ဟုတ်...ား။ နောက်တစ်ခု အရေးကြီးတာက သမီးသူငယ်ချင်း ကောင်း...ဆိုတဲ့ သူငယ်နဲ့ သမီး ကင်းကင်းရှင်းရှင်းနေပါနော်"

"ဘုရားရေ"

ပန်းကလေး ရင်ထဲမှာ ခုမှပဲ အရာရာကို ရှင်းလင်းစွာ...ရလေသည်။ လက်စသတ်တော့ ပန်းကလေးကို ဟောဒီတိုက်ထဲ... အကျဉ်းချဖို့ကိုး။ ဒါတင်မက ကောင်းနဲ့ကင်းကင်းရှင်းရှင်း နေပါ...တာက ပန်းကလေးရဲ့သိက္ခာကို ထိပါး၏။

"အန်တီ"

ပန်းကလေး တင်းခနဲဖြစ်ကာဖိခေါ်သည်။ ဒေါ်ပပဝင့် ...ပြုံးလေးနဲ့ပဲ လက်ကာဟန့်ကာ။

"ကဲ သမီးနေခဲ့တော့။ အန်တီပြန်မယ်'

ဒါပဲပြောပြီး လှည့်ပြန်သွားတာလေ။

"အန်တီဝင့်"

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေး အသံကုန်အော်ဟစ်လိုက်သည်။ ပန်းကလေးကို ပကာသနနဲ့ ပိတ်လှောင်လိုက်တာတော့ ပန်းကလေး မကျေနပ်။ လုံးဝမကျေနပ်ဘူး။

ယောက်ျားမက နိုင်စားတာတစ်မျိုး၊ ထိပါးတာတစ်သွယ်။

ကောင်းနဲ့ပန်းကလေးက မဟုတ်မဟတ် ဘာဖြစ်နေလို့လဲ၊ ကင်းကင်းရှင်းရှင်းနေပါဆိုတဲ့စကားက ဘယ်ဆီဦးတည်နေရတာလဲ။ သမီးချင်းစာနာပြီး ပြောဖို့ကောင်းသည်။ ခုတော့

သမီးချင်း ကိုယ်ချင်းမစာ။

အင်းလေ။ ဘယ်ကိုယ်ချင်းစာတတ်မလဲ။ သူတို့မှာ သမီး မရှိတာ။

♥ ♥ ♥

အခန်း(၂၈)

"ရှင့်ဆီက ပန်းကလေး တောင်းဆိုပါရစေ"

မျှော်လင့်ချက်အပြည့်နဲ့ ရောက်လာတဲ့ စစ်သခင်။ ညှို့ခန်းအသစ်လေးထဲ ခြေချရုံရှိသေးတယ်။ ပန်းကလေး စပြော၍ စစ် ခြေလှမ်းလေး တန့်သွား၏။

မျက်နှာလှလှလေး မာကြောနေရုံမက၊ မေးကြောများပါ ထင်းနေတဲ့ ပန်းကလေးကို စစ် စူးစမ်းကြည့်ပြီး

"ဘာလဲ ပန်းကလေး"

"ရှင် ကျွန်မကို ကွာပေးစမ်းပါ"

"ဘာပြောတယ်"

အသံကြီးဟိန်းထွက်လာရုံမက ပန်းကလေးရှေ့ လွှားခနဲ ရောက်လာသည်။ စစ်မျက်နှာက ပန်းကလေးတောင်းဆိုတာကို

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်တာတွေနဲ့။ ပန်းကလေး ဘာကိုမှ မမှုနိုင်တော့ပါ။

ကိုယ်ကို တောင့်မတ်လိုက်ပြီး

"ရှင့်ဆီက အကွာတောင်းနေတာ"

"တောက် မင်း"

ဒေါသတွေနောက်မှာ စစ်လက်တစ်ဖက် မြောက်တက်သွားသည်။ ရင်မှာလည်း ထိန်းမရအောင် လှုပ်ရှားကာ။ တောင်း ·က်လေခြင်းဆိုတဲ့စိတ်နဲ့ အတိုင်းဆမဲ့ ထိခိုက်လို့သွားသည်။

"မင်းကွာ"

မြောက်တက်နေတဲ့ စစ်လက်တစ်ဖက်က လေထဲမှာအကြာကြီး သေဆုံးသွားသလိုဖြစ်၏။

"ရှင့်ဘက်က စဖောက်တဲ့လမ်းကို ကျွန်မလျှောက်ရမယ် စစ်သခင်"

"မင်းပါးစပ်ပိတ်လိုက်တော့"

စစ်သခင် အသံကုန်အော်ဟစ်ကာ၊ လေထဲမှာတန့်နေတဲ့လက်က ရွေ့ရှားကာ၊ ပန်းကလေးပါးစပ်ကို ဖိပိတ်ပစ်လိုက်သည်။

"မပိတ်နိုင်ဘူး ဖယ်"

စစ်လက်ဖဝါးကို ပန်းကလေး အားနဲ့တွန်းပစ်၏။

"မင်းဘာလိုချင်လဲ။ ကိုယ်အားလုံးပေးနိုင်တယ်ကွ"

စစ်သခင် ကိုယ်ရှိန်ထိန်းရင်း ခပ်ပြင်းပြင်းစွာပြောသည်။ ပန်းကလေး အံကြိတ်လျက်



"ရှင်ပေးနိုင်တဲ့အထဲက အကွာ ပေးလိုက်စမ်းပါ"

"လုံးဝမကွာပေးနိုင်ဘူး ပန်းကလေး။ မင်းကိုကိုယ်ကွာဖို့ သူထားတာ မဟုတ်ဘူး။ တစ်သက်လုံး ပေါင်းဖို့ကွ"

"ကျွန်မ ရှင်နဲ့မပေါင်းနိုင်ဘူး"

"တောက်"

မပေါင်းနိုင်ဘူးဆိုတဲ့ စကားနောက်မှာ စစ်သခင်မခံစားနိုင်တော့ပါ။ ဒေါသတွေရော၊ ထိခိုက်တာတွေပါရောကာ။ မြောက်တက်သွားတဲ့စစ်လက်က ပန်းကလေးမျက်နှာပေါ် အရှိန်နဲ့ကျရောက်သွားသည်။

"ဖြောင်း"ခနဲမြည်သံနောက်မှာ ပန်းကလေးပါးပြင်နုနု ရွဲ့အောင်းသွားသလား ထင်ရလောက်အောင် ခံစားရ၏။

ဒေါ့ပြင် နာကျင်မျက်ရည်တို့ ကြေကွဲစွာပြည့်ဝိုင်းလျက်။ ဟီးခနဲ ငိုချလေသည်။

"ကျွတ်"

စစ်သခင် သူ့လက်ကိုသူ ပြန်ကြည့်ရင်း ယုံကြုံမရဖြစ်၏။ သူ့ဘက်က လက်လွန်သွားမှန်း သိသော်လည်း ပြန်ရုတ်သိမ်းလို့ မရနိုင်တော့ပါ။

ပုံကျနေတဲ့အတိုင်း တသိမ့်သိမ့်ငိုကြွေးနေတဲ့ ပန်းကလေးကိုယ်ကိုကြည့်ရင်း သူ့မျက်ဝန်းမှာလည်း မျက်ရည်တွေဝိုင်း၏။

ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



စစ်ခြေလှမ်းတွေ ပန်းကလေးရှေ့ရောက်ကာ ဒူးတွေညွတ်ကျသွားသည်။ ပန်းကလေး ပခုံးနှစ်ဖက်ကို ကြင်နာစွာဆုပ်ကိုင်ရင်း ရင်ခွင်ထဲမှာ တင်းနေအောင် ပွေ့ဖက်လိုက်သည်။

"ပန်းကလေးရယ်။ ကိုယ်မှားသွားတယ်။ ဒါပေမဲ့ ကိုယ့်ဘဝထဲက ထွက်သွားဖို့ မတောင်းဆိုပါနဲ့"

"အဟင့်"

ပန်းကလေး ငိုရှိုက်သံကြီးအက်ကွဲကာ။ ထွေးဖက်ထားတဲ့ စစ်ရင်ခွင်ကို ရွံရှာစွာတွန်းဖယ်သည်။

"စစ်သခင်။ ရှင့်မှာ ငွေကြေးစည်းစိမ်ရှိတိုင်း ပန်းကလေး တစ်ဘဝလုံးကို သိမ်းပိုက်လို့ရမယ် မထင်ပါနဲ့။ ပန်းကလေးမှာ ရွှေနားကပ်တစ်ရံလေးမှ မပိုင်ဆိုင်ပေမယ့် မာနတော့ ရာနှုန်းပြည့်ရှိပါသေးတယ်။ တရားဝင်လက်ထပ်ထားတယ်ဆိုပြီး ရှင်ကြံစည်တိုင်း စော်ကားချင်တိုင်း မရတဲ့အပေါ်မှာကိုယ်ထိလက်ရောက် နှိပ်စက်လာတဲ့ ရှင့်အတ္တအမည်းကြီး ပန်းကလေးရွံတယ်။ ရှင် ကွာရှင်းမပေးရင်လည်း ပန်းကလေးကိုယ်တိုင် ကွာရှင်းခွင့်ရအောင် တရားဥပဒေနဲ့ ရင်ဆိုင်မယ်။ ဒီနေ့ဒီအချိန်ကစပြီး ရှင် ကျွန်မကို လက်ဖျားနဲ့တောင် မတို့ပါနဲ့။ ရှင့်ကို ကျွန်မ ရင်ထဲအသည်းထဲကသာမက ဟောဒီဦးနှောက်ထဲကပါ နာတယ် သိရဲ့လား ဖယ်"

ပန်းကလေး တွန်းပစ်လိုက်တဲ့အရှိန်နဲ့ စစ် ဖင်ထိုင်ကျရာမှ နောက်လန်ကျမတတ်ဖြစ်လေသည်။



ကြမ်းခင်းကို လက်နှစ်ဖက်နဲ့ နောက်လှန်ထောက်ရင်း ကိုယ်ကို ပြန်ထိန်းမတ်လျက်။

"ပန်းကလေး မင်းကို ကိုယ်တောင်းပန်တယ်။ ကိုယ်လွန်ခဲ့သမျှ မှားခဲ့သမျှအတွက် တောင်းပန်တယ်ကွာ။ မင်းကိုယ်နဲ့မပေါင်းနိုင်ရင်လည်း ရတယ်။ ဒါပေမဲ့ မင်းကိုတော့ ကိုယ် ဘယ်နည်းနဲ့မှ မကွာပေးဘူး။ မင်း ဘယ်ဥပဒေနဲ့ပဲ ရင်ဆိုင်ဆိုင် ကိုယ့်ဘက်က ဆောရီးပဲ။ အေး တစ်ခုတော့ရှိတယ်။ မင်းရှေ့ကို ကိုယ် ဒီအချိန်ကစပြီး မလာတော့ဘူး။ ကိုယ်ကတိပေးတယ် ပန်းကလေး။ အဲဒါ မင်းကိုချစ်လို့"

"ချစ်လို့ အဟင့်"

ပန်းကလေး မဲ့မဲ့လေးရယ်ချသည်။

"တကယ်ပါ ပန်းကလေးရယ်။ မင်းလေးဟာ ကိုယ့်နှလုံးသားကို ချစ်တတ်အောင်ပြုစားနိုင်တဲ့ မိန်းကလေးပါ။ မင်းကို ကိုယ် ချစ်ခဲ့သမျှက"

"တော်တော့ ရှင်ဆက်မပြောနဲ့တော့။ လူယုတ်မာ။ ရှင့်ရင်ထဲမှာ အချစ်မရှိဘူး။ တပ်မက်စိတ်နဲ့ စော်ကားချင်စိတ်ပဲရှိတယ်။ ချစ်တယ်ဆိုတဲ့စကားက ရှင့်အပြုအမူတွေနဲ့ မတန်ဘူး။ ရှင်သိရဲ့လား။ ရှင်ချစ်တယ်ဆိုတဲ့ စကားလုံးသုံးလိုက်တာ အကြောင်းမဲ့ မဟုတ်ဘူး။ ပန်းကလေးသိတယ်။ သေသွားတဲ့ရှင့်မယားအစား ကျွန်မ နဲ့ပေါင်းခွင့်ရချင်လို့ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ပန်းကလေးရယ်"

"ဒီမှာ ရှင်နဲ့ ပန်းကလေး ဘယ်တော့မှမပေါင်းဘူး။ သေသ
အထိ မပေါင်းဘူးသိရဲ့လား။ ကျွန်မရှေ့ ဘယ်တော့မှမလာနဲ့။ ရှ
မျက်နှာ ကျွန်မမကြည့်ချင်ဘူး။ ဟီး"

နှလုံးသား ဆောက်တည်ရာမရဖြစ်ကာ။ မျက်နှာကို လ
ဖဝါးနဲ့ဖိအုပ်ရင်း ပန်းကလေး ဟီးခနဲ ငိုချလိုက်သည်။

"ရှင့်ကို ဘယ်တော့မှ မမြင်ရပါစေနဲ့ စစ်သခင်"

ကျိန်စာဆန်တဲ့ စကားလုံးတွေနောက်မှာ စစ်သခင် နှလုံး
သားလေး ခံနိုင်ရည်မရှိတော့ပါ။

မျက်ရည်တွေ တဟောဟောကျရင်း မျက်နှာလေးလွှဲ

ထို့နောက် ပန်းကလေးရှေ့မှထကာ ခြေလှမ်းကြဲနဲ့ အပြ
ထွက်သွားသည်။

သူ့ကားသံ မကြားမချင်း ပန်းကလေး အသက်အောင့်ထာ
သည်။ သူမောင်းတဲ့ကား ဝူးခနဲဆောင့်ထွက်သွားသံကြားမှ ပ
ကလေး အသက်ရှူကာ။

သွား။ သွားစမ်းပါ။

ကမ္ဘာအပြင်ဘက်ရောက်အောင် သွားစမ်းပါရှင်ရယ်။

အဟင့်။

♥ ♥ ♥

## အခန်း (၂၉)

"သမီးရယ်။ ဖေဖေတို့ရည်ရွယ်တာ ဒီလိုမဟုတ်ခဲ့ဘူး"

ဦးဝေသာ ရင်နင့်စွာပြောရင်း သမီးလေးကို စာနာစွာ ကြည့်သည်။ ဒေါ်ခင်နှင်းဖြူက ရင်ထဲမှာ မကောင်းသလို မျက်နှာ လည်းမကောင်း။

စိတ်နှလုံးသား ထိခိုက်နေတဲ့ သမီးလေးကို စာနာနေမိ သည်။ ဒါတင်မက တသိမ့်သိမ့်ငိုကြွေးနေတဲ့ သမီးပခုံးကို ဖွဖွလေး ပွတ်သပ်ရင်း အသံတိတ်နှစ်သိမ့်ပေးမိသည်။

"တိတ်ပါသမီးရယ်။ တိတ်ပါ။ ဖေဖေ့သမီးလေး ဒီလိုခံစား ရတာ ဖေဖေ့ကြောင့်ပါ။ ဖေဖေသာ သမီးဘဝလေးကို တင့်တောင့် တင့်တယ်ထားနိုင်ရင် ဒီလိုတွေဖြစ်လာစရာ အကြောင်းမရှိဘူး။ ဖေဖေဆိုးခဲ့မိုက်ခဲ့သမျှ သမီးတို့သားအမိပေါ် တာဝန်မကျေခဲ့သမျှ

www.burmeseclassic.com

www.burmeseclassic.com



က သမီးဘဝလေးကို ဒဏ်သင့်သလို ဖြစ်စေခဲ့တာမျိုး။ အဲဒီအတွက် ဖေဖေ ထိထိခိုက်ခိုက် ခံစားရတယ် သမီး"

ဖေဖေ့စကားအဆုံးမှာ ပန်းကလေးရင်ထဲမှာ အင့်ခနဲရှိုက်မိသည်။ ရင်ထဲထိရှနေတဲ့ ဖေဖေ့မျက်ဝန်းထဲမှာလည်း ကြေကွဲမျက်ရည်တွေဝဲလျက်။ မျက်ဝန်းထောင့်မှ စီးကျလာသော မျက်ရည်စီးကြောင်းကို ဖေဖေပခုံးနဲ့ပွတ်သုတ်ရင်း ဆက်ပြောသည်။

"ခုချိန်ကစပြီး ဖေဖေ့သမီးလေး ဒဏ်သင့်တာတွေက လွတ်မြောက်အောင် ဖေဖေကြိုးစားပါ့မယ်။ အချိန်မနှောင်းသေးပါဘူး သမီးရယ်။ ဖေဖေကြိုးစားမယ်။ ဖေဖေ့သမီးလေး ငိုမနေပါနဲ့နော် သမီးငိုသံက ဖေဖေ့နှလုံးသားကို ထိခိုက်လွန်းလို့ပါ သမီးရယ်"

ဖေဖေ့စကားသံတွေဟာ ခွန်အားတွေပါသလို။ နာကျင်ကြေကွဲမှုတွေနဲ့ စို့နင့်ကာ ရင်ကွဲသံနဲ့အဖျားခတ်တုန်ခါနေလေသည်။

ပန်းကလေး ဖေဖေ့ကို သနား၏။ ပန်းကလေးကြောင့် ဖေဖေနဲ့မေမေ ခံစားနေရတာမြင်တော့ ပန်းကလေး စိတ်မကောင်းနိုင်ပါ။

စီးကျနေတဲ့ မျက်ရည်တွေကိုသုတ်ရင်း ဖေဖေ့လက်ရုံးအားကိုးတကြီး ဆုပ်ကိုင်သည်။

"ဖေဖေရယ်။ ပန်းကလေးကြောင့် ဖေဖေနဲ့မေမေ စိတ်ဆင်းရဲရပြီနော်"

"ဒီလိုလဲ မဟုတ်ပါဘူး သမီးလေးရယ်"



မေမေ မချမ်းမြေ့စွာဆိုသလို ဖေဖေကလည်း

"သမီးလေးခံစားရတာက ဖေဖေတို့အပြစ်မကင်းသလိုပါပဲ။ သမီးအပေါ် ဖေဖေတို့ ဖိအားပေးစီစဉ်ခဲ့မိတဲ့အပြစ်အတွက် ယူကြုံးမရဖြစ်ရပါတယ်။ ဖေဖေတို့ကြောင့် သမီးဘဝအစွန်းအထင်း ဖြစ်ရတယ်။ ဒါတင်မက သမီးနှလုံးသားမှာ ဒဏ်ရာလည်း ရစေတယ် မဟုတ်လား"

"ဖြစ်ပြီးခဲ့တာကို မပြောပါနဲ့တော့ ဖေဖေရယ်"

"ဟုတ်တယ်သမီး။ ရှေ့ဆက်ဖြစ်သင့်တာကိုပဲ ဖေဖေကြိုးစားတော့မယ်။ သမီးလေး အားမငယ်ပါနဲ့။ ဝမ်းမနည်းပါနဲ့နော်"

ပန်းကလေးလက်ဖဝါးကို ဖျစ်ညှစ်အားပေးရင်း ဖေဖေဆိုလျှင် ပန်းကလေး ခေါင်းညိတ်လိုက်သည်။

မေမေကလည်း ပန်းကလေး ဆံပင်လေးများကို ပွတ်သပ်ချော့မော့သလိုပြုရင်း

"ကဲပါ သမီးရယ်။ သမီးလေး စိတ်ချမ်းသာသလို နေသွားနိုင်ဖို့ မေမေတို့ ဘာမဆိုလိုက်လျောမှာပါ။ သမီးဖေဖေနဲ့မေမေ ဆိုင်ပင်ပြီးသားပါ"

"ဘာ ဘာကိုတိုင်ပင်ထားတာလဲဟင်"

ပန်းကလေး သိလိုစိတ်ထက်သန်မေးလျှင် ဖေဖေက ပန်းကလေးခေါင်းကို ကြင်နာစွာ အုပ်ကိုင်ပြီး မေမေ့ထက်ဦးစွာပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုသမီးရဲ့။ သမီးအန်တီထားထားလေ"

"အင်း"

ပန်းကလေး ခေါင်းဆတ်မိသည်။

"အန်တီထားက စက်မှုဇုန်မှာ လက်ဘက်ရည်ဆိုင်ဖွင့် တယ်။ ဖေဖေ့ကို ဝိုင်းကူဖို့ ခဏခဏခေါ်တယ်။ နေရာလည်း မယ်တဲ့။ အဲဒီကို ဖေဖေတို့ပြောင်းမယ်။ သမီးမေမေက လက်ဘ ရည်ဆိုင်နဲ့တွဲပြီး မုန့်ဟင်းခါးဆိုင်ဖွင့်မယ်တဲ့။ ဖေဖေက သမီးမေ ကိုလည်း ကူမယ်။ ထားထားကိုလည်း ဝိုင်းလုပ်မယ်လေ။ အဲဒီ ဖေဖေတို့မိသားစု တစ်ဝမ်းတစ်ခါး ဖူလုံပြီပေါ့ သမီးရယ်။

"ဖေဖေရယ်"

ပန်းကလေး တအားတက်လို့သွားသည်။

"နောက်ပြီး ဖေဖေလုံးဝမကစားတော့ပါဘူး။ မဖြုန်း ပါဘူးကွယ်။ သမီးနဲ့ သမီးမေမေအတွက် ဖေဖေနိုင်တဲ့တာဝ ထမ်းမှာပါကွယ်။ သမီးကျေနပ်ရဲ့လားဟင်"

"ဖေဖေရယ်"

ပန်းကလေးရင်ထဲမှ အတိုင်းအဆမဲ့ ဝမ်းသာသွား စောစောက နာကျင်ကြေကွဲစွာယိုကျနေတဲ့ မျက်ရည်တွေနေ ဝမ်းသာမျက်ရည်အဖြစ် ပြောင်းလဲလို့သွားသည်။

ဖေဖေနဲ့မေမေ့လက်ကို ပန်းကလေး ယုံကြည်စွာဆုပ် ရင်း



"သမီးကျေနပ်ပါတယ် ဖေဖေရယ်။ သမီးလည်း အလုပ် တစ်ခုလုပ်မယ်လေ။ နော် ဖေဖေနော်"

သမီးလေးက နဂိုကတည်းက အလုပ်လုပ်ချင်နေသူလေး။ ဘဝကို အားနဲ့မာန်နဲ့ ရုန်းကန်လှုပ်ရှားချင်တဲ့အချိန်မှာ မိဘက ကောင်းစားစေချင်လို့ အိမ်ထောင်ချပေးခဲ့ခြင်း။

သမီးစိတ်မပါတဲ့ အိမ်ထောင်ရေးမို့လား။ ဒါမှမဟုတ် တစ် က်သားက အနိုင်အထက် ဆက်ဆံလို့လား။

ဘာကြောင့်ဖြစ်ဖြစ်ပါလေ။

ခုတော့ သမီးလေးဖြစ်ချင်တဲ့အတိုင်း လိုက်လျောရုံသာ ရှိတော့တယ်။ သမီးပြောတဲ့အတိုင်း မိဘနှစ်ပါး ပြိုင်တူခေါင်းညိတ် ။

"သမီးသဘောပါကွယ်"

ဖေဖေနဲ့မေမေ ပြိုင်တူပြောလျှင်

ပန်းကလေး လှိုက်ခနဲ ဝမ်းသာသွားသည်။

"ဖေဖေတို့က သမီးလေးကို မခိုင်းစားရက်ဘူး။ သမီးက ဆန္ဒရှိတယ်ဆိုရင် လုပ်ပါကွယ်။ ဖေဖေတို့ မတားပါဘူး။ နော် ခင် နှင်း"

"တားစရာလား အဖေကြီးရယ်။ ခင်နှင်းသမီးက ခင်နှင်း ပဲ ဘဝကိုခွန်နဲ့အားနဲ့ သတ္တိရှိရှိ ရင်ဆိုင်ချင်တဲ့စိတ်ဓာတ်စွမ်းအား ပြင့်မားတဲ့ သမီးလေးပါရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"အံမယ်"

မေမေ ဝင့်ကြွားစွာပြောတော့ ဖေဖေက သဘောကျ
မျက်စောင်းထိုး၏။ ပန်းကလေးက ကျေနပ်စွာပြုံးမိသည်။

ခုမှပဲ ဒီမိသားစုရင်ထဲမှာ ညီမျှတဲ့ စိတ်သဘောထား
သာယာကြည်နူးမှုရလေသည်။

"ဟုတ်တယ်လေ အဖေကြီးရဲ့။ သမီးက ခင်နှင်းဆီက စိ
ဓာတ်စွမ်းအားတွေ အမွေရထားတာ။ ဒါကြောင့် ဘဝကို ရင်ဆို
အလုပ်လုပ်မယ်ဆိုတဲ့ စိတ်အားထက်သန်မှုတွေနဲ့ တက်ကြွနေ
ပေါ့"

"အဟင့် ဟုတ်ပါတယ်လေ။ ဟုတ်ပါတယ်။ ဒါပေမဲ့
နှင်းတစ်ယောက်ထဲဆီကရတဲ့ စိတ်ဓာတ်စွမ်းအားမဟုတ်ဘူး။
ဒီအဖေကြီးဆီက ရတဲ့ စိတ်စွမ်းအားလည်း ပါတယ်ကွ။ ဟုတ်တ
မဟုတ်လား သမီး"

"ဟုတ်တာပေါ့ ဖေဖေရဲ့"

ပန်းကလေး အားတက်သရော ထောက်ခံတော့ ဖေ
မျက်နှာ ပြုံးချိုသွားသည်။ မေမေကလည်း ဘာထူးလဲ။

"ဒါလဲ ဟုတ်တာပဲ"လို့

ထောက်ခံလျှင် ဖေဖေက ပိုပြီးသဘောကျလေသည်။
မေ့ကိုလည်း ချစ်မဝနိုင်စွာကြည့်ရင်း လေးလေးနက်နက်
ညိတ်နေလေသည်။



ပန်းကလေးကလည်း ဖေဖေနဲ့မေမေရဲ့ သာယာချမ်းမြေ့
တဲ့ ဘဝလေးကို ကျေနပ်အားရဖြစ်လျက်။

"ဖေဖေတို့ ဘယ်တော့ပြောင်းမှာလဲ"

"အိုး အမြန်ဆုံးပေါ့ သမီးရဲ့"

မေမေပြောလျှင် ပန်းကလေး ထခုန်မတတ် ဝမ်းသာသွား
သည်။ ဖေဖေက သတိရဟန်ဖြင့်

"ခင်နှင်းရေ။ မမဝင့်တို့ကို ဒီခြံဝိုင်းစာချုပ်တွေ ပေးသွားဖို့
မေ့နဲ့ဦး"

"မေ့မတဲ့လား အဖေကြီးရဲ့။ အဲဒီကိစ္စ အရေးကြီးဆုံးပဲလေ။
သူငယ်ချင်း တစ်ယောက်ယောက်နဲ့ သွားပေးခိုင်းမှာပါ။ စိတ်ချ"

"ဒါမှ ကိုယ့်မိန်းမ"

"အဟွန့်"

ဖေဖေ အားအပြည့်နဲ့ပြောလျှင်၊ မေမေက ဝမ်းသာမျက်
စောင်းထိုး၏။

ပန်းကလေးက ဖေဖေနဲ့မေမေ့လက်မောင်းကို ဆုပ်ကိုင်
း မိဘနှစ်ပါးပခုံးပေါ် ဟိုဘက်ဒီဘက်ခေါင်းလေးနွဲ့မှီကာ ကျေ
သွားသည်။

ခုချိန်မှာ ပန်းကလေး မိသားစုလောက် ချမ်းမြေ့ပျော်ရွှင်
တဲ့မိသားစု ရှိမယ်မထင်။

ဘဝဆိုတာ ကိုယ်ပိုင်အစွမ်းသတ္တိနဲ့ ရင်ဆိုင်ခြင်းက ပျော်

www.burmeseclassic.com

www.burmeseclassic.com



ရှင်စရာအကောင်းဆုံး။ ဒါတင်မက အားတက်ရှင်လန်းစရာ အ
ကောင်းဆုံးပါလေ။

ဟုတ်တယ်နော်။

♥ ♥ ♥

## အခန်း (၃၀)

အချိန်သစ်တိုင်းက သတ္တိတစ်မျိုးကြောင့် နိုးနိုးကြားကြား
ဘာ။

ပန်းကလေး စိတ်နှလုံးသားလေးမြူးကြွလန်းဆန်းလို့ နေ
သည်။

အချုပ်အနှောင်နဲ့ တပ်မက်မှုတွေ ကင်းရှင်းနေတဲ့ ပန်းက
လေးရဲ့အချိန်သစ်တိုင်းက လွတ်လပ်မှုနဲ့ စိတ်ချမ်းမြေ့မှုတို့ ပြည့်
ဝတ်၏။

ဖေဖေနဲ့မေမေရဲ့ အစီအစဉ်အတိုင်း အန်တီထားထားနှ
ဆီ နေ့ချင်းပဲ ပြောင်းခဲ့ကြသည်။ မေမေက ခြံစာချုပ်ကို ချယ်ဆီ
ပ်ချင်းသွားပို့၏။

အန်တီထားက ပန်းကလေးတို့နေရမယ့် လက်ဖက်ရည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်နဲ့ ဘေးချင်းကပ်ပျဉ်ထောင်အိမ်လေးမှာ နေရာပေးသည်။

အိမ်လေးက ငယ်သည်။ ပန်းကလေးတို့မိသားစုသုံးယောက် နေနိုင်ပါသည်။ သုံးပင်နှစ်ခန်းအိမ်ငယ်လေးဖြစ်ပေမယ့် မီးဖိုခန်းက သပ်သပ်နဲ့။ ဝရန်တာလေးလည်း ပါတာမို့ ချစ်စရာကောင်းနေသည်။

ကျွန်းရောင်ဆေးသုတ်ထားတဲ့ အိမ်ကလေးကိုမြင်တာနဲ့ ပန်းကလေး သဘောကျကာ။ ဖေဖေနဲ့အတူ ပစ္စည်းပစ္စယတွေ အိမ်ပေါ်တင် နေရာချသည်။

အိမ်ရှေ့ခန်းမှာ ကျွန်းထိုင်ခုံတွေကို ဖေဖေခင်းနေချိန် ပန်းကလေးက ဘုရားစင်ကို သန့်ရှင်းအောင် ဖုန်တွေဘာတွေခါသည်။

ဘုရားပုံတော်ကားချပ်ချိတ်၏။ ပန်းအိုးတွေထဲ ခြံထဲကခူး လာတဲ့ အောင်သပြေပန်းနဲ့ နှင်းဆီပွင့်တချို့ကို ရောထိုး၏။

သောက်တော်ရေနဲ့ သစ်သီးဆွမ်းကပ်သည်။ ဆီမီးပူဇော် ပြီး ပန်းကလေး တစ်ပါတည်း ဘုရားကို ဦးချလေသည်။

အိမ်သစ်လေးမှာ ဘုရားခန်းအသစ်လေးက ပကာသန မပါဘဲ ကျက်သရေရှိရှိ သပ္ပာယ်နေသည်။ ဖေဖေက ပစ္စည်းပစ္စယ တွေ နေရာချရင်း ပန်းကလေးကိုကြည့်ပြီး ကြည်နူးစွာ တပြုံးပြုံးနှင့်။

ဘုရားဦးချပြီးမှ ပန်းကလေးက မီးဖိုဆောင်ပစ္စည်းတွေကို မီးဖိုခန်းကျဉ်းကျဉ်းလေးမှာ နေရာချဖို့စီစဉ်လျှင်

"ဝေသာရေ၊ ဖုန်းလာနေတယ်"

"ဟင်"



အန်တီထား လက်ဖက်ရည်ဆိုင်ဘက်က အော်ပြောတော့ သားအဖနှစ်ယောက် ဟင်ခနဲ ဖြစ်ရသည်။ ဘယ်သူ့ဖုန်းပါလိမ့်။ ဒါလည်းသိချင်ကာ။

"လာပြီ မမထား"

ဖေဖေအိမ်ပေါ်က ချက်ချင်းဆင်းသွားသည်။ ပန်းကလေး လည်း ဖေဖေ့နောက်က လိုက်ဆင်းသွားဖို့ စိတ်ကူးရပေမယ့် မဆင်း တော့ပါ။

ပစ္စည်းတွေ နေရာချစရာတွေက အများကြီးရှိသေးတယ် မဟုတ်လား။

"သမီး"

ဖေဖေဆင်းသွားပြီး တစ်မိနစ်လောက်ပဲကြာမည်။ ပန်း ကလေးကို လှမ်းခေါ်သည်။ ပန်းကလေး အိုးခွက်ပန်းကန်တွေကို နေရာချနေရင်း တန်းလန်းနဲ့မို့ ရေဖန်ခွက်လေးကိုင်လျက် အိမ်ရှေ့ ဘတ်ခနဲ ထွက်မိသည်။

"လာပြီဖေဖေ"

မျက်နှာအပျက်ပျက်နဲ့ အိမ်ပေါ်တက်လာတဲ့ ဖေဖေနဲ့အိမ် မှာဆုံလျှင်၊ ပန်းကလေး သိချင်စွာမေးသည်။

"ဘယ်သူဆက်တာလဲ ဖေဖေ"

"သမီးအမေဆက်တာ"

"မေမေက ဘာတဲ့လဲ ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်စစ် ကားအက်ဆီးဒင့်ဖြစ်လို့တဲ့"

"ဟင်"

ဖူးအိနေသော ပန်းကလေးနှုတ်ခမ်းလွှာလေး ပွင့်ဟသွား၏။ ပန်းကလေးတစ်ကိုယ်လုံး လေဟာနယ်ထဲမျောလွင့်သလို ခံစားရသည်နှင့် တစ်ပြိုင်နက်၊ လက်ထဲကိုင်ထားမိတဲ့ ရေဖန်ခွက်လေး တွယ်ရာမဲ့လွတ်ကျ၏။

"ခလွမ်း"

ဖေဖေနဲ့ပန်းကလေးအကြားရှိ ကြမ်းခင်းပေါ်မှာ အစိတ်စိတ် ကွဲကြေသွားတဲ့ ဖန်ခွက်အပိုင်းအစတွေ ပြန့်ကျဲသွားကာ။

"ဟုတ်တယ် သမီးရယ်။ သမီးနဲ့စကားများပြီး ထွက်သွားရင်းက ကားတိုက်မှုဖြစ်တာတဲ့။ သမီးမေမေ အခု ဆေးရုံကဆက်တာ။ စိုးရိမ်ရတယ်လို့ပြောတယ်။ ဖေဖေလိုက်သွားမယ် သမီးရယ်။ မမဝင့်တို့ကျေးဇူးက ဖေဖေတို့အပေါ်မှာ အများကြီးမဟုတ်လား"

ဖေဖေ စိုးရိမ်စိတ်လှုပ်ရှားကာပြောရင်း အိမ်ပေါ်က ပြန်ဆင်းသွားသည်။ ပန်းကလေး ဘာလုပ်လို့ဘာကိုင်ရမှန်း မသိနှင့်။ ယောင်ချာချာဖြစ်လျက်။ ခြေလှမ်းတွေ ရှေ့တိုးသွားလျှင် ဖန်ကွဲစတွေ နင်းမိကုန်သည်။

"အား"

ပန်းကလေး နာကျင်လန့်ဖျပ်ကာ ထိထိခိုက်ခိုက် အော်



ဟစ်မိ၏။

"ဟဲ့ သမီးပန်းကလေး ဘာဖြစ်တာတုန်း"

အန်တီထား လှမ်းမေးတာကို ပန်းကလေး မဖြေနိုင်။ အင့်ခနဲ ရှိုက်မိတဲ့နောက် မျက်ရည်တွေ အလုံးလိုက် ကျလာလေသည်။

ဒီမျက်ရည်တွေက ဘာကြောင့်ကျရတာလဲ။

ဖန်ကွဲစ စူးတဲ့အရှိန်နဲ့ အသည်းခိုက်အောင် နာမျက်သွားသို့လား။ ဒါမှမဟုတ် ဘာကြောင့်လဲဟင်။

ပန်းကလေးဘာသာ ရင်ထဲ မေးခွန်းတွေ ထုတ်နေမိသည်။ အန်တီထား စိုးရိမ်တကြီး အိမ်ပေါ် ပြေးတက်လာသည်။ ဖန်ကွဲစူးသွားတဲ့ ပန်းကလေး ညာဘက်ခြေဖဝါးမှ သွေးတွေ ဖြာစီးနေတာမြင်လျှင်

"ဟယ်တော့ ဒါက ဘယ်လိုဖြစ်တာလဲ။ သွေးတွေနဲ့ လာသမီး ဆေးခန်းသွားမှပေါ့"

ပန်းကလေး ခြေဖျားလေးထောက်ကာ ခေါင်းရမ်းလိုက်ပေမယ့် အန်တီထားလက်မခံ။

"လာစမ်းပါအေ။ ဆေးခန်းက နီးနီးလေးရယ်။ တော်ကြာ ဒူးနဲ့ဖွင့်ရမယ့်နေရာမှ ပုဆိန်နဲ့ထွင်းနေရလိမ့်မယ်"

အန်တီထား ပြောပြောဆိုဆို အတင်းဆွဲခေါ်သွားတာမို့ ပန်းကလေး မငြင်းသာ။ ခြေဖဝါးကဒဏ်ရာက နှလုံးသားအထိ စူး

www.burmeseclassic.com



တက်လာသည်။

ဖေဖေနဲ့မေမေရယ်၊

သမီးဝေဒနာကို လာကြည့်လှည့်ပါကွယ်။

♥ ♥ ♥

## အခန်း (၃၁)

ပန်းခြေဖဝါးမှာ ပတ်တီးအဖွေးသားနှင့်။

ခြေဖဝါးမှာ ဖန်ကွဲစစူးဝင်သွားတာက နှစ်နေရာတောင်။ ခြေဖဝါးအလယ်က ဒဏ်ရာပိုကြီးသည်။ သွေးထွက်များတာမို့ တော်ရုံနဲ့ သွေးမတိတ်ပါ။

ဆရာဝန်က အရက်ပျံနဲ့ဆေးကြောသန့်စင်ပေးသည်။ ဖန်ကွဲအစအန ကျန်မကျန် သေချာကြည့်ရှုစစ်ဆေး၏။ ပြီးမှ ဆေးထည့်ကာ ပတ်တီးစည်းပေးသည်။ မေးခိုင်ကာကွယ်ဆေးထိုးပေးသလို သောက်ဆေးခြောက်ခွက်စာပေးခဲ့သည်။

ခြေဖျားထောက်လျှောက်ရင်း ပန်းကလေး ဆေးခန်းက ပြန်လာသည်။ အိမ်ပေါ်တက်မသွားဘဲ အနှိတီထားတို့ လက်ဖက်ရည်ဆိုင်က ဖုန်းနားမှာ ပန်းကလေး ထိုင်ချ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့ ဖုန်းဆက်လာရင် ချက်ချင်းနားထောင်လို့ အောင်ဆိုတဲ့ စိတ်ကူးနဲ့ပါ။ အန်တီထားက ကော်ဖီတစ်ခွက် ယူလာပေးပြီး ဆေးတစ်ခွက်သောက်ခိုင်းသည်။

အန်တီထားခိုင်းတဲ့အတိုင်း ပန်းကလေး ဆေးသောက် ကာ။

"ကဲ သမီးပန်းကလေး။ အိမ်ပေါ်မှာ သွားနားနေ။ ဖုန်းလာရင် အန်တီထားခေါ်ပေးမယ်။ ဒီမှာက ကြော်လှော်နေတယ် မဟုတ်လား။ သမီးအညှော်မိရင် အနာရင်းသွားမယ်"

ပန်းကလေး ဘာမှမပြောသာ။ အန်တီထားပြောတဲ့အတိုင်း အိမ်အသစ်လေးပေါ် ပြန်တက်ခဲ့ရသည်။ အိမ်ထဲမှာလည်း ပန်းကလေး ဂနာမငြိမ်။ စိုးရိမ်တာလား၊ စိတ်ပူတာလား။

ဘာဖြစ်တာလဲ။

သိချင်စိတ်တို့နှင့်စိတ်မငြိမ်မသက် ဖြစ်လို့နေသည်။ ဖေဖေနဲ့မေမေရယ်။ အမြန်ပြန်လာပါတော့လို့။

ပန်းကလေးမျှော်နေသူများက ရောက်မလာ။ ရောက်လာတာက ကောင်းမွန်။ ကောင်းကိုမြင်တော့ ပန်းကလေးရင်ထဲမှာ ပိုထိခိုက်သွား၏။

"မလာပါနဲ့လား ကောင်းရယ်"

အိမ်ပေါ်လှမ်းတက်တော့မယ့် ကောင်းခြေလှမ်း တုန့်ခနဲ ရပ်သွားသည်။ ကောင်းမွန် စိတ်မသက်မသာ သက်မချလျက်။



"ကောင်း စိတ်မကောင်းပါဘူး ပန်းရယ်။ ကောင်းကြောင့် ပန်းတို့အိမ်ထောင်ရေးမှာ ပြဿနာအကြီးကြီး တက်ကြတယ်လို့ ကြားကတည်းက ကောင်းထပ်တူခံစားရပါတယ်။ ကောင်းရည်ရွယ်တာ ဒါမျိုးမဟုတ်ဘူး။ ပန်းတို့ချင်း ကျေကျေနပ်နပ်လမ်းခွဲတယ်ဆိုရင် ကောင်းရှေ့တိုးမယ်ဆိုတဲ့ စိတ်ကူးရှိတာတော့ ဝန်ခံပါတယ်။ တိုက်ခိုက်ဖို့ဖိအားပေးဖို့တော့ ကောင်းလုပ်ဖို့စိတ်မကူးဘူး။ ကင်းရှင်းသွားရင် ရိုးရိုးသားသား ပြန်လိုချင်တယ်။ ဒါပဲ"

"မပြောပါနဲ့တော့ကောင်းရယ်။ ပြန်ပါတော့နော်။ မေမေတို့ရောက်လာလို့ ကောင်းကိုတွေ့သွားရင် ပန်းကလေး အဆူခံနေရမယ်။ ပြီးတော့ ပြဿနာတွေတက်ဖို့ရှိတယ်။ ခုလည်း ပြဿနာက အကြီးကြီးတက်ဦးမှာလေ။ သူကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်နေတယ်တဲ့ အဟင့်"

ပန်းကလေးပြောရင်း ဟင့်ခနဲ တရှိုက်ရှိုက်ငိုသည်။ ကောင်းမွန် တကယ်စိတ်ထိခိုက်စွာ။

"ဆောရီးဟာ။ ကောင်း ဒါတွေဘာမှမသိဘူး။ အန်ကယ်ဆောင်ခေါ်လို့ စက်ရုံလာခဲ့တာ။ ပန်းကလေး လက်ဖက်ရည်ဆိုင်ထဲကနေ ဒီအိမ်လေးပေါ် တက်သွားတာမြင်တာနဲ့ အန်ကယ်ဆောင့်ကားပေါ်က ကမန်းကတန်းဆင်းပြီးပန်းကလေးနဲ့လာတွေ့တာ။ စစ်သခင်အခြေအနေ ဘယ်လိုလဲ"

"ပန်းဘာမှမသိဘူး။ ကောင်းပြန်ပါတော့နော်။ လက်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ရည်ဆိုင်မှာ အန်တီထားရှိနေတယ်။ မြင်သွားရင်မကောင်းဘူး"

ပန်းကလေး ဒါပဲအထပ်ထပ်ပြောရင်း နှင်ထုတ်နေသည်။ ကောင်းက စကားတွေအများကြီး ပြောချင်မေးချင်ပေမယ့် အခွင့်မသာ။

အိမ်ပေါ်ကို ခြေတစ်လှမ်းပင် တက်ခွင့်မရ။ အေးအေးဆေးဆေး စကားပြောခွင့်ရဖို့က ပိုဆိုးသည်။

နောက်ဆုံး ပန်းကလေးနှင်တဲ့အတိုင်းပင်။ နောက်ကြောင်းပြန်လှည့်ပြန်ရတဲ့အဖြစ်။

ကောင်းမရှိတော့မှ ပန်းကလေး တရှိုက်ရှိုက်ငိုချမိသည်။

ခြေထောက်က ဒဏ်ရာကြောင့်လား။

မဖြစ်နိုင်ဘူး ထင်ပါတယ်ကွယ်။

♥ ♥ ♥

## အခန်း (၃၂)

"ခင်နှင်း။ ညည်းသားမက် ဘယ်အခြေအနေလဲ"

အန်တီထားလှမ်းမေးတဲ့အသံ။ ထိုမေးသံကြောင့် ပန်းကလေး မျက်ရည်တွေသုတ်ကာ ထိုင်နေရာမှ ကမန်းကတန်းထသည်။

ခြေထောက်ဒဏ်ရာကိုလည်း မေ့လေပြီ။ အိမ်ပေါ်က သုတ်ခြေပြေးဆင်းရင်း မေမေပြောသံကို နားစွင့်ထားသည်။

မေမေတစ်ယောက်တည်း တက္ကစီပေါ်ကဆင်းသည်။ အန်တီထားရှိတဲ့ လက်ဖက်ရည်ဆိုင်ထဲ တန်းဝင်သွားပြီး

"မမထားရယ်။ မောင်စစ် ကံဆိုးရှာပါတယ်"

"ဟင်"

ပန်းကလေးတစ်ကိုယ်လုံး တောင့်မတ်သွားသည်။ သွေးကြည်ပတ်မှုတွေလည်း ဆူပွက်ကာ ကမ္ဘာကြီးချာလည်သွားသလို

www.burmeseclassic.com



ခံစားရ၏။

ပန်းကလေးကိုယ်လည်း ဘာဖြစ်လို့ဖြစ်မှန်းမသိ။

ဟပ်ထိုးလဲကျမလိုဖြစ်လို့ မှီရာအိမ်နံရံကို ကမန်းကတမ်း လှမ်းကိုင်သလို။

ထိန်းမနိုင်တဲ့ကိုယ်ကိုလည်း နံရံနဲ့ အားပြုမှီလိုက်ရသည်

ရင်တွေလဲ တဒိုင်းဒိုင်းခုန်ကာ။

"ဘယ်လို ခင်နှင်း"

"ဟုတ်တယ် မမထားရေ။ အသက်သာကျန်တော့မယ် ဘဝတော့သေသွားပြီ"

"ဘယ်လိုလဲ ရှင်းအောင်ပြောစမ်းပါ"

"ခါးက ဒဏ်ရာက အတော်လေးပြင်းတယ်။ ခြေထောက် တွေလည်း လှုပ်လို့မရဘူး။ ခြေတစ်ဖက်ဖြတ်ရမယ်လို့ပြောတယ် မမထားရယ်"

"ဘုရားရေ"

အန့်တီထား ဘုရားတ၏။

ပန်းကလေးရင်ထဲက ဘုရားတသံပင် ထွက်မလာနိုင်တော့ ပါ။

ရင်ခေါင်းထဲမှာ အစ်စို့ကာ။ မျက်လုံးအိမ်ထဲ အပြာရောင်ချေ လွှမ်းမိုးကာ။ မှောင်လို့သွားသည်။

"ခေါင်းနဲ့ကိုယ်အပေါ်ပိုင်းမှာလဲ ဒဏ်ရာတွေချည်း မ



ထားရယ်။ ခင်နှင်းမကြည့်ရက်ဘူး။ ကိုဝေနေခဲ့တယ်။ ခင်နှင်းက သမီးကို စိတ်ပူလို့ ပြန်လာခဲ့တာ။ သမီးကို အကျိုးအကြောင်းပြော လိုက်ဦးမယ်"

မေမေ့စကားသံတွေ ပြတ်တောက်သွားလျှင် ပန်းကလေး တစ်ကိုယ်လုံး ပုံကျသွားကာ။ ဘာကိုမှ ခံစားနိုင်စွမ်း မရှိတော့ပါ။

မေမေနဲ့လည်း ရင်မဆိုင်ချင်။

မေမေ အသေးစိတ်ပြောပြမှာကိုလည်း နားမဆင်ရဲ။ ခေါင်း ချမ်းရင်း

ပုံကျနေတဲ့ခန္ဓာကိုယ်ကို သယ်မထသည်။ အိမ်ပေါ် က သောင်ကတမ်း ပြန်တက်ကာ၊ အခန်းထဲတန်းဝင်သည်။

မေမေ မြင်ကွင်းထဲမှာ ပန်းကလေးမနေချင်ပါဘူး။

ဟင့်အင်း မနေချင်ဘူး။

"သမီး ပန်းကလေး"

ပန်းကလေး မထူးမိအောင် နှုတ်ခမ်းကိုဖိကိုက်၏။

အသက်ကိုလည်း အောင့်ထားကာ ကိုယ်ကိုလည်း တောင့် ထားမိသည်။

နားနှစ်ဖက်ကိုပါ လက်ဖဝါးနှစ်ဖက်နဲ့ ဖိပိတ်လျက်။

မေမေရယ်။ မခေါ်ပါနဲ့။

ပန်းကလေးကို ဘာမှမပြောပါနဲ့။

ပန်းကလေးတစ်ကိုယ်တည်း နေပါစေ။ ပန်းကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ခံစားပါရစေကွယ်။

♥ ♥ ♥

## အခန်း (၃၃)

"ချစ်လို့ အဟင့်"

ပန်းကလေး မဲ့မဲ့လေး ရယ်ချသည်။

"တကယ်ပါ ပန်းကလေးရယ်။ မင်းလေးဟာ ကိုယ့်နှလုံး[illegible]ကို ချစ်တတ်အောင်ပြုစားနိုင်တဲ့ မိန်းကလေးပါ။ မင်းကို ကိုယ်[illegible]ခဲ့သမျှက"

"တော်တော့ ရှင်ဆက်မပြောနဲ့တော့။ လူယုတ်မာ။ ရှင့်ရင်[illegible]မှာ အချစ်မရှိဘူး။ တပ်မက်စိတ်နဲ့ စော်ကားချင်စိတ်ပဲရှိတယ်။ [illegible]တယ်ဆိုတဲ့စကားက ရှင့်အပြုအမူတွေနဲ့ မတန်ဘူး။ ရှင်သိရဲ့[illegible]။ ရှင်ချစ်တယ်ဆိုတဲ့စကားလုံးသုံးတာ အကြောင်းမဲ့မဟုတ်ဘူး။ [illegible]ကလေးသိတယ်။ သေသွားတဲ့ ရှင့်မယားအစား ကျွန်မနဲ့ ပေါင်း[illegible]ချင်လို့ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ပန်းကလေးရယ်"

"ဒီမှာ။ ရှင်နဲ့ပန်းကလေး ဘယ်တော့မှ မပေါင်းဘူး။ သေ
တဲ့အထိ မပေါင်းဘူး သိရဲ့လား။ ကျွန်မရှေ့ ရှင်ဘယ်တော့မှ
လာနဲ့။ ရှင့်မျက်နှာ ကျွန်မမကြည့်ချင်ဘူး။ ဟီး"

နှလုံးသားလေး ဆောက်တည်ရာမရဖြစ်ကာ မျက်နှာဖူး
ဖူးလေးကို လက်ဖဝါးနဲ့ဖိအုပ်ရင်း ပန်းကလေး ဟီးခနဲငိုချလိုက်သည်

"ရှင့်ကို ဘယ်တော့မှ မမြင်ပါရစေနဲ့ စစ်သခင်"

ကျိန်စာဆန်တဲ့ စကားလုံးတွေ၊ စစ်အာရုံတစ်ခုလုံးကို
မှောင်မိုက်ပျာတူးသွားစေသည်။

အထူးသဖြင့် အချစ်စိတ်မရှိဘူး။ တပ်မက်စိတ်။ စော်ကား
ချင်တဲ့စိတ်ပဲ ရှိသတဲ့။ မဟုတ်သေးဘူး ပန်းကလေးရယ်။

အစောအစား ပေါင်းခွင့်ရချင်လို့ဆိုတာ ပိုပြီးမဟုတ်သေး
ဘူး။

ပန်းကလေးနားလည်အောင် ကိုယ်ဘယ်လိုရှင်းပြရမလဲ

"ရှင့်ကို ဘယ်တော့မှ မမြင်ပါရစေနဲ့ စစ်သခင်"တဲ့။

ကိုယ့်အပေါ် အဲသလောက် ရွံရှာနေတာလား။ မမြင်ချင်
လောက်အောင် စိတ်နှလုံးသား ထိခိုက်နေတာလား ပန်းရယ်။

အဲဒီအတွက် ကိုယ် ဘာလုပ်ပေးရမလဲ။

ကိုယ်ဘာလုပ်ပေးရမလဲ။

ပန်းကလေးရဲ့ ပြောစမ်းပါလို့ အကြိမ်ကြိမ်ဟစ်ကြွေးနေ



ခဲ့တဲ့ စစ်နှလုံးသားက အသိတရားတွေ ခြေလွတ်လက်လွတ် ဖြစ်ကုန်
သည်။

"ပွမ် ပွမ် ပွမ်"

"ပွမ်"

ကားဟွန်းသံတွေ ဆူညံနေတာလဲ စစ်နားကမကြား။ မျက်
လုံးထဲမှာလဲ မျက်ရည်ကန့်လန့်ကာတွေ ဆီးကာနေသည်မို့ ဘာကိုမှ
မမြင်ရ။

"ပွမ် ပွမ် ပွမ်"

ကားဟွန်းသံတွေ ဆူညံသွားတဲ့နောက် ရှေ့တည့်တည့်မှ
ဒိန်းခနဲတိုက်မိ၏။

ဘယ်လောက်ထိ ပြင်းထန်သွားသည်မသိပါ။ စစ်မောင်းတဲ့
ကား ကျွမ်းပြန်သွားကာ၊ စစ်ကိုယ်လေး မောင်းသူနေရာမှ အန်ကျ
သည်။ ထို့ပြင် နောက်ကလာတဲ့ ကားဘီးက စစ်ခြေထောက်ပေါ်မှာ။

"အား"

အသက်ထွက်လုမတတ် နာကျင်သံတွေနောက် စစ် ကမ္ဘာ
ကြီး မှောင်အတိ။

"ရှင့်ကို ဘယ်တော့မှ မမြင်ပါစေနဲ့ စစ်သခင်"တဲ့။ မင်း
လေးရဲ့ကျိန်စာအတိုင်း ကိုယ်ဖြစ်သွားပါစေ ပန်းကလေးရယ်။

♥

www.burmeseclassic.com

www.burmeseclassic.com



နာကျင်ခံစားရမှုနဲ့ စတင်သတိရလာတဲ့ စစ်။ ဒါပေမဲ့ ခန္ဓာ
ကိုယ်အောက်ပိုင်းက လှုပ်ရှားလို့မရ ဖြစ်လေပြီ။

လက်တွေကိုပင် မ,နိုင်စွမ်းမရှိ။ ခေါင်းတစ်ခုလုံးလည်း ဇ
စစ်စစ်ကိုက်၏။ ထို့ပြင် မာမီ့ငိုသံက စစ်နှလုံးသားကို ခိုက်ခိုက်တု
လျက်။ ဒယ်ဒီက အံတကြိတ်ကြိတ်နှင့်။ သူ့မျက်ဝန်းမှာလည်း မငိုဘ
မျက် ရည်တွေသောသောကျနေသည်။

"သား"

မာမီ လက်ချောင်းလေးတွေနဲ့ စစ်လည်တိုင်ကို ကြင်ကြ
နာနာစမ်းရင်းခေါ်သည်။ စစ်မျက်တောင်လေးခတ်ကာ မာမီ့
ငဲ့ကြည့်၏။

မျက်ရည်များနဲ့မို့ မှုန်ဝါးဝါး။

"သား အားတင်းထားပါသားရယ်။ သားလေး ဒုက္ခိတမဖြ
စေရပါဘူး။ မာမီတို့စည်းစိမ်တွေ ပုံအောပြီး ကုမှာသားရဲ့ ဟင့်ဟင့်
ဟင့်"

ပြောရင်း စိတ်မထိန်းနိုင်။ မာမီငိုချတော့ ဒယ်ဒီမျက်ရေ
လည်း မခိုင်တော့ပါ။ စစ်မျက်ရည်တွေလည်း တားမရဆီးမရ။

"သားလေး ကံဆိုးတယ်။ ဟင့်ဟင့်ဟင့်။ မာမီ့သားလေး
ဘာကြောင့် ခဏခဏကံဆိုးရတာလဲကွယ်"

"ဒါတွေပြောမနေနဲ့တော့ ဝင့်ရာ။ အရေးကြီးတာ ကိုယ်
သားဘဝငြိမ်းချမ်းဖို့။ ကိုယ့်တို့သား ဒုက္ခိတမဖြစ်ဖို့ပါကွ။ သား အား



တင်းထားနော်"

ဒယ်ဒီက လက်ချောင်းတွေတင်းအောင်ဆုပ်ပြီးရင်း အားအ
ပြည့်နဲ့ပြောနေသည်။ စစ် မျက်လုံးကို စုံမှိတ်ထားလိုက်သည်။

ဒယ်ဒီနဲ့မာမီရဲ့ သောကတွေကို မမြင်လိုတဲ့စိတ်က မျက်ရည်
စီးကြောင်းတွေကိုသာ ဖြစ်စေလျက်။

ပန်းကလေးရေ။

မင်းလေး ကျေနပ်နိုင်ပါစေ။

စိတ်ချပါ။ မင်းရှေ့ ကိုယ်ဘယ်တော့မှ မလာတော့ပါဘူး။
ကတိပေးပါတယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

နွေနှောင်းညလေးရယ်။

ကြယ်ပန်းတွေပွင့်နေတဲ့ ကောင်းကင်ပြာက သာသာယာယာ။ ညမွှေးပန်းတို့ရဲ့ အင်းအီသော ရနံ့ချိုချိုက စိတ်နှလုံးညှတ်နူးအောင် မြှူနေပေမယ့် ပန်းကလေး စိတ်နှလုံးသားမလန်းနိုင်။

ရင်ထဲမှာစို့ကာ။

သွေးသားနဲ့တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်က ဂနာမငြိမ်။ စိတ်အစဉ်ဟာ ညဥ့်ငှက်တွေလို ဟိုဒီပျံသန်းရင်း တစ်စုံတစ်ရာ ငြိတွယ်ချင်သလိုလို ခံစားနေရသည်။

ထိုခံစားချက်က ဘယ်လောက်ပြင်းထန်နေသည် မသိပါ။

အိပ်လို့မပျော်နိုင်တဲ့ ပန်းကလေး ခေါင်းအုံးမှာ မျက်ရည်တို့ရွဲလျက်။ ဒီမျက်ရည်တွေ ဘာကြောင့် ကျနေရတာလဲကွယ်။ ကြေ



ကွဲစိတ်နဲ့လား။ လွမ်းဆွတ်တဲ့အတွေးနဲ့လား။ ဒါမှမဟုတ် ယူကြုံးမရဖြစ်စိတ်နဲ့ နှလုံးသားလေး ထိရှနေလို့လား။

လားပေါင်းများစွာနောက်မှာ ပန်းကလေးနှလုံးသား ဆောက်တည်ရာမရဖြစ်ချေသည်။

"ခြေထောက်ဖြတ်ပစ်တဲ့ အနေအထားမရောက်ဖို့ ဆရာဝန်ကြီးတွေ ကြိုးစားနေပါတယ် ခင်နှင်းရယ်။ မမဝင့်ခမျာ တငိုငိုညည်းငိုနေရှာတာ မြင်ရတော့ ကို တကယ်စိတ်ထိခိုက်တယ်။ ကိုယ့်နွန်းလည်း အံ့တကြိတ်ကြိတ်နဲ့။ တစ်ခုခုကို အပြစ်တင်ချင်စိတ်နဲ့ ခြေပြင်းနေတာကွ။ ဘာပဲဖြစ်ဖြစ် မိဘချင်းကိုယ်ချင်းစာတယ်။ ကို့သမီးလည်း ဒီလိုဖြစ်လာရင် ကိုရူးသွားမလားပဲ ခင်နှင်းရယ်"

ဖေဖေ ညကြီးမိုးချုပ်မှ ဆေးရုံကရောက်လာပြီး မေမေ့ကို ပြောပြနေတာက စစ်မိဘခံစားရတာနဲ့ ထပ်တူကျနေတဲ့ ထိခိုက်မှုမျိုးနဲ့။

ပန်းကလေးသာ ဒီလိုဖြစ်ရင် ဖေဖေရူးမတဲ့လားကွယ်။

ဒါဆို သူ့မိဘလည်း ရူးလောက်အောင် ခံစားရမှာပေါ့။ ဟုတ်လား။ ဖေဖေ။

စစ်ဒယ်ဒီ အံ့တကြိတ်ကြိတ်ဖြစ်နေတာက ပန်ကလေးကို အပြစ်တင်ချင်စိတ်နဲ့လား။ ပန်းကလေး ပယောဂမကင်းဘူးလို့ ဆိုချင်တာလား။

ပြောကြပါကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေးကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောကြပါ။ ပန်းကလေး ခံစားချင်လို့ပါလေ။

♥ ♥ ♥

အခန်း (၃၅)

"လာပါ ပန်းကလေး။ ပန်းကလေးသွားကြည့်ရင် စစ်မိဘ မိမ်းသာမှာပါ။ စစ်လည်း အားရှိသွားမယ် သူငယ်ချင်းရယ်"

မိဆင့်အတင်းပြောဆိုကာ ဆေးရုံသွားဖို့ခေါ်သည်။ ပန်းကလေးကိုယ်ပန်းကလေး အပြစ်ရှိနေသူလို ခံစားနေရတာမို့ ရင်ဆိုင်ချင်။ တစ်ယောက်တည်း ကြိတ်ငိုရတာက ကောင်းဦးမည်။

"လာစမ်းပါ"

ချယ် အားမလိုအားမရ ဆွဲခေါ်လျှင်

"သမီးရယ်။ သွားလိုက်ပါကွယ်။ မမဝင့်တို့က မေမေတို့ ကျေးဇူးရှင်ဆိုလဲ ဟုတ်တယ်။ သမီးရဲ့ယောက္ခမဆိုလည်း မမှားပါ ဘူး။ မောင်စစ်ကလည်း သမီးကို မြင်ချင်ရှာမှာပေါ့ကွယ်။ ခများ နားဖို့ သိပ်ကောင်းတယ်ကွယ့်။ သမီးစိတ်မှာ ဘာချည်းဖြစ်နေ နေ လူမှုရေးအရ ပတ်သက်ရာပတ်သက်ကြောင်းတွေ ရှိနေသော်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ သမီးဖေဖေက သမီးကို သွားစေချင်တယ်။ မေမေ့ကို တောင် ပြောခိုင်းသေးတယ်။ မေမေပြောမထွက်တာနဲ့ စောင့်ကြည့် နေတာကွယ်။ အခု သမီးသူငယ်ချင်းတွေလည်း အဖော်ပါတာပဲ သွားလိုက်နော်။ သွားလိုက်ပါ။

ပန်းကလေးပခုံးကို ဖွဖွဖက်၍ ချော့ချော့မော့မော့ မေမေ ပြောရှာသည်။ ပန်းကလေးကို ဒီလိုပြောလေ ပန်းကလေးဝမ်းနည်း လေ။ မခိုင်တဲ့ မျက်ရည်တွေ မယိုကျအောင် ပန်းကလေးထိန်းရင်း ခေါင်းညိတ်လိုက်ရသည်။

မိဆင့်နဲ့ချယ်က တအားတက်လေပြီ။

"လာပါဟယ်"

နှစ်ယောက်သားဆွဲခေါ်ရာနောက် ပန်းကလေး မတွန့်မ ဆုတ်ပါခဲ့၏။

စစ်ကို ဘယ်လိုမျက်နှာနဲ့ ရင်ဆိုင်ရမလဲ။ ပန်းကလေးကိုယ် တိုင် ဟောဒီပါးစပ်နဲ့ ထုတ်ပြောခဲ့တယ်မဟုတ်လား။

"ရှင့်မျက်နှာ ကျွန်မ မကြည့်ချင်ဘူးလို့"

ပန်းကလေးအသံ ပန်းကလေး ပြန်ကြားယောင်ရင်း ရှက် စိတ်တို့ဝင်နေမိသည်။ မိဆင့်က ရိပ်မိဟန်နဲ့ ပန်းကလေး လက်ဖဝါး ကို နွေးထွေးစွာဆုပ်ကိုင်ပြီး

"ပန်းကလေးရယ်။ ဟိုဟိုဒီဒီတွေးပြီး ရင်ထဲထိထိခိုက်ခိုက် ခံစားမနေပါနဲ့။ ဖြစ်ခဲ့ပြီးတာကို တစ်ခန်းရပ်လိုက်ပါတော့ဟယ်။



ဖြစ်သင့်တာကို ပြန်ပြီးပြင်ဆင်စဉ်းစားလို့ရပါတယ်"

ပန်းကလေး ခေါင်းညိတ်သလိုနဲ့ မျက်နှာလွှဲလိုက်မိသည်။ သူငယ်ချင်းတွေ မျက်မြင်ဖြစ်အောင် မျက်ရည်ကျမပြချင်။

ရင်ထဲမှာကျတဲ့ မျက်ရည်ရင်ထဲမှာပဲ ကြွေပါကွယ်။ ခုတော့ ရှေ့မျက်နှာနောက်ပို့ပြီး ရင်ဆိုင်ပါ့မယ်လေ။

ဆေးရုံဝင်းထဲရောက်သည်နှင့် မိဆင့် အရှေ့က ဦးဆောင် ဝင်သွားသည်။ ချယ်က ပန်းကလေးလက်ကိုဆွဲပြီး လူနာခန်းထဲဝင် လျှင်

"ဟင်"

မိဆင့်ဆီက ဟင်ခနဲအသံကြားရသလို အခန်းထဲဝင်မိရုံ နဲ့ မိဆင့်ခြေလှမ်းတန့်သွားသည်။ ဘာဖြစ်လို့ပါလဲ။ သိချင်စိတ်ပြင်း ပြစွာ မိဆင့်နောက်ကကျော်ပြီး လူနာခန်းထဲကြည့်၏။

လူနာခန်းထဲမှာ လူနာလည်းမမြင်။ လူနာမိဘကိုလည်း မမြင်။ လူနာခန်းသန့်ရှင်းရေးလုပ်နေတဲ့ အမျိုးသမီးကြီးကိုသာ မြင် ရသည်။

"ဟင်"

ပန်းကလေးနဲ့ချယ်လည်း အံ့ဩရကာ မိဆင့်က သန့်ရှင်း ရေးလုပ်နေတဲ့ ဝန်ထမ်းအမျိုးသမီးကြီးနား ချဉ်းကပ်သွားပြီး

"ဒေါ်ဒေါ် ဒီအခန်းကလူနာကော"

"ဆင်းသွားကြပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သုံးယောက်လုံး မျက်လုံးလေးများ ပြူး၏။ ဆင်းသွားကာ အခြေအနေကောင်းလို့လား ဆိုးလို့လား။ ဒါလည်း သိလိုလှသည်။

"လာ အိမ်လိုက်သွားစို့"

မိဆင့်ဦးဆောင်ပြီး ထွက်သွားပြန်သည်။ ချယ်လည်း ပန်းကလေးလက်ကို ဆွဲခေါ်ကာ မိဆင့်နောက် လိုက်ပါရပြန်သည်။

စစ်မိဘနေတဲ့တိုက်ထဲရောက်တော့လည်း အန်တီတို့အန်ကယ်တို့အရိပ်တွေပင် မမြင်ရပေ။

အတန်ကြာမှ ဒေါ်စုထွက်လာသည်။

မိဆင့် အကျိုးအကြောင်းမေးတော့။

"မောင်စစ်ကို ဆေးကုဖို့ အမေရိကားခေါ်သွားကြတယ်။ ဒီနေ့ပဲ ထွက်သွားကြတယ်"တဲ့။

"ဘုရားရေ"

ပန်းကလေး ရင်ထဲမှာ စို့ကြပ်သွားလေသည်။ ပန်းကလေးကို တစ်ချက်ကြည့်ပြီး မဖြေချင်ဖြေချင်နဲ့ပြောတဲ့ ဒေါ်စုအသံက ပန်းကလေးရင်အုံကို ထုချလိုက်သည့်နှယ်။

ရင်ထဲ အောင့်ခနဲ နာမျက်ကာ။ ထိခိုက်စိတ်နဲ့ ဝမ်းနည်းမျက်ရည်များ ပြိုကျလာသည်။

ထိုအခါ ပန်းကလေး ဟန်မဆောင်နိုင်တော့ပါ။

မျက်ရည်စက်လက်နဲ့ တိုက်ထဲက ပေးထွက်ခဲ့မိသည်အထိ



ခံစားရလေသည်။

"ပန်းကလေး နေဦးလေ"

သူငယ်ချင်းတွေရဲ့ ဟန့်တားသံကိုလည်း ပန်းကလေး နားဆင်တော့ပါ။

အန်တီနဲ့အန်ကယ်ရယ်။

ပန်းကလေးကို ဘယ်လိုသဘောထားနေကြပြီလဲ။ အမေရိကမှာ ဆေးသွားကုတာတောင် ပန်းကလေးကို အသိပေးမသွားတာ ဘာကြောင့်လဲ။

ပန်းကလေးကို မပြောရင်တောင် မေမေတို့ကိုတော့ အသိပေးသင့်ပါတယ်ကွယ်။

ခုတော့ ဥပေက္ခာပြုကျောခိုင်းသွားတဲ့အထိ ပန်းကလေးအပေါ်မှာ အစိမ်းရောင်သန်းနေလား။

ပြောကြပါကွယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"သမီးရယ်။ မှိုင်တွေမနေပါနဲ့။ သမီးဘာဖြစ်ချင်လဲ။ မေ
မေ့ကိုပြောလေ"

ဝရန်တာလက်ရန်းမှာမှီပြီး ငေးငေးလေးထိုင်နေတဲ့ ပန်း
ကလေးနား မေမေထိုင်ချပြီးမေးသည်။

"ပန်းကလေး ဘာပြောရမှာလဲ မေမေရယ်"လို့
ရင်ထဲမှာ တိုးတိုးလေးမေးလျှင်

"ဘာပဲဖြစ်ဖြစ်ပေါ့။ သမီးစိတ်ထဲရှိတာ ပြောမှပေါ့။ သမီး
ပြောမှ မေမေတို့သိရမယ် မဟုတ်လား"

ချော့မော့မေးနေတဲ့ မေမေ့အကြင်နာလက်ချောင်းလေး
တွေကို ပန်းကလေးဆုပ်ကိုင်မိလျှင် ဝမ်းနည်းလို့လာသည်။

"ဘာလဲ။ ဆေးကုသွားကြတဲ့ကိစ္စ မေမေတို့ကို အသိမေ



သွားလို့ သမီးဝမ်းနည်းနေတာလား"

မေမေရိပ်မိသလိုမေးသည်။ ဝန်းကလေး မေမေ့ပခုံးပေါ်
ခေါင်းလေးမှေးတင်ရင်း တိတ်ဆိတ်နေမိသည်။

ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းမဟုတ်လား။ ဒေါ်ခင်နှင်း
သမီးလေးစိတ်ကို ဖတ်တတ်သွားတာမို့ -

"သမီးရယ်။ မမဝင့်တို့သားဇောကပ်နေလို့ပါကွယ်။ သမီး
လေး စွဲမယူပါနဲ့။ အရေးကြီးတာက မောင်စစ်ကျန်းမာရေး ဒေါင်
ဒေါင်မြည်လာဖို့လေ။ အမေရိကဆိုတာ ဆေးပညာထွန်းကားတယ်
ဟုတ်လား။ ငွေကုန်ကြေးကျခံနိုင်သလောက် အကျိုးရှိမယ်လေ။
ဒါကြောင့် မမဝင့်တို့ အားချင်းသွားကြတာဖြစ်မယ်။ ဒါကြောင့်
မေမေတို့ကို အသိပေးဖို့ အချိန်မရဖြစ်သွားတာထင်တယ်။ သမီး
မေမေလည်း ဒီလိုပဲ ယူဆတယ်ကွယ့်"

မေမေ့စကားမဆုံးခင် စိမ့်ထွက်လာတဲ့ မျက်ရည်စကို ပန်း
ကလေး မသိမသာတို့သုတ်မိသည်။

မေမေက ပန်းကလေးပခုံးကို နွေးထွေးစွာဖက်၍

"သမီးလေး စိတ်ထဲမွန်းကြပ်နေရင် မေမေတို့မော်ဘီက
ထဲမှာ ပြန်ပြောင်းနေစို့လားဟင်"

မေမေ့ကို ပန်းကလေး မျက်လုံးဝိုင်းလေးနဲ့ ပြူးကြည့်မိ
သည်။

မေမေ မသိမသာ သက်မချပြီး။

www.burmeseclassic.com

www.burmeseclassic.com



"မေမေတို့မရှိတော့ စိုက်ခင်းတွေလည်း ညှိုးကုန်ပြီလေ၊ အထိန်းအသိမ်း အစောင့်အရှောက်မရှိရင် အဲဒီခြံလေး ပျက်စီးသွား မှာပေါ့။ ခြံနဲ့စိုက်ခင်းတွေ ပျက်စီးသွားရင် မမဝင့်တို့ ဘယ်စိတ် ကောင်းမလဲ။ ဘာပဲဖြစ်ဖြစ်ပေါ့ သမီးရယ်။ တစ်လုပ်စားဖူး သူ့ကျေး ဇူးမဟုတ်လား။ မမဝင့်တို့က မေမေတို့အပေါ်မှာ ထမင်းတစ်လုပ် ထက်မကတဲ့ ကျေးဇူးအကြီးကြီးရှိပါတယ်ကွယ်။ စစ်ဆေးရုံရောက် တဲ့ကိစ္စနဲ့မို့ ခြံစာချုပ်လည်း မမဝင့်တို့လက်ထဲ ချယ်နဲ့မပေးခိုင်းရသေး ပါဘူး။ လောလောဆယ် ဟိုကိုပြန်ပြောင်းနေရင် သမီးလည်း စိတ် ကြည်လင်လာမှာပါ။ မမဝင့်တို့ခြံကိုလည်း စောင့်ရှောက်ပေးရ ရောက်မယ်လေ။ နော် သမီး။ သမီးဖေဖေက သမီးတမှိုင်မှိုင်ဖြ နေတာကို မြင်ရတော့ စိတ်မကောင်းဖြစ်နေရှာတယ်။ မမထားက လည်း သမီးလေး စိတ်ပျော်ရွှင်မယ့်နေရာပဲ သွားနေကြပါစေ့ လေ"

ပန်းကလေး ဘာမှစောဒကမတတ်ချင်တော့ပါ။ မေမေ့ အစီအစဉ်အတိုင်း ခေါင်းညိတ်လက်ခံလိုက်တာ။

သူ့အရိပ်ကို ပြန်လှုံ့ရသလို ရင်မှာ နွေးတေးတေး ခံစား လေသည်။

တကယ်ပါ။

သူ့အရိပ်အာဝါသအောက်က ပြေးထွက်ဖို့ ဆုံးဖြတ်ခဲ့ မယ့် ခုတော့ ထိုအရိပ်အောက် ပြန်ရောက်ကာ။



ဒါ ဘာကြောင့်ပါလဲ။

ပြန်မဆန်းစစ်ချင်တော့ပါလေ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"သမီး"

ဖေဖေခေါ်လျှင် ပန်းကလေး မုန်လာပင်ပေါက်တွေ နှုတ်နေရာမှ မော့ကြည့်ပြီး

"ဘာပြောမလို့လဲ ဖေဖေ"

"စိုက်ခင်းအလုပ်တွေ ဖေဖေလုပ်ပေးပါ့မယ်ကွယ်။ သမီး အပြင်အလုပ်လုပ်ချင်တယ်မဟုတ်လား။ အပြင်ထွက်လုပ်ပေါ့သမီး ရယ်။ ဒါမှ သမီးအမြင်ကျယ်လာမယ်လေ။ နော် သမီး"

ဖေဖေပြောရင်း မုန်လာပင်ပေါက်တွေ ဝိုင်းကူနှုတ်၏။

"ဟုတ်တယ်သမီးရဲ့။ သမီးဖေဖေကို မေမေ အခုအားကိုး လို့ရနေပါပြီ။ သမီးအပြင်အလုပ်လုပ်မယ်ဆို စိတ်ဖြောင့်ဖြောင့်သွား လုပ်ပါကွယ်"



မေမေလည်း အားတက်သရောခွင့်ပေးသည်။ ပန်းကလေး ကလည်း အပြင်အလုပ်လုပ်ဖို့ နဂိုကတည်းက အစီအစဉ်ရှိပြီးသား။ ဖေဖေနဲ့မေမေဆိုလာတော့ ပန်းကလေး အိုက်တင်ခံမနေတော့ပါ။

မရည်ရွယ်ပါဘဲ အလုပ်လုပ်လိုတဲ့ ပန်းကလေးခြေလှမ်း တွေက ရွှေရောင်မြေ မြန်မာ့လက်မှုပစ္စည်းအရောင်းစင်တာဆီ ဦး တည်လျက်။

စင်တာထဲ ဝင်မိသည်နှင့် ပန်းကလေးဘဝ လုံခြုံသလို ခံ စားရသည်။

"လာ သမီးပန်းကလေး"

ပန်းကလေး အင်တာဗျူးလာဖြေစဉ်က အနောက်တိုင်း ဝတ်စုံ ကျကျနနဝတ်ထားတဲ့လူကြီးက ဦးစွာလှိုက်လှိုက်လှဲလှဲခေါ် သည်။

ထိုသဘောကောင်းပုံရသော လူကြီး လှိုက်လှဲစွာခေါ်လျှင် ပန်းကလေး တအားတက်သွားသည်။ ဒါတင်မက

"အန်ကယ်တို့ ဘာအကူအညီပေးရလဲ"ဟု

ထပ်ဆင့်မေးပြန်သည်။ ထိုအခါ ပန်းကလေး တုံ့နှေးမနေ တော့ပါ။

"ဟိုလေ။ ပန်းကလေး အရင်တစ်ခါလျှောက်ထားတဲ့ အလုပ် နေရာလေး ရနိုင်မလားလို့ လာမေးတာပါ"

"ဒါများ ပန်းကလေးရယ်။ အဲဒီကတည်းက အန်ကယ်တို့

www.burmeseclassic.com

www.burmeseclassic.com



သမီးကို ရွေးပြီးသားပါ။ ခုချိန်ထိလည်း ဘယ်သူ့ကိုမှ မခန့်ရသေးဘူး။ မောင်စစ်ကလည်း တခြားတစ်ယောက်ကို ခန့်ပါလို့ အမိန့်မပေးသေးတော့ အန်ကယ်တို့လည်း အခြေအနေ စောင့်ကြည့်နေရတာပါကွာ။ သမီးစိတ်ဝင်စားရင် တစ်ပါတည်း အလုပ်တန်းဝင်လို့ရပါတယ်"

ထိုလူကြီးစကားအဆုံးမှာ ပန်းကလေး လှိုက်ခနဲဝမ်းသာသွားလေသည်။

"ကျေး ကျေးဇူးပဲ အန်ကယ်ရယ်"

"မလိုပါဘူး သမီးရယ်။ သမီးလျှောက်လွှာကို မြင်ကတည်းက မောင်စစ်အရမ်းအားတက်သွားတာ။ အန်ကယ်တို့ကို လက်မတထောင်ထောင်နဲ့ပြောတာ။ နားထဲကတောင် မထွက်ဘူး။ ကျွန်တော့်ဇနီးက အန်ကယ်တို့ဇနီးတွေလို ထမင်းချက်အဆင့် မဟုတ်ဘူးတဲ့။ ကျွန်တော့်ကို ပါရမီဖြည့်မယ့် မဒ္ဒီဒေဝီလိုမိန်းမတဲ့ဗျာ။ ဟားဟားဟား"

ယိုလူကြီးပြောရင်း သဘောကျစွာရယ်မောလျှင်၊ ပန်းကလေး မျက်နှာလေး ရှက်သွေးဖြာလေသည်။

"ဟုတ်တယ် သမီးရဲ့။ အန်ကယ်တို့ဇနီးနဲ့အန်ကယ်တို့က ထမင်းစားတဲ့ကိစ္စပဲ ပြောစရာဆိုစရာ စကားစလို့ရတယ်။ အလုပ်ကိစ္စဆို တစ်လုံးတစ်ပါဒမှ ဆွေးနွေးလို့မရဘူး။ အန်ကယ့်မဟေသီက ထမင်းချက်ဖို့ပဲ သိတာကိုး။ သမီးကမှ လင်ယောကျ်ားကို ထမင်း



ချက်ကျွေးရုံမက အလုပ်ကိစ္စပါ ပြောဆိုဆွေးနွေးလို့ရတဲ့ ဇနီးလေး။ မဒ္ဒီဒေဝီလို ယောကျ်ားကို ပါရမီဖြည့်ပေးနိုင်မယ့် မိန်းကလေး။ ဒါကြောင့် မောင်စစ် လက်မထောင်တာပေါ့ကွ"

"တော်ပါတော့ အန်ကယ်ရယ်"

ပန်းကလေး မျက်နှာမထားတတ်အောင် ရှက်နေမိသည်။ အန်ကယ်ပြောသမျှကို ရုံးခန်းထဲရှိနေတဲ့ တခြားလူကြီးတွေလဲ တဟဲဟဲရယ်ရင်း ဟုတ်ပ ဟုတ်ပလို့ ထောက်ခံနေတယ်မဟုတ်လား။

ဒါကြောင့် တော်ပါတော့လို့ ပန်းကလေး ဟန့်တားရခြင်း။ ဒါတောင် အန်ကယ်က ရယ်ကျဲကျဲနှင့် ဆက်ပြောသေးတယ်။

"တော်ပါမယ်ဗျာ။ ရွှေမဒီလေး အလုပ်လုပ်မယ်ဆိုရင် တစ်ပါတည်း မောင်စစ်ရုံးခန်းထဲ ဝင်ထိုင်ပေတော့"

ပန်းကလေးရင်ထဲမှာ သိမ့်ခနဲ ရင်ခုန်သွားသည်။

"သမီးလုပ်ရမယ့်အလုပ်တွေ အန်ကယ်ပြပေးမယ်။ သမီးမောင်စစ်ရုံးခန်းထဲ ဝင်နေ ဟုတ်ပြီလား"

အန်ကယ်က ပြောပြောဆိုဆို စစ်ရုံးခန်းတံခါးကို ကိုယ်တိုင်ဖွင့်ပေးလေသည်။ ပန်းကလေး ရှက်ရိပ်မပြယ်နိုင်စွာဘဲ လူကြီးအားလုံးရှေ့ကနေ စစ်ရုံးခန်းထဲ ဝင်ခဲ့ရသည်။

လူကြီးအားလုံးရဲ့ မျက်လုံးထဲမှာ ပန်းကလေး အလုပ်ဝင်သည်မှာကို သဘောအကျကြီးကျနေမှန်း သိသာလျက်။

စစ်ရုံးခန်းထဲ အခြေချမိသည်နှင့် ပန်းကလေးခြေဖဝါးက

www.burmeseclassic.com

www.burmeseclassic.com



အစ ဆံဖျားထိ နွေးထွေးသလို ခံစားရ၏။

ခေတ်မီခမ်းနားသော စစ်ရုံးခန်းကြီးက ငေးမောစရာအတိ။ နံရံမှာချိတ်ဆွဲထားတဲ့ ပန်းချီကားချပ်နဲ့ ဓာတ်ပုံက ပန်းကလေးရင်ကို လှိုက်ခနဲ ခုန်စေသည်။ ရင်မခုန်စရာလားကွယ်။

ပန်းကလေး ရွေးချယ်ထားတဲ့ တိုက်ပုလှလှလေးရယ်။ ပန်းပင်တွေနဲ့ ဝက်ဘာလမ်းပုံဖော်ထားတဲ့ ခြံဝင်းလေးကို ပုံဖော်ရေးဆွဲထားတဲ့ ပန်းချီပုံက တကယ်အတိုင်းရယ်။ ထိုပန်းချီကားပေါ်မှ ချိတ်ထားတာက ပန်းကလေးနဲ့စစ် မင်္ဂလာဆောင်စဉ်ကဓာတ်ပုံ။

သူငယ်ချင်းအားလုံးက ရေခဲမုန့်ခွံ့တဲ့ပုံ ရိုက်ခိုင်းသည်။ ပန်းကလေး ရင်ထဲမှာမကြည်လင်တော့။ သူ့ကို ပန်းကလေး ရေခဲမုန့်မခွံ့ချင်။

ပန်းကလေးငြင်းတော့ သူပဲခွံ့သည်။

စစ်ခွံ့တဲ့ ရေခဲမုန့်ကို ပန်းကလေးမစားချင်။ ရေခဲမုန့်ခွက်လေးကိုင်ပြီး ဇွန်းလေးနဲ့ခပ်ကာ ပန်းကလေးနှုတ်ခမ်းနားရောက်အောင် စစ်ခွံ့၏။ ပန်းကလေး ပါးစပ်မဟပါ။ နှုတ်ခမ်းကို တင်းနေအောင်စေ့ထားလိုက်သည်။ နောက် စစ်လက်ကို ပန်းကလေး ဖယ်ရှားသလို မျက်နှာကိုလည်း လွှဲနေလိုက်သည်။

ဒီပုံရှိမှန်းတောင် ပန်းကလေးမသိပါ။ ဒီပုံကိုမှ စစ်ကပုံကြီးချဲ့ပြီး တယုတယနဲ့ သူ့ရုံးခန်းထဲမှာ ချိတ်ထားတာ အံ့သြဖို့ကောင်းနေသည်။



ဓာတ်ပုံထဲမှာ ပန်းကလေးမျက်နှာက ရှက်စိတ်နဲ့မနှစ်မြို့သလို ဖြစ်နေသလောက် စစ်နှုတ်ခမ်းအစုံက သတို့သားတစ်ယောက်ရဲ့ ဖီလင်အပြည့်နဲ့ စိတ်လှုပ်ရှားစွာပြုံးကြည့်နေသည်။ ဒါတင်မကရွှန်းလဲ့တဲ့ စစ်မျက်ဝန်းအစုံက ပန်းကလေး ကြည်သာနှစ်သက်လာအောင် ညို့ညို့အိအိစိုက်ကြည့်နေတာမျိုး။ ခုမှပဲ ပန်းကလေး ရင်ခုန်ရလျက်။

စစ်ရယ်။

ပန်းကလေးကို ချစ်တယ်လို့ပြောခဲ့တာ။ တကယ်လား။ ပန်းကလေး ယူဆသလို အစောကိုယ်စား ပေါင်းချင်လို့ပြောတာမျိုး မဟုတ်ဘူးလား။

ပန်းကလေး ကွဲကွဲပြားပြားသိလိုလှတယ်ကွယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"ဟင်'

မင်္ဂလာဖိတ်စာလေးကို ဖွင့်ဖတ်မိရင်း ပန်းကလေး အံ့သြသွားသည်။

"ကောင်းမွန်နဲ့ မဒီဆောင်"တဲ့။

မဒီဆောင်ဆိုတာ ကောင်းအလုပ်ရှင် ဦးမင်းဆောင်ရဲ့ သမီးလတ်။ နုနုနွဲ့နွဲ့လေး ချစ်စရာကောင်းတဲ့ မိန်းကလေး။ ပန်းကလေးမြင်ဖူးပါတယ်။ ဘယ်လိုအကြောင်းနဲ့မို့ ခုလို မြန်မြန်ဆန်ဆန် မင်္ဂလာဆောင်ဖြစ်ပါလိမ့်။

ပန်းကလေး အံ့သြနေလျှင်

"အံ့သြမနေပါနဲ့ ပန်းကလေးရယ်။ ကောင်းကလည်း ပန်းကလေးကို တကယ်ချစ်တာပါ။ ပန်းကလေးကို ချစ်လွန်းလို့ မဒီ



ဆောင်နဲ့ အမြန်ဆုံးလက်ထပ်မှာလေ။ ဘာဖြစ်လို့လဲဆိုတော့ ကောင်းနဲ့ပန်းကလေးကို စစ်မိဘအသိုင်းအဝိုင်းက တစ်မျိုးမြင်နေကြတယ်။ ဒါကြောင့် အမြင်ရှင်းအောင် မင်္ဂလာဆောင်တဲ့သဘော။ တစ်နည်းပြောရရင် ပန်းကလေးနဲ့စစ်ရဲ့ အိမ်ထောင်ရေး တည့်မျှပါစေဆိုတဲ့ နှလုံးသားစေတနာနဲ့ပေါ့"

ချယ်ပြောလျှင် ပန်းကလေး သက်မချမိသည်။

"နောက်ပြီး ပန်းကလေးက ကောင်းကို ပြန်ချစ်လာမှာ မဟုတ်ဘူးတဲ့။ ပန်းကလေး မချစ်နိုင်တာ သိသိချည်းနဲ့ ကောင်းဇွတ်ကြိုးစားရင် ပန်းကလေးအတွက် စိတ်မချမ်းမြေ့စရာတွေပဲ ဖြစ်စေမှာလေ။ အဲဒါကို ကောင်းမလိုလားဘူးဆိုပါတော့ဟယ်"

"မဆိုင်တာဟယ်"

"ပန်းကလေးက မဆိုင်ဘူးဆိုပေမယ့် ကောင်းဘက်က ဆိုင်တယ်ထင်လို့ ခုလို ဆုံးဖြတ်လိုက်တာ ကောင်းမှန်ပါတယ်"

"ဟွန်း ကောင်းကမှန်တယ်ဆိုရင် ပန်းကလေးက မှားနေတာလား"

"မှားနေတာမဟုတ်ဘူး။ လွဲနေတာ သူငယ်ချင်းရယ်။ လွဲနေတာ"

"အလို ဘာကဘယ်လိုလွဲနေတာလဲ"

ပန်းကလေး စိတ်လှုပ်ရှားစွာမေးလျှင် ချယ်က ပခုံးလေးတွန့်ကာ။

www.burmeseclassic.com

www.burmeseclassic.com



ဘေးချင်းကပ်ထိုင်နေမိတဲ့ ပန်းကလေးပေါင်ပေါ် လက်ကလေးတင်ပြီး

"ပန်းကလေးရယ် ကောင်းက အချစ်ဆိုတာဘေးဖယ်ပြီး ဖြစ်သင့်ဖြစ်ထိုက်တဲ့ဘဝကို ရွေးချယ်သွားသလို၊ ပန်းကလေးလည်း ရွေးချယ်ရမယ်လေ။ မရွေးချယ်ဘဲ အိုက်တင်ခံနေတာ လွဲတာပေါ့"

ပန်းကလေး တွေခနဲဖြစ်သွားသည်။ လက်ဖက်သုပ်လေးစားရင်း အခြေအနေကို တိတ်ဆိတ်စွာစောင့်ကြည့်နေတဲ့ မိဆင့်က ပန်းကလေးကို မျက်စောင်းတထိုးထိုးနှင့်။

"ယောက္ခမအစွမ်းကုန် လိုက်လျောလျက်နဲ့ စစ်ကို ခုချိန်ထိ မီးစိမ်းမပြသေးတဲ့ ပန်းကလေးစိတ်က လွဲတာမှ နည်းနည်းလေး မဟုတ်ဘူး။ အများကြီးလွဲတာလေ။ တခြားယောက္ခမသာဆိုရင် ပန်းကလေးလိုချွေးမကို ကန်ထုတ်လိုက်တာ ကြာလှပေါ့"တဲ့။

ပန်းကလေး ငေးခနဲဖြစ်သွားသည်။ တကယ်ပါ။ ပန်းကလေးအလုပ်ဝင်လုပ်တဲ့နေ့ချင်းမှာပဲ အန်ကယ်ဖုန်းဆက်တယ်လေ။

"သမီးအလုပ်ဝင်နေပြီဆို။ ကိုခင်မောင် ခုလေးတင် အန်ကယ့်ကိုပြောတာ"

"ဟုတ် ဟုတ်ကဲ့ အန်ကယ်။ ဘာဖြစ်လို့လဲဟင်။ ပန်းကလေးအလုပ်ဝင်တာကို အန်ကယ်ခွင့်မပြုချင်လို့လား"

"မဟုတ်တာဘဲ သမီးရယ်။ သမီးခုလိုစိတ်ဝင်စားလာတာကို အန်ကယ်တို့ ဝမ်းသာနေတာ။ သမီးအန်တီဆို ဝမ်းသာလွန်းလို့



မျက်ရည်တောင်ဝဲတယ်။ သမီးအန်တီက သူ့ချွေးမကို သိပ်ချစ်တာ။ ဒါကြောင့် သူ့သားအကောင်းပကတိဖြစ်အောင် ဂရုတစိုက် ဆေးကုနေတာပေါ့။ သမီးလိုအပ်တာရှိရင် ကိုခင်မောင်ကိုပြော။ ကိုခင်မောင်က သမီးလိုတာမှန်သမျှ လုပ်ပေးပါလိမ့်မယ်ကွယ်။ သမီးအားမငယ်ပါနဲ့။ သမီးဖေဖေနဲ့မေမေကိုလည်း အန်ကယ်ဖုန်းဆက်ပြီးပါပြီ။ သမီးလေး သားရဲ့အလုပ်ကိစ္စတွေ စိတ်ဝင်စားအောင် ဖျောင်းဖျပေးတဲ့တွက် ကျေးဇူးတင်တဲ့အကြောင်းတွေပါ"

လှိုက်လှိုက်လှဲလှဲပြောနေတဲ့ အန်ကယ့်အသံလေးက ပန်းကလေးရင်ကို လှုပ်ရှားသွားစေသည်။ ခုမှပဲ မေမေ ပန်းကလေးကို အလုပ်ထွက်လုပ်ဖို့ အားပေးစကားပြောတာ အန်ကယ်တို့ဆန္ဒကြောင့်ဖြစ်မှန်း သိသာလေသည်။

"နောက်ပြီး သားရဲ့ခါးအောက်ပိုင်းခွဲစိတ်မှုတွေ အောင်မြင်တယ်သမီးရဲ့။ ခြေထောက်တစ်ဖက်က စတီးချောင်းအစားထိုးပြီး ကုရတာပေါ့။ ဒါပေမဲ့ စိတ်မပူပါနဲ့။ သားဘာသာလမ်းလျှောက်လို့နိုင်မယ်တဲ့။ သားကို ခွဲစိတ်ကုသပေးတဲ့ ဆရာဝန်ကြီးတွေ အာမခံပြီးပြောတာ။ သားကိုဖုန်းဆက်ပါဦးလား သမီးရယ် နော်"

"ဟဲ့ ပန်းကလေး ဘာငေးနေတာလဲ။ ရှင်အလွဲချည်းလွဲနေတယ်ဆိုတာ သိရဲ့လားကွယ်"

ချယ် တံတောင်နဲ့တို့ပြီး မေးကာမှ ပန်းကလေး အသိဝင်လာသည်။ အန်ကယ်နဲ့အန်တီရဲ့ ရင်ထဲက စကားတွေက ပန်းက

www.burmeseclassic.com

www.burmeseclassic.com



လေး စိတ်နှလုံးကို ခံစားရစေသည်။ တကယ်ပါကွယ်။

တခြားယောက်ျားမတွေဆိုရင် ပန်းကလေးကို ဒီလောက်ထိ အခွင့်အရေးပေးမတဲ့လား။

"ကဲပါ ပန်းကလေးရယ်။ ဒီထက်ပိုပြီးလွဲအောင် မပြုချင်ပါနဲ့။ စစ်ကို ဖုန်းဆက်ကြည့်ပါလား။ ပန်းကလေးဖုန်းဆက်ရင် စစ်ခုချက်ချင်းပဲ ထပြေးလာမှာ သေချာတယ်"

မိဆင့် အားပါပါပြောတော့ ပန်းကလေးရင်ခုန်သံ မြန်သွားသည်။

ပန်းကလေး ဖုန်းဆက်တာနဲ့ ထပြေးလာမှာတဲ့။ ဟုတ်ရဲ့လားကွယ်။

ကောင်းရဲ့မင်္ဂလာဖိတ်စာလေးကို ငုံ့ကြည့်ရင်း ပန်းကလေး ဘာသာပန်းကလေး မေးမိသည်။

♥ ♥ ♥

## အခန်း (၃၉)

ရေးချထားတဲ့ ဖုန်းနံပါတ်ကိုကြည့်ရင်း ပန်းကလေး ရင်သိမ့်သိမ့်ခုန်လို့နေသည်။

"ရွှေမဒီလေး မောင်စစ်ဆီ အဲဒီဖုန်းနံပါတ်နဲ့ဆက်လိုက်"

ဦးခင်မောင် တိုက်တွန်းတဲ့အသံမျိုးနဲ့ ပြောဆိုရင်း ထိုဖုန်းနံပါတ်ပေးတာလေ။ ပန်းကလေး ဖုန်းခွက်ကို ကိုင်လိုက်ချလိုက်နှင့်။ စိတ်လှုပ်ရှားလို့နေသည်။

တကယ်ဆို သူ့ဘက်က စဆက်ရင် ဘယ်လောက်ကောင်းလေမလဲ။ စစ်က ဦးစွာမဆက်တော့ ပန်းကလေးဘက်က စရမှာလုံမလဲဖြစ်နေသလို ရင်မှာလည်း လှုပ်လှုပ်ခုန်ခုန်ဖြစ်လျက်။

ရုံးခန်းထဲမှာ ချိတ်ထားတဲ့ တိုက်အိမ်လှလှလေးနဲ့ ရေခဲနှင်းခဲ့နေတဲ့စစ်ပုံလေးကို ပြန်ကြည့်မိရင်း၊ ပန်းကလေးနှလုံးသားလှုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှားချေသည်။

"ချစ်တယ်ဆိုတာ ညွှတ်ပြောင်းတဲ့ ခံစားမှုတစ်မျိုးပေါ့ ပန်းရယ်"တဲ့။

ကောင်း ရင်ဖွင့်ဖူးတဲ့ အသံလေး ကြားယောင်လျှင်။

"ဟုတ်လား စစ်ရယ်"လို့ ပန်းကလေး တိုးရွှရွှမေးနေခဲ့သည်။

"ဟုတ်တယ်ပန်းရဲ့။ ချစ်တဲ့စိတ်ဝင်လာတော့ နှလုံးသား ညွှတ်ပျောင်းလာတယ်။ နူးညံ့သိမ်မွေ့မှုတွေ ပျော်ဝင်ပြီး ကြင်နာယုယချင်တဲ့ အာရုံသစ်ခံစားမှုတွေ နိုးထလာတာမျိုး။ အဲဒီခံစားမှုတွေ နိုးထလာတော့ ကောင်းတစ်ကိုယ်တည်းမြိုပြီး မခံစားချင်တော့ဘူး။ နှစ်ယောက်အတူတူ မျှဝေခံစားချင်တယ်။ ဒါကြောင့် ပန်းကို ရင်ဖွင့်လိုက်တာ"

ကောင်းက ရင်ဖွင့်တာချစ်လို့တဲ့။ ချစ်ခြင်းကို နှစ်ယောက်အတူတူမျှဝေခံစားချင်စိတ်နဲ့တဲ့။

ဒါဆို စစ်ကလည်း ပန်းကလေးကို ချစ်တယ်လို့ရင်ဖွင့်တာ ညွှတ်ပျောင်းလာတဲ့ ချစ်စိတ်နဲ့လားကွယ်။ ဟုတ်တယ်ဆိုရင် ကောင်းလို ဘာဖြစ်လို့ ဖွဲ့ဖွဲ့နွဲ့နွဲ့ မပြောရတာလဲ။

ပြောခွင့်မရလို့လား။

ဖြစ်နိုင်တာပေါ့နော်။ ပန်းကလေးက စစ်ကိုရွံရှာနေတာကိုး။ ခုနေခါ စစ်က နှလုံးသားခံစားချက်တွေ ရင်ဖွင့်လာမလား



ရင်ဖွင့်လာရင် ပန်းကလေး ကြည်နူးစွာ ခံယူပါ့မယ်ကွယ်။

ခုလေ ပန်းကလေးရင်ထဲမှာ အချစ်စိတ်ဝင်နေပါပြီ။ အဲဒီအချစ်စိတ်က ကောင်းအတွက်မဟုတ်မှန်းလည်း ပန်းကလေးနှလုံးသားနဲ့ ပန်းကလေးသိနေသည်။

"ဟွန်း ပန်းက ကောင်းလို ညွှတ်ပျောင်းတဲ့ခံစားချက်တွေ ဘာတွေလဲ မသိဘူး။ ဘာအာရုံသစ်မှလဲ နိုးထမလာသေးဘူး။ အဲဒါကြောင့် ချစ်တယ်လို့ မပြောနိုင်သေးဘူး"

ထိုစဉ်က ပန်းကလေးရင်မခုန်တာမို့ ကောင်းကို ရှောင်ဖယ်စကားပြောခဲ့တယ်။ ခုနေခါမှာ ကောင်းကိုရှောင်ဖယ်စကားဆိုခဲ့သလို၊ စစ်ကို ရှောင်ဖယ်စကားနဲ့ ငြင်းနိုင်မယ်မထင်ပါ။

စိတ်လှုပ်ရှားစွာပြုံးနေသော စစ်နှုတ်ခမ်းလွှာ။ ပန်းကလေးကြည်သာနှစ်သက်လာအောင် ညို့ညို့အီအီ စိုက်ကြည့်နေတဲ့ စစ်ချက်လုံးအစုံက မာတ်ပုံထဲက ခုန်ထွက်လာပြီး ပန်းကလေးကို တကယ်ညို့ကြည့်နေသလို ခံစားရတာလေ။

စစ်ရယ်။

ပန်းကလေးကို အချစ်စိတ်တွေ သွင်းပေးနေတာလားကွယ်။

ပန်းကလေးကို ချစ်တယ်လို့ ပြန်ပြောပါလား။ ပန်းကလေးနှလုံးသားနဲ့ နားစွင့်ချင်တယ်။ တကယ်ပါ။

ထိန်းထားမနိုင်တဲ့ နှလုံးသားဟာ ပန်းကလေးကို ပါးရိုက်ခဲ့တဲ့ အဖြစ်ကိုလည်း ပန်းကလေး သတိမရတော့ပါ။ ဒါပြင် ပန်းက

www.burmeseclassic.com

www.burmeseclassic.com



လေးကို အကျွာစကားစပြောခဲ့တဲ့ စစ်အသံကိုလည်း မေ့နေခဲ့သည်
ပန်းကလေးကိုယ်တိုင် ကွာပေးပါလို့ တောင်းဆိုခဲ့တာ
သင်ပုန်းချေချင်စိတ်သာကြီးစိုးလျက်။

စစ်ရဲ့ ခါတ်ပုံလေးမှ ပန်းကလေးအကြည့်ခွာကာ။ ပန်း
လေးလက်ချောင်းလေးဟာ စစ်ဖုန်းနံပါတ်တစ်လုံးချင်းကို ရင်း
စွာနှိပ်ပြီးတကား။

ပန်းကလေး စိတ်ကြိုက်ရွေးချယ်ထားတဲ့ တိုက်လုလှေ
မှာ စစ်နဲ့ပန်းကလေး မင်္ဂလာဦးဖိလင်ချိုချိုလေးကို ခံစားရင်း
ဆုံးတိုင် လက်တွဲသွားဖို့ ခိုင်မာတဲ့ နှလုံးသားနဲ့ စိတ်ပိုင်းဖြတ်ထား
အတိုင်း ပန်းကလေးရဲ့ သွေးသားတွေ နိုးနိုးကြွကြွဖြစ်လျက်။

စစ်ဖုန်းနံပါတ်လည်း နှိပ်ပြီးရော။ တူခနဲ ဖုန်းဝင်လေသည်
ထိုအခါ ပန်းကလေးနှလုံးသံမြန်လာသည်။

"ဟဲလို"

အသံသြသြနဲ့ ကြည်လင်စွာ ဖုန်းထူးတဲ့ စစ်အသံနော
မှာ ပန်းကလေး ဘာပြောလို့ ပြောရမှန်းမသိနဲ့။ ရင်ခုန်သံအတိုင်
အဆမဲ့ မြန်နေသည်။

"ပန်းကလေးလား"

ဖုန်းထူးပြီးသည်နှင့် ပန်းကလေးဘက်က တိတ်ဆိတ်နေ
တော့၏။ စစ်ကစမေးသည်။ ပန်းကလေးရင်မှာ ရှုန်းရှုန်းကြွခုန်

"ဟုတ် ဟုတ်ပါ စစ်"



"ကျေးဇူးပဲ ပန်းကလေး။ ပန်းကလေး ဖုန်းဆက်လာတာ
အတော်ပဲ။ ကိုယ်လည်း ပန်းကလေးကို ဖုန်းဆက်မလို့"

"အဟုတ်"

ပန်းကလေးမေးသံလေး မြူးတူးစွာ ခုန်ထွက်သွားသည်။

"ဟုတ်တယ်။ ကိုယ့်ကြောင့် ပန်းကလေးနှလုံးသားကို ချုပ်
ထင်မထားချင်ဘူး။ ပန်းကလေးလိုချင်တဲ့ လွတ်လပ်မှုကို ကိုယ်
ပြည့်အဝပေးဖို့ ဆုံးဖြတ်ထားတယ်"

"ဘာ ဘာကို ဆုံးဖြတ်ထားတာလဲဟင်"

"ပန်းကလေးကို ကွာရှင်းပေးဖို့"

". . ."

ပန်းကလေး ရင်ထဲမှ အံ့သြလွန်းတဲ့ အာမေဋိတ်သံလေး
ထွက်နိုင်တော့ပါ။ နားနားကပ်ကာ မျှော်လင့်တကြီး ကိုင်ထား
ဖုန်းခွက်ပါ လျှောခနဲ လွတ်ကျလို့သွားလေသည်။

ပန်းကလေးကို စိုက်ကြည့်နေတဲ့ ခါတ်ပုံထဲက စစ်မျက်လုံး
ဆန့်ကျင်ဘက်ဆီ ပြောင်းလဲစွာ။ ပန်းကလေးနှလုံးသားနဲ့ မြင်
ထင်လာသည်။

ထိုအခါ

လှပနေသော နွေဦးရာသီမှာ မိုးခြိမ်းသံဂျိုးဂျိုးဂျိမ်းဂျိမ်း
ညည်းသွားသလို၊ အကျဉ်းတန် တိမ်နက်တွေ လွှမ်းလေပြီ။

ပန်းကလေး ဘာမှမမြင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ပန်းကလေးကို ကွာရှင်းပေးဖို့"

ဆိုတဲ့ စစ်အသံတွေ အဆက်မပြတ် ပဲ့တင်ထပ်နေလျှ
ဝေဒနာမိုးသို့သည်းချေသည်။

စစ်ရယ်။

ပန်းကလေးနှလုံးသားကို ခွဲပစ်တာလား။

ပန်းကလေးအချစ်ကို နင်းချေတာလား။ ညွတ်ပျောင်းေ
တဲ့ချစ်စိတ်လေး မွမွကြေအောင် ဘယ်လိုအတွက်နဲ့ ပြုရက်တာလဲ

ပြောပါကွယ်။

♥ ♥ ♥

## အခန်း (၄၀)

ရှက်လှပေသည်။

သိပ်ရှက်လှပေသည်။ ပန်းကလေးဘဝမှာ တစ်ခါမှ ဒီလို
ရှက်ဖူးပါ။ ပန်းကလေးဟာ မာနနဲ့ ဆတ်ဆတ်ထိမခံဖြစ်ခဲ့သလောက်
ချစ်စိတ်နဲ့ ညွတ်ပျောင်းလာခါမှ။

ရက်စက်လိုက်တာလား စစ်သခင့်ရယ်။

ဟင့်ဟင့်ဟင့်။

ရှက်စိတ်နဲ့အတူ ဒီရေလို တရှိန်းရှိန်း လှိုက်တက်နေတဲ့
ဒီခိုက်ကြေကွဲမှုက ပန်းကလေးနှလုံးသားကို ဦးတည်ရာမဲ့စေသည်။

ကွာရှင်းပေးဖို့လို့ ပြောတဲ့အတိုင်း ကွာရှင်းစာချုပ်မှာ လက်
မှတ်ထိုးထားတဲ့ စာချုပ်နှစ်စောင် စစ်သူငယ်ချင်းနှစ်ယောက် ဆေ
ပေးကာ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့လည်း စိတ်မကောင်းပါဘူး ပန်းကလေးရယ်"

ပန်းကလေး ထိခိုက်လွန်းလို့ လက်ကာဟန့်တားလိုက်ပြီး စာချုပ်နှစ်စောင်ကို မမြင်မစမ်းဆွဲယူကာ အခန်းထဲ ဝင်နေမိသည်။

ဒီစာချုပ်ပေါ်မှာ ပန်းကလေးလက်မှတ်ထိုးလိုက်ရင်။

ဟင့်အင်း။

ပန်းကလေး မထိုးပါရစေနဲ့။ ပန်းကလေးအသံတိတ်ပြောကာ ခေါင်းရမ်းလိုက်လျှင် ကြေကွဲမျက်ရည်တို့ လွင့်ကျသွားသည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် စစ်က အစောကိုချစ်ခဲ့တာထက် နှလုံးရောဂါသည်လေးမို့ အသနားပိုတယ်။ အထူးသဖြင့် လုပ်ငန်းကိစ္စတိုင်း ထွင်းဖောက်မြင်နိုင်တဲ့ စီးပွားရေးအတွေးအမြင်ထက်သန်တဲ့စွမ်းရည်ကို လက်လွှတ်အဆုံးရှုံးမခံချင်တဲ့စိတ်နဲ့ လက်ထပ်ခဲ့တာကလွဲပြီး တခြားဘာစိတ်မှမရှိဘူး။ အစောရဲ့နှလုံးရောဂါကြောင့် အိမ်ထောင်ရေးခံစားမှုတွေ ပေးနိုင်စွမ်းမရှိမှန်း စစ်မိဘသိလို့ အပြင်းအထန် တားမြစ်ခဲ့တယ်။ စစ်က မိဘဆန္ဒကို ဆန့်ကျင်ပြီး အစောကို ခွတ်လက်ထပ်ခဲ့တာမျိုး။ ဇနီးမယားဆိုတာထက် လုပ်ဖော်ကိုင်ဖက်ကောင်းအနေနဲ့ ကြင်ကြင်နာနာ လက်တွဲခွင့်ရရင် ကျေနပ်တယ်ဆိုတဲ့ စိတ်ရင်းတစ်ခုတည်းနဲ့ပါ"

ပန်းကလေး အသံမထွက်အောင် အင့်ခနဲရှိုက်၏။ စစ်သူငယ်ချင်းတွေပြောနေတဲ့စကားတွေကို ပန်းကလေး နားမဆင်လိုပါ။

နားနှစ်ဖက်ကို လက်ဖဝါးနှစ်ဖက်နဲ့ ဖိပိတ်ကာ ပန်းကလေး



ခေါင်းရမ်းနေမိသည်။ ဒါပေမဲ့ အသံတွေက နားထဲထိုးဖောက်ဝင်ရောက်နေဆဲ။

"စစ်ရဲ့အချစ်စိတ်က ပန်းကလေးကို မြင်ကာမှ စခဲ့တာပါ။ ဒါကြောင့် အစောနေရာမှာ ဘယ်သူ့ကိုမှ အစားအထိုးရက်ဘူးလို့ ပန်းကလေးနဲ့ မိတ်ဆက်ပေးစဉ်က စစ်ပြောခဲ့တယ်။ စစ်ရည်ရွယ်ပြီးပြောတာက အစောအဖြစ်ဆိုးတာကို ယူကြုံးမရခံစားနေမိတဲ့ စိတ်ကို ထိန်းချုပ်မနိုင်သေးတဲ့ အသိတရားမျိုးနဲ့ ထုတ်ပြောတာ။ ပန်းကလေးကို မလိုလားစိတ်နဲ့ပြောတာမျိုး မဟုတ်ဘူး။ အဲဒီစကားက ပန်းကလေးမာနကို ထိပါးသွားလိမ့်မယ်လို့လည်း စစ်ချက်ချင်း အတွေးမပေါက်ဘူး။ ကိုယ်တို့ထောက်ပြမှ သဘောပေါက်လာလို့ အန်တီတို့ဆန္ဒအတိုင်းဆိုပြီး ခေါင်းညိတ်ခဲ့တာ။ ပန်းကလေးနဲ့ ပေါင်းခွင့်ရချင်တဲ့စိတ်မျိုးနဲ့ဆိုတာထက် ချစ်နေတဲ့စိတ်နဲ့ပါ။"

"ဟုတ်တယ်မိဆင့်။ ဘယ်သတို့သားမှ ကိုယ့်သတို့သမီးကို အလှထိုင်ကြည့်နေမှာမဟုတ်ဘူး။ ပိုင်ကြမယ်။ ပေါင်းကြမယ်လေ။ အဲဒီအချိန်မှာ စစ်စိတ်က အစောကိုလည်း သနားနေ။ ပန်းကလေးကိုလည်းချစ်နေ့။ စိတ်တွေ အရောရောအထွေးထွေး ဖြစ်နေခဲ့တာပါ။ အဲဒီအတွက် ပန်းကလေးစိတ်မှာ တစ်မျိုးထင်ကောင်းထင်စရာတွေဖြစ်နေတဲ့သဘော ဆောင်သွားတာ။ ကိုယ်တို့လည်း ကြိုးစားပြီး ဖြေရှင်းပြချင်ပါတယ်။ ဒါပေမဲ့ အခွင့်မသာခဲ့ဘူး။"

"တစ်ခုတော့ရှိတယ် ချယ်။ ကိုယ်တို့မြှောက်ပေးတာသော့

www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံတယ်။ ဒါလည်း လင်မယားဖြစ်ပြီးမှ ပြေလည်သွားစေချင်လို့။ တပ်မက်စိတ်နဲ့ ပေါင်းချင်တာမဟုတ်ဘူး။ စော်ကားချင်စိတ်နဲ့လည်း မဟုတ်ဘူး။ ပန်းကလေး ခါးသီးနေတဲ့အပေါ်မှာ အရာရာ ဘယ်လိုမှ ထိန်းမရဖြစ်သွားတဲ့အထိ ဆိုးဝါးခဲ့တယ်။ ဒါပေမဲ့ စစ်အနေနဲ့ ပန်းကလေးကို ဘယ်နည်းနဲ့မှ ကွာရှင်းပေးမှာ မဟုတ်ဘူး။ ကိုယ်တို့သိတယ်။ အခုမှ ကွာရှင်းစာချုပ် လက်မှတ်ထိုးပြီး ပို့ပေးခဲ့တော့ ကိုယ်တို့လည်း အံ့ဩနေတယ်"

"ဒီကိစ္စ အန်တီဝင့်နဲ့အန်ကယ်သိလား"

"မသိဘူးထင်တယ်"

နှစ်ဖက်သူငယ်ချင်းတွေရဲ့ သက်ပြင်းချသံကြားရပြန်သည်။ ပန်းကလေး ဟန်မဆောင်ချင်တော့ပါ။

ချစ်တတ်နေတဲ့ စိတ်ခံစားချက်က ရင်ခုန်သံကို ဆူပွက်စေလျှင်၊ ပန်းကလေးလက်ထဲကစာချုပ်နှစ်စောင်က တုန်ယင်စွာ လွတ်ကျသွားလေသည်။

"စစ်တို့ ဘယ်တော့ပြန်လာမလဲ"

"အဲဒါတော့ တိတိကျကျမသိသေးဘူး။ အန်တီနဲ့အန်ကယ် အရင်လာခဲ့မယ်လို့ပြောတယ်"

"ဒါဆိုရင်တော့ စစ်ပြန်လာတော့မှာမဟုတ်ဘူး"

ချယ်ပြောလျှင် သက်နောင်နဲ့မင်းစိုး တွေခနဲဖြစ်သွားသည်။

"ဘာဖြစ်လို့လဲချယ်"



"ဩော်။ စစ်က ကွာရှင်းစာချုပ်တောင် ပို့ထားပြီဆိုတော့ ပန်းကလေးဆီ လာဖို့စိတ်ကူးမရှိတာ သေချာတဲ့သဘောပဲ။ ပန်းကလေးကလည်း အကွာလိုချင်နေတာနဲ့ စစ်ပို့ပေးတဲ့ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးလိုက်ရင်"

"ဟင့်အင်း"

ပန်းကလေး မျက်နှာကို ခေါင်းအုံးပေါ် မှောက်ချရင်း အသံမထွက်အောင်ငိုမိ၏။

ဘယ်လောက်တောင် ငိုမိသည်မသိပါ။

လောကကြီးနဲ့ ပန်းကလေး အဆက်ပြတ်သွားသလား အောက်မေ့ရသည်။

ပန်းကလေးနားထဲမှာ ဘယ်သူငယ်ချင်းအသံမှ မကြားရတော့ပါလေ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

နွေနှောင်းလေရူးက ပွေလီလှစွာ။

"သမီး။ ဒီကိစ္စကို မာမီအသိအမှတ်မပြုဘူး။ သမီးဟာ မာမီတို့ရဲ့ တစ်ဦးတည်းသော ချွေးမလေးပါ။ သမီးဆီက မြေးမြစ်တီတွတ်တင်မက ကျွတ်အထိ မာမီတို့မျှော်လင့်ပါတယ်။ ဒီနေ့ကစပြီး သမီး မာမီတို့အရိပ်အောက်မှာပဲ နေရမယ်"

ပြန်ရောက်ရောက်ချင်း အန်တီဝင့် ဘယ်ကသတင်းရသွားသည်မသိပါ။ အန်တီရောအန်ကယ်ပါ ရောက်လာကြကာ။

မေမေ၊ ဖေဖေနှင့် နှစ်ဖက်သူငယ်ချင်းအားလုံးရှေ့မှာ ပန်းကလေး လက်မှတ်ထိုးပေးလိုက်တဲ့ ကွာရှင်းစာချုပ်ကို ဆွဲယူဆုတ်ဖြဲပြီး ထိုသို့အလေးအနက် ပြောရှာသည်။

အန်ကယ်လည်း မျက်နှာမသာမယာနဲ့ ချက်ချင်း မောင့်



ဆီဖုန်းခေါ်ပြီး

"သား သား ထင်ရာတွေ ဘာမှလျှောက်မလုပ်နဲ့။ အစောနဲ့တုန်းက သားသဘောနဲ့သား ဖွတ်လုပ်တာ။ ဒယ်ဒီတို့ လက်ခံပေးခဲ့ပြီးပြီ။ ဒီတစ်ခါ သားဖွတ်လုပ်သမျှ ဒယ်ဒီတို့ လက်ခံပေးဖို့ မရှိဘူး။ အမြန်ဆုံးပြန်လာခဲ့သား။ ဒယ်ဒီအမိန့်ပေးနေတာကွ။ ဘာအကြောင်းပြချက်နဲ့မှ မနေရဘူးကွာ။ ဒါပဲ"

အန်ကယ်က ဖခင်ရဲ့ပါဝါအပြည့်နဲ့ အမိန့်ပေး၏။ မိဘက ခေါ်သည်။ လာခြင်း၊ မလာခြင်းက မောင်နဲ့ဆိုင်ပါတယ်။

"ပန်းကလေးကိုလည်း ထိုနေ့ကစပြီး အန်ကယ်နဲ့အန်တီ့ အရိပ်အောက်မှာ ခေါ်ထားခွင့်ပြုဖို့ ဖေဖေနဲ့မေမေ့ဆီမှာ ခွင့်တောင်းသည်။

"မဝင့်တို့ ကောင်းသလိုစီစဉ်ပါ"လို့၏

ဖေဖေက အာဏာလွှဲလိုက်သည်။ ဒီလိုနဲ့ ပန်းကလေး မငြင်းသာဘဲ၊ အန်တီတို့တိုက်ကြီးပေါ် ရောက်ရသည်လေ။

"သမီး မာမီကလေနဲ့"

ပန်းကလေးကို အန်တီဝင့်က ချွေးမဆိုတာထက် သမီးရင်းလို အရိပ်တကြည့်ကြည့်နဲ့ ဂရုစိုက်လေသည်။

"မာမီတို့မှာ အလိုအပ်ဆုံးက သားချွေးမ မြေးမြစ်တွေနဲ့ သိုက်သိုက်ဝန်းဝန်းနေခွင့်ရဖို့ပဲ။ သမီး တစ်ခုခုဖြစ်သွားမှာ မာမီတို့စိုးရိမ်သလို သားဘက်က ချွတ်ယွင်းမှာလည်း စိုးရိမ်တယ်။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်မို့ သားဘဝသားခန္ဓာကိုယ် တစ်ခုခုချွတ်ယွင်းမသွားအောင် မာမီတို့အစွမ်းကုန် ဆေးကုခဲ့တာပါကွယ်။ သမီးစိတ်ထဲမှာ တစ်မျိုးတစ်မည် မခံစားပါနဲ့နော်"

သွယ်လျသော ပန်းကလေးလက်ချောင်းလေးတွေကို အန်တီဝင့် တယုတယဆုပ်ကိုင်ကာ။ တတွတ်တွတ်နဲ့ အမျှင်မပြတ်စတမ်း ချော့မော့သိမ်းသွင်းပြောဆိုနေသည်။

"သမီးအပေါ်မှာ သားစိတ်နှလုံးသားလေး ညွတ်ယိုင်နေမှန်း မာမီသိပါတယ်။ သမီးတို့ချင်း စကားများစဉ်က သမီးလေး မမြင်ချင်ဘူးလို့ပြောတာ ခံလိုက်ရကတည်းက သားစိတ်အတော်လေး ထိခိုက်သွားတယ်။ ကားအက်ဆီးဒင့်ပါ ဖြစ်သွားတော့ ပိုဆိုးတာပေါ့သမီးရယ်"

ပန်းကလေး ရင်ထဲမှာ ကြိတ်၍ အင့်ခနဲရှိုက်မိလျှင် မျက်ရည်တို့ပြည့်ဝိုင်း၏။ အန်တီကတော့ ပြောလို့ကောင်းနေဆဲ။

"သမီးဘဝလှလှလေးဟာ သားနဲ့မထိုက်တန်တော့ဘူးလို့လဲ ယူဆလာတယ်။ သမီးနဲ့စိစဉ်ကတည်းက သားဟာ လူပျိုဂုဏ်မရှိဘူးဟုတ်လား။ အဲဒီအပေါ်မှာ သမီးလေးရဲ့အမြင် တစ်မျိုးဖြစ်နေတဲ့အတွက်လည်း သိမ်ငယ်တာပါတယ်။ မိဘစီစဉ်လို့ ညားကြတော့လည်း သမီးလေးမနှစ်သက်တာနဲ့ ရင်ဆိုင်ရတော့လည်း သားစိတ်က ဆူလောင်နေတာပေါ့ကွယ်။ ဒါတင်မက အက်ဆီးဒင့်ကြောင့် ဒုက္ခိတတစ်ပိုင်း ဘဝနဲ့ရင်ဆိုင်ရတော့ သားစိတ်က ဟိုးအောက်ဆုံး



အထိ ထိုးကျသွားတယ်။ အစောလိုပဲ သေချင်စိတ်ဖြစ်လာတဲ့အထိပေါ့သမီးရယ်။

ပန်းကလေး သက်မရှည်ကြီးချမိလျှင် တွဲလွဲခိုနေတဲ့မျက်ရည်တို့ တအိအိပြိုကျ၏။

"အဲလို အကြောင်းကြောင်းတွေကြောင့် သားက သားဘဝကို ဒုက္ခိတဘဝနဲ့ ရေစုန်မျောနေလိုက်ဖို့ စိတ်ပိုင်းဖြတ်လိုက်တာ"

အန်တီဝင့်တအောင့်နားကာ ခေါင်းလေးငုံ့ပြီး မျက်ရည်သုတ်နေတဲ့ ပန်းကလေးကို မေးဖျားလေးမှ ဆွဲယူသည်။

ပန်းကလေး မျက်ရည်တွေကို ကြင်နာစွာတို့သုတ်ပေးရင်း

"သား ဒီလိုဆုံးဖြတ်တိုင်း မာမီတို့လက်ခံပါ့မလားကွယ်။ မာမီတို့သားကို မာမီတို့ ဒုက္ခိအဖြစ်မခံနိုင်ပါဘူး သမီးရယ် ဟင့်ဟင့်"

ဒေါ်ပပဝင့်ပြောရင်းပြောရင်း စိတ်ထိခိုက်ကာ။ ဝမ်းနည်းမျက်ရည်လေးလည်ရှာသည်။

"မာမီတို့မှာ စည်းစိမ်ဥစ္စာပြည့်စုံရက်နဲ့ သားသမီးမြေးမြစ်ပြည့်စုံတဲ့ဘဝမျိုးဖြစ်သွားမှာ၊ သားကြောင့် မျှော်လင့်ချက်ပျက်သုဉ်းသွားမှာ မာမီအစိုးရိမ်ဆုံးပဲ သမီး။ ဒါကြောင့် သားဘဝ၊ သားစိတ်နှလုံးသားတွေ ပြန်ပြီးနိုးကြားတက်ကြွလာအောင် မာမီ အနီးကပ်ပြုစုရင်း အားပေးခဲ့တာပေ့ါသမီးရယ်။ ခုဆို မာမီ့သားလေး အကောင်းပကတိဖြစ်လာပြီ။ မာမီလောက်ဝမ်းသာတဲ့လူ ဘယ်သူရှိမှာ

www.burmeseclassic.com

www.burmeseclassic.com



လဲကွယ်။ သားကို မာမီတို့နဲ့ တစ်ပါတည်းခေါ်မလာတာ။ ဟို လုပ်ငန်းရှင်တချို့နဲ့ ဆွေးနွေးစရာရှိသေးလို့ပါ။ သားလည်းအနာ ယူရင်းနဲ့ပေါ့။ လုပ်ငန်းကိစ္စ ဆွေးနွေးပြီးတာနဲ့ သားပြန်လာခဲ့မ လေ။"

ပြန်လာခဲ့မယ်ဆိုတဲ့ အန်တီ့စကားနောက် ပန်းကလေး မျက်နှာပေါ် မျှော်လင့်ချက်နဲ့ နွေးထွေးလို့သွားသည်။

"သမီးကို ကွာရှင်းမယ့်ကိစ္စ အန်တီတို့ဘာမှမသိဘူး ရောက်ရောက်ချင်း သက်နောင်ပြောပေလို့သာပေါ့ကွယ်။ ခုတော့ သားကို သားဒယ်ဒီခေါ်ထားပြီးပြီ။ လုပ်ငန်းကိစ္စနဲ့ ဆွေးနွေးစ ရှိတာကို အကြောင်းပြပြီး နေလို့မရတော့ဘူး။ သားဒယ်ဒီခေါ် သားက ချက်ချင်းလာခဲ့ရမှာ သမီးရဲ့"

ချက်ချင်းလာခဲ့ရမှာတဲ့။ အန်တီ့စကားမဆုံးခင် ပန်း လေးရဲ့ ချစ်စိတ်ဟာပါးပြင်နုနုထိ ပန်းသွေးရောင်လွှမ်းသွား သည်။

မောင်လာရင်

အိုး အတွေးလေးနဲ့တင် ပန်းကလေး ရင်ဖိုလို့နေသည်

"သားပြန်လာရင် သမီးလေးကြည်ဖြူပါနော်။ နော် သမီး လေး"

ပန်းကလေးမျက်နှာလေးက သွေးရောင်လို ရဲမှည့်သွာ ၏။



အန်တီမျှော်လင့်တကြီးနဲ့ ပန်းကလေး လက်ဖဝါးနှစ်ဖက် ကို ပူးတွဲဆုပ်ကိုင်ကာ၊ တယုတယ ဖျစ်၏။

"နော် သမီး။ သမီးဆီက မာမီ အလေးအနက်တောင်းဆို တာပါ။ သားကို အသိအမှတ်ပြုမယ် မဟုတ်လား သမီးလေ။ ပြော လေ မရှက်ပါနဲ့ ပြောပါသမီးရယ်"

ပန်းကလေး မေးဖျားလေးကို ဆွဲယူသလို ပန်းကလေးမျက် နှာကို စိုက်ကြည့်ရင်း တယုတယမေး၏။

အန်တီဝင့် မျက်ဝန်းက မောင့်မျက်ဝန်းအတိုင်းပင်။ မျက် အိမ်ကျယ်ကျယ်နဲ့ တောက်ပနေသည်။ အန်တီဝင့်စိုက်ကြည့်နေတာ က မောင်စိုက်ကြည့်နေတဲ့အတိုင်း ခံစားရတာ။

"သားကို အသိအမှတ်ပြုမယ်မဟုတ်လား။ အန်တီ့ကို ကတိ ပေးပါ သမီးရယ်နော်"

ပန်းကလေး မျက်လွှာလေးစင်းချကာ ခေါင်းညိတ်မိလေ သည်။ ထိုအခါ အန်တီဝင့် အားရဝမ်းသာဖြစ်လျက်။

"ကျေးဇူးပဲ သမီးရယ်"လို့

ပန်းကလေး ပါးပြင်လေးကို နှုတ်ခမ်းနဲ့ထိကပ်ပြီး ရှိုက်မွှေး သသည်။

ပန်းကလေးပါးပြင်လေး နွေးလျက်။

ထိုအခါ ပန်းကလေး မျက်ဝန်းထဲမှာ နှုတ်ခမ်းမွှေးရိပ်တွေ ခင်နေတဲ့ ထူပြည့်သော မောင့်နှုတ်ခမ်းအစုံကို မြင်ယောင်ကာ။

www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့ပထမဦးဆုံး တွေ့ဆုံမိတ်ဆက်ပေးစဉ်အတိုင်း၊ မရိ
သင်ဘဲရှိနေတဲ့ ပါးပြိုင်းမွှေးတွေ ရင့်သန်နေတဲ့မောင့်ပါးပြင်ကို ပ
ကလေး ယုယချင်စိတ် နိုးကြွလာသည်။

တကယ်ပါကွယ်။

ဥသြ၊ ဥသြလို့ ကြင်ဖော်ကိုခေါ်ဆိုနေတဲ့ ဥသြငှက်လေ
လိုပဲ။

မောင်ရယ်။

မောင်ရယ် လို့

ပန်းကလေးနှလုံးသားမှာ ချစ်စိတ်နဲ့ တောင့်တောင့်တ
တေးသီလို့နေပါသည်။

သို့သော်။

♥ ♥ ♥

## အခန်း (၄၂)

နွေဦးအသစ်ရောက်ချေပြီ။

ဥသြငှက်လေးလိုပေါ့။ မျှော်လင့်တေးသီရင်း ပန်းကလေး
နှလုံးသားလေး နာကျင်နေပါပြီကွယ်။

မျှော်လင့်ရတဲ့ဘဝ၊ လွမ်းဆွတ်ရတဲ့နှလုံးသားဟာ ဒဏ်ရာ
တွေနဲ့ အနာဖေးများအထပ်ထပ်တက်ကာ။

ဘာကိုမှ ထိထိမိမိခံစားလို့ မရတော့ပါလေ။

ခုချိန်မှာ ပန်းကလေးရဲ့ချစ်စိတ်ဟာ ထုံထုံကျင်ကျင် ဖြစ်
နေပါပြီမောင်ရယ်။ ပန်းကလေးနှလုံးသားနဲ့ မောင့်ကို မျှော်လင့်
ခြင်းဆိုတာထက် အလုပ်တွေကြားမှာ နစ်မြုပ်နေတဲ့ မောင့်ဘဝကို
ပန်းကလေး မမျှော်လင့်ရဲတော့ပါဘူး။

မောင်က အမေရိကကနေ ဥရောပတစ်ခွင် ခြေဆန့်ရုံမက

www.burmeseclassic.com



အရှေ့အလယ်ပိုင်းနိုင်ငံတွေထိ စီးပွားရေးလုပ်ကွက်ကောင်းတွေ ရှာဖွေရင်း အချိန်တွေကို အသုံးချနေတယ်မဟုတ်လား။

ဒါမှမဟုတ် စီးပွားရှာခြင်း ခေါင်းစဉ်အောက်မှာ ပန်းကလေးဆီ ဘယ်တော့မှ ပြန်မလာတော့ဖို့ ဆုံးဖြတ်ထားတာလား။

ဆုံးဖြတ်ထားတယ်ဆိုလဲ မောင့်သဘောပါလေ။

မျှော်လင့်လို့မရတော့တဲ့ နှလုံးသားအတွက် မောင့်အချစ်ကို ပန်းကလေး လုံးဝလုံးဝ မမျှော်လင့်တော့ပါဘူး။

မမျှော်လင့်ဘဲနေလာပေမယ့် ခုလိုနေ့မျိုးကို ပန်းကလေး ဘယ်လိုလုပ်မေ့နိုင်မှာလဲကွယ်။

ဒီနေ့ဟာ မောင်နဲ့ပန်းကလေး မင်္ဂလာဆောင်တဲ့ နှစ်တစ်ပတ်လည်နေ့။

ထိုစဉ်ကတော့ ပန်းကလေး ရင်မခုန်ခဲ့ပါဘူး။ ခုတော့ ရင်မှာ ငြိမ့်ငြိမ့်လေးခုန်ကာ။

မင်္ဂလာအခမ်းအနားကို အမှတ်တရ မှတ်တမ်းတင်ထားတဲ့ စီဒီချပ်ဖွင့်ကြည့်ရင်း ပန်းကလေးနှလုံးသားလေး နွေးလာသည်။

ဪ

သတို့သမီးလေးဆိုတာ ပျော်စရာ၊ မြူးစရာ၊ ရင်ခုန်စရာနဲ့ ရှက်စရာတို့ ရောရောထွေးထွေးဖြစ်နေတဲ့ စိတ်လှုပ်ရှားစရာအကောင်းဆုံးသော ဖီလင်လေးဖြစ်နေတာလား။

ထိုဖီလင်မျိုး ပန်းကလေး ပြန်လည်ခံစားချင်လာတယ်ကွယ်။



ပန်းကလေး ဝတ်ဆင်ခဲ့တဲ့ ပုလဲနှစ်ရောင်ဂါဝန်လေးကို ပြန်ဝတ်မိရင်း ပန်းကလေးစိတ်ဟာ တကယ့်ကို သတို့သမီးလေးလို ခံစားမိတဲ့အဖြစ်။

ထိုစဉ်ကအတိုင်း သရဖူလှလှလေးဆောင်းပြီး ပန်းစည်းလေးကိုင်ထားမိတဲ့ ပန်းကလေးပုံစံဟာ မှန်ထဲမှာထင်းလျက်။

ပန်းကလေးတွဲချင်တဲ့ မောင့်လက်မောင်းတစ်ဖက်ကို ပန်းကလေးယောင်ယောင်ရမ်းရမ်း ရှာမိရင်း မျက်ရည်လေး လည်ရှာသည်။

ထိုအခါ

ဖျတ်ခနဲ မီးမှိတ်ကျသွားလျှင် ပန်းကလေး မျက်ဝန်းထဲ ပြုံးကုန်သည်။

ထို့ပြင် အမှောင်ထုထဲမှာ ပန်းကလေး ယောင်ချာချာ ဖြစ်သွားသည်။

မှန်တင်ခုံရှေ့က ပန်းကလေးထ၏။ ခုတင်ခေါင်းရင်း စားပွဲပေါ်မှာ ဖန်မီးအိမ်လေးရှိနေတယ်မဟုတ်လား။

ထိုမီးအိမ်လေးကို ပန်းကလေးလက်ဆန့်ရင်းစမ်းလျှင် မီးအိမ်ကိုမမိဘဲ ပန်းကလေးလက်ဖျားလေးဆွဲယူခြင်းခံရ၏။

"အို"

ပန်းကလေး ဆတ်ခနဲလန့်ဖျပ်ကာ လက်ကိုပြန်ဆွဲယူမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မရပါ။ ဆုပ်ကိုင်ခံထားရတဲ့ ပန်းလက်ချောင်းလေးတွေပေါ် နွေးနွေးလေး ပွတ်သပ်ကြင်နာခြင်းခံရလျှင် ပန်းကလေး တစ်ကိုယ်လုံးအနှံ့ ရင်ခုန်စေသော ကြက်သီးမွေးညှင်းတို့ ဖြန်းခနဲထလေသည်။

"ဘယ်သူလဲ ဟင်"

ပန်းကလေးမေးသံလေးပင် မဆုံးလိုက်။ ပန်းကလေး ကိုယ်လုံးလေး ဆွဲယူပွေ့ဖက်ခြင်း ခံလိုက်ရ၏။

"ပန်းကလေး"

ပါးချင်းကပ်လျက် တိုးတိုးရှရှခေါ် လိုက်တဲ့ ညို့အီအီအသံ။ ပန်းကလေး အသိတရားတင်မက သွေးသားကပါ သိသွားလေသည်။

"မောင်"

ပန်းကလေးရင်ထဲမှ ခေါ်သံလေး သိမ့်သိမ့်တုန်ခါ ရုန်းထွက်သွားလေ၏။

ဝမ်းသာလို့လား၊ ကြည်နူးလို့လား။ ရင်ခုန်လို့လား။ ရှင်မြ[illegible]လို့လား။

ဘာကြောင့်မှန်း ပန်းကလေး မသိတော့ပါ။

ပန်းကလေး အချစ်တွေက စမ်းချောင်းလေးနှယ် တသွင်သွင်စီးကာ။ မျက်ရည်တို့သောသောကျလာလေသည်။

"မောင့်ကို ပန်းကလေး တစ်သက်လုံး ရွံရှာနေမယ်လို့ ထင်နေခဲ့တာ။ ပန်းကလေး မောင့်ကိုမချစ်ဘူးဆိုတဲ့အသိနဲ့ မောင်ရှော[illegible]



နေခဲ့တာပါ အချစ်ရယ်။ ပန်းကလေး ချစ်နေတာသိလို့ မောင် ချက်ချင်းလာခဲ့တာပါ။ ဒီညဟာ မောင်တို့ရဲ့ တစ်နှစ်ပြည့်မြောက် မင်္ဂလာဦးညကလေးမဟုတ်လား"

"မောင်သတိရတာ ကျေးဇူးတင်လိုက်တာကွယ်"

"နေ့နေ့ညည မောင်သတိရပါတယ်။ အချိန်တိုင်း စက္ကန့်မိနစ်တိုင်းအတွက် ပန်းကလေးကို တောင့်တနေတာပါ။ မောင်ပန်းကလေးကို တကယ်ချစ်တာပါ။ မောင့်ရင်ထဲမှာ ပန်းကလေးအတွက် အချစ်စစ်တွေရှိပါတယ်။ ပန်းကလေး ယုံလားဟင်"

"မမေးပါနဲ့တော့ မောင်ရယ်။ မောင့်ကို ပန်းကလေး ချစ်တယ်။ ဒါပဲ ပန်းကလေးသိတော့တယ်။ ဟင့်ဟင့်ဟင့်"

ပန်းကလေး ဟန်မဆောင်နိုင်တော့ပါ။

ချစ်တဲ့စိတ်က ရင်ခွင်တံခါးကို ပန်းကလေးကိုယ်တိုင်ပဲ ဖွင့်ပေးမိ၏။

"မောင်လည်း ပန်းကလေးကို ချစ်တာပဲသိတယ်။ ချစ်ကြ[illegible] ပန်းကလေးရယ်"

ညို့အီအီလေး မောင်ဆိုသည်။

ဒါတင်မက ပန်းကလေးကိုယ်လုံးလှလှလေးကို ဖက်ထားရုံ[illegible] မောင်အားမရနိုင်တော့ပါ။

ကိုယ်သင်းရနံ့ချိုလေး မွှေးအီနေသော ပန်းကလေးကိုယ်[illegible]နွဲ့နွဲ့ကလေးကို ဇွေ့ခနဲ မောင်ပွေ့ချီလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ

တူနှစ်ကိုယ်၊ မြန်ဆန်သွားတဲ့ရင်ခုန်သံနောက်မှာ . . ။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

**မိန်းကလေး**

အမှတ် ၄၅ (B)၊ ၆−လွှာ၊
ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း−၀၉၄၄၉၂၅၁၄၁၇၊ ၀၉၂၅၅၈၀၃၂၅၄
mainkalaymlm@gmail.com
Mainka Lay (face book)

BURMESE CLASSIC
www.burmeseclassic.com